www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၇၈၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၉၇၀၇၀၉

ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း( စိန်သရဖူစာပေ )
အမှတ်(၆၆)၆-လမ်း၊လမ်းမတော်

အတွင်းပုံနှိပ်သူ
ဒေါ်ချစ်(စန္ဒာမိုးပုံနှိပ်တိုက်)
အမှတ်(၂၀၀)၃၁-လမ်း၊ပန်းဘဲတန်း။

အဖုံးပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း(ကာလာဇုန်ပုံနှိပ်တိုက်)
အမှတ်(၈၄)၃၁-လမ်း၊ပန်းဘဲတန်း။

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ဧပြီလ
တန်ဖိုး - ၁၀၀ ကျပ် ၊ အုပ်ရေ - ၅၀၀

၈၉၅.၈၃

မြသန္တာ
နှောင်ကြိုးဆက်ပိုင်/မြသန္တာ - ရန်ကုန်
စိန်သရဖူစာပေ ၊ ၂၀၁၁ ။
၂၇၂-စာ ၊ ၁၂.၅×၁၇.၂ စင်တီ
(၁) နှောင်ကြိုးဆက်ပိုင်

BURMESE CLASSIC

## အခန်း ( ၁ )

အကယ်၍သာ...အရေးတကြီးနှင့် သွားစရာကိစ္စမရှိသဖြင့် တက္ကစီခကို နှမြောပြီး လိုင်းကားမစီးခဲ့လျှင် သူသည် ဒီလိုပြဿနာမျိုးကို ဖွေ့ရလိမ့်မည်မဟုတ်ပေ။

သူ သတိလစ်သွားတာက ရုံးဆင်းချိန်ဆိုတာကိုပင်။

ကားစီးလာစဉ်က ရန်ကင်းကားမှတ်တိုင် သူငယ်ချင်းတစ်ဦး၏အိမ်မှ စ၍စီးလာခြင်းဖြစ်သည်။ လူချောင်၍ ပေးစရာသူကြုံပစ္စည်းအိတ်ကိုဆွဲပြီး အေးအေးဆေးဆေးတက်လာသောနှစ်ရှူခုနစ် ဒေပူးကားကြီး။ ရန်ကင်းစာတိုက်မှစ၍ လူများတက်လာပြီး ကန်ဘဲ့ကွေ့ရောက်တော့ သတ္တုတွင်းနှင့် စက်မှုမှဝန်ထမ်းများတို့ စောင့်တင်၍ ပိုဆိုးလာကာ ကားတစ်စီးလုံး ကျပ်ညပ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းလောက် နည်းနည်းလောက်တိုးပေးပါ၊ အစ်ကိုကြီး ထေးသေးရင် နောက်ဆုတ်ပေးပါ၊ ဈေးဗူးတင်ပါတယ် ခင်ဗျား၊ အစ်မလေး နောက်ကိုဝင်ပါ၊ ဝင်ပေးပါဗျာ"

"တယ်ယဉ်ကျေးတဲ့ စပယ်ယာပါလား၊ အံ့ဖွယ်သုတပဲ"

"သူ့ ယဉ်ကျေးရင် သတိထားတော့၊ ကိုယ့်နှာခေါင်းကို အပေါက်ဘက်လှည့်ထားလိုက်၊ အသက်ရှူရအောင်လို့"

ဝှစ်းသူဇာဝတ်စုံနှင့် ကောင်မလေးတစ်စုက သူနားသို့ တိုးကပ်လာကာ တတွတ်တွတ်နှင့် ပြောနေကြ၏။

"အား...ခြေထောက်နင်းပြီ"

"တန်တော့နော်"

လူဒီလောက်ကျပ်နေတာမို့ သူ့ခြေထောက်ကို လာနင်းသော ကောင်မလေးကို အပြစ်မပြောသာ။ ကောင်မလေးက လည်း ပါးစပ်ကသာတောင်းပန်သည်။ ခေါင်းတစ်ခုလုံးက သူ့ ရင်ခွင်ထဲရောက်ကာ ယိမ်းထိုးနေ၏။

"ဆောင့်ဆွဲဆရာရေ...ဒါမှ အထာလေးကျသွားမှာ"

စပယ်ယာ၏စကားအဆုံးမှာ ကားက ရုတ်တရက်ဆောင့် ထွက်သွားသဖြင့် ကောင်မလေးက သူ့ရင်ခွင်ထဲ လုံးလုံးလျားလျား ဝင်ကာ ယိုင်ကျသွား၏၊

"ဘုရား..."

'ဖြည်းဖြည်းလုပ်ပါဟဲ့၊ လူတွေကိုများ ငါးသေတ္တာစီထည့်





သလိုပဲ လုပ်ရသလား"

"အား...ညပ်နေပြီ၊ ညပ်နေပြီ"

"ဘာညပ်တာလဲ"

"လက်...လက်...ခင်ဗျားအထုပ်ကြီးက ဖိထားတာကိုး ဗျ"

"ဟူး...ချွေးစော်ရော အရက်စော်ရော နံနေတာပဲ"

"အမေရေ အသက်ရှူမဝတော့ဘူး"

"ဟဲ့...ဟဲ့...ဒီနားလာ၊ ကလေးကို ဒီနားမှာကမ်းထိုင် ပေးပါနော်"

"ကျွန်မဆွဲခြင်းလေး ကိုင်ပေးပါဦး"

"စာတိုက်ပါလား၊ စာတိုက်"

ကားတစ်စီးလုံး ဆူညံနေ၏။ သူလည်း ခေါင်းကိုမော့ထား တာ သူ့မေးစေ့အောက်ရောက်နေတဲ့ ဆံပင်များက သူ၏ လည်ပင်း မေးစေ့တို့ကိုပွတ်ကာ ယားကျိကျိဖြစ်နေသဖြင့် မျက်နှာကိုလွှဲရသည်မှာ တစ်ဖက်ကိုပဲစောင်းကာ နေနေရသည်မို့ လည်ပင်းပင်ညောင်းလာတော့သည်။

ကောင်မလေးက သူ့ရင်ခွင်ထဲ လုံးလုံးရောက်နေပြီး အရပ်ကပုသဖြင့် သူ့မေးစေ့အောက်မှာပင် ခေါင်းကရှိနေပြီး အငြိမ်မနေ...ဟိုလှည့်ဒီလှည့်နှင့်။

"သူများအသက်ရှူကျပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မျှတ်နှာကို ဒီနားလာလှည့်"

သူ့ရင်ခွင်ထဲက ကောင်မလေးက တိုးဖွဖွပြီးပြုံလိုက်သဖြင့် သူငယ်ချင်းက နည်းလမ်းပေးလိုက်၏။

"ကားကျွဲလိုက်တာ၊ ဒီလိုမှန်းသိရင် နောက်မှတက်ပါတယ်"

"အဲဒါကြောင့်ငါပြောတာပေါ့ နင်ကိုက လောနေတာကိုး"

"မှားပါတယ်...နောက်ဆိုရင် မဦးစကားကိုနားထောင်ပါ့မယ်"

ကန့်တဲ့ကျော်သွားပြီးကတည်းက ရင်ခွင်ထဲရောက်နေသည့် မိန်းကလေးမှာ ရုန်းထွက်၍မရနိုင်အောင် လူများထပ်ထပ်တင်နေပြီး သူ့ရင်ခွင်ထဲသို့ ကောင်မလေးခေါင်းက ကပ်ညပ်နေတော့သည်။ သူ့မျက်နှာက အနည်းငယ်လှည့်၍ရသော်လည်း ကောင်မလေးမျက်နှာက ဘယ်လိုမှငဲ့မရဘဲ ကုလားထိုင်လက်ကိုကိုင်ရင်း သူ့ရင်ခွင်ထဲမှာ ခေါင်းတစ်ခြမ်းစောင်းကာငဲ့နေ၏။

သူမ၏ နူးညံ့သောဆံပင်မှ နှင်းဆီနံ့လိုလို ပန်းနံ့လိုလိုနှင့် သင်းသင်းလေးမွှေးနေသည်ကိုတော့ သတိထားမိလိုက်ပြီး ရုတ်တရက် ရင်ခုန်သွား၏။

ထိုရနံ့မျိုးကို အမေ့ဆီမှ မကြာခဏရနေကျမို့ ယဉ်ပါးနေမိသည်။ မိခင်နှင့်တူသော မိန်းကလေးတစ်ဦးကို ရင်ခွင်ထဲမှာ ထည့်ထားရ၍ သူ့ရင်ထဲမှာ နွေးသလိုလို အေးသလိုလိုနှင့်



ကျေနပ်ကြည်နူးမှုလေး ဖြစ်နေမိသည်။

"လာ...လာ...ချောင်တယ်၊ ချောင်တယ်၊ ကားထွက်သွားရင် အထာလေးကျပြီး ချောင်သွားမှာပါ"

"သေတော့မှာပဲ"

ဘယ်မှတ်တိုင်ရောက်နေသည် မသိတော့ပေ။ သူ၏အသိစိတ်များက သူ့ရင်ခွင်ထဲခေါင်းရောက်နေတဲ့ ကောင်မလေးဆီမှာသာ ရှိနေ၏။

"ဝူး..."

ကလပ်ကိုလွှတ်လိုက်သဖြင့် သူ့ရင်ခွင်ထဲယိုင်လဲကျသွားသော ကောင်မလေးကို သူကတောင့်၍ခံထားပြီး သူပါ ယိုင်မလဲသွားစေရန် ထိန်းလိုက်၏။

"အင်းဝပါလား...အင်းဝ"

"ဟော...အင်းဝရောက်ပြီပဲ၊ နန္ဒဝန်ဈေးရောက်တော့မယ်၊ ထွက်ထား တိုးထား၊ တိုးထား"

ရင်ခွင်ထဲကမချောလေးမှာ လှုပ်ရှားသွားသဖြင့် သူသတ်ပြင်းချလိုက်မိသည်။ ချွေးပျံလာသည်အထိ အိုက်နေသောကြောင့် အသက်ရှူနည်းနည်းချောင်တော့မည်ဖြစ်သည်။

"ဒဂုံမြောက်ပိုင်းကို လာ...လာ၊ နန္ဒဝန်ကျရင် တစ်စီးလုံးချောင်းမယ်၊ လာကြ...လာ...လာ"

စပယ်ယာကလည်း လူစောင့်ခေါ်နေ၏။ သူ့ရင်ခွင်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကလည်း တလှုပ်လှုပ်နှင့် ဆင်းရန်တာစူနေသည်။ သူက ခုံမှီ၍သစ် သင်္ဘောဝင်မှတ်တိုင်မှာ ဆင်းရမှာ။

"တင်...ငြိနေပြီ၊ ကျွန်မဆံပင်တွေငြိနေပြီ၊ လုပ်ပါဦး"

"တင်...ဘာလဲ"

"ကျာကင်ဇစ်...ဇစ်နဲ့ငြိနေတာထင်တယ်"

ရင်ခွင်ထဲမှကောင်မလေးက သူ့မဆံပင်နှင့်ငြိနေသော ဂျာကင်ဇစ်ကို ဆွဲချလိုက်၏။

"အား...နာလိုက်တာ လုပ်ပါဦး"

"ဟာ...ပြဿနာပဲ"

သူ့လက်တစ်ဖက်က အထုပ်ဆွဲလို့၊ တစ်ဖက်က လက်တန်း ကို ကိုင်ထားရတာမို့ သူ...ဘယ်လိုမှကူညီပေးလို့မရပေ။ ဇစ်က ဂျာကင်ရဲ့အလယ်မှာရှိနေတာ။ ညဘက်အပြန် အေးမှာစိုး၍ ဂျာကင်အပေါ်ကို ထပ်ဝတ်လာကာမှ ဇစ်နဲ့ သူ့ဆံပင်နဲ့ ဘယ်လို ငြိနေတာလဲ။

"နန္ဒဝန်...နန္ဒဝန်ဈေး ထွက်ထားပါ၊ ထွက်ထားပါ ဂဏန်းတိုးလေး တိုးပါ၊ ဂဏန်းတိုးလေ"

"ဘယ်လိုလုပ်မလဲ၊ ကျွန်မဆင်းရတော့မယ်"

"ကျွတ်...မင်းက ဇစ်ကိုလျှောက်ဆွဲတော့ ပိုညပ်ကုန်တာ ပေါ့"

"အား...နာလိုက်တာ လုပ်ပေးပါဦး"





သူက အထုပ်ကို ထိုင်နေသူပေါ် တင်ကာ ဘယ်လက်ဖြင့် ကောင်မလေးဆံပင်ကို ဖြေပေးသော်လည်းမရ။ လူကျပ်နေ သဖြင့် ဆံပင်နှင့်ဇစ်ကို မမြင်ရပေ။

"နန္ဒဝန်...နန္ဒဝန်ရောက်ပြီ၊ ဆင်းတဲ့သူစောင့်ပါဦး၊ တစ် အားလုံးဆင်းမယ်"

"လုပ်ပါဦး"

"ခင်ဗျားဆံပင်က ဘယ်လိုလာငြိတာလဲဗျာ"

ဘေးမှထိုင်နေသူကပါ ဝိုင်းဖြေပေးသော်လည်း မရပေ။ ဆင်းသူတွေကုန်၍ တက်သူများလာသည့်တိုင်အောင် သူတို့ နှစ်ဦး၏ ဆံပင်အရှုပ်မှာ ရှင်းမရသေးပေ။

"ကျွန်မ ဆင်းရတော့မယ်၊ လုပ်ပါ မြန်မြန်"

"မရဘူး...ဆံပင်တွေက လုံးထွေးပြီးငြိနေတာ၊ ဖြတ်ပစ်မှ ရမယ်"

"ဆင်းပြီး အောက်ရောက်မှဖြေပေါ့"

"အရေးထဲ တွယ်ငြိနေပြန်ပြီ"

တစ်ယောက်တစ်ပေါက် ဝိုင်း၍အကြံပေးသဖြင့် သူလည်း ဘာမှမစဉ်းစားတော့ဘဲ အောက်ဆင်းရန်တိုးထွက်လာစဉ်...

"အထုပ် အထုပ်ယူသွားဦးလေ"

"အာ...ကျေးဇူးပါပဲဗျာ"

ရှိးသားတဲ့ ထိုင်နေသူက သူ့ကို အထုပ်လှမ်းပေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာယူကာ အတွဲလိုက် တိုးထွက်လာရ၏။

"ခရာလေး...ခရာလေး ဆင်းမယ်ဗျို့"

"ဟာ...ဘယ်လိုဖြစ်လို့ အခုမှဆင်းတာလဲ"

"ခွဲမရအောင်ငြိနေလို့ဗျို့"

"အတွဲလိုက်ဆင်းမယ်"

"ကြုံကြုံဖန်ဖန် ငြိရတယ်လို့..."

သူတို့နှစ်ဦး၏ ကိုးရိုးကားရားအဖြစ်ကို ကားပေါ်မှလူများက ဝိုင်း၍နောက်ပြောင်ကြ၏။ သူတို့နှစ်ဦး ဆင်းလာသည့် အဖြစ်ကလည်း လူရယ်စရာကောင်းလှသည်။

သူက အပေါ်တန်းကိုင်ထားပြီး တစ်ဖက်ကတော့ အထုပ်ကို ကိုင်ထားရ၏။ အောက်ဆင်းလာတော့ အထုပ်တစ်ဖက် တန်းကိုင်ထားလျက်တစ်ဖက်နှင့် လက်က နှစ်ဖက်စလုံး မြှောက်လျက်သား ပါလာ၏။ ကောင်မလေးက ခေါင်းလေးတစောင်းဖြင့် သူ့ရင်ခွင်ထဲက ဂျာကင်ဇစ်မှာ ညပ်နေ၏။ တစ်ဖက်က ဂျာကင်အကျီကိုဆွဲထားပြီး တစ်ဖက်က သူမဆံပင်ရင်းကိုကိုင်ထားကာ အတွဲလိုက် ကားပေါ်မှဆင်းလာသည်ကို စပယ်ယာနှင့် ခရီးသည်တစ်ဦးက ကူညီ၍တွဲချပေးရင်း ရယ်မောနေကြသည်။

"ကြုံကြုံဖန်ဖန်ဖြစ်ရလေတယ်ဗျာ၊ ဖူးစာရေးနတ် တွဲပေးလိုက်တာပဲ၊ လွတ်လွတ်လပ်လပ်တွေဆို ဖြုတ်မနေပါနဲ့တော့ဗျာ ဟား...ဟား...ဟား"





ပါးစပ်သရမ်းသူကြောင့် မျက်နှာပူခနဲဖြစ်သွား၏။

"အကောင်စုတ် ဒီမှာနာနေရတဲ့အထဲ မဦးရေ...လုပ်ပါဦး၊ ဟင့်...ဟင့်...ဟင့်"

ရင်ခွင်ထဲမှကောင်မလေးက ငိုသံနှင့် သူ့အဖော် ကောင်မလေးကို ပြောလိုက်သည်။

"ဟယ်...ငါက ဆင်းမလာ ဆင်းမလာနဲ့ ဘယ်ရောက်သွားပြီလဲ ရှာနေတာ၊ ဖယ်...ဖယ် ငါဖြုတ်ပေးပါ့မယ်၊ ဖြစ်ရလေတယ် ငုံရယ်...ကိုယ့်ဆံပင်ငြိနေတာကို မသိဘူးလား"

မဦးက သူဆွဲခြင်းကိုချကာ သူတို့နှစ်ဦးအား ဝိုင်းကူပေးသည်။

"အကျီချွတ်လိုက်လေ"

"အင်း...ဟုတ်သားပဲ"

ကားပေါ်ထဲက အကျီချွတ်လိုက်လျှင် ဒီလောက် အခြေအနေဆိုးမည် မထင်ပေ။

သူက ကပျာကယာအကျီကိုဆွဲချွတ်လိုက်၏။

"အား...နာလိုက်တာ၊ ဖြည်းဖြည်းလုပ်ပါရှင်၊ သူများခေါင်းတွေကြိမ်းလာပြီ"

"နင့်ဆံပင်ကရှည်တာကိုး၊ ဘယ်လိုလုပ်ငြိနေရတာလဲ [illegible]သည်"

"သူက ဇစ်ကိုဆွဲချတာလား၊ ဆွဲတင်လိုက်တာလား မသိ

www.burmeseclassic.com



ပါဘူးဗျာ၊ ပိုဆိုးသွားတာပေါ့”

“ဟီး...သူများလည်း မြင်မှမမြင်ရတာ၊ ကျွတ်...နာလိုက်တာ လုပ်ပါဦး အစ်မဦး”

သူက စိတ်ပျက်လက်ပျက်နှင့် ကောင်မလေးအား အပြစ်တင်လိုက်သော်လည်း ကောင်မလေးက ငိုသံပါနှင့် ဖြေရှင်းနေ၏။ မဦးက ဇစ်ကိုဆွဲတင်လိုက် ချလိုက်လုပ်နေသော်လည်း ဇစ်လုံးလေးမှာ ဆံပင်နုလေးများက ရစ်ထွေးကာရှိနေသဖြင့် ဘယ်လိုမှလုပ်၍မရပေ။

“ပေး...ပေး...ကျွန်တော်လုပ်ပေးပါ့မယ်”

သူက အင်္ကျီကိုလှမ်းယူကာ ကြိုးစား၍ဖြေပေးသော်လည်း မရပေ။ ကောင်မလေး၏ ဘယ်ဘက်ရှေ့ခြမ်းနားထင်စပ် ဆံပင်ရှည်များပါ ပါနေသဖြင့် နာကျင်တာလား...ရှက်တာလား မသိပေ။ မျက်ရည်စက်များက ဂျာကင်အစိမ်းဖျော့ပေါ်သို့ လွင့်ကျလာလေ၏။

ညနေချိန်မို့ လူများအသွားအလာရှုပ်ကာ ဈေးဝယ်သူ ကျောင်းပြန်သူ ရုံးပြန်သူများနှင့်မို့ သူတို့နှစ်ဦး၏အဖြစ်ကို ကြည့်ကြည့်သွားကြ၏။

“ကဲ...ကဲ...သိပ်ခေါင်းရှုပ်မခံနဲ့၊ ဟိုမှာစက်ချုပ်ဆိုင်လာ...သွားဖြတ်မယ်၊ ဆံပင်နည်းနည်းလေးပဲဟာ”

“အား...ဖြည်းဖြည်းလုပ်ပါ အစ်မဦးရယ်”



မဦးက ကောင်မလေးလက်ကိုဆွဲခေါ်သွား၍ သူက ဂျာကင်နှင့် ကောင်မလေးဆံပင်ပါ တွဲလျက်ကိုင်ကာ ပါလာသည်။ ဆံပင်က တင်ပါးကျော်အောင်အထိ ရှည်လျားနက်မှောင်ပြီး အရင်းမှနေ စုစည်းထားခြင်းဖြစ်သည်မို့ သူ့ဂျာကင်ဇစ်နှင့် ကားကျပ်၍ ယိမ်းထိုးနေသည်မို့ ပိုရှုပ်အောင် ငြိတွယ်ကာ ကောင်မလေးက မမြင်မစမ်းနှင့် ဇစ်ကိုဆွဲလိုက်သဖြင့် ပို၍ညပ်တာ ရှုပ်သွားခြင်းဖြစ်သည်။

“ဖြစ်ရလေ...ဟော်တော်ရှုပ်သွားတာပဲ”

စက်ချုပ်ဆိုင်ရောက်သောအခါ ကတ်ကြေးနှင့်ဖြတ်ပေးလိုက်သဖြင့် ကောင်မလေးခေါင်းနှင့် ဂျာကင်ကွာသွားတော့သည်။

“အမယ်လေး...ခုမှပဲ လွတ်လပ်သွားတယ်၊ နာလည်းနာ၊ ခေါင်းကလည်းစောင်းရဆိုတော့ တော်တော်လေးခံရခက်တဲ့ ဝေဒနာပဲနော်၊ ဆံပင်ရှည်တာ အဲဒါတစ်ခုမကောင်းဘူး၊ အဘတို့ကိုပြပြီး ဖြတ်ပစ်တော့မယ်”

ကောင်မလေးက ငြိုးငြိုးငြငြနှင့် သူမ၏ဆံပင်ကို နှမြောတသစွာကြည့်ပြီး လက်ချောင်းများဖြင့်ရစ်ပတ်ကာ ထုံးနှောင်လိုက်ပြီး သူ့ကိုမော့ကြည့်လိုက်၏။

“အင်...”

ရင်ထဲဒိန်းခနဲဖြစ်သွားသည်။ တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးသော

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ခြင်းများက သူ့တစ်ကိုယ်လုံးကို တုန်ခါသွားစေသည်။

မျက်ရည်များဖြင့် ရွှန်းစိုဝင်းလက်နေသော မျက်လုံးများ၊ ကော့ညွတ်၍ မည်းနက်နေသော မျက်တောင်များပေါ်တွင် မျက်ရည်စက်များ တင်ကျန်နေသေးသည်။

နုညက်သောပါးပြင်တွင် သနပ်ခါးစင်းရာလေးပေါ်မှာ မျက်ရည်စီးကြောင်းက မခြောက်သေးပေ။ မထူမပါး နှုတ်ခမ်းလေးများက မဲ့ပြုံးပြုံးလိုက်သောအခါ လေးကိုင်းလို ခပ်ကွေးကွေးလေး ဖြစ်သွားသည်။

"သွား...သွားတော့မယ်နော်"

မျက်တောင်လွှေးပိတ်ချကာ တိုးဖွဖွလေးနှုတ်ဆက်သွားပြီး မဦးလက်ကိုဆွဲ၍ ကပျာကယာပြေးထွက်သွားတော့သည်။

သူက ကျောက်ဆစ်ရုပ်ဖြစ်သွားကာ ကျန်ရစ်ခဲ့သည်။ သို့ရာတွင်...သူ့ရင်ထဲမှ နှလုံးသားအပါအဝင် ဝမ်းတွင်းကလီဇာ အားလုံးတို့သည် ပြင်းထန်စွာ လည်ပတ်အော်မြည်လျက် လှုပ်ရှားနေတော့သည်။

သူ့ဂျာကင်တွင် ရှုပ်ထွေးလျက်ရှိနေသော ဆံပင်ထုံးလေးက တွဲလျက်ကျန်နေတော့သည်။

"ချစ်စရာလေး...ငုံလို့ခေါ် လိုက်တာလား၊ မှုံလို့ခေါ် လိုက်တာလား"

သူသည် ဂျာကင်အကျီကို ရင်ခွင်မှာပိုက်ရင်း မျက်ရည်များဖြင့် စိုစွတ်ရွှန်းလက်လျက်ရှိသော မျက်နှာလေးတစ်စုံကို မြင်ယောင်လာလျက် သူ့ရင်မှာ အလွန်အမင်း တုန်လှုပ်လှိုင်းထနေသည်ကို သတိထားမိကာ...

"ငါ့နှယ်နော်...နာမည်တောင်မမေးလိုက်မိဘူး၊ တော်တော်ဈာန်ဈုံးနေပါလား၊ လိပ်စာဆို ဝေးသေး"

ရုတ်တရက် ကိုယ့်ကိုယ်ကို အပြစ်တင်မိပြီး ခေါင်းခါတည့်ရာ သွားရင်းက သူမ၏မျက်လုံးလေးနှင့် ရှက်ငိုငိုထားသောမျက်နှာလေးကိုသာ မြင်ယောင်လာလျှင် သက်ပြင်းရှည်ကြီးချလိုက်သည်။

"ဟင်...ငါ့အထုပ်..."

ထိုအခါမှ လက်ထဲမှအထုပ်ကိုသတိရကာ ဘယ်လုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ဟာ...သွားပြီ၊ ဘယ်မှာကျန်ခဲ့တာလဲ၊ ဆံပင်ညှပ်တုန်းက ဟိုအပ်ချုပ်ဆိုင်မှာလား"

သူ...ကပျာကယာပြန်ပြေးကာ လူကြုံပေးလိုက်သော ဆိုင်အတွက်ကို အပြေးအလွှားရှာရပြန်သည်။ အပ်ချုပ်ဆိုင်မှာလည်း မကျန်ရစ်ခဲ့ပေ။

"မင်းတို့ကလဲ ပြဿနာသိပ်ရှာတာပဲ၊ ကျန်ခဲ့ရင် ပြန်ရမှာပေါ့၊ သူ့အထုပ်က ပါလာသလားမသိ၊ မပါလာသလားမသိနဲ့ ဆိုင်က်ကိုလွှတ်ပွားကြတာ၊ တကောင်းလမ်းဘက်လို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

အထုပ်တို့ ကားပေါ်မှလူတစ်ယောက် ကိုင်ပေးထားတာကို သိလိုက်သည်။ ပြန်ယူမိသလား၊ မယူမိဘူးလား။ ယူတော့ ယူမိသည်။ ဘယ်နားချထားမှန်း မသိလိုက်ပေ။ အပ်ချုပ်ဆိုင်မှာလည်း မကျန်ခဲ့။ ဒါဆို...လမ်းမှာဇစ်ဖွင့်ရင်း ချမိထားတာလားဆိုတာ မမှတ်မိတော့။ ရင်ခွင်ထဲမှာကပ်ငြိလာသော ဆံပင်နှင့် ခေါင်းနှင့် ဂျာကင်ဇစ်တို့ရှုပ်နေသဖြင့် သူ ဘာမှမမှတ်မိတော့။

"ဟူး...ကားမှားသွားရင် ဘာမှမဖြစ်ဘူး၊ ဟိုးနားဒီနားမှာ ဆိုပြီး ဘတ်စ်ကားစီးမိတာ ငါ့အမှားပဲလေ၊ ဟင့်အင်း...မမှားပါဘူး၊ ဒီမှာ ဆံပင်ပါလာပြီ၊ ပြန်တွေ့နိုင်ပါတယ်"

သူက ရှူသွပ်စွာပင် ဂျာကင်မှာကပ်ငြိနေသော ဆံပင်ကို အသာနမ်းရှိုက်လိုက်မိ၏။ ယခုခေတ်မှာ ရှာဖွေမရနိုင်သည့် ရနံ့လေးတစ်ခု၊ အုန်းဆီနံ့လိုလို တရော် ကင်ပွန်းနံ့နှင့် ခရေပန်းနံ့

"အား...မွှေးလိုက်တာ၊ ဒီအနံ့မျိုးကို မေမေ့ရဲ့ခေါင်းမှာပဲ ရတော့မယ်ထင်နေတာ"

သူ၏ခြေလှမ်းများက အိမ်ရှိရာ ကျောက်ကုန်းသို့ပြန်လှည့်လာရတော့သည်။ ဒီတစ်ခါ ကကတားစီးလိုက်တာကိုတော့ ကိုယ့်ဘာသာ သတိထားမိလိုက်၏။ ရင်ခွင်ထဲမှာတော့ ဂျာကင်အင်္ကျီကို ကျစ်ကျစ်ပါအောင် ပွေ့ထားလျက်...။





"သားရေ...ပေးပြီးပြီလား၊ အတော်ပဲ ထမင်းစားကြရအောင်"

မိခင်ကလှမ်းပြောလိုက်မှ ခြံဝရောက်လာသည်ကို သတိထားလိုက်မိသည်။

"အာ...မေမေ အဲဒီအထုပ်ထဲမှာ ဘာတွေပါသလဲ"

"ဘယ်သိမှာလဲသားရယ်...လူကြုံပါးလိုက်တာပဲ၊ မေမေ့ထင်တာကတော့ မန္တလေးကလက်ဆောင်ဆိုရင် ထိုးမုန့်ပဲနေမှာပါ"

"ဟူး...ဖုန်းဆက်မေးရတော့မှာပဲ"

"ဘာဖြစ်တာလဲ သားရယ်"

"မသိပါဘူးမေမေရယ်...လိုင်းကားစီးမိတာ ကားတွေ ချပ်လို့ ကိုင်ခိုင်းရင်း မေ့သွားတာ"

"သားကလဲကွယ်၊ ကားငှားစီးရောပေါ့"

"ရပါတယ်မေမေရာ...မေးပြီး ပြန်ဝယ်ပေးလိုက်တာပေါ့။ ရှိပါတယ်မေမေရာ...သား ကားဝယ်မယ်၊ ဖေဖေသာ ကားမောင်းပြန်ကျင့်ဦး"

"အင်းပေါ့သားရယ်...ရန်ကုန်မြို့က ယာဉ်ကြောကလည်းဖို့က ခက်ခဲပါ၊ ဖေဖေလည်း ကားမမောင်းတာ အနှစ်နှစ်ဆယ်ရှိသွားပြီဆိုတော့ ပြန်အမောင်းသင်ရမလိုဖြစ်နေပြီ"

ဖခင်၏စကားကြောင့် မိခင်မှာ မျက်နှာသိပ်မကောင်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့ ကျည့်ဝင်သွားတော့သည်။

ထိုထက်တော့...သူ့ရှေ့သားဖခင်နှင့် ပန်းသည်မိခင်တို့ ရွာဆုံတာ လိုက်ပြောသွားသည်ကို အမွေပြတ်စွန့်လွှတ်ထားခဲ့သည်မှာ သူ့အသက်ဆယ့်ရှစ်နှစ်အထိပင်။

သူ ရေကြောင်းသိပ္ပံဆင်းပြီးမှ နိုင်ငံခြားသင်္ဘောမတက်မီ အဘွားဖြစ်သူထံဆက်သွယ်ပြီး သွားကန်တော့လိုက်မှ အဘွားက မြေးကိုအမှတ်ရကာ ပြန်ဆက်သွယ်ခဲ့၏။

"ကားမောင်းဖို့အတွက်ကို ဒရိုင်ဘာတစ်ယောက် အရင်ခေါ်ထားပြီးမှ အမောင်းသင်ပြီး ယာဉ်ကြောကျွမ်းကျင်သွားမှ ဖေဖေမောင်းပေါ့၊ သားရဲ့လုပ်အားခနဲ့ ဖေဖေမေမေတို့ ကားစီးရအောင် ဖေဖေ့စိတ်တိုင်းကျ ကားလိုက်ဝယ်ပါ"

"အေး...အေး...အေး"

ဖခင်သည် တစ်ဦးတည်းသော သားအလိမ္မာအတွက် ကျေနပ်အားရကာ သား၏သိတတ်မှုကို တပြုံးပြုံးနှင့် ကျေနပ်၍ မဆုံးနိုင်အောင် ဖြစ်နေ၏။

မိဘကို ထွန်းလှမ်းကျောခိုင်းပြီး ဘဝသစ်ထူထောင်ခဲ့သော်လည်း စီးပွားရေးမကျွမ်းကျင်သလို ငွေအရင်းအနှီးကလည်း သိပ်မရှိသဖြင့် မိခင်ကျွမ်းကျင်ရာ ပန်းအရောင်းအဝယ်လုပ်ရင်းက သားအား ရေကြောင်းသိပ္ပံကျောင်းဆင်းတစ်ဦးဖြစ်အောင် မနည်းရုန်းကန်ကြိုးစားခဲ့ရသည်။



ဖခင်အဖို့ ပန်းဆိုင်များမှာ ဖောက်သည်သွားယူကာ သက်လိုလက်ကားဖြန့်ဖြူးသည့်အလုပ်ကိုတော့ ကျွမ်းကျင်နိုင်နင်းသွား၏။ မိခင်ကမူ ပန်းများလိုက်ဖြန့်သလို တစ်ခါတစ်ရံ မကုန်လျှင် ပန်းဖောက်သည်မလာလျှင် ကိုယ်တိုင်ဈေးမှာထိုင်ရောင်းခဲ့ခြင်းဖြင့် နေ့စဉ်စီးပွားရှာခဲ့သည်မှာ အလွန်ပင်ပန်းခဲ့သည်။

ယခု...အသက်ကြီးလာသဖြင့် မလုပ်စေချင်သော်လည်း လောဘနှင့်အလုပ်မလုပ်သည့်တိုင်အောင် အလကားထိုင်မစားတတ်သဖြင့် ဘစ်နိုင်လေးတော့ လုပ်နေသေးသည်။

"ကားဝယ်ပြီးရင် မန္တလေးကို ကားနဲ့သွားမယ်"

"အင်း...သိပ်ကောင်းတာပေါ့"

"ဘွားဘွားကတော့ ဖေဖေနဲ့မေမေကို သူ့ဆီပြန်လာနေပြီး သူ့စီးပွားရေးအလုပ်ကို ပြန်လုပ်စေချင်တယ်၊ ဘွားဘွားက အသက်ကြီးနေပြီမဟုတ်လား"

"အင်း...ခုနစ်ဆယ်ကျော်ပြီပေါ့"

သူ၏ဖခင်သည် မိခင်အား လွမ်းဆွေးသတိရသလိုဖြင့် ထမ်းတမ်းတတလေးငေးရင်း ပြောလိုက်သည်။

"ကျွန်တော့်ကိုတောင် သင်္ဘောလိုက်တာကို မကြိုက်ဘူး၊ သူ့စီးပွားရေးမှာ ဝင်လုပ်စေချင်တယ်၊ ဘွားဘွားကနော် ဘိုးဘိုးမရှိတော့တာတောင် စီးပွားရေးကို ဦးဆောင်နိုင်သေးတယ်"

"အင်း...တပည့်သားချင်းတွေကလည်း တော်တယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့...မာနတလည်း ကြီးသား"

"ဖေဖေ့လိုပေါ့"

"ဟင်း..."

မိအပေါ်တောင် မာနထားခဲ့မိသောကြောင့် ဖခင်ရှေသဆုံးသွားရသည်ကို မသိလိုက်သည့်အဖြစ်ကိုတွေးကာ နောင်တရမဆုံး ဖြစ်ခဲ့သည်။

"သားအဖနှစ်ယောက် ထမင်းစားတော့မယ်မဟုတ်လား"

"အာ...သားရေချိုးဦးမယ်ဖေဖေ၊ အော်...မေမေ ဒီမှာကြည့်ပါဦး"

"ဘာလဲ...ဟင်...ဆံပင်ခြည်တွေပါလား"

ဂျာတင်ဖစ်ထဲမှာ ဆံပင်ခြည်များကိုတွေ့ရသဖြင့် အလန့်တကြားနှင့် မျက်လုံးပြူးသွားသော မိခင်ကိုကြည့်ကာ သူ ပြုံးလိုက်၏။

"ဟင်...သား ဘာဖြစ်လာသလဲ"

"ချစ်သူနဲ့တွေ့လာတာပေါ့ မေမေရဲ့၊ မိန်းကလေးဆံပင်ခြည်တွေ့တာများ ဘာဖြစ်လာသလဲမေးရသလား"

"ဟင်..."

မိခင်အားနောက်ပြီး အိပ်ခန်းထဲသို့ပြေးဝင်ကာ...

"ရေချိုးလိုက်ဦးမယ်ဗျာ"

* * *



"ကိုဘဖံ...အဆင်ပြေရဲ့လား၊ မနက်ဆယ်နာရီလောက်ဆိုရင် ရပါပြီ"

"ဟုတ်ကဲ့...အိမ်နားကနီးနေတော့ အဆင်ပြေပါတယ်၊ နေ့တွေဘာအတွက်လိုက်ပို့ဆိုလည်း ရပါတယ်"

"မလုပ်ပါနဲ့ဗျာ၊ အဲဒီအတွက်တော့ ကျုပ်တို့လင်မယားအညောင်းပြေအညာပြေ လမ်းလျှောက်ရင်းဈေးဝယ်လို့ရပါတယ်"

ဖခင်ဦးဝင်းနိုင်သည် သူ၏မိတ်ဆွေ ကားမောင်းသူ ဦးဘဖံအား အကူအညီတောင်းကာ နံနက်ဈေးကားသိမ်းသည့်အချိန်၌ မိခင်အား ယာဉ်ကြောကျွမ်းကျင်ရန် ကားလိုက်မောင်းပေးနိုင်ရန်အတွက် ချိန်းနေ၏။

"ကျုပ်က မနက်သုံးနာရီထပြီး ကီလီဈေးမှာ ဟင်းရွက်သွားတင်ပြီးတာနဲ့ အားသွားပြီပဲ၊ ဈေးမှာ ခြောက်နာရီမထိုးခင်သုံးချပြီးသွားတာပဲဗျာ၊ တစ်နေ့လုံးအားတယ်၊ ညနေခြောက်နာရီမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်ပြီး ကုန်သွားယူရတာ၊ ဒါတောင်...နှစ်ရက်ခြား တစ်ခါမှပါ၊ နေ့လယ်ဘက်တစ်နေ့လုံး အားတယ်"

နှစ်ဦးနှစ်ဖက် တက်တက်ကြွကြွဖြင့် ကားအသစ်ကိုကြည့်ကာ ဆွေးနွေးနေကြသည်။ ဦးဘဇံအဖို့ အစဉ်အမြဲ ကုန်ကားနှင့် ဒိုင်နာကားကိုသာမောင်းနေရသောကြောင့် ယခုကဲ့သို့ကားသစ်ကိုမမောင်းဖူး၍ စမ်းမောင်းချင်နေသည်။ ဦးဝင်းနိုင်ကလည်း လွန်ခဲ့သောအနှစ်နှစ်ဆယ်လောက်က ဖယ်မလီယာနှင့် အက်စ်အီးကားကိုသာမောင်းဖူးပြီး ယခုကဲ့သို့ လင့်ခရူဇာမောင်းရမည်ဆို၍ ရင်ထိတ်နေ၏။

"ဖြစ်ပါ့မလားအစ်ကိုရယ်...အမေကပြောတော့ နောက်ဆုံးပေါ် ကားတွေက မမောင်းတတ်ရင် အန္တရာယ်များတယ်ဆို"

"ပိုတောင်လွယ်သေးတယ်၊ အော်တိုဂီယာက ဘာမှမခက်ပါဘူး၊ သားလည်း ကားမောင်းသင်ပြီး ဒီတစ်ခေါက်မှာ ကားမောင်းတတ်အောင်လုပ်ဦး"

"ဖြစ်ပါတယ်...လူငယ်ပဲ၊ ခဏလေးနဲ့တတ်ပါတယ်၊ ကျုပ်တို့တုန်းက ဘယ်သူမှမသင်ပေးလိုက်ဘူး၊ ကားသမားတွေနဲ့ ပေါင်းပြီး သူတို့ရဲ့အာဘော်ကိုနားထောင်ရင်း တတ်သွားတာပဲဗျာ"

ဦးဘဇံက ခပ်ပေါ့ပေါ့လေးပြောလိုက်သည်ကို ဒေါ်အေးအေးနွယ်က သက်ပြင်းချရင်းက...



"အမေက သတိပေးလို့ပြောတာပါ၊ အစ်ကို ဘာကားဝယ်လာသလဲလို့ ကျွန်မကိုမေးနေတာ၊ ကျွန်မက မပြောတတ်ဘူး၊ ကားအဖြူလေး၊ ခေါင်းရှည်လေး၊ ကားနာမည်က ကြဲကြဲဖန်ဖန်လင်ခလူကားလို့ ပြန်ဖြေလိုက်တယ်"

"ဘင်အမျိုးအစား မတ်ခ်တူးပါကွာ...ခဏနေရင် ငါဖုန်းပြန်ဆက်ပါ့မယ်၊ တစ်ခါတည်း ယောက္ခမနဲ့ချွေးမ အခုမှ ပြန်ပေါင်းတာတော့ သိုပ်ချစ်နေကြတာ၊ တစ်နေ့တစ်ခါ ဖုန်းဆက်ပြီး အတင်းပြောလို့ကိုမပြီးဘူး"

ဦးဝင်းနိုင်သည် မိခင်နှင့်ဇနီး အဆင်ပြေနေသည်ကို သဘောကျနှစ်မြို့ကြီးစွာဖြင့် ချစ်စနိုးပြောလိုက်၏။

ကားဝယ်ချိန်အတွက်ကို သုံးလေးရက်ခန့် ကားပွဲစားတန်းမှာ ရှာဖွေပြီး နောက်ဆုံးမှ စိတ်တိုင်းကျဝယ်ကာ ကျေနပ်ပီတိဖြစ်နေ၏။

သူကတော့ အိမ်ပေါ်ပြန်တက်ပြီး မန္တလေးမှအဘွားထံသို့ အကျိုးအကြောင်းပြောကာ အမျိုးအစားကိုပင် ခွဲခြားနားလည်တတ်သော အဘွားကို ရှင်းပြနေ၏။

"ဟဲ့...မြေးရဲ့ မင်းရဲ့ဂျာကင်မှာ ကောင်မလေးရဲ့ဆံပင်တွေ ငြိနေတာ အထွေးလိုက်ကြီးဆို၊ မြေးအမေက အတင်တိုက်ပြီး ပြောနေတယ်"

ကားအကြောင်းပြောပြီးနောက် ဖုန်းမချမီပေးလိုက်သော

www.burmeseclassic.com



အဘွားငါ၏စကားကြောင့် သူ အံ့အားသင့်သွား၏။ ဖခင်ပြောသလိုပင် ယောက္ခမနှင့်ချွေးမ တစ်နေ့တစ်ခါဖုန်းမပြောရလျှင် မပြီးနိုင်သလို အိမ်မှုအဖြစ်အပျက် အကျိုးအကြောင်းတို့ကိုလည်း ယောက္ခမထံ ပြန်၍သတင်းပို့သည်မှာ အသေးစိတ်ပင်။

"မဟုတ်ပါဘူးအဘွားရယ်...ဘတ်စ်ကားတိုးစီးတာ လူကျပ်လို့ ကောင်မလေးက ရင်ခွင်ထဲခေါင်းဆိုက်တော့ သူ့ဆံပင်အရှည်ကြီးနဲ့ ကျာကင်ဇစ်နဲ့ငြိသွားတာပါ၊ အဲဒါ...သူက ဇစ်ကိုဆွဲလိုက်လား တင်လိုက်လားမသိဘူး၊ အားလုံးငြိပြီး ကတ်ကြေးနဲ့ဖြတ်ရတဲ့အဖြစ်ကိုရောက်သွားတာ၊ မေမေ့ကိုသက်သက် စဖောပါ"

"အော်...ဒါလား...မင်းကလဲကွာ၊ ဘတ်စ်ကားတိုးစီးရတယ်လို့၊ ကားငှားမစီးဘူးလား"

"ခရီးကနီးတယ်ဆိုပြီးစီးတာပါ အဘွားရယ်...ပြီးတော့ ကကတွေကို အဆင်သင့်မတွေ့ဘဲ ဘတ်စ်ကားအဆင်သင့်တွေ့လို့စီးတာပါ၊ ကျွန်တော်စီးတုန်းက ချောင်နေတာ၊ နောက်မှ ကျပ်လာတာ"

"အေးပါမြေးရယ်...နောက်ဆိုရင် ဘတ်စ်ကားကို စီးစရာမလိုတော့ဘူးပေါ့၊ ပြီးတော့ အဲဒီလိုမိန်းကလေးတွေနဲ့လည်း တွေ့စရာမလိုတော့ဘူးပေါ့ကွယ်"

အဘွား၏ အဆင့်အတန်းခွဲခြားသည့်စိတ်မှာ ယခုထက်



ထိ မပျောက်သေးဘဲ အရိုးစွဲနေသည်ကို သဘောထားမိလိုက်၏။ သို့ရာတွင်...အဘွားနှင့် အငြင်းမပွားလိုသောကြောင့် ဘာမျှ မပြောတော့ဘဲ စကားဖြတ်လိုက်၏။

"ဖေဖေရော ကျွန်တော်ပါ ကားမောင်းလို့အဆင်ပြေလာရင် မန္တလေးကို ကားနဲ့လာခဲ့မယ်နော် ဘွားဘွား"

"အေး...အေး...အေး...မြန်မြန်လာခဲ့၊ မန္တလေး သင်္ကြန်ကိုလာကြလေ၊ အဘွားက နှစ်ဆန်းတစ်ရက်နေ့တိုင်း အလှူကြီးပေးနေတာအေ၊ သင်္ကြန်မတိုင်ခင် တစ်ပတ်လောက်အစောကြီးကတည်းက ကြိုလာခဲ့ကြ၊ ဒီတစ်ခါ ကြာကြာနေရမယ်၊ အိမ်ကို စိတ်ချရတဲ့သူနဲ့အပ်ထားခဲ့"

"ဟုတ်ကဲ့ဘွားဘွား၊ ဒါဖြင့် ကျွန်တော် ဖုန်းချလိုက်တော့မယ်နော် ဘွားဘွား"

"အေး...အေး...ကားကို သေသေချာချာဂရုစိုက်ဝယ်နော်၊ မနက်တိုင်း ဆီရေလေဝိုင်စစ်ဖို့ မမေ့ကြနဲ့"

အစဉ်အမြဲ ကားမပြတ်စီးလာခဲ့သော ဘွားဘွား၏စကားကို အလေးထားပြီး သူ၏မိတ်ဆွေတစ်ဦး သူငယ်ချင်းတစ်ယောက်ဖြင့် ကားမောင်းသင်ကာ စက်သဘောကိုပင် နားလည်အောင် သင်ကြားလိုက်မည်ဟု ဆုံးဖြတ်လိုက်၏။

သင်္ကြန်ကျရန် တစ်လကျော်ကျော်လိုသေးသောကြောင့် သူတို့သားအဖနှစ်ယောက်မှာ ကားနှင့်ရင်းနှီးကျွမ်းဝင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလေ့လာနေကြသည်။

ထိုအခါ...သူသည် ဂျာကင်မှာငြိထားသော ဆံပင်တွေးကို စက္ကူအိတ်သေးသေးလေးနှင့်ထည့်ကာ သူအစဉ်အမြဲအသုံးပြုနေကျဖြစ်သော အရေးတကြီးစာရွက်စာတမ်းများထည့်သည့် အိတ်ထဲမှာထည့်ထားခဲ့သည်မှာ မေ့မေ့ပျောက်ပျောက်ပင်။ အဘွားတပြောလိုက်မှ သတိရပြီး ချက်ချင်းပြန်ထုတ်ကြည့်လိုက်၏။

နူးညံ့၍ ဆံလုံးသေးမျှင်သော ဆံပင်နုလေးကိုကိုင်ကြည့်မိသည့်အခါတိုင်း သူ့ရင်ထဲမှာ လှိုင်းထသွားသလို မျက်ရည်များဖြင့် ရွှန်းလဲ့လျက်ရှိသော မျက်ဝန်းအကြည့်က သူ့ရင်အားမကြာခဏတုန်လှုပ်လှိုင်းထစေသည်။ ထိုအကြည့်တစ်စုံသည် သူ၏အိပ်မက်ထဲထိ မကြာခဏခြောက်လှန့်တတ်လေပြီ။

"အင်း...စက်မှုတစ်က ရုံးဆင်းချိန်မှာတွေ့ရတယ်ဆိုတော့ မင်းက စက်မှုကပဲထင်တယ်၊ အင်းလေ...မန္တလေးက ပြန်လာမှပဲ စုံစမ်းတော့မယ်"

သူက ဆံပင်လေးကို တယုတယပြန်သိမ်းပြီး ဖခင်တို့၏ ကားဆွေးနွေးပွဲသို့ ထွက်လာခဲ့သည်။

အကယ်၍များ ကံကြမ္မာကို ကြိုတင်၍မြင်နိုင်စွမ်းရှိသော တန်ခိုးဣဒ္ဓိနှင့်ပြည့်စုံခဲ့ပါလျှင် သူတို့မိသားစုသည် ဤကားတို့ဝယ်၍ မန္တလေးသို့သွားမိလိမ့်မည်မဟုတ်ပေ။





သူတို့သားအဖသည် ကံကြမ္မာကို ယုံစားသူမဟုတ်ဘဲ လက်တွေ့အလုပ်ကိုသာ ယုံစားသူများသာဖြစ်သည်။

"အဘွားကတော့ သူ့ဆီကို သကြ်န်မတိုင်ခင် လာစေချင်ပြီ အမေရာ...ဟိုမှာအဆင်ပြေရင် မေမေနဲ့ဖေဖေ နေခဲ့ပေါ့"

"အမယ်...အမယ်...မင်းက ရန်ကုန်မှာတစ်ယောက်တည်းနေပြီး ဘာလုပ်ဦးမှာလဲ၊ မင်းအသက်က ခုမှ နှစ်ဆယ့်နှစ်နှစ်ပဲရှိသေးတာ"

"သဘော်ပြန်လိုက်မလို့ပါ မေမေရာ၊ ဘွားဘွားက အသက်ကြီးနေတော့ ဘွားဘွားနားမှာနေရမှာပေါ့"

"မင်းက ဘာလို့သဘော်ပြန်လိုက်ရမှာတုန်း"

"ပညာတွေသင်ထားပြီးတော့ တစ်ခေါက်နှစ်ခေါက်လိုက်ပေါ့ ဖေဖေနဲ့မေမေက ဘွားဘွားအလုပ်တွေဝိုင်းလုပ်ပေးပြီး လုပ်နိုင်တဲ့အရွယ်ကျမှ သားကအနားယူပြီး လာလုပ်ပေးမှာပေါ့ အခွင့်အရေးပတ်ရတာကို ဝါသနာပါတယ်"

"ဟင်း...အခုလည်း သုံးနှစ်တောင်အိမ်မပြန်ဘဲနေလာတော့များ ကမ္ဘာကို တစ်ပတ်မကဘူး၊ သုံးလေးပတ်တောင် ပတ်လာခဲ့ပြီးပြီမဟုတ်လား၊ မေ့မေတို့မှာ ဒီသားတစ်ယောက်တည်းရှိတာ၊ အကြာကြီးဝေးနေရတာကို မေမေလွမ်းတာပေါ့"

မိခင်၏စကားကြောင့် စိတ်မကောင်းဖြစ်သွားကာ သက်ပြင်းသဲ့သဲ့ချလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



“အစလိုက်တာဆိုတော့ မေမေတို့မှာ ငွေတွေအများကြီး ကုန်ပြီး ချို့ချို့တဲ့တဲ့နေရတာကို အဆင်ပြေသွားအောင်ပါ။ ကားလည်းစီးရအောင်ပေါ့”

“အခုပြည့်စုံနေပြီပဲ၊ သားဘွားဘွားကလည်း ပြန်ခေါ်နေပြီ ဆိုတော့ မိသားစုတွေ စုစုစည်းစည်းပြန်နေပြီးတော့ သားလည်း အိမ်ထောင်ပြုပါလား၊ ဘွားဘွားအသက်ကကြီးပြီ၊ မြေးမြစ် ကလေးတော့ ရစေချင်တယ်လေ”

မိခင်စကားကြောင့် သူ့ရင်ထဲသိမ့်ခနဲဖြစ်သွားကာ ရင်ခွင် ထဲမှာ ခေါင်းတိုးဝင်နေသည့် ဇစ်နှင့်ဆံနွယ်နှင့်ငြိသွားသည့် မိန်းကလေးကို သတိရလိုက်မိသည်။ သူ့နှုတ်ခမ်းအိမ်မှာ အပြုံး ရိပ်များ ခိုတွဲလျက်...။

“ဖူးစာပါရင် ဖြစ်လာရမှာပေါ့ မေမေရယ်”

“သားမှာရည်ရွယ်ထားတဲ့သူမရှိဘူးလား၊ ရှိရင်အိမ်ခေါ် လာပေါ့သားရယ်...မေမေကြည့်ပေးမှာပေါ့”

“ဖြည်းဖြည်းပေါ့ အိမ်ထောင်မပြုချင်သေးဘူး”

ဟိုလိုလိုဒီလိုလိုနှင့် လှည့်ပတ်ပြောပြီး ထွက်လာလိုက် သည်။ မရှိသေးဘူးဆိုလျှင် မိန်းမပေးစားရန် အောင်သွယ်များ နှင့် သတို့သမီးလောင်း ရွေးချယ်တော့မည်ဖြစ်သည်ကို သူ့စိတ် ထဲမှာ အလိုလိုသိနေလိုက်၏။

“အင်း...မန္တလေးမသွားခင်တော့ နည်းနည်းတော့ရှာဖွေ



ကြည့်ဦးမှပဲ၊ ဘယ်လောက်ပဲမိန်းမတွေချောချော ငါရင်မခုန်ဘဲ မိန်းကလေးနဲ့ကျမှရင်ခုန်ရတာဟာ ဖူးစာပါနေလို့နေမှာပဲလေ”

အားလပ်သည့်အခါနှင့် တိုက်ဆိုင်သည့်အခါတိုင်း ဆံနွယ် ရှင်လေးကိုရှာဖွေရန် သတိရသော်လည်း ကားကိစ္စများဖြင့် အလုပ်ရှုပ်နေသဖြင့် မရှာမိလိုက်ပေ။

ထိုကဲ့သို့ မရှာဖွေခြင်းသည် သူ့အတွက် နောင်တရစရာ ဖြစ်စေခဲ့သည်ကို တွေးမိသည့်အခါတိုင်း တသသနှင့် ယူကြုံးမရ ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂ )

အကယ်၍သာ...ကတိဟူသော စကားတစ်ခု၏အပေါ်မှာ လေးနက်စွာထားတတ်သော၊ အပြစ်ကို ဝန်ခံတတ်သော သစ္စာကြီးလွန်းသော ဖခင်ကြီး၏ဆန္ဒကို ခေါင်းညိတ်ပြီး ကတိထပ်ဆင့်၍မပေးခဲ့ပါလျှင် နှင်းဝတ်မှုန်သည် ဤအိမ်ကြီးသို့ ရောက်မလာနိုင်ပေ။

"သမီးရယ်...အဖေ့အပြစ်အတွက်ကို နည်းနည်းတော့ တာဝန်ယူပေးပါလား၊ သမီးတက်ချင်တဲ့သင်တန်းတွေလည်း တက်ရမယ်လေ၊ အဲဒီကလေးကို အဖေသနားလွန်းလို့ပါကွာ သူ့ခမျာ မိဘလည်းဆုံး၊ ဘဝလည်းဆုံးရတာ ဖေဖေ့ကြောင့်ပါကွယ်"

"ဒါနဲ့ သူ့ဒေးကိုယ်တိုင် ကားမောင်းလို့ဖြစ်ရတာဆို"



"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်...ကားမောင်းတာ အဆက်ပြတ်နေတဲ့လူနဲ့သွားတာ၊ ဖေဖေကသတိရှိရမှာပေါ့၊ အခုတော့ အနားကထိုင်ပြီး အိပ်ငိုက်လိုက်လို့ ခုလိုဖြစ်သွားရတာပါ၊ ပြီးတော့...သားကိုစောင့်ရှောက်ပါ့မယ်လို့ အဖေ ကတိပေးခဲ့ပြီးပါပြီ"

"ဖေဖေက အဲဒီအိမ်မှာနေနေတာပဲ"

"အော်...အကျိုးနဲ့အကန်းလေ သမီးရယ်၊ အဆင်မပြေဖြန်ဘူး၊ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားရတာ၊ အိမ်ဖော်မိန်းကလေးတွေကျတော့လည်း ပညာကမတတ်တော့ သူ့အလိုကျကို သိပ်မလုပ်ပေးနိုင်ဘူး၊ အင်္ဂလိပ်စာနဲ့ သီချင်းခွေရွေးပေးတာ အစပေါ့ကွယ်"

"သမီးက ကွန်ပျူတာစာရင်းကိုင်သင်တန်းတက်မှာနော် ဖေ"

"အေးပါကွယ်...တစ်ပတ်ကို နှစ်ရက်ပဲတက်တာပဲ၊ သူ့အဘွားက သူ့မြေးကိုပြုစုဖို့အတွက် နာ့စ်တောင်ငှားခိုင်းနေတာ၊ လူလေးကလက်မခံလို့ သမီးကိုခေါ်ရတာ"

"စပီကင်လည်းတက်နေတာ၊ နေ့လယ်ဘက်မှာ နားချိန်က နှစ်ရက်ပဲရှိတာ"

"သူ့ဘာသာသူ နေနေတာပါကွယ်၊ အဖေ့သမီးဆိုတာ ပြောထားပါ့မယ်၊ သမီးက အိမ်ဖော်အလုပ် လုပ်ရမှာမလိုပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မိန်းကလေးတွေတောင် သမီးရဲ့အဝတ်အစားဖေ လျှော်ပေးရမှာပါ”

“ဒါဆိုရင် မဆိုးဘူးပဲ”

နှင်းဝတ်မှုန်သည် ဦးဘဇံ၏ သမီးအကြီးဆုံးပီပီ ပညာရေး ကို လောဘကြီးပြီး စာကိုသာကြိုးစား၍ စာအုပ်နှင့်မျက် မခွာဘဲရှိနေသည်။ အိမ်အလုပ်ကိုတော့ ဘာတစ်ခုမှမလုပ်ခဲ့ မိခင်နှင့် အောက်က မောင်နှမသုံးယောက်ကသာ လုပ်ရ နှင်းဝတ်မှုန်ကို ‘စာချောက်ရုပ်’ဟု အငယ်များက ကင်ပွန်း ထားကြသည်။

“သမီးအတွက်လည်း အဆင်ပြေတာပေါ့”

“အင်းလေ...ဒါဆိုရင်လည်း လခလည်းရမယ်၊ သင်တ လည်း တက်ရမယ်၊ ဘာမှသိပ်မပင်ပန်းဘူးဆိုတော့ လုပ်လို မယ်လေ၊ သမီးရည်မှန်းထားတဲ့အလုပ်ရရင်တော တော

“အေးပါသမီးရယ်...”

ဖခင်အား ကတိပေး၍ ချဉ်ပေါင်ပင် ဘူးပင် ပဲသီးပင် ကြားမှ ရုန်းထွက်၍ တဲသာသာ ကျဉ်းကျဉ်းကျပ်ကျပ်နေနေ ဤကဲ့သို့ အိမ်ကြီးပေါ် ရောက်လာပြီး ငါးသောင်းရမည်ဆို ကျေနပ်ပျော်ရွှင်စွာ လက်ခံလိုက်၏။

ဦးဘဇံအနေဖြင့် အလုပ်မလုပ်သေးဘဲ ပညာရေး လောဘကြီးပြီး သင်တန်းများလိုက်တက်နေသော သမီး



သားစုစားဝတ်နေရေး ချောင်လည်စေရန် တမင်ထုတ်လိုက် ခြင်းဖြစ်သည်။ ထို့ပြင် မန္တလေးမှ အဘွား ဒေါ်မှုမကြီးကလည်း မြေးအတွက် စိတ်မချ၍ တသသမှာနေသည်။

“ငါ့မြေးကို စိတ်ရှည်ရှည်နဲ့ပြုစုပေးမယ့် နာ့စ်တစ်ယောက် ဖြစ်၊ ပညာတတ်မိန်းကလေးတစ်ယောက်ဖြစ်ဖြစ် ခေါ်လိုက် တုန်ချင်ကုန်ပါစေ၊ ယောက်ျားလေးတွေက အိမ်မှာအမြဲနေ ချင်တာမှမဟုတ်တာ”

သုံးလအတွင်း နာ့စ်နှစ်ဦးအပါအဝင် ကောင်ကလေး ဦးပြောင်းသွားသည့်တိုင်အောင် အဆင်ပြေသည့်သူမတွေ့ သဖြင့် နောက်ဆုံး ဖနီး၏အကြံပေးချက်အရ သမီးကြီးနှင်းဝတ် မှုန်ကို ခေါ်လာခြင်းဖြစ်သည်။

“ရှင်လည်း ကားမောင်းလို့မရတော့ ခြံစောင့်အနေနဲ့ မြွေမကြီးက ခန့်ထားတာ၊ လစာသုံးသောင်းနဲ့ မလောက်ဘူး သမီးအနံ့တွေကလည်း သိပ်ပြီးမဖြစ်ဘူး၊ အရေးထဲ အကြီးမက လုပ်ချင်တဲ့အလုပ်မရသေးလို့ အလုပ်လုပ်ဖို့စိတ်မကူးဘဲ သင်တန်းတက်ချင်တယ်ပဲပြောနေတာ၊ သူ့ကိုခေါ်သွားပြီး ဆောင်တလေးနား ထားထားပေါ့၊ သူတက်ချင်တဲ့သင်တန်းချိန် ဆိုက်ရင် ကားနဲ့ပို့ပေးပေါ့၊ နေစရိတ် စားစရိတ်နဲ့ သူ့သင်တန်း ခပါ ကာမိသွားတာပေါ့”

“ဘယ်ဖြစ်မလဲကွာ...ငါသမီးအပျိုးလေးဟာ...”

www.burmeseclassic.com

www.burmeseclassic.com



"အော်...ညားသွားတော့လည်း ပိုကောင်းတာပေါ့၊ ဘောင်ကလေးက တော်တယ်မဟုတ်လား၊ မျက်ကြည်လွှာ အစားရရင် မျက်စိပြန်လင်းနိုင်တယ်ဆို"

"အင်း...ဆေးစားပြီး နောက်ခြောက်လလောက်ဆိုရင် နိုင်ငံခြားမှာ ဆေးသွားကုမှာတဲ့၊ သူ့အဘွားကတော့ တော်တော် မာန်ကျပြီး အဆင့်အတန်းခွဲတာတွေဘာတွေတော့ မရှိတော့ ပါဘူး၊ ဒါပေမယ့်..."

"အို...ဆောက်ဖြစ်မှ ကျောင်းဒကာပါတော်၊ ခေါ်ကြည့် စမ်းပါ၊ ကျုပ်အသက်ရှူချောင်တာပေါ့"

ဇနီးကတိုက်တွန်း၍သာ သမီးနှင်းဝတ်မှုန်ကို ခေါ်လာရ သော်လည်း ရင်ထဲမှာစိုးထိတ်လျက်ရှိသည်။

"ဦးလေးဘဇံ ဦးလေးဘဇံ"

"ဝေ့...လူလေး"

ထစ်ခနဲရှိ သူ့ကိုခေါ်နေတာ အကျင့်ပါနေသဖြင့် ဦးဘဇံ က ချိုင်းထောက်တစ်ဖက်နှင့် အပြေးတစ်ပိုင်းရောက်လာခဲ့၏။

"ညကအိပ်ရာထဲမှာယားလိုက်တာ ဦးလေးရာ...သေသေ ချာချာ မခါဘူးထင်တယ်၊ ကျွန်တော် ထခါရတယ်"

သန့်ရှင်းမှုကို ဦးစားပေးလွန်းသော ဇော်မင်းထိုက်စကား ကြောင့် ဦးဘဇံမှာ အခက်တွေ့ရသည်။ သမီးနှင်းဝတ်မှုန်က လည်း အိမ်အလုပ်နှင့် သန့်ရှင်းရေးကို သေသေချာချာမလုပ်ချင်။



"အိပ်ရာခင်းတွေကို လဲခိုင်းလိုက်ပါမယ်၊ သမီးရေ... ဝတ်မှုန်"

အိပ်ခန်းထဲမှာ ဖုန်နံ့ရနေသလို သန့်ရှင်းရေးကို ကောင်မ းတွေပါခေါ်ခိုင်းပြီး လုပ်ခိုင်းပါဦးလေး၊ ကျွန်တော်က ခန်းထဲမှာပဲအနေများတော့ ဖုန်နံ့ကိုမခံနိုင်လို့ပါ"

"အေး...အေး...စိတ်ချပါ ငါ့တူရယ်၊ အပြင်ဘက်မှာ စာလှုံလိုက်ပါလား၊ ဦးလေးကြည့်ခိုင်းထားပါ့မယ်၊ သမီး ဝတ်မှုန် အစ်ကိုကြီးကိုခေါ် သွားလိုက်ပါကွယ်"

နှင်းဝတ်မှုန်က ဖခင်အား နှုတ်ခမ်းချွန်ပြလိုက်၏။ ဇီဇာ ကြောင်လွန်းသည်၊ အသန့်ကြိုက်လွန်းသည်၊ မိန်းမဆန်လွန်း ည်ဟု အပြစ်တင်သည်ကို ဖခင်ကသိပြီးသားဖြစ်သည်။

"နေပါစေ ကိုယ့်ဘာသာသွားလို့ရပါတယ်"

နှင်းဝတ်မှုန်တွဲခြင်းကို လက်မခံဘဲ သူ့ဘာသာသူ တုတ် းရမ်းကာ စမ်းတဝါးဝါးနှင့်ထွက်သွားသော ဇော်မင်းထိုက် း မာနကြီးလွန်းပါလားဟု ငေးကြည့်နေစဉ်...

"ဟဲ့သမီး လိုက်ကြည့်လိုက်လေ၊ လှေကားအထစ်တွေက ချော်ကျမယ်၊ ဒီကောင်မလေးဟာလေ"

ဦးဘဇံသည် သမီးကို အားမလိုအားမရဖြစ်ကာ အော်ဟစ် ၏။ နှင်းဝတ်မှုန်က သူ့ကိုလည်း မကိုင်ရဲ၊ ဖခင်၏စကား ည်း မပယ်ရှားရဲဘဲ အူကြောင်ကြောင်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း..."

"**အမေ့...**"

**ရုတ်တရက်** ဘာမှမလုပ်နိုင်တော့ဘဲ လှေကားသုံးထစ်မှ ချော်ကျသွားသဖြင့် နှင်းဝတ်မှုန်က အလန့်တကြားအော်လိုက်မိသည်။

"အမေ လုပ်ပါဦး...လုပ်ပါဦး"

"မှဲ့...ဟဲ့ ဆွဲထူလိုက်လေ၊ ဒီကောင်မလေးတော့ကွာ၊ ငါရိုက်လိုက်ရ..."

"အစ်ကိုကြီး...နာသွားလားဟင်"

"အား...ကျွတ်...ကျွတ်...ကျွတ် ဦးလေးပဲလာပါဗျာ၊ ဒီကောင်မလေးနဲ့တော့ မဖြစ်ပါဘူး"

"အမေက ခြေထောက်မှမကောင်းတာ မှုန်ထူပေးပါ့မယ်၊ ထပါ"

ပြောပြောဆိုဆိုနှင့် နှင်းဝတ်မှုန်သည် အယောင်ယောင်အမှားမှားဖြင့် ဇော်မင်းထိုက်အား နောက်မှ အတင်းဝင်ဆွဲလိုက်သည်။

"ရရဲ့လား လူကလေး ထလို့ရရဲ့လား"

"ရပါတယ်"

သူ့ဘာသာသူ အားပြု၍ ထရပ်လိုက်သည်။ တင်ပါးရိုးအနည်းငယ်မျက်သွားရုံသာရှိသည်။





"ဘယ်နားမှာ လှေကားအဆင်းထစ်ရှိတယ်၊ ဘယ်နားမှာ **အ**မြင့်ရှိတယ်ဆိုတာ သတိပေးရတာပေါ့"

"မသိဘူးလေ တုတ်နဲ့စမ်းပြီး ကိုယ့်ကိုယ်ကို သိပ်**ယုံ**ကြည်လို့ မှုန့်ကိုလည်း မလိုဘူးပြောလို့ပါ"

"အော်...ဒီကလေးမ ထချလိုက်ရကွယ်၊ သိပ်ဆင်ခြေများ**တာ**ပဲ...သွားစမ်း...သွားစမ်း"

သားအဖနှစ်ယောက် အဆင်မပြေဖြစ်သွားကြ၏။ သူ...**ဘာ**မျှဝင်မပြောတော့ပဲ ကိုယ့်ကိုယ်ကိုသာ အပြစ်တင်နေမိသည်။

ဘာဂို့များ ဒဏ်ရာနဲ့လူနာကို ဒဏ်ရာထပ်မရအောင် **မ**စောင့်ရှောက်နိုင်ရတာလဲ...သော့နဲ့နဲ့နှင့် နှင်းလျှောက်သွား**သော** သူ၏နောက်ကျောကို ကြည့်ကာ စိတ်မကောင်းဖြစ်သွား**၏**။

"နောက်ဆိုရင် စိတ်ရှည်ရှည်နဲ့ ပြုစုပေးပါ့မယ်"

ရင်ထဲမှာ တိုးတိတ်စွာ ကတိပေးလိုက်သည်။

အစကတော့ မျက်မမြင်တစ်ဦးအား ပြုစုစောင့်ရှောက်**ရ**သည့်အလုပ်ကို ဂုဏ်ငယ်သည်ဟုထင်ကာ စိတ်မရှည်ဖြစ်မိ**သော်**လည်း နောက်တော့ ဇော်မင်းထိုက်အပေါ်မှာ သနားကာ**သံ**ယောဇဉ်တွယ်ငြိသွားတော့သည်။ မိမိရောက်တာ တစ်ပတ်ပဲ**ရှိ**သေးတာပဲ။

သို့ရာတွင် ဇော်မင်းထိုက်ကမူ သူ့ဘဝကို သူစိတ်ပျက်ကာ



www.burmeseclassic.com

www.burmeseclassic.com



မတော့မနေဝ်နှင့် ဒေါသဖြစ်နေတတ်၏။ နှင်းဝတ်မှုန်အပေါ်သည် ရင်ခုန်စရာမိန်းမသားတစ်ဦးဟု မမြင်ဘဲ ဦးဘဇံသမီး ရှ ဖျာနိုင်သော မိန်းကလေးတစ်ဦးအနေနှင့်သာ တည်ငြိမ် ဆတ်ဆံနေဆဲ...

"တူ...တူ...တူ"

ရုတ်တရက် ဖုန်းမြည်လာသဖြင့် နှင်းဝတ်မှုန် လန့်သွား သည်။ ဒီအိမ်မှာ ရောက်နေသည့် တစ်လကျော်ကျော်အတွ သူမအတွက် မျှော်လင့်နေသော အရာမှာ တယ်လီဖုန်း လွယ်ကူစွာ အသုံးပြုနိုင်ခြင်းပင်ဖြစ်သည်။

"ဟယ်လို"

"ဟဲ့...ကောင်မလေး ငါ့မြေးရော"

"အမယ်လေး"

ရုတ်တရက်မို့ လန့်သွားပြီး တယ်လီဖုန်းနှင့် နားနှင့် အ ခွာလိုက်၏။ မန္တလေးမှ အဘွားနှင့် မဆုံနိုင်အောင် ကြိုးစာ ရှောင်တိမ်းနေရသည်မှာလည်း အကြိမ်ကြိမ်ဖြစ်သည်။

"ဟဲ့...ပြောလေ ဘယ်မှာလဲ"

"ဟို...ဟို ခြံထဲမှာ လမ်းလျှောက်နေပါတယ်"

"မင်းက ဘယ်သူလဲ"

"ဦးဘဇံ သမီးပါ"

"ဦးဘဇံသမီး ဟုတ်လား...ဦးဘဇံသမီးက ငါ့မြေ



ဆောင့်ရောက်ဘို့ခေါ်ထားတာပဲ၊ သူ့နားမှာ မနေဘဲနဲ့ ဖုန်းနားမှာ ဆောင့်နေတာလား"

"မ...မ မဟုတ်ပါဘူး အဖေရှိနေပါတယ်"

"အေး...ငါ့မြေးကမြင်တာမဟုတ်ဘူး၊ အန္တရာယ်တစ်ခုခု ဖြစ်လို့ကတော့ ညည်းသေပြီသာမှတ်တော့၊ သွားခေါ် နေဦး... နောက်နာရီဝက်မှ ပြန်ခေါ်မယ်၊ ငါဆက်တယ်လို့ ပြောထား လိုက်"

"ဟုတ်...ဟုတ်ကဲ့"

လျင်မြန်စွာ ဖုန်းချလိုက်မိသည်။ စောစောက အဖြစ် အပျက်ကိုသာမြင်လျှင် ဘယ်လောက်တောင် သည်းသည်းလှုပ်၍ အော်ဟစ်လိုက်မလဲ၊ ပခုံးနှစ်ဖက်တွန့်ကာ ဧည့်ခန်း၌ ချိတ်ဆွဲ ထားသော ဒေါ်မမကြီး၏ဓာတ်ပုံကိုကြည့်၍ ကြက်သီးထနေမိ သည်။

"တော်သေးရဲ့...ဒီကိုရောက်မလာပေလို့ပဲ၊ သူရောက် လာရင်တော့ ငါမနေရဲတော့ဘူး"

ဘဝပေါင်းများစွာက ရန်ကြွေးရှိခဲ့၍လားမသိနိုင်ပေ၊ လေ ငြင်းကြားမှ အသံကြားနေရသည်နှင့် ကြောက်ရွံ့စိတ် မုန်းတီး စိတ်များ အလိုလို ဖြစ်လာခဲ့ရသည်။

"ဘယ်သူ့ဖုန်းလဲ သမီး"

"ဘယ်သူရှိမှာလဲ မန္တလေးက သခင်မကြီးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အော်...သမီးရယ် အဘွားရဲ့ဖုန်းကို အဲဒီလို မပြောရဘူး ကွဲ၊ ဆက်လိုက်တာကွယ် ဒီကလေးမနှယ် အချိုးကိုမပြေနိုင်ဘူး လူကြီးကို ကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လားကွယ် ဘာ လဲ"

"နောက်နာရီဝက်ကြာရင် ပြန်ဆက်မယ်တဲ့၊ သမီးက သူ အော်ဝံ့မလား အဖေရယ်၊ သူကပဲ ဖုန်းကိုင်လိုက်ရင် ငှက်ဆိုး ထိုးဆံနဲ့ အော်နေတာပဲ၊ ခါတိုင်း ညဘက်ကို ဖုန်းဆက်ပြီး အခု နေ့ဘက်ကို ဘာလို့ ဖုန်းဆက်နေရတာလဲ"

"သမီးက ဖုန်းသွားကိုင်တာကိုး"

"ဟို...ဒီပြင်ဖုန်းမှတ်လို့ပေ့ါ"

တကယ်တော့ နှင်းဝတ်မှုန်သည် ကွန်ပျူတာစာရင်းကို သင်တန်းတက်ရင်းက လက်လှမ်းမီသရွေ့ အလုပ်များ လျှောက်ထားခဲ့သည်မို့ ဒီအိမ်ဖုန်းနံပါတ်ကိုပေးထား၍ ကုမ္ပဏီ အလုပ်လျှောက်လွှာကိစ္စနှင့်ခေါ်တာလားဟူ၍ မျှော်လင့်ချက် ဖုန်းကိုင်လိုက်ခြင်းဖြစ်သည်။

"သမီး အိပ်ရာသွားပြင်လိုက်မယ်နော်"

"အော်...အေး...အေး...အေး ကောင်းကောင်းလု ပါကွယ်၊ အဖေ့အပြစ်တွေကို သမီး ဆေးကြောပေးပါကွယ် အတတ်နိုင်ဆုံးပေ့ါ"

"အဖေက ဒါ...စိတ်ထဲမထားပါနဲ့လို့ဆို"



ဦးဘဇံ ဘာမျှမပြောတော့ပေ။ စောစောက ချော်လဲသွား သော အဖြစ်ကို စိတ်မကောင်း၍ ဇော်မင်းထိုက်အား ခြံထဲမှာ ထားခဲ့ရသည်ကို စိတ်မချသဖြင့် အနားမှာပဲနေပေးရန် ခြံထဲ ပြန်ဆင်းသွားသည်။

နှင်းဝတ်မှုန်က အိပ်ခန်းထဲသို့ ဝင်လာခဲ့၏။

"ဟင်း...ဒီလောက်သန့်သန့်ရှင်းရှင်းထားတာတောင် ဒီစာကြောင်သေးတယ်နော်၊ ဘယ်ကဖုန်နံ့ကလာရမှာလဲ၊ ခဲလားကွန်းနဲ့ဖိမ်ကျနေတာတောင် ဖုန်ရှိတယ်လေး ဘာလေးနဲ့ ဘွန်း"

ကလေးစိတ်မကုန်သေးသူပီပီ မိဘအိမ်မှာ သမီးကြီးမို့ ဘာမှမလုပ်ရဘဲ အငယ်များကိုသာခိုင်း၍ စာကိုသာ တွင်တွင် လုပ်ခဲ့သော သူမအဖို့ ယခုမှ အိမ်အလုပ်ဆိုတာကို လုပ်ဖူးကိုင်ဖူး သာကြောင့် အချိုးမပြေဖြစ်နေခဲ့သည်။

"အင်း...တကယ်လို့များ သူ့ရဲ့အိမ်ရှင်မဖြစ်ခဲ့ရင် ငါ... အလုပ်တွေ မလုပ်ရဘဲ အိမ်ဖော်တွေပဲခိုင်းရမှာပဲ၊ ဟင်း... သူတ ငါလှတာကို မြင်မှမမြင်တာ ဘယ်လိုလုပ် အိမ်ရှင်မ ဖြစ်မလဲ အလကားနေ ဒေါသဖြစ်နေတဲ့လူကြီးပဲ ဟွန်း...မုန်း တယ်"

နှင်းဝတ်မှုန်က သူ့ခေါင်းအုံးကို နေသားတကျဖြစ်အောင် ပြီး ခေါင်းအုံးပေါ်သို့ ခေါင်းအုံးအိပ်လိုက်ပြီး အိပ်ရာပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



အားပါးတရလှဲချလိုက်၏။

"ငါးမိနစ် ဆယ်မိနစ်လောက်လေး ဇိမ်လုပ်လိုက်ဦးမှ"

အိပ်ရာပေါ် သို့ လှဲအိပ်ပြီး စိတ်ကူးယဉ်လိုက်မိတော့သည်။ သူသာ ဤအိမ်၏ အရှင်သခင်မဖြစ်လျှင်...

သို့ရာတွင် မာကြောသော စကားသံပိုင်ရှင်အဘွားကြော ကြက်သီးထကာ ပခုံးနှစ်ဖက်တွန့်လိုက်မိသည်။

"ညည်းက တကယ်အလုပ်လုပ်မှာလား လုပ်ရင်လည်း သေသေချာချာလုပ်နော်၊ ငါ့မြေးနားလာပြီး ညုတုတုနဲ့ကလိ ကပ်မနေနဲ့ဦး၊ အဲဒီလိုလုပ်နေတာ ငါရောက်လာလို့တွေ့ရင်တော့ မလွယ်ဘူးသာမှတ်ပေတော့"

ဖုန်းကိုင်မိသည့်အခါတိုင်း တစ်ဖက်မှ အမျိုးမျိုး ဆူ ကြိမ်းမောင်းခြင်းကို ခံနေရသဖြင့် မန္တလေးမှ အဘွားလာမှာကိုပင် အလွန်စိုးကြောက်နေမိသည်။

"ဒီအဘွားကြီးလာရင်တော့ ငါဒီမှာ မနေဘူး၊ အဖေ ကိုကြီးနဲ့ မသိအောင်လို့ ထွက်သွားမှာပဲ"

"သမီး...သမီး...သမီး"

ရုတ်တရက် ဦးဘဇံ၏ အလန့်တကြားခေါ်သံကို သဲ့သဲ့ ကြားလိုက်ရသောအခါ လန့်သွားပြီး အိပ်ရာမှ ကပျာကယာ ထလိုက်၏။

"ဘာလဲ အဖေ...ဘာလဲ"



"မောင်ထိုက် ခါးနာသွားတယ် ဆေးခန်းပို့ရအောင် မောင်အေးသောင်းကို ပြေးခေါ် စမ်းကွာ"

"ဟုတ်...ဟုတ်ကဲ့"

ရင်ထဲမှာ စိုးထိတ်သွား၏။ မိမိပေါ့ဆ၍ ဤကဲ့သို့ ဖြစ်ရသည်မို့ စိတ်မကောင်းကြီးစွာဖြင့် ကားမောင်းမည့်သူအား ရှာဖွေရသည်။ သူတို့အိမ်က အလုပ်သိပ်မရှိသဖြင့် နံနက်ဈေးသွားဈေးလာနှင့် ဆေးခန်းသွားရုံလောက်သာ ကားသုံးသောကြောင့် အိမ်အနားမှ ကားမောင်းတတ်သူကိုသာ ငှားထားရသည်။

"ဒုက္ခပါပဲ အဖေရယ်...သူသာ တစ်ခုခုဖြစ်ရင်တော့ သမီးတို့ အပြစ်ကျဦးမယ်"

"စကားသိပ်မများပဲနဲ့ သွားခေါ် စမ်းပါသမီးရယ်၊ မြန်မြန်လေး စောစောက လမ်းလျှောက်နိုင်ပါသေးတယ်၊ ထိုင်ရာက အထမှာ ဖြစ်သွားတယ်လို့ ပြောတာပါပဲ"

နှင်းဝတ်မှုန် ရင်ခုန်သွားမိသည်။ ခြေထောက်တစ်ဖက် ချို့တော့သည့် ဦးဘဇံ၏ဝင်ငွေအပေါ်၌သာ မိသားစုတစ်ခုလုံး မှီတည်နေရခြင်းဖြစ်သည်။ အကယ်၍ ဖော်မင်းထိုက်သာ တစ်ခုခုဖြစ်သွားလျှင် သူတို့သားအဖနှစ်ဦးစလုံး အလုပ်ပြုတ်သွားနိုင်၏။

"အခုမှ အသက်ရှူချောင်ကာစရှိသေးတယ်၊ ငါတောင် သင်တန်းတစ်ခုမအပ်ရသေးဘူး...ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



နှင်းဝတ်မှုန်၏ လေးတွဲသော ခြေလှမ်းများဖြင့် သုံးအိမ်ကျော်မှ ဒရိုင်ဘာကို သွားခေါ်လိုက်ရာ...

"အခုလေးပဲ လက်ဖက်ရည်ဆိုင်ထွက်သွားတယ်၊ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ပဲ လိုက်သွားလိုက်ပါလား၊ ဒီမှာ... ဟင်းအိုးတန်းလန်းမို့"

"ပြဿနာပဲ"

နှုတ်ဖျားမှ တီးတိုးရေရွတ်ရင်း နေပူကြဲကြဲထဲတွင် အဆောင်းမပါဘဲ ထွက်လာရ၏။ ဘယ်လက်ဖက်ရည်ဆိုင်ကို မှန်းမသိပေ။ လက်ဖက်ရည်ဆိုတာက မိမိတို့မိသားစုနှင့် မနီးစပ်သောနေရာဖြစ်၏။ မိမိအိမ်မှာလို မောင်များကို အမိန့်နှင့်ခိုင်းစေ၍ မရတော့ပေ။

"ဖြစ်ရမယ်...ဒါဟာ အိမ်ဖော်အလုပ်ပဲ၊ ငါလုပ်ချင်တာက စားပွဲလေးနဲ့ထိုင်ပြီး ကွန်ပျူတာခလုတ်လေးနှိပ်ရတဲ့အလုပ်ပဲ၊ အခုတော့ ငါလုပ်ချင်တဲ့အလုပ်နဲ့ တစ်ခြားစီပဲ၊ ဖြစ်ရလေတယ် အော်...ကံကြမ္မာကလဲနော်"

✣ ✣ ✣





"လူ့ဘဝကြီးက သိပ်ငြီးငွေ့စရာကောင်းတာပဲဗျာ၊ မျက်စိမမြင်ရတဲ့အထဲ ခါးဆစ်ရိုးကလည်း လွဲပြန်တော့ အိပ်ရာထဲမှာ နေနေရတာ ဆိုးဝါးလိုက်တာ"

"နှစ်ပတ်လောက်ပါပဲ လူလေးရယ် မကြာခင် ပြန်ကောင်းသွားမှာပါ"

ဦးဘဇံက ချော့မော့ကာ နှစ်သိမ့်လိုက်သော်လည်း သူ့ရင်မှာ ပူလောင်နေ၏။ မြေး၏ အသံကို မကြားရလျှင် မန္တလေးမှ ဘွားတော်ကြီး ပြေးလာမည်ဖြစ်သည်။ ခုထိတော့ ဟမ်းဖုန်းကို ဆက်ခိုင်းထားသဖြင့် စကားပြော၍ရနေသည်။ တစ်ခါတရံ ဇော်မင်းထိုက်က ဦးအောင်ဆက်၍ ဘာမျှပြဿနာမဖြစ်သေးပေ။ ကြာလာသောအခါ အိမ်ဖုန်းကိုဆက်၍ ဇော်မင်းထိုက်မရှိတာ များလာလျှင် ချက်ချင်းဆင်းချလာမည်ဖြစ်သည်။

"အဘဇံ...အဘသမီးရော"

"ဟင်...အော် အိမ်မှာရှိပါတယ်၊ သူ့ကို ဆေးရုံမလာခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

တကယ်တော့ နှင်းဝတ်မှုန်သည် လေလှိုင်းကြားမှ ဘုရားတော်ကြီးအသံကို ကြောက်၍ အိမ်သို့ပြန်ပြေးခြင်းသာဖြစ်သည်။ ဘုရားတော်ကြီးကို ရင်မဆိုင်ရဲသလို ထိုနေ့က ကားမောင်းမည့်သူအား လက်ဖက်ရည်ဆိုင်များမှာ လျှောက်၍ရှာနေရသဖြင့် မတွေ့ခဲ့သောကြောင့် အိမ်ပြန်လာပြီး ဖခင်၏သဘောတူညီချက်ဖြင့် ကားဒရိုင်ဘာ ဆေးခန်းသို့ ခေါ်သွားရသည်။

နေပူထဲသွားရတာနှင့် ကြောက်တာပါရောရ၍ အပူရှပ်ကာ ဖျားနေသောကြောင့် အိမ်သို့ ခဏပြန်ခိုင်းရသည်။

“အိမ်မှာပဲ ခဏနေဦးမယ် အဖေရာ၊ ဒီအိမ်ကြီးကို စောင့်ရှောက်ထိန်းသိမ်းရတာ ခေါင်းစားတယ်သိလား အရေးထဲကောင်မလေးကလဲ ဒီလကုန်ရင်ပြန်မှာတဲ့၊ အဖေရာ လူစားရှာသူတို့ကို ပြန်လွှတ်ပါ၊ မရမချင်း ပြန်မလွှတ်နဲ့ဦး၊ သမီး အိမ်ဖော်မလုပ်နိုင်ဘူးနော်၊ သမီးက ဘွဲ့ရပညာတတ်ဆိုတော့ ရုံးအလုပ်ပဲလုပ်မှာ၊ ဒီမှာ အိမ်ဖော်လိုလို နာစ့်လိုလိုနဲ့ အကြာကြီး မနေနိုင်ဘူး အဲ...”

“အဲ...အရှင်သခင်မလိုဆိုရင် နေနိုင်သေး”ဟူ၍ နောက်ဆက်တွဲစကားကို ရင်ထဲမှာ ပြောချလိုက်သည်။

“ပြန်မလွှတ်လို့ မရဘူး သမီး သူ့အစ်မက မွေးခါနီးပြီ၊ သူ့အမေက နေမကောင်းလို့ မှာနေတာကြာလှပြီ၊ သမီးယား



သမီးနေမကောင်းသေးရင် သမီးအမေကို လွှတ်ပြီး အိမ်မှာထိန်းသိမ်းခိုင်းထားမှဖြစ်မယ်”

“ဘုရားရေ ကျွန်မတို့တစ်အိမ်သားလုံး ဒီအိမ်ကြီးရဲ့ အစေအပါးတွေ ဖြစ်နေပြီလား”

“အဲဒီလို မဟုတ်ဘူးသမီး အဖေအပြစ်ကြောင့် ဒုက္ခရောက်ရတာ အဖေ့တစ်ဘဝလုံး ဒီကလေးအတွက်ပဲ ပေးဆပ်ရမယ်၊ လူကလေးက သေဆိုသေနိုင်တယ် သိလား သမီး... သမီးရယ် ကားမောင်းတာက အဖေပါကွယ်၊ မဆင်မခြင်ဘဲ အော်တိုဂီယာသဘောကို သိပ်နားမလည်သေးဘဲ မောင်းလိုက်လို့ ဖြစ်တာပါ၊ ဒါကို သူ့ဒေးက သူမောင်းတာလို့ ဖြောင့်ချက်ပေးသွားပြီး အဖေ့အပြစ်ကိုသေတဲ့အထိကာကွယ်ပေးလို့ အဖေထောင်မကျတာပေါ့၊ သူ့ကျေးဇူးက တော်တော်ကြီးပါပေတယ် သမီးရယ်”

“ဟင်...အဖေရယ်”

ထိုအခါကျမှ နှင်းဝတ်မှုန်ပို၍ တုန်လှုပ်သွားပြီး ကြောက်ဒူး ဖျားသွား၏။ ဦးဝင်းနိုင်က ဆေးရုံရောက်ပြီး နှစ်ရက်ကြာမှ သေဆုံးသွားကာ မှာစရာရှိသည်များကို မှာကြားသွားခဲ့၏။ သူ့ဇနီးကတော့ ပွဲချင်းပြီး ဆုံးသွားခဲ့၏။ ဒဏ်ရာထက် နှလုံးရောဂါကြောင့် လန့်ကာ ဆုံးသွားခြင်းဖြစ်သည်။

ရှေ့ခန်းမှာထိုင်နေသော ဦးဝင်းနိုင်နှင့် သူ၏ နောက်

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်မှာ ထိုင်နေသော ဇော်မင်းထိုက်မှာ ဒေါ်ရာပြင်းထန်သွားသည်။

ထိုအခါ နှင်းဝတ်မှုန် ဘာမှမပြောသာတော့ပေ။ အကယ်၍ ဖခင်ကိုယ်စား ဦးဝင်းနိုင်က ဝန်မခံပေးလိုက်လျှင် ဖခင်မှာ ထောင်ကျပြီး မိမိတို့မိသားစု၏ စားဝတ်နေရေးသည် တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားလိမ့်မည်ဖြစ်သည်။ ဇော်မင်းထိုက်ကလည်း အခင်းဖြစ်စဉ်က အိပ်ပျော်ကာလိုက်ပါလာသဖြင့် ဘယ်သူမောင်းသည်ကို သေသေချာချာ မသိလိုက်ပေ။ သူမအိပ်မှီကတော့ ဖခင်မောင်းနေသည်ကို သိလိုက်သဖြင့် သူ့ဖခင်၏ ထွက်ချက်အရ ဖခင်မောင်းသည်ဟုပင် သိထားလိုက်၏။

"ဟင်း...အဖေရယ် ဖြစ်မှဖြစ်ရလေတယ်၊ အဖေကလည်း ဘယ်လိုဖြစ်လို့ ရုတ်တရက်ကြီး ဝိုက်ရတာလဲ"

"ဝိုက်တာမဟုတ်ဘူး သမီးရယ် ညဘက်မှာ အရှိန်က တအားများနေပြီး လမ်းပြင်နေသည် ဆိုင်းဘုတ်ကို ဘွားခနဲ တွေ့ရတော့ တွေ့ချလိုက်တာ နောက်ကလိုက်လာတဲ့ကားနဲ့ တိုက်မိသွားတာပဲ၊ ဦးဝင်းနိုင်က ဒေါ်ရာပြင်းပေမယ့် သူ့မိန်းမက နလုံးရောဂါသက်သက်ပဲမို့ လန့်ပြီး ဆုံးသွားတာပဲလေ"

"အဖေရယ်...ဦးဝင်းနိုင်က အဖေအတွက် ငွေတွေလည်း ပေးခဲ့သေးတယ်နော်"

"အဲဒါကြောင့်မို့ပေါ့ သမီးရယ် အဖေ့မှာ သူတို့မိသားစု



အတွက် ပေးဆပ်လို့မကုန်နိုင်အောင်ကို ဖြစ်နေတယ်၊ ဒါကြောင့် အညီးခံပေးပါလို့ သမီးကို အဖေတောင်းပန်နေတာပေါ့ကွယ်"

နှင်းဝတ်မှုန် ငေးငိုင်ကာ ဘာလုပ်ရမှန်းမသိဖြစ်သွား၏။

ပြင်ပကုမ္ပဏီလုပ်ငန်းများတွင် လုပ်ကြည့်ချင်သေးသည်။ ဘယ်တော့မှ မျက်စိပြန်လင်းမည် မသိသော ဇော်မင်းထိုက်နားတွင် အချိန်မကုန်ချင်တော့။ သို့ရာတွင် ဦးဝင်းနိုင်က ဖခင်အား ခြေထောက်တစ်ဖက်မရှိတော့သဖြင့် မိခင်လုပ်နေသော ချုပ်လုပ်ငန်းလေး အဆင်ပြေစေရန်အတွက် ရေစုတ်စက်ဝယ်ရေတွင်းတူးပြီး ခြံကာ အိမ်ပြင်နိုင်ရန် သိန်းနှစ်ဆယ်ထုတ်ပေးသွားခဲ့သည်။ သူ၏ကျန်ရစ်သော သားကို အမြဲစောင့်ရှောက်ပေးရန်ကို အထပ်ထပ်မှာကြားသွားခဲ့၏။

"ဦးဝင်းနိုင်သာ ငွေမပေးခဲ့ရင် အဖေတို့မိသားစု သိပ်ဒုက္ခရောက်မှာပဲ သမီးရယ်...သမီးလည်း ဒီလို လှလှပပ နေနိုင်ပါ့မလား"

နှင်းဝတ်မှုန် သက်ပြင်းရှည်ကြီးချကာ သူ၏ဆံပင်များကို စိတ်ရှုပ်ရှုပ်ဖြင့် ထိုးဖွလိုက်မိ၏။

"စိတ်ရှုပ်တယ်အဖေရယ် သမီးနေကောင်းမှ အဖေ့ရွာသွားပြီး အိမ်ဖော်လူစားသွားရှာမယ်၊ အဲဒါမှ သမီးထွက်လို့ရမှာ သမီး အလုပ်လုပ်ချင်သေးတယ် အဖေရယ်နော်"

"မလောပါနဲ့ဦး သမီးရယ် ဆိုးဝါးတဲ့အခြေအနေကို ကျော်

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့ပြီပဲ၊ ထပ်ပြီးဆိုးဝါးတဲ့ အခြေအနေ မဖြစ်နိုင်တော့ပါဘူး တွယ်"

နှင်းဝတ်မှုန် ငြိမ်၍တွေးလိုက်သည်။ ဦးဝင်းနိုင် စီစဉ်ခဲ့သဖြင့် ဆေးကုသစရိတ်မှာ ဘဏ်မှလိုသလောက် ထုတ်ယူနိုင်ရန် ချက်စာအုပ်တွင် လက်မှတ်ထိုးပေးခဲ့ခြင်းဖြစ်သည်။ မန္တလေးမှ မိခင်ရောက်လာမှပင် ချက်စာအုပ်ကို ပြန်သိမ်းကာ လစဉ် အသုံးစရိတ်ကို စာရင်းတင်ခိုင်းလိုက်ပြီး ပုံမှန်ပင်ထုတ်ပေးခဲ့၏။

ထိုချက်စာအုပ် မသိမ်းမီတွင် ဦးဝင်းနိုင်ဆုံးပြီး တစ်လအတွင်းတွင် နှင်းဝတ်မှုန်၏မိခင်က အိမ်မှာလာနေပေးကာ အိမ်စရိတ်များနှင့် အသုဘကိစ္စနှစ်ခုကို စီစဉ်နေရသဖြင့် မိန်းမပီပီ လောဘနှင့်ငွေများကို ကိုင်တွယ်သုံးရင်း သားသမီးများအတွက် ဖြည့်ပေးခဲ့သဖြင့် နှင်းဝတ်မှုန်တို့မောင်နှမတစ်တွေ မဝတ်ဖူး မစားဖူးတာများကို ဝတ်ရ စားရသဖြင့် အဆင်ပြေသွားခဲ့သည်။

"ခက်လိုက်တာနော် ဘယ်လိုလုပ်ရမလဲ ကြံစမ်း ကြံစမ်း ပစ်ရမှာလည်း အဆီတဝင်းဝင်းနဲ့ စားရရင်လည်း လည်ချောင်းနင်မယ့် အဖြစ်မျိုး ဟင်း..."

* * *



အခန်း ( ၃ )

ဆေးရုံတွင် ဆယ့်နှစ်ရက်ကြာပြီးနောက် အိမ်သို့ ပြန်လာသောအခါ တစ်အိမ်လုံး ဝင်းလက်တောက်ပြောင်ကာ အမြင်များ ပြောင်းလွဲ၍နေလေပြီဟု ထင်လိုက်ရ၏။ အိမ်၏ အထားအသို ပြင်ဆင်မှာ ဘာမှမပြောင်းလွဲသော်လည်း သန္တာခေါင်းဝမှာ ပန်းတစ်မျိုးရကာ ထိုရနံ့မှာ သူနှင့် မရင်းနှီးဘဲ သစ်လွင်သော ရနံ့ဖြစ်၏။

"ဦးဘဇံ...အိမ်က ပြောင်းလွဲနေသလား"

"မပြောင်းလွဲပါဘူး လူလေးရယ် လူလေးအမေ ပြင်ဆင်ထားတဲ့ အတိုင်းပါပဲ၊ ဘဇံ သမီးကို မပြောင်းရဘူးလို့ မှာထားခဲ့တယ်"

"ကျွန်တော့်စိတ်ထဲ ထူးဆန်းနေသလိုပဲ၊ အနံ့တွေမွှေးနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အော်...အေး သမီးက တစ်ခန်းလုံးကို နှင်းဆီပန်းတွေ စံပယ်ပန်းတွေ ထိုးထားတာကိုး လူကလေးလာရင် ဆေးရုံနံ့ ပျောက်အောင်ဆိုပြီးတော့"

"အတော်ရှုပ်တဲ့ ကောင်မလေးပဲ...သူရော"

"ကြောက်လို့ ရှောင်နေတယ် ထင်တယ်"

"အော်...ကံကြမ္မာကိုပဲ ပုံချပြီး ဘယ်သူ့မှ အပြစ်မတင်ပါဘူးဗျာ"

သူသည် သူ၏အိပ်ခန်းဆီသို့ တုတ်နှင့်စမ်း၍လာစဉ် သူ၏ တုတ်အား တစ်စုံတစ်ယောက်ကကိုင်ပေးပြီး ဆွဲခေါ်လာသည်ကို သတိထားမိလိုက်၏။

"နှင်းဝတ်မှုန်"

"ရှင်"

"မင်း...သနပ်ခါးလိမ်းထားလား"

"ဟုတ်"

"အေး...ကောင်းတယ်၊ အမေက အမြဲသနပ်ခါးလိမ်းတာပဲ၊ မိန်းကလေးဆိုတာ သနပ်ခါးလိမ်းမှ ကျက်သရေရှိတာတဲ့"

မိခင်ထံမှ အစဉ်အမြဲရင်းနှီးခဲ့နေသော အနံ့တစ်ခုအတွက်ကို တမ်းတမ်းတတလေးပြောပြီး အိပ်ခန်းထဲသို့ဝင်လာလိုက်သည်။



"လူလေး...ခဏအနားယူလိုက်ဦးနော်၊ တော်ကြာကျမှ ဆေးသောက်ဖို့နှိုးမယ်နော်"

"ဟုတ်ကဲ့"

သူ့အိပ်ရာနှင့်ကျောနှင့် ထိကပ်လိုက်သောအခါမှ နူးညံ့သော အထိအတွေ့ကြောင့် သူ ကိုင်၍စမ်းကြည့်မိသည်။

"စံပယ်...ဟင်...မဟုတ်ဘူး၊ ဒီပန်းက ဘာပန်းလဲ၊ အမေ ပန်နေကျပန်းပဲ"

အပွင့်သေးသေးလေးမို့ နှာဝမှာတေ့၍ နမ်းရှိုက်ကြည့်သောအခါမှ စံပယ်ပန်းမဟုတ်မှန်း သတိထားမိလိုက်သည်။

"စံပယ်ထက်သေးတယ်၊ အနံ့လေးက အေးတယ်၊ အော် ဒီပြီ...ခရေ...ခရေ...မေမေကြိုက်တဲ့ပန်းလေးတွေကို ကောင်မလေးက သိလို့လား၊ သူကိုယ်တိုင်ကြိုက်လို့လား၊ ဘာလို့ နေ့မှ ထူးထူးခြားခြားလုပ်ထားပါလိမ့်၊ ဒါ...ဆေးရုံကဆင်းတာ ကို ကြိုဆိုတာထင်ပါရဲ့၊ သူ့ကို စိတ်ဆိုးမှာစိုးလို့ထင်တယ်"

ရင်ထဲမှာ အေးမြသွားသလို မိခင်ရှိစဉ်ကကဲ့သို့ ကိုယ့်ကိုယ် ကို လုံခြုံစိတ်ချပြီး နွေးထွေးသွားသလို ခံစားလိုက်ရသည်။

မိခင်သည် ပန်းရောင်းခဲ့သောမိန်းမတစ်ဦးပီပီ မွှေးသော ပန်းများကို အလွန်ကြိုက်နှစ်သက်ကာ အိမ်မှာ ပန်းအလှများကို စွတ်လပ်စေရပါ။ ရနံ့မွှေးသောပန်းများကိုလည်း နေ့စဉ် အများပန်းအိုးထိုးထားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ရှိနေသလိုပါပဲလား"

သူသည် အိပ်ရာထက်မှာ ပက်လက်လှန်လှဲချလိုက်ရ... ခရေပွင့်များကို လက်ဖြင့်ဖွဖွလေးဆုပ်ကိုင်ထားရင်းက သနပ်ခ... ရေကျဲနှင့် ဘီးဆံပတ်တွင် ခရေကုံးလေးပန်ထားတတ်သူ... မိခင်၏ ပုံရိပ်ကိုတွေးကြည့်ကာ ကြည်ကြည်နူးနူးလေး ပြုံးလို... မိသည်။

ပန်းကလေးများစိုက်ပျိုးကာ အေးချမ်းစွာနေတတ်သော... မေမေ...လူတိုင်းအပေါ်မှာ ခွင့်လွှတ်တတ်၊ မေတ္တာထားတ... သော မေမေ...မေမေ မရှိသော်လည်း ရှိနေစဉ်ကကဲ့သို့ ခံစား... နေရသော ဤအိမ်ကလေး နေရာလေးကို ပြုပြင်ထားသော နှင်းဝတ်မှု... တို့ အထူးကျေးဇူးတင်သွားမိတော့သည်။

"ကလစ်..."

ရုတ်တရက် အိပ်ခန်းတံခါးဖွင့်သံ ကြားလိုက်ရသည်... နှာခေါင်းဝမှာ ဆေးလိပ်နံ့ရသဖြင့် ဦးဘဇံ လာ၍ချောင်းကြည့်... ခြင်းသာ ဖြစ်ပေလိမ့်မည်။

မုန့်ကျွေးမည်၊ ဆေးတိုက်မည်၊ ထိုအခါ...သူ၏ ပစ္စုပ္ပ... အခြေအနေမှန်ထဲ တိုးဝင်ကာ ကြေကွဲနေမိဦးမည်။

"လူလေး"

တိုးဖွဖွခေါ်ကြည့်၍ မထူးလျှင် ဦးဘဇံပြန်ထွက်သွား... လိမ့်မည်။



အတိတ်ရဲ့ အတွေးရိပ်မှာ ခဏလေးခိုဝင်ပြီး မိခင်နှစ်သက်သော ပန်းရနံ့လေးများနှင့်အတူ မိခင်နှင့်ရှိစဉ်ကကဲ့သို့ ခံစားချင်သေးသည်။

"မလာချင်သေးဘူး ဦးဘဇံရယ်...မေမေ့ရဲ့အရိပ်ကလေးတွေနဲ့ အိပ်ပါရစေ၊ အိပ်မက်ထဲမှာ မေမေနဲ့တွေ့ပါရစေဦးဗျာ"

စိတ်ထဲမှာ တိုးဖွဖွလေးငြင်းနေစဉ် ဦးဘဇံထံမှ ထပ်မံ၍ ခေါ်သံမကြားရတော့ဘဲ တိတ်ဆိတ်သွားသဖြင့် သူ ပြန်၍အိပ်ပျော်သွားတော့သည်။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိလိုက်။ သူ နှာခေါင်းထဲသို့ ရင်းနှီးနေသောရနံ့တစ်မျိုးရလိုက်၍ အသာ နားစွင့်ကြည့်သောအခါ...

သနပ်ခါးနံ့...

"ကိုကြီး ညနေတောင်စောင်းတော့မယ်"

"ဟင်...ငါဒီလောက်တောင်အိပ်သွားလား"

"အိပ်တာပေါ့...ကာလနဂါးရဲ့ တီတော်စပ်တယ် ထင်တယ်"

"မင်းက ပေါက်ကရပြောပြီကွာ"

"ဟုတ်တယ်လေ...ဘုရားပွင့်တော်မူပြီးတည်းက ခုချိန်ထိဆိုရင် တီတွတ်လောက်ပဲဖြစ်တော့မှာပေါ့၊ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်သွားပြီ၊ ကျွတ်လောက်လည်း ဖြစ်ချင်ဖြစ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် အိပ်ရာထမှာ ကြည်ကြည်လင်လင်လေး ဖြစ်သွား၏။

"မင်းက သာသနာနှစ်တွေကိုသိလို့လား"

"သိရမှာပေါ့ အစ်ကိုကြီးရယ်...အလုပ်စာမေးပွဲအတွက် အင်တာဗျူးဖြေမလို့ ဓလောင့်စုံအောင်ကြည့်နေရတယ်"

"ဆိုင်လို့လား"

"အမှတ်မထင်မေးလိုက်ရင် မသိမှာစိုးလို့ပေါ့၊ တစ်ခါဖြေတုန်းက သိပေါမင်းရဲ့ဝယ်နာမည်ကို မသိလိုက်လို့ အင်တာဗျူးမှာ ပြုတ်ကျကျန်ခဲ့ရတယ်"

"ခုရော သိပြီလား"

သူ၏လက်ထဲသို့ တုတ်ကောက်လာထည့်ပေးလိုက်ပြီး ရယ်သွမ်းသံနှင့်...

"မောင်မျိုးချစ် တဲ့"

"ဟုတ်လို့လား"

"စာအုပ်တွေရှာဖတ်ရတာပဲ"

နှုတ်ဖျားမှ တတွတ်တွတ်ပြောရင်း သူ့အားဆွဲထူရင်း ပခုံးပေါ်သို့ မျက်နှာသုတ်ပဝါတင်ပေးကာ...

"သူများ အခုပဲပြန်လာတာ၊ အပြင်မှာ မုန့်မောင်နှမတွေ့လို့ ဝယ်လာတယ်၊ မြင်းခွာရွက်ဖျော်ရည်နဲ့သောက်ပါ။ ဖျော်ရည်ထဲကို အနံ့မရှိအောင်လို့ ဆီးဖျော်ရည်နည်းနည်းထည့်ထားတယ်၊ မြည်းမြည်းလာနော်"



ထမင်းစားခန်းသို့ သူလျှောက်လာစဉ် သူ၏မျက်လုံးအမြင်အာရုံများမှာ အလင်းရောင်တစ်မျိုးနှင့် အရာဝတ္ထုများကို ဝိုးတဝါးမြင်လာရသည်ကို သတိထားမိလိုက်သည်။

ဆေးရုံမှဆင်းပြီးပြီးချင်း မျက်စိဆေးခန်းသို့သွားကာ သူ့အနေကျဖြစ်သော ဒေါက်တာဦးစန်းမြင့်ထံသို့ ရောက်လာခဲ့သည်။

"အမြင်အာရုံပေါ် ကွယ်နေတဲ့ အာရုံကြောတစ်ချို့ ပြန်ပြီးအားကောင်းလာနိုင်တာမို့ မနက်နဲ့ညကို ဆေးမှန်မှန်စားပေးပါ။ ပြန်မြင်ရဖို့ သေချာသလောက်ဖြစ်နေပါပြီ"

ဒေါက်တာဦးစန်းမြင့်၏ အားပေးမှုကြောင့် အိမ်အပြန်လမ်းမှာ တက်ကြွလာသလိုပင်။

အိမ်ရောက်သောအခါ၌လည်း ပန်းရနံ့ သနပ်ခါးရနံ့များ အမြင်ရှိစဉ်ကအတိုင်းရှိနေသောကြောင့် စိတ်ထဲမှာ လန်းဆန်းပေါ့ပါးလာပြီး မျှော်လင့်ချက်ရောင်ခြည်တွေ သမ်းလာပြီဟု ထင်ရသည်။

ထို့အပြင်...ဦးဘဇံ၏သမီး နှင်းဝတ်မှုန်၏ ထူးခြားသော ပြောင်းလဲမှုကို ယခုမှ သတိထားမိလိုက်သည်။

"နေပါဦး...ငါ ဆေးရုံကဆင်းလာတော့ မင်းဟာ အရင်နှင်းဝတ်မှုန်နဲ့မတူဘဲ အများကြီးပြောင်းလဲလာသလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ကိုကြီးရယ်...ကိုကြီးဆေးရုံတက်ရတော့ ကျွန်မ ကြောင့်ဆိုပြီး လန့်ဖျားဖျားတာ သုံးလေးရက် ဆေးထိုးယူလိုက် ရတာ လူလည်းမျော့သွားတာပဲ သိလား၊ ကျွန်မ ဂရုမစိုက်လို့ ဖြစ်ရတော့ ကိုယ့်ကိုယ်ကို အပြစ်တင်မိတယ်၊ နေမကောင်းနေ တော့ အိပ်ရာထဲမှာ အကြာကြီးနေရပြီး ကိုကြီးကိုသတိရလာ တယ်၊ ကိုကြီးလည်း မျှင်းနေမှာပဲလေလို့ တွေးမိပြီး ဒီတစ်ခါ ကိုကြီးပြန်လာရင် မပျင်းရအောင်လို့ စာတွေဖတ်ပြီးပြောပြမလို့"

"အမယ်...တယ်ဟုတ်ပါလား"

ကောင်မလေး၏ ရည်ရွယ်ချက်ကို သဘောကျသွားပြီး သူ အော်ငေါက်ခဲ့ရသည့် ကာလအတွက်ကို စိတ်မကောင်းဖြစ် သွားသည်။

"ကိုကြီး...လက်သည်းတွေ တအားရှည်နေပြီ၊ သူမှ ညှပ်ပေးမယ်နော်"

ခါတိုင်း အဘဇံပြုလုပ်ပေးနေကျအလုပ်ကို အဘဇံ သမီးက ပထမဦးဆုံး ပြုလုပ်ပေးရာ နူးညံ့သော အထိအတွေ့ နှင့် မွှေးပျံ့သော သနပ်ခါးနံ့နဲ့ ခရေနံ့များက သူ့ရင်ထဲမှာအေး သွားအောင်အထိ သင်းပျံ့လျက်ရှိနေသည်။

"မေမေရယ်...မေမေအနားမှာ ရှိနေသလိုပဲ မင်းထိ ကျေးဇူးတင်ပါတယ် နှင်းဝတ်မှုန်ရယ်၊ ငါဘာမှမမြင်ရပေမယ့် မင်းဆီက ရနံ့လေးတွေရနေတော့ ငါ့အမေအနားမှာရှိနေသလို



အားရှိသွားတယ်"

ရင်ထဲမှာ ကြည်ကြည်နူးနူးလေး ရှေ့တွက်နေမိသည်။

"ကိုကြီး...ဘာတွေ စဉ်းစားနေတာလဲ"

"ဟော..."

"ငြိမ်နေလို့လေ"

"အင်း...ဒီလိုပဲပေါ့ကွာ၊ အတွေးတွေက ဟိုရောက် ဒီရောက်နဲ့ပဲ"

"ဒါဆိုရင်...ကောင်းတဲ့အတွေးတွေပဲ အရောက်ခံလိုက် ပေါ့နော်"

"ဘာလို့လဲ"

"အော်...ကောင်းတာလေးတွေကိုတွေးရင် ကောင်းတာ တွေပဲ ရောက်လာတတ်တယ်တဲ့၊ ကိုယ့်ရဲ့ မနောကံက ကောင်း တာလေးတွေကိုပဲ ဖိတ်ခေါ်လိုက်ပေါ့၊ ကောင်းတဲ့ အကြောင်း အရာတွေကို ထပ်ခါထပ်ခါ စဉ်းစားနေရင် ကောင်းတာပဲ ရောက် လာမှာပါ၊ ဆိုးတဲ့အတွေးတွေကို အဝင်မခံပါနဲ့"

"အမယ်..."

သူ့နှုတ်ဖျားမှ အလန့်တကြားထွက်သွားသည်အထိ ကောင်မလေး နှင်းဝတ်မှုန်၏စကားကို အံ့သြသွားမိသည်။

"ဒါဆို...ကိုယ် လဲကျသွားလို့ ခါးဆစ်ရိုးလွဲသွားပြီး ဆေးရုံ တက်တာဟာ ကံကောင်းဖို့ဖြစ်လာတာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုအတွေးက ဖြစ်နိုင်တယ်၊ ကိုကြီးကို သူများထ ပိုရစ်ချုပ်ဖို့ ဖြစ်လာတာပဲ၊ ကိုကြီး ဆေးရုံတက်နေတော့ သူများ စာတွေအများကြီးဖတ်ဖြစ်ပြီး ကိုကြီးအတွက် မပျင်းအောင် စိတ်ချမ်းသာအောင် နေသွားဖို့ ဆုံးဖြတ်ချက် ချလိုက်တာဟာ လည်း ကောင်းဖို့ပဲလေ"

"လိမ္မာလိုက်တာကွာ"

သူ့ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ထုတ်ဖော်၍ ချီးကျူးလိုက် မိသည်။

နှင်းဝတ်မှုန်ပြောသကဲ့သို့ပင် မျက်စိအာရုံကြောဆရာထံ ပြန်လာပြီး အိမ်သို့ရောက်ရောက်ချင်းပင် မိခင်၏ အငွေ့ အသက်များ ပန်းနံ့ သနပ်ခါးနံ့များက ဆီးကြိုနေသဖြင့် သူ့ရင်ထဲ ထူးခြားစွာ အေးမြ၍ လန်းဆန်းတက်ကြွသွားခြင်းသည် ကောင်း သော အတွေးအာရုံများ ဝင်လာခြင်းဖြစ်သည်။

ထို့နောက် နှင်းဝတ်မှုန်၏ထူးခြားသော စကားသံလေးများ နှင့် အပြုအစုများ အားလုံးဟာ ကောင်းသောအတွေးကြောင့် အကောင်းတွေပဲ ရောက်ရှိလာခြင်းပင် ဖြစ်သည်။

"အ..."

ရုတ်တရက် လက်သန်းထိပ်ကလေး နာကျင်သဖြင့် လန့် အော်မိ၏။

"ဟင်...ကိုကြီး အသားထိသွားလား"



"အင်း...နာလိုက်တာကွာ၊ ဒါဟာ မကောင်းတဲ့ကံ ရောက်လာတာပဲ"

"မဟုတ်ပါဘူး မတော်တဆပါ၊ ဖွ...ဖွ ဦး ဖွ...ဖွ၊ ပြီးရင် ဆေးပေးမယ်နော်၊ သွေးမထွက်ပါဘူး နည်းနည်းရဲသွားတာပါ"

"အင်း"

သူ့လက်ကိုဆွဲယူ၍ လက်သန်းလေးနွေးသွားသည်။ နူးညံ့ သော အာခံတွင်းထဲမှာ အနာသက်သာစေရန် အာငွေ့ပေးလိုက် ခြင်း ဖြစ်၏။

"မေမေ့အတိုင်းပါပဲလားကွယ်၊ ဒါပေမယ့်...သူဟာ မေမေမဟုတ်ဘဲ သူစိမ်းမိန်းကလေး၊ ကိုယ့်ကို ပြုစုနေတဲ့ မိန်းကလေးတစ်ယောက်ဖဲ မသာယာသင့်ဘူး"

"အာ...ကိုကြီး မရှန်းနဲ့လေ၊ ခုနလို အသားပါသွားဦး မယ်၊ ပြီးတော့...လူကို တရားခံရှာဦးမယ် မဟုတ်လား"

"ဂရုစိုက်ပြီး ညှပ်ရင် အသားမပါပါဘူး"

"ဂရုစိုက်လို့ ညှပ်ပေးတာပေါ့ရှင်၊ နို့မဟုတ်ရင် အစ်ကိုကြီး လက်သည်းတွေ တစ်လံလောက် ရှည်နေပြီ"

"ဟင်း..."

ဒီကောင်မလေးနှင့် စကားပြိုင်မပြောတော့ပေ၊ အလွန် စကားကြွယ်သူပင်ဖြစ်၏။ အစက ဒီလောက်ကြွယ်မှန်းမသိခဲ့။

"ကဲ...ခြေထောက်ပေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...ဘာလုပ်မလို့ ခြေထောက်တောင်းရတာလဲ"

"လှီးမလို့"

"မလုပ်ပါနဲ့ဟာ တော်ကြာ ကန်းတာရော ကျိုးတာပါ စုံနေ ဦးမယ်"

"အဲဒီလို မပြောနဲ့"

ခတ်ဆတ်ဆတ်အော်သံကြောင့် လန့်သွား၏။ ဒီကောင်မ လေးက သူ့ကို အနိုင်ယူချင်ကာ ဆရာမကြီးလေသံနှင့် အော် ငေါက်ချင်နေ၏။

"ခုနပဲ ပြောပြီးပြီပဲ ကိုကြီးရယ်...လောကကြီးမှာ အဆိုး ဆိုတာ တစ်ခုတည်းလာတာမဟုတ်ဘဲ စုပြုံလာတတ်တာပဲ ဒါပေမယ့်...အဆိုးဆုံးတစ်ခုကို ရင်ဆိုင်လာရတဲ့အခါမှာ အခြား သိပ်မဆိုးတာတွေက တဖြည်းဖြည်းသက်သာပြီး ပျောက်ကွယ် သွားမှာပါ"

"အမယ်..."

ဒီကောင်မလေး ပါးစပ်ကထွက်လာတဲ့ စကားတွေကြောင့် သူအလွန် အံ့အားသင့်သွားသည်။

"ဟုတ်တယ်လေ ကိုကြီး...အစ်ကိုကြီးက အဆိုးဆုံးကို ရင်ဆိုင်ရထားပြီးပြီပဲ၊ ဒီ့ပြင် နာတာ ကျင်တာတွေက အသေး အမွှားတွေပါပဲ"

"ငါ့ရဲ့ အဆိုးဆုံး၊ ငါ့အဆိုးဆုံးဟာ ဘာလဲ၊ မျက်စိကွယ်





တာလား၊ မိဘတွေ သေဆုံးသွားတာလား"

ရုတ်တရက် အံ့အားသင့်ကာ အမှတ်မထင်မေးကြည့် လိုက်၏။

"မျက်စိကွယ်ပြီး စိတ်ဓာတ်ကျတာပဲပေါ့"

"မျက်စိကွယ်တာလား၊ ဟင်အင်း...မဟုတ်ဘူး ငါ့အဖေ အမေတွေ မရှိတော့တာ"

"သေခြင်းတရားဟာ မထူးဆန်းပါဘူး၊ အနေးနဲ့အမြန် ရင်ဆိုင်ရမယ့် ပြဿနာပါ၊ ကြီးကြီးငယ်ငယ် ရင်ဆိုင်ရမှာပဲ၊ အဆိုးဆုံးက အသက်ရှင်လျက်နဲ့ အမြင်ရှိပါလျက် အမြင်ကွယ် သွားတာဟာ အဆိုးဆုံးပါပဲ၊ ဒါပေမယ့်...မျက်မမြင်လို့ လူညွှန့် တုံးသွားတာမှ မဟုတ်တာ၊ သူတို့ဘဝကို သူတို့ရပ်တည်နိုင် အောင် ကြိုးစားကြတာပါပဲ၊ ကိုကြီးက မျက်စိမမြင်တာနဲ့ ငါ့ဘဝ ဆုံးပြီဆိုပြီး စိတ်ဓာတ်ကျပြီး အိမ်ထဲကအိမ်ပြင်မထွက်တာဟာ သိပ်ဆိုးတာပဲ"

"ငါက အပြင်ထွက်ပြီးဘာလုပ်ရမှာလဲ"

"မျက်မမြင်ကျောင်းရှိတယ်လေ"

သက်ပြင်းရှည်ကြီးခိုးချလိုက်မိသည်။ အသက်ကြီးမှ ထို ကျောင်းသို့မတက်ချင်တော့ပေ။

"တကယ်တော့...ကိုကြီးဟာ မျက်မမြင်ကျောင်းတက် ပြီး ကွန်ပျူတာသုံးသင့်တယ်၊ မျက်မမြင်စာရေးသင်၊ ကွန်ပျူတာ



www.burmeseclassic.com

www.burmeseclassic.com



အရိုက်သင်ပြီး မန္တလေးကအဘွားဆီမှာ သွားအလုပ်လုပ်သင့်တာပေါ့"

သူ တွေဝေနေစဉ်...ကောင်မလေးက သူ့ခြေထောက်ကို မ,ကာ ခွေးခြေပေါ်တင်၍ ခြေသည်းများကို စညှပ်ပေးနေ၏။

"ခြေထောက်ကညစ်ပတ်နေတာပဲ၊ ခြေသည်းတွေကို ရေချိုးရင်သန့်စင်ပါဦး၊ ခြေသည်းတိုက်ဖို့ ထားထားတာပဲ၊ အခု လုပ်ပေးရမလား"

"ငါဘာသာ ငါလုပ်နိုင်ပါတယ်၊ အင်း...မင်းပြောတာနဲ့ စဉ်းစားမိတယ်၊ ငါမျက်စိကွယ်တာ လေးလကျော်သွားပြီပဲ၊ ဆရာဝန်ပြောသလိုဝဲ တဖြည်းဖြည်းပြန်မြင်လာနိုင်မလားလို့ ဆေးစားပြီးစောင့်ကြည့်နေခဲ့တာ"

"ကလင်...ကလင်"

ရှုတ်တရက် ဖုန်းမြည်လာသဖြင့် ကပျာကယာထရပ်လိုက်သည်ကို ဝိုးတဝါးအရိပ်မှာ တွေ့လိုက်ရသည်။

"အဘွား"

သူ့နားသို့ဖုန်းခွက်ကို မ,လာပေးပြီး ခြေသည်းဆက်ညှပ်ပေးနေသည်။

"မြေး...ဘာလုပ်နေတာလဲ"

"ထိုင်နေတာပါ ဘွားဘွား"

"ကောင်မလေးက အနားမှာရှိနေလား"





"ဟုတ်ကဲ့"

"ဘာလုပ်နေတာလဲ"

ရုတ်တရက်မို့ အဖြေခက်သွားသည်။ ကောင်မလေးက အလိုက်သိစွာဖြင့် အနားမှထသွားပေး၏။

"ခြေသည်းညှပ်ပေးနေတာပါ"

"ဩော်...အေး...အေး...အိမ်ပေါ်ထပ်ကို အဖော်မရှိဘဲနဲ့ မတက်နဲ့နော်၊ ချော်ကျဦးမယ်၊ အဘွားလည်း လကုန်တဲ့အခါမှာ လာခဲ့ဦးမယ်"

"အဘွားမလာပါနဲ့၊ ကျွန်တော်လာနိုင်အောင်ကြိုးစားပါ့မယ်၊ အဘွားက အသက်ကြီးပြီပဲ၊ အဘွားရဲ့အလုပ်တွေကို ကျွန်တော်ဝိုင်းလုပ်ပေးချင်တယ်"

"ရပါတယ်မြေးရယ်...ငါ့မြေးအဆင်ပြေအောင်နေပါ၊ အဘွားက အနားမှာမနေနိုင်သေးလို့ပါ၊ ငါ့မြေး အေးအေးဆေးဆေး နေနိုင်လို့ရအောင် အဘွားကြိုးစားနေတာပါ"

ရုတ်တရက်ရှက်မိသွားသည်။ ကိုယ့်ကိုယ်ကိုလည်း အားမလိုအားမရဖြစ်သွား၏။

"မင်းအနားကကောင်မလေးကို ဖုန်းပေးလိုက်ဦး"

အဘွားနှင့်စကားပြောရတာ အားမရသေးသော်လည်း သူ...ဘာပြောရမှန်းမသိတော့ပေ။ စောစောက ကောင်မလေး ပြောသလို ဘဝကို အရှုံးပေးနေမိပြီလား။ အဘွားကို သူကူလုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးချင်နေမိသည်။

"ဟုတ်...ဟုတ်ကဲ့ရှင့်"

အဘွားက မည်ကဲ့သို့ပြောနေသည်မသိပေ။ ကောင်မလေးက ဟုတ်ကဲ့ ဟုတ်ကဲ့နှင့် ပြောနေ၏။

ဟုတ်ကဲ့အပြင် ဘာတစ်ခွန်းမှမပြောသည်မှာ အဘွားကသာ ဆက်တိုက်အမိန့်ပေးနေ၍လား...တစ်ခုခုခိုင်းနေ၍လား မသိနိုင်ပေ။

"အဘွားက ဘာတွေပြောနေတာလဲ"

"အော်...ကိုကြီးကိုဂရုစိုက်ဖို့ပြောနေတာပါ"

သူ...ဆက်မမေးဖြစ်တော့ဘဲ အဘွားအကြောင်းစဉ်းစားနေမိသည်။

အမှန်တကယ်ပင် အလုပ်မလုပ်စေချင်ဘဲ ထိုင်စားစေချင်တာလား...သူ့အား မျက်မမြင်ဟုဆိုပြီး အလုပ်မလုပ်ခိုင်းဘဲ သူကပဲ လုပ်ကျွေးချင်နေခဲ့သည်။ အဘွားအသက် ခုနစ်ဆယ်နားနီးနေသဖြင့် မဖြစ်နိုင်။

သူ့ဘဝက ရပ်တည်ဖို့ များစွာလိုအပ်နေပြီ။ ယခုမှ အသက်နှစ်ဆယ့်သုံးနှစ်သာရှိသေးသည်။ သူ့မှာ ခြေလက်အင်္ဂါ အစုံအလင်နှင့်ရှိနေပြီး မျက်လုံးအစုံမှာ လုံးဝပြန်မမြင်ရဘူးဟု မပြောနိုင်။

အလင်းရောင်ကို ဝိုးတဝါးတွေ့နေရပြီဖြစ်၏။



"အလင်းရောင်ကို အဖြူအမည်းကွဲပြားပြီးရင် လူလုံးတွေ အရာဝတ္ထုတွေမြင်ရမယ်၊ ဥပမာပြောရရင် သစ်ပင်လို အရိပ်ညီးတွေ၊ သစ်ပင်ဆိုတာ ဝိုးတဝါးအမည်းရိပ်မြင်ရမယ်၊ အိမ်ပြတင်းပေါက်တွေ၊ ကုလားထိုင် စားပွဲ ဗီရို အဲဒါတွေကို အရာဝတ္ထုအနေနဲ့ ဝိုးတဝါးမြင်လာမယ်ဆိုရင် ပြောပါ။ အခြေအနေတိုးတက်လာပြီလို့ ပြောရမှာပဲပေါ့"

မျက်စိအာရုံကြောဆရာဝန်ကြီး ဒေါက်တာစန်းမြင့်၏အားပေးစကားကို အဇန်တလဲလဲကြားယောင်မိလျှင် သူ၏စိတ်ဓာတ်များ ပြန်လည်တက်ကြွလာလေသည်။

အမှန်တကယ်ပင် သူ၏အမြင်အာရုံမှာ အမှောင်အတိကျသွားရာမှ လွန်ခဲ့သောသုံးလေးလခန့်က အလင်းများပြန်မြင်နေပြီဖြစ်သည်။

"အာရုံကြောသေးသေးလေးတွေက အချို့ကပေါက်သွားပြီး အချို့က ထိခိုက်မှုပြင်းထန်လို့ ယောင်သွားတာပါ၊ ကံတရားနဲ့လည်း ဆိုင်တယ်လေ၊ ဆေးစားရင်းပြန်မြင်ရနိုင်တာမို့ ဘုရားမှာ ဆုတောင်းရမှာပဲလေ"

သူ၏ ကိုယ်လက်အင်္ဂါထိခိုက်မှု၊ ဦးခေါင်းထိခိုက်မှုတို့ တစ်လနီးပါး ကုသမှုပြုလုပ်ပြီးနောက်တွင် မျက်စိအတွက် အာရုံကြောအားဆေးကိုစားရင်း တစ်လတစ်ကြိမ်စစ်ဆေးမှုတွင် အနည်းငယ်တိုးတက်လာသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းသာဆိုရင် ကိုကြီးမျက်စိဟာ လုံးဝကွယ်သွား တာမှ မဟုတ်တာ၊ မြန်မြင်ရဖို့ အလားအလားအများကြီးရှိနေ တာပဲ၊ ကျွန်မတို့ ဘုရားကုလည်းကုတာပေါ့၊ ဗေဒ္ဗျင်ခုနစ်ပါးနဲ့ အညီ တရားထိုင်နိုင်အောင်လုပ်ရမယ်၊ ကိုကြီးကို တရားထိုင် တတ် ဝေဒနာရှုတတ်အောင် အရင် တရားရိပ်သာဝင်ရမယ်"

"ဟာ…ဘုန်းကြီးဝတ်ခိုင်းနေတာလား"

"မဟုတ်ပါဘူး…သူများကအကြောင်းပြောတာ၊ ကိုကြီး ကို ပိုပြီးစိတ်ငြိမ်အောင် ဝေဒနာတို့ရှုတတ်အောင်လို့ တရားရှေ့ ယူလာမှပဲ၊ ဆယ့်ငါးမိနစ် နာရီဝက်ပေါ့"

ကောင်မလေးပြုသမျှကို အံ့ဩကျေနပ်စွာဖြင့် လက်ခံ နေမိတော့သည်။

* * *

"ကျွန်တော်တို့သားအဖက တိုက်တွန်းတာမဟုတ်ပါဘူး သူ့ဘာသာသူ သင်ချင်တယ်ဆိုလို့ သမီးကလိုက်ပို့ပေးတာပါ"

"မလိုချင်ဘူး မောင်ဘဇံ၊ နှစ်ယောက်တည်းလွှတ်



အောင် မင်းကနီးစပ်သွားစေချင်လို့လား၊ ငါ့ဆိုးဝသဘောမတူ ဘူးနော်၊ ဖြစ်လာရင် မင်းသမီးပဲ အရှက်ကွဲမှာ၊ အခုတည်းက ဆဲပေးထားပါ"

ရင်ထဲမှာစူးအောင့်သွား၏။ ဘွားတော်ကြီးက ဤမျှအထိ ဆော်စက်ခါးသည်းလိမ့်မည်ဟု မထင်မိလိုက်ပေ။ အိမ်အောက် မှ ပြောနေသောစကားများကို သိလို့၍ တမင်နိုးနားထောင်လိုက် ခြင်းဖြစ်သည်။

"ကျွန်တော့်သမီးက ပညာတတ်ပါအရီးရယ်…ဆင်းရဲ သာတလွဲလို့ အာအဖြစ်မှမရှိပါဘူး၊ အခုလည်း လူတလေးကို ကောင်းကောင်းပြုစုနေတာပါ"

"ဒါပေမယ့်…တို့မျိုးရိုးထဲမှာ ကိုယ်ခိုင်းတဲ့လူရဲ့သားသမီး နဲ့ ပြန်ပေးစားတဲ့ထုံးစံမရှိဘူး"

ဦးဘဇံဘက်မှ ခေတ္တငြိမ်သက်သွားပြီး အသက်ကို ပြင်း ပြင်းရှူကာ တယ်လီဖုန်းကို ဖြည်းညင်းစွာချကာ စကားဖြတ် လိုက်၏။ မိုက်ရိုင်းသည်ဟုယူဆမည်ကိုပင် မစိုးရိမ်တော့ပေ။ သူဖြောင့်စိတ်တိုမို့ မဟုတ်လျှင်မခံချင်။ ဖုန်းသံကြားရုံနှင့်ပင် မျက်သီးထစရာကောင်းလှ၏။

"မင်းကြောင့် ငါ့သားနဲ့ခွဲ့မ သေရတာ၊ မင်းဟာ ကောင်းတဲ့တောင်ပဲ၊ ငါ့မြေးကိုဂရုစိုက်ပေးပြီး ကျန်းမာရေး ကောင်းမှ မင်းတိုလစာများများတိုးပေးမယ်၊ ငါ့ရဲ့နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက် မြေးကို မှဲ့တစ်ပေါက်တောင်မစွန်းအောင် ကာကွယ်ပေးပါ"

အစဉ်အမြဲ ဖုန်းကိုင်မိသည့်အခါတိုင်း ကြိမ်းမောင်းနေ သည်မို့ ဦးဘဇံအလွန်စိတ်ပျက်သွားမိသည်။ ဦးဝင်းနိုင်ရှိစဉ်အခါ က မိမိတို့နှစ်ဦးသည် ရင်းရင်းနှီးနှီးနှင့် ကားအပို့အကြိုလုပ်ကာ ဈေးမှကုန်များချပြီးတိုင်း ဤအိမ်မှာဝင်ထွက်စားသောက်နေတ ဖြစ်သည်။ သူ့အိမ်ကဝေးလွန်းသဖြင့် ဦးဝင်းနိုင်အိမ်မှာပင် အနားယူစားသောက်ပြီးမှ ပြန်တတ်၏။

တစ်ခါတစ်ရံ နေ့ဘက်ကားထွက်စရာရှိလျှင် ဤအိမ်မှာ ပင် တစ်ရေးအိပ်ပြီး အနားယူရေချိုးပြီးမှ အပြင်ပြန်ထွက်လေ့ ရှိ၏။ ဤကလေးသည်လည်း မိမိလက်ပေါ်မှာပင် ကြီးပြင်းလာ သူပင်ဖြစ်သည်။

"အင်းလေ... သူတို့ငါတို့မှာ အရင်အတိတ်ဘဝ မကောင်းမှုကုသိုလ်ကံတွေကြောင့် ခုဘဝမှာ ဒီလိုဒုက္ခတွေဖြစ် သလို သူများအထင်အမြင်လွဲ အပြောအဆိုခံနေရတာပဲ မကောင်းခဲ့လို့ပဲ"

ဦးဘဇံသည် တရားသဘောနှင့်ဖြေတတ်သော်လည်း တစ်ခါတစ်ရံ ပုထုဇဉ်ပီပီ တုန်လှုပ်ချောက်ချားပြီး မခံချင်ဖြစ်တတ် ၏။

"အဖေ"



ဒေးငိုင်တွေဝေပြီး သက်ပြင်းတချချဖြစ်နေသော ဖခင်ကို ခေါ်လိုက်သဖြင့်...

"ဟေ... ဘာလဲသမီး"

"အဖေ... ဘွားတော်ကြီးနဲ့ မပြေလည်တာတွေ များများ နေတာလား"

"လူကြီးဆိုတော့ ဒီအတိုင်းပါပဲကွာ"

"အဲဒီလူကြီးဟာ အထက်ကနေပြီး အောက်ခြေကိုအမြဲဖိ နေတဲ့လူကြီးပဲ၊ သမီးတော့ ဖုန်းထဲမှာအသံကြားတာနဲ့ကို မုန်း နေပြီ"

"ဝရဲကြီးလိမ့်မယ် မပြောနဲ့သမီး"

"သမီးတော့ အဲဒီအဘွားကြီးလာရင် မနေတော့ဘူး ပြန်မယ်"

ဦးဘဇံ ဘာမျှမပြောသာတော့ဘဲ လက်ကာပြပြီး ချိုင်း ထောက်ကြီး တဒေါက်ဒေါက်နှင့် လှည့်ထွက်သွားတော့သည်။

"ဟဲ့... ကြောင့် နင်လည်းသတိထားနေနော်၊ အဘွားကြီးနဲ့ တွေ့ပြောရင် ကောင်းကောင်းပြော သိလား၊ တော်ကြာ နင်နဲ့ အဆင်မပြေတာနဲ့ ငါတို့သားအဖ ပြေးနေရဦးမယ် သိလား"

"စိတ်ချပါ မမမှုန်ဘာသာ အဆင်ပြေအောင်နေပါ၊ သူများ နေလို့ဖြစ်ပါတယ်"

"ငါ့ကို ညနေကျရင် ရွှေနို့လာပို့ပေးဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့"

တိုးဖွသောခြေသံနှင့် အိမ်ပေါ်ထပ်သို့တက်လိုက်စဉ် ဦးဘဇံကိုကြည့်ပြီး သက်ပြင်းရှည်ကြီးချလိုက်၏။

"သိပ်အတင့်ရဲလွန်းတယ် သမီးရယ်...သိသွားရင် အထင်လွဲလိမ့်မယ်"

"ဘာလုပ်လို့လဲ၊ အိမ်အပေါ်ထပ်တစ်ခုလုံးက အားနေတာပဲ၊ သမီးက အပေါ်ထပ်ကိုစောင့်ရှောက်တာလေ၊ ပိုတောင်ကောင်းတာပေါ့၊ အခု အဆင်ပြေနေတာမှ အဖေကလည်း စိုးရိမ်မနေပါနဲ့၊ သူဘာမှမမြင်ပါဘူး"

နှင်းဝတ်မှုန်က ပြောပြောဆိုဆိုနှင့် လှေကားအတိုင်း ဖွဖွလေးနင်းပြီး တက်သွား၏။ ဦးဘဇံက ကြည့်ပြီးရင်ထိတ်နေသည်။

"သမီးရော အဆင်ပြေတယ်မဟုတ်လား"

"ပြေပါတယ် ဘဘ၊ အဲ...အဖေ၊ ရောက်စက စကားမပြောရဲဘူး၊ ခုမှရင်းနှီးသွားတာ"

"ကျေးဇူးတင်ပါတယ်သမီးရယ်...သူအဆင်ပြေပြီး စိတ်ချမ်းသာဖို့က အဓိကပါပဲ"

သူမ ဘာမျှမပြောတော့ဘဲ မီးဖိုထဲဝင်၍ အိုးခွက်ပန်းကန်များကို ဆေးကြောသိမ်းဆည်းလိုက်၏။

ဖော်မင်းထိုက်ကတော့ အိပ်ခန်းထဲတွင် နားကြပ်နှင့်



နားထောင်ကာ ကွန်ပျူတာလက်ကွက်များကို ကြိုးစားလေ့ကျင့်နေ၏။

"မှုန်ရေ...နှင်းဝတ်မှုန်"

သုံးရက်အတွင်း အခုလေ့အကျင့်ရသွားသလို လျှင်မြန်စွာ အရိပ်ကာ ဖော်မင်းထိုက်အိပ်ခန်းထဲသို့ ပြေးဝင်လာခဲ့၏။

"ဘာလုပ်နေတာလဲ"

"အိုးခွက်ပန်းကန်တွေသိမ်းနေတာပါ"

"အိမ်ဖော်ကောင်မလေး လုပ်မှာပေါ့"

ရုတ်တရက် ဘာမျှမပြောချင်တော့ဘဲ ကွန်ပျူတာကို လှမ်းကြည့်လိုက်ရင်း...

"ကိုကြီး ရိုက်ပြီးပြီလား၊ အမှားတွေအများကြီးပဲ"

"ဘာမှားလို့လဲ"

"ကိုကြီးရေးထားတာက ပါပြင်မခသ နတယ်၊ ချစရာ ထိုက်တာ ခစ်...ခစ်...ခစ်...ကိုကြီးကလည်း ကကြီး ခခွေး တို့ တစ်ပတ်လောက်ကျင့်သားရအောင်ရိုက်ပါလို့ ဆရာပြောထားတာပဲ၊ သီချင်းတွေရေးနေတာလား၊ ပန်းထိမ်မတတ်ခင် ရွှေခိုးသင်နေတာလား"

"လှောင်စရာလား"

"သင်တာ နာသယူရတာပေါ့ ကိုကြီးရဲ့၊ တစ်ရက်နှစ်ရက် ဆိုရင် ကျင့်သားရသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကကြီး ခကွေးချည်းပဲ မသင်ချင်ဘူး၊ ကြာတယ်ကွာ... ငါရေပြီးသားတွေပဲ၊ မြန်မာစာက သိပ်မရိုက်နိုင်ဘူး၊ သဘော်ပေါ် မှာတုန်းက အင်္ဂလိပ်စာတွေ ခဏခဏရိုက်ရတာ အခုမေ့ကုန်ပြီ"

"ကိုကြီးကလည်း အင်္ဂလိပ်စာက သိပ်အသုံးချလို့မရသေး ဘူး၊ မြန်မာစာပဲလေ့ကျင့်ပါ၊ ဒီမှာလေ...အဖုလေးတွေကို စမ်းပြီးရိုက်ကြည့်"

ကောင်မလေးက သူ့လက်ချောင်းများကိုယူကာ ခလုတ် များပေါ် တင်ပေးပြီး...

"ဘယ်ဘက်လက်က ဒီအစွန်သုံးလုံး၊ လက်မက အန်းတား ပုတ်မယ်၊ အရှည်တန်းနော်၊ ညာလက်ကတော့..."

ကောင်မလေးပြောစကားကို မကြားမိတော့။ နူးညံ့သော အထိအတွေ့နှင့် ကိုယ်ငွေ့မှာ သနပ်ခါးနံ့ ချွေးနံ့များရနေသဖြင့် သူ အသက်ပြင်းပြင်းမရှူရဲပေ။ သူ့အာရုံထဲမှာ ရင်ခွင်ထဲ ခေါင်း တိုးဝင်နေသည့် ကားပေါ် မှမိန်းကလေး၏ရနံ့။

"မင်း...မင်းက တောင်ဥက္ကလာ နန္ဒဝန်ဈေးကလား"

"ဟင်...ဘယ်...ဘယ်လို..."

အံ့အားသင့်သောလေသံနှင့် အလန့်တကြားမေးပြီး စကားရပ်သွားစဉ် သူက ကောင်မလေး၏ဆံပင်များကို တိုး ကြည့်လိုက်သည်။

"ဟင်...ဟုတ်ပြီ...မင်းပဲ၊ မင်းဟာ ငါ့အနားမှာအမြဲ



နေလျက်နဲ့ ငါ ဘာလို့မသိရမှာလဲ"

"ကိုကြီး...ကိုကြီးကလည်း ဘာတွေပြောနေတာလဲမသိ ဘူး ကကြီးခကွေးကျင့်ပါဆိုမှ၊ တဲ...ဒီမှာပဲလက်ကထား၊ ဒါတ ကွန်ပျူတာပေါ် မှာပဲအာရုံစိုက်၊ ဟုတ်ပြီလား...စိတ် အာရုံ ဘယ်မှမပျံ့စေနဲ့နော်"

ဆရာမတစ်ဦးလို အမိန့်ပေးရင်းက သူ့နားမှခွဲသွားသော ကောင်မလေးကြောင့် သူ့ရင်မှာ တုန်ခါကျန်ရစ်ခဲ့သည်။

ထူးတော့ထူးခြားနေသည်။ ယခင်က နှင်းဝတ်မှုန်နှင့် ယခု နှင်းဝတ်မှုန် မတူညီတော့။

သူ...ဆေးရုံမတက်မီက နှင်းဝတ်မှုန်သည် သူ့နားမှာ ရှိမနေဘဲ သူ့အား ဂရုတစိုက်ပြုစုခြင်းမရှိခဲ့။ ယခု...ဆေးရုံ မှ ဆယ့်နှစ်ရက်ကြာပြီးနောက် ဆင်းလာသောအခါ ပြောင်းလဲ လာတာ သူ့အား အလွန်ဂရုစိုက်တတ်ပြီး အနားမှာအမြဲရှိနေ သဖြင့် ကိုယ်နဲ့ကိုပင် ရင်းနှီးလာခဲ့၏။ သနပ်ခါးနံ့က အစဉ်အမြဲ မွှေးပျံ့နေသဖြင့် မေမေနှင့်တူညီနေသည်မို့ မျက်စိကိုပြန်မြင်ချင် လာတာ တစ်နေ့တစ်ခြား ပြင်းထန်လာလေသည်။

မိမိချစ်ခင်စွဲလမ်းနေသော ဆံနွယ်ပိုင်ရှင်လေးပဲလား...။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး...မြင်းခွာရွက်ဖျော်ရည်သောက်ဦးလေ၊ ဒီမှ
မုန့်"

"မသောက်ချင်တော့ဘူးကွာ၊ ဒါပဲအမြဲသောက်နေရတာ
ငြီးငွေ့နေပြီ"

"ကိုကြီးရယ်...မြင်းခွာရွက်က မျက်စိအားကောင်းတယ်
ဦးနှောက်ကိုလည်းကြည်စေတယ်၊ မှတ်ဉာဏ်လည်းကောင်း
တယ်၊ သွေးသားလည်ပတ်မှုလည်းကောင်းတယ်၊ သွေးကိုလည်း
သန့်ရှင်းစေတယ်"

"ရှိသေးလား...ရေသောက်ပြော"

"ကိုကြီး ဖျော်ရည်ရိုးသွားရင် မနက်ဖြန်ကျတော့ သု
ကျွေးမယ်နော်"

"တော်ပြီ...အသုတ်တစ်မျိုး အထောင်းတစ်ဖုံ ဖျော်ရည်
တစ်နည်းနဲ့ မြင်းခွာရွက်ကို အသွင်အမျိုးမျိုးပြောင်းပေးနေရတာ
မမောဘူးလား"



"ကိုကြီး မြန်မြန်မျက်စိကောင်းလာရင် မောရကိုးနပ်ပါပြီ"
နေ့စဉ် တိုင်းရင်းဆေးနှင့် အာဟာရကို မရိုးအောင်
မျိုးမျိုးပြောင်းလွဲပေးတတ်သော ကောင်မလေးကို သက်ပြင်း
ချကာ ပြောလိုက်ခြင်းဖြစ်၏။

သူမ၏ ဖြေရှင်းချက်စကားသံလေးများကို ကြားချင်နေ
သော သူ့စိတ်ကိုသူနားမလည်နိုင်အောင် ဖြစ်နေမိ၏။

မျက်စိနှစ်လုံး မမြင်ရသော်လည်း မိုးလင်းလာလျှင် သူမ
အသွင်ကို ပထမဦးဆုံးမြင်ကြည့်မိသည်။ မျက်လုံးဝိုင်းဝိုင်း
တောင်ရှည်ရှည်နှင့် မျက်ခုံးမည်းမည်းလေး၊ ပြီးတော့...
ဆိုင်းသဏ္ဌာန် ကွေးနေသော နှုတ်ခမ်းမထူမပါးတစ်စုံ...
ညိုသော ဆံနွယ်လေးများ၏ ပိုင်ရှင်မလေး...။

"မှုန်"

"ရှင်...ကိုကြီး ဘာလိုသေးလဲဟင်"

"ငါ မင်းကိုမြင်ချင်တယ်"

"မြန်မြင်နိုင်တယ်လို့ပြောတာပဲ"

"ဘယ်သူကပြောတာလဲ"

"ဆေးဒင်ကပြောတယ်ဆို"

"ဟူး..."

သူက စိတ်ပျက်စွာဖြင့် ငြီးငြူလိုက်မိသည်။ ထိုအခါ...
ကောင်မလေး၏ နူးညံ့သောလက်က သူ့လက်ကိုဆွဲကာ ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ရာမှုထစေပြီး…

"ကိုကြီးအသက်နှစ်ဆယ့်သုံးနှစ်မှာ သစ်လွင်တဲ့ကမ္ဘာ
ရောက်သွားတာပဲနော်၊ ကိုယ့်ရဲ့ဝီရိယစွမ်းအားပေါ်မှာ မူတည်
အခြေအနေတွေပြောင်းလွဲသွားနိုင်တာပေါ့၊ ကိုကြီးမျက်စိ
ကောင်းရအောင်လို့ ဂါထာတစ်ခုခုကို သင်ပေးဦးမယ်"

"အမယ်…ဘာဂါထာလဲ"

"ရွှေမျက်မှန်ဘုရားဆီက ဂါထာပါ၊ မျက်စိမကောင်း
လူတွေက ဘုရားမှာ လာဆုတောင်းကြ၊ မျက်မှန်လာလှူကြ
အများကြီးပဲ၊ အဲဒီဂါထာကိုရွတ်ရင် မျက်စိပြန်ကောင်းတယ်
ပြောကြတာပဲ၊ ပြည်မှာရှိတယ်လေ…ကိုကြီး ကြားဖူးလား"

"ဟင့်အင်း"

"သူများယူလာပေးမယ်၊ ကိုကြီးက ကျက်ပြီး တစ်နေ့
ဆယ့်ရှစ်ခေါက်၊ မနက်ကိုးခေါက် ညကိုးခေါက်ရွတ်ရမယ်
"အရှည်ကြီးလား"

"တိုတိုလေးများ"

သူနှင့်ကောင်မလေး စကားပြောနေစဉ် ခြေသံတိုးဖွဖွ
ရသဖြင့် အသာနားစွင့်ကြည့်မိသည်။

"အိမ်ပေါ်ထပ်မှာခြေသံကြားရသလိုပဲ"

"အိမ်ဖော်ကောင်မလေးကို ဘုရားပန်းတက်လဲခိုင်း
တာပါ၊ ကဲ…ကိုကြီးထိုင်ရတာကြာတော့ ခါးညောင်းနေ



နော်၊ ခဏလှဲလိုက်ပါဦးလား"

"မင်း…ဘယ်သွားမလို့လဲ"

"ဟင့်အင်း…မသွားပါဘူး၊ ရှိမှာပါ"

"မင်း အခုသင်တန်းတွေမတက်တော့ဘူးလား"

"ဟင့်အင်း…ကိုကြီးနဲ့ ကွန်ပျူတာပဲလိုက်တက်နေတာပဲ
သေး၊ ဘာသင်တန်းမှမတက်တော့ဘူး"

ကောင်မလေးထံမှ စကားသံထပ်မထွက်လာတော့။ သူ
ပြောတာ လွန်သွားသလားဟု ရင်ထဲစိုးထိတ်သွားမိသည်။
ကောင်မလေး သူ့အား အထင်သေးသွားပြီလား။

"ငါ့ဘဝမှာ မင်းအနားရောက်လာတဲ့အတွက် အားရှိသွား
တယ်၊ မင်းအနားကထွက်သွားမှာ သိပ်စိုးရိမ်တယ်၊ မင်းကို ငါ
ပြောစရာရှိတယ်"

"ကိုကြီး"

ခေါ်ပြီးမှ တုံ့ဆိုင်းဆိုင်းလေးဖြစ်သွား၏။

"သူများလေ အဘွားကိုကြောက်တယ်"

သက်ပြင်းရှည်ကြီးချလိုက်မိသည်။ သူ၏စကားများကို
ကြားချင်တော့။ အဆင့်အတန်းခွဲပြီး မာနကြီးသော အဘွား
အကြောင်းကို သူ ကောင်းကောင်းသိထားပြီးဖြစ်သည်။

"အလုပ်ခိုင်းတဲ့လူတွေနဲ့ သိပ်အရောမဝင်ရဘူး မြေး…
သွားဘွားခွင့်မလွှတ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ကြိမ်းမောင်း သတိပေးထားသဖြင့် သူ့ရင်...
မောသွားသည်။

"အင်းလေ...မျက်စိမမြင်တဲ့လူတစ်ယောက်ရဲ့ စွဲယ...
ခြင်းဟာ ရယ်စရာ"

"ကိုကြီး"

သူ့စကားကိုပိတ်ကာ အလန့်တကြားခေါ်လိုက်၏။

"ကျွန်မက ရုပ်သိပ်ဆိုးတာပဲ"

"မညာနဲ့...မင်းဟာငါ့ရဲ့ဆံနွယ်ရှင်လေးပါ"

ရုတ်တရက်ငြိမ်သွားသဖြင့် သူမ စဉ်းစားသွားပြီးအထင်...
ကျေနပ်ပီတိဖြစ်ကာ...

"သူ့ဆံနွယ်လေးကို ငါသိမ်းထားတယ်၊ သူနဲ့က ရှေးရေစ...
ကြောင့်လား၊ တကယ်လို့...မင်းသာ ငါ့ဆံနွယ်ရှင်မလေးဆို...
ငါ တစ်လောကလုံးကို စိန်ခေါ်ပြီး မင်းနဲ့လက်တွဲရဲတယ်"

"ဘာတွေလျှောက်ပြောနေတာလဲ ကိုကြီးရယ်...အ...
ကြားသွားပါမယ်"

"မင်းစဉ်းစားဖို့လိုတယ်လေ၊ ငါက မျက်စိမမြင်တဲ့ ဒုက္ခိတ...

"ကိုကြီးရယ်...မ...မပြောပါနဲ့ သူများရင်နာလွန်းလို့..."

ပြောရင်း ငိုသံပါလာသဖြင့် သူ အံ့အားသင့်သွား...
သူမ၏မျက်နှာဆီသို့မှန်းဆပြီး လက်နှင့်စမ်းသပ်ကာ...

"မင်းမငိုပါနဲ့ မှန်ရယ်...မင်းလေးငိုရင် ငါလည်းငို...



...ယ်၊ ငါ့ဘဝက ငိုချင်စရာချည်းပဲ"

"ကိုကြီး အဲဒီလိုအားငယ်စကားမပြောနဲ့"

ကောင်မလေးက ချက်ချင်းလေသံမာသွား၏။ သူက
...ချက် ကောင်မလေးမျက်နှာကို စမ်းသပ်နေသောလက်ကို
...ာင်မလေးကလာဖယ်သဖြင့် သူမလက်ကိုလှမ်းဆွဲရင်း...

"မင်းသာ အနားမှာအမြဲရှိနေရင် ငါ အားငယ်စရာမလို
...း"

"သူများက အမြဲရှိနေမှာပဲ"

"တစ်ကယ်လား...တစ်သက်လုံး"

"အင်း"

"ဟာ...ဝမ်းသာလိုက်တာ"

ဝမ်းသာအားရနှင့် ကောင်မလေးကို ထွေးဖက်လိုက်သော
...ခါ ကောင်မလေးက အလန့်တကြားရုန်းလျှက်...

"ဟို...ဟို...ခုလိုအိမ်ဖော်အနေနဲ့ ပြောတာ"

"ဘာ..."

"ကိုကြီးရယ်...သူများတို့က တောသူတောင်သားတွေပါ၊
...ီးအဘွားကို ကြောက်တယ်၊ အဘွားလာရင်..."

"တလင်...ကလင်...ကလင်"

စကားမဆုံးမီ တယ်လီဖုန်းသံက ကျယ်လောင်စွာမြည်လာ...
...း သူတို့နှစ်ယောက်စလုံး ဖုန်းကိုမကိုင်သေးဘဲ ခေတ္တမျှ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြည့်နေမိကြသည်။

"ကလင်...ကလင်...ကလင်"

ဖုန်းက ထပ်မံ၍ ဒေါသတကြီးနှင့် ထမြည်ပြန်၏။

"ဖုန်းသံတောင် ဒေါသကြီးတယ်နော်၊ ဘွားတော်ကြီး ဆီကဖုန်းပဲထင်တယ်၊ ရော့...ကိုကြီး"

ကောင်မလေးက ဖုန်းအိမ်ကလေးကို သူ့နားမ,ပေးပြီး အေးစက်တုန်ရီနေသောလက်ဖြင့် သူ့လက်ကိုကိုင်ကာ ဖုန်းကို ထိပေးလိုက်၏။

"အဘွားကိုဖွင့်ပြောရင် မင်းကျေနပ်လား"

သူမလက်ကိုဆွဲကိုင်ပြီး မေးလိုက်သောအခါ...

"အို...ဟင့်အင်း...ဟင့်အင်း...မလုပ်ပါနဲ့ ကိုကြီးရယ် သူများကြောက်လို့ပါ၊ တောင်းပန်ပါတယ်၊ တယ်လီဖုန်းကိုင်လိုက် ပါနော်"

တုန်တုန်ရီရီနှင့် ငိုသံနှင့်တောင်းပန်နေတာကြောင့် သူ သက်ပြင်းချကာ စိတ်ကိုလျှော့ချလိုက်၏။ သို့ရာတွင်...ကောင်မ လေးလက်ကို မလွှတ်သေးဘဲ ဆုပ်ကိုင်ထားလိုက်သည်။

"ဟဲလို"

"မြေး...ဘယ်သွားနေလို့လဲ၊ အဘွားဖုန်းခေါ်တာကြာလှ ပြီ"

"ရေချိုးနေလို့ပါ"



"ဘယ်သူမှမရှိကြဘူးလား"

"ရှိမှာပေါ့၊ သားမသိဘူး၊ သားရေချိုးနေလို့ ခဏနေ အဘွား၊ ပြီးမှပြန်ဆက်မယ်"

သူသည် အဘွားကိုလိမ်ညာ၍ တယ်လီဖုန်းပြန်ချလိုက်ပြီး သူ့လက်ထဲတွင် အေးစက်တုန်ရီလျက်ရှိသော ကောင်မလေးကို ညှာရမည်ဟူသောအသိနှင့် စကားဆက်မပြောတော့ပေ။

"မင်း ဘာလို့အဲဒီလောက်ငိုနေရတာလဲ၊ ဒါ ကြောက်စရာ လား၊ ဘွားတော်ကြီးက အဝေးကြီးမှာ"

"မဖြစ်ပါဘူး ကိုကြီးရယ်...ကိုကြီးက စိတ်လှုပ်ရှားနေ တာပါ၊ ကျွန်မနဲ့မဖြစ်ပါဘူး"

"ငါသိပါတယ် မျက်မမြင်တစ်ယောက်ကို..."

"ကိုကြီး အဲဒီလိုမပြောပါနဲ့၊ ကျွန်မ ကိုကြီးကို မျက်စိမမြင် လို့ လာပြုစုနေတာပါ၊ တကယ်လို့ ကိုကြီးက အရင်ကလို သဘော်သား သူဌေးသားဆိုရင် ကျွန်မလိုမိန်းကလေးမျိုးကို ကိုကြီးက စိတ်ဝင်စားမှာတောင်မဟုတ်ဘူး"

သူမစကားကြောင့် တွေဝေသွားသည်။ သူဟာ အမှန် တကယ်ပဲ မိန်းမသားများကို ဂရုမစိုက်တတ်သူလား။ ဒါပေမယ့် ခုနအထိ သူ့နှလုံးသားထဲမှာ စိုးမိုးနေသူကို ဖွင့်၍ပြောပြပြီး သူမ ဟုတ်...မဟုတ် မေးလျှင်...

"မင်းကို ငါမေးစရာရှိသေးတယ်၊ မင်း နန္ဒာ[illegible]ကို

www.burmeseclassic.com



ရောက်မှလား"

"ရှင်..."

"ဟာလင်...ကလင်...ကလင်"

"ဟော...ဟော...ဘွားတော်ကြီးပဲ၊ ဒီတစ်ခါမကိုင်ရင် ကိုကြီး အကြိမ်းခံရတော့မယ်၊ ရော့...ကိုကြီး"

ကောင်မလေးက သူ့လက်ထဲသို့ ဖုန်းကိုထိုးပေးပြီး လှစ်ခနဲ ပြေးထွက်သွားသည်ကိုသာ သဲ့သဲ့ကြားလိုက်ရ၏။

သူ...ကြည်ကြည်နူးနူးလေး ပြုံးလိုက်မိသည်။

အချစ်ဆိုတာကို ခံစားပြီး ချစ်ခွင့်ပန်ခြင်းကို ပြုလုပ်မိပါ ရော့လား...ဟု သူ့ကိုယ်သူ အံ့အားသင့်လျက်...

"ဘွားတော်ကြီး နေကောင်းရဲ့လား၊ ပြီးပါပြီ အဘွားရဲ့ ခန္ဓာကိုယ်ကို အေးမြနေလို့ နေသာထိုင်သာရှိသွားတာပဲ ဟဲ... ဟဲ...ဟဲ"

အလကားနေရင် ရယ်မောချင်ကာ ရွှတ်နောက်နောက် စကားများဖြင့် အဘွားအား နှုတ်ဆက်လိုက်လေသည်။

"ငါ့မြေးလေးက သိပ်စိတ်ချမ်းသာနေတယ်ထင်တယ်"

"ဟုတ်တယ်အဘွားရယ်...ကျွန်တော် စိတ်ချမ်းသာ အောင်ပဲ နေတော့မယ်၊ စိတ်အတွေးတွေဟာ သံလိုက်ဆွဲအား လိုပဲ၊ ပျော်ရွှင်စရာ စိတ်ချမ်းသာစရာအကြောင်းတွေးရင် စိတ် ချမ်းသာစရာတွေချည်းပဲ ရောက်လာမှာပါ၊ ဒါကြောင့်..ကောင်း



တာတွေပဲတွေးတယ်၊ စိတ်ကိုပျော်အောင်ပဲနေတယ်၊ လူ့ဘဝ ကြီးက သိပ်တိုတောင်းတာပဲ အဘွားရယ်...မသေခင်မှာ ပျော် အောင်နေ၊ စိတ်ချမ်းသာအောင်နေ စိတ်ကိုဖြူစင်အောင်ထား၊ ဒါမှ လူဖြစ်ကျိုးနပ်ပြီး လူသားပီသလာမှာပေါ့ဗျာ"

"ဟော...ဟုတ်လား ဒါဆိုရင် လူသားပီသအောင်လို့ လူသားမျိုးဆက်ပြန့်ပွားလာအောင် အိမ်ထောင်ပြုလိုက်လေ၊ အဘွားက ငါ့မြေးကို သတို့သမီးလောင်းခေါ်လာခဲ့ရစေလား"

"မလုပ်ပါနဲ့အဘွားရယ်...အဘွားရှာလာတဲ့ သတို့သမီး လောင်းဟာ အဘွားရဲ့စည်းစိမ်ချမ်းသာကို နှစ်သက်တဲ့သူပဲ ဖြစ်နေမှာပေါ့၊ ကျွန်တော့်လို မျက်မမြင်တစ်ယောက်ကို ပြုစု ရင်းပြီး အနားမှာနေတဲ့သူသာ ကျွန်တော့်အတွက်အဖော်ဖြစ်ရ မှာပေါ့ အဘွားရယ်"

ထိုအခါ...အဘွားထံမှ စကားသံများ တိတ်ဆိတ်သွားပြီး သက်ပြင်းနှောသောအသံနှင့် အဘွားအို၏ ကြေကွဲဖွယ်ရာ ငိုသံထွက်ပေါ်လာတော့သည်။

"ဒါဆိုရင်...ကံကြမ္မာက ငါ့မြေးကို ဘာလို့များဒီလောက် ...စေခဲ့တာလဲကွယ်၊ မျက်မမြင်ဘဝနဲ့ပဲ မျိုးဆက်ပြတ်သွား တော့မှာပဲလား"

"မပြတ်ပါဘူးအဘွားရယ်...မျက်စိမမြင်တာဟာ ကျွန် တော့်အတွက် အကောင်းဆုံးမေတ္တာစစ်နဲ့ အကောင်းဆုံးမှုးစာ

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ရရှိဖို့ဖြစ်လာမှာပါ၊ စိတ်ရှည်သည်းခံပြီး ကြင်နာယုယ နိုင်တဲ့ အလင်းရောင်ပေးနိုင်တဲ့ တကယ့်မေတ္တာစစ်အဖော် ရနိုင်မှာပေါ့ဗျာ"

ထိုစကားများကို အဘွားက ကျေနပ်စွာထောက်ခံလို လေတော့သည်။ သူသည် နှင်းဝတ်မှုန်အပေါ် ယုံကြည်မှုအပြ နှင့် အာမခံချက်ပေးလိုက်ခြင်းဖြစ်သည်။

"အိမ်ဖော်အနေနဲ့ပဲ ကိုကြီးနားမှာနေပြီး အမြဲပြုစုနေ ဘဝကိုပဲ ကျေနပ်ပါတယ်တဲ့၊ ဘယ်လောက် လောဘနည်းလို သလဲ...ဒီလိုမိန်းကလေးမျိုးကို မိမိရှာဖွေနေတာပါပဲ"

မိခင်ပြောသောစကားစကားကဲ့သို့ပင်။

"ပစ္စည်းဥစ္စာတွေထဲမှာ မေတ္တာစစ်နဲ့ မိတ်ဆွေစစ် ရှာ လို့မရပါဘူး၊ အနှစ်နှစ်ဆယ်လုံးလုံး အဖေတို့အမေတို့ ဆင်း ရဲရဲနဲ့ ဘဝကိုရုန်းကန်နေခဲ့တုန်းကသူတွေသာလျှင် မိတ်ဆွေ တွေပါပဲ"

■ ■ ■



နှင်းဝတ်မှုန်သည် သူ့အားရှောင်လွှဲလျက်ရှိနေသော်လည်း သူ့အား နံနက်စာစားခါနီးအချိန် ဆေးတိုက်ချိန်များတွင် ရှောင်လွှဲမရပေ။

နံနက်အိပ်ရာထကတည်းက တိုးဖွဲ့သောခြေလှမ်းများဖြင့် အနားရောက်လာကာ သွားတိုက်ဆေးထည့်ထားပြီးသား သွားပွတ်တံလေးကို သူ့ပေါ်မှာလာချပေးလိုက်သည်ကို နူးညံ့သောလှုပ်ရှားမှုလေးများဖြင့် မွှေးပျံ့သော သနပ်ခါးနံ့လေးများက အာသီ ဆေးလိုက်၏။

"မှုန်လေး"

သူကလည်း တိုးဖွဖွခေါ်ကြည့်လိုက်သည်။ မကြားဟန်ဖြစ်၍ မထူးတာလား။ တကယ်မရှိတာလားမသိနိုင်။ သူ့ရင်ထဲမှာ အားငယ်စိတ်ဝင်သွားသည်။ နံနက်လင်းလျှင် ကြားနေကျအသံ ကြားရတော့ပြီလား။ ထို့ကြောင့် တမင်မထသေးဘဲ နှင်းဝတ်မှုန်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း စဉ်းစားနေလိုက်သည်။

ဆေးရုံမှဆင်းလာပြီးမှပင် သူ့အပေါ်မှာ အလွန်ဂရုစိုက်
လာခဲ့သည်။ စကားများကိုလည်း တွတ်တီးတွတ်တာပြောကာ
မပျင်းအောင်ထားခဲ့၏။

"သမီးက သူ့ဂရုမစိုက်လို့ ဒီလိုဖြစ်ရတယ်ဆိုပြီး စိတ်
မကောင်းဖြစ်ပြီး ဖျားသွားတယ်၊ ဆေးရုံကပြန်ဆင်းလာရ
အနားမှာမပြတ်နေပါမယ်လို့ ကတိပေးပြီး သင်တန်းတွေ
တောင် မတက်တော့ဘဲ ဖြုတ်လိုက်ပြီလေ"

ဆေးရုံမှာရှိနေစဉ်က သူ့ထံရောက်မလာဘဲ ကြိုတင်စီ
ထားနေခြင်းဖြစ်သည်။ နှင်းဝတ်မှုန်ဟူသော မိန်းကလေးသ
လွန်စွာရည်မှန်းချက်ကြီးသူပင် ဖြစ်သကဲ့သို့ ဤကဲ့သို့ သင်တ
မတက်ဘဲနေသည်ကို သူ...လက်မခံချင်ပေ။

"နှင်းဝတ်မှုန်"

"ရှင်...လာပါပြီ"

အနားသို့ အပြေးတစ်ပိုင်းရောက်လာလေသည်။

"ငါ့တုတ်ကောက်ရော..."

"ကိုကြီးနားမှာရှိတယ်လေ ဒီမှာ..."

သူ့မထံမှ သနပ်ခါးနံ့လေးများနှင့် လေသံတိုးက အနား
ရောက်နေကြောင်း သတိထားမိကာ လက်ထဲသို့လာထည့်
သော တုတ်ကိုလှမ်းယူလိုက်ရသည်။ သူမက အနားသို့မလာ





ဆေးနေနေသည်ကို သတိထားမိလိုက်သည်။

"အဘဝံရော"

"ဈေးသွားပါတယ်"

"အော်...ဘယ်နှစ်နာရီရှိပြီလဲ"

"ခုနစ်နာရီကျော်နေပြီ၊ ကိုကြီးတာ အိပ်ရာထနောက်ကျ
နေတယ်"

"ဟုတ်လား...အား"

သူသည် ထရပ်လိုက်စဉ် တမင်ယိုင်နွဲ့ပြလိုက်သောအခါ-

"ဟင်...အစ်ကိုကြီး ဖြည်းဖြည်းထလေ"

နူးညံ့သော အတွေ့အထိလေးက သူ့လက်မောင်းနှင့်
ကျောပြင်ကို ထိန်းပေးခြင်းခံရသောအခါ အကြံသမားက ခန္ဓာ
ကိုယ်လေးကို ဆွဲယူလိုက်၏။

"မင်း ရှောင်နေသလားမှုန်ရယ်"

"မ...မဟုတ်ပါဘူး"

"ဒါဆို ဘာလို့ အနားမနေလဲ၊ မိုးလင်းလာရင် မင်းရဲ့
အသံကို ကြားချင်နေတာ မသိဘူးလား"

သူ့မထံမှ ဘာစကားမျှမကြားရဘဲ တောင့်တောင့်ကလေး
ဖြစ်နေသော ခန္ဓာကိုယ်ကိုသာ သတိထားခံစားမိလိုက်သောအခါ
ရင်ထဲမှာ တုန်လှုပ်သွား၏။

"ပြုသမျှကိုသာ ခံပါတော့မည်"ဟူသော သဘောဖြစ်

www.burmeseclassic.com



နေရှာ့လား...

"မှုန်...ဘာဖြစ်နေလဲ"

"ဟင့်အင်း"

တုန်ရီသောအသံကို သတိထားမိလိုက်သည်။

"မင်း...ဘာလို့ ဒီလောက်ကြောက်လဲ"

"မသိဘူး ကျွန်မ အားလုံးကိုကြောက်တယ်"

"ဒါဖြင့်လည်း သွားတော့ကွာ"

သူက စိတ်ပျက်စွာ သူမ၏ခန္ဓာကိုယ်ကို တွန်းလွှတ်ပြီး ရေချိုးခန်းဆီသို့ တုတ်ကောက်အကူအညီဖြင့်သာ ထွက်လာလိုက်သည်။ သို့ရာတွင် သူ့အား စိတ်မချစွာဖြင့် အနားမှကပ်လိုက်လာကြောင်း ကိုယ်နံ့သင်းသင်းလေးက ကပ်ပါလာမြဲ...

တံခါးပိတ်ပြီး ကိုယ်လက်သန့်စင်မှုပြုလုပ်ပြီးသည့်တိုင် အောင် သူမသည် ရေချိုးခန်းတံခါးရှေ့မှာ ရပ်စောင့်လျက် ရှိနေ တတ်သည်။ ယခုလည်း ထိုကဲ့သို့ပင် သူတံခါးဝရောက်သည်နှင့် မျက်နှာသုတ်ပုဝါကို လှမ်းပေးတတ်၏။ ထိုအခါ သူသည် မျက်နှာ သုတ်ပဝါကို ယူ၍ ကိုယ်တိုင်ယူသုတ်လိုက်၏။

ဘီးကိုလည်း သူ့ဘာသာသူ ယူဖြီးပြီး ခုတင်ပေါ်တွင် တင်ထားသော အဝတ်ကို လက်နှင့်စမ်းကာ ယူဝတ်၍ လဲလှယ် တတ်၏။ ဒီတစ်ခါတော့ သူက မျက်နှာသုတ်ပဝါကိုယူကာ သူ့ဘာသာသူ အဝတ်တန်းဘက်သို့ လျှောက်လာစဉ်...



"မျက်နှာသုတ်ကို ဒီပေးလေ ရှော့...ဘီး"

"မင်းသွားပါတော့ မှုန် ကိုယ့်နားမှာ မနေဘဲ ဝေးဝေး ...င်နေပါ။ ပြီးတော့ မင်းသင်တန်းတွေကို ဆက်တက်ပါ။ ကိုယ့် ...ကြောင့် မင်းဘဝ အလင်းရောင်တွေ မကွယ်ပါစေနဲ့"

"မဟုတ်တာ ကိုကြီးရယ်...ကျွန်မ ဘာသင်တန်းမှ စိတ် ...င်စားတော့ပါဘူး ရပါတယ်"

"ငါက ဘယ်တော့ မျက်စိပြန်ကောင်းလာမှန်းမသိဘဲနဲ့ ...ာ ငါ့နားမှာ အမြဲနေနိုင်လို့လား"

"ကျွန်မ ဆုံးဖြတ်ပြီးပါပြီ ကိုကြီးနားမှာ အမြဲပြုစုပေးပါ့ ..."

"တစ်သက်လုံးမကောင်းရင်ရော"

"တစ်သက်လုံးပြုစုသွားမှာပေါ့"

"ပြန်ကောင်းလာရင်..."

"အဲဒါဆို သူ့များပြန်သွားပါ့မယ်"

"ဟင်...မင်းပဲတစ်သက်လုံးနေမယ်ဆို..."

"ကိုကြီးမျက်စိမမြင်သမျှ အနားမှာပြုစုနေမှာလို့ ပြောတာ ပြန်ကောင်းသွားရင် သူများက လိုမှမလိုအပ်တာပဲ"

ကြည်လွှင်သောစကားသံများကြောင့် သူ၏ ညစ်ကျ... ...အတွေးများလွင့်စင်ကာ သူမကို စချင်လာ၍...

"ဒါဖြင့်လည်း မျက်စိမကုတော့ဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."
"မင်းအနားမှာပဲ အပြုအစုကိုခံယူနေတော့မယ်"
"အဲဒီလိုမလုပ်ပါနဲ့ ကိုကြီးရယ်"
"မင်းပဲ မျက်စိမြင်ရင် မရှိတော့ဘူးဆို...ပြန်မယ်ဆို"
ထိုအခါ သူမ၏ခေါင်းက မိမိရင်ကို တိုးဆောင့်ကာ
ရယ်သံလေးနှင့် နွဲ့လိုက်သည်။
"ကဲ...ကိုကြီးက စကားအကျကောက်နေတာပဲ၊ ကိုကြီး
မနှင်မချင်း အနားမှာနေမယ်၊ ကဲ...ကဲ...ကျေနပ်ပြီလား"
"မင်းကွာ...ဒီခေါင်းနဲ့ ငါ့ရင်ကိုလာခွေ့ပြန်ပြီလား၊ ထို
တစ်ခါလို ငြိသွားချင်လား"ဟူ၍ ရင်ထဲမှာတီးတိုးပြောမိလိုက်
သည်။ သူမ၏ရုပ်သွင်ကို မမြင်ရသဖြင့် ဘာမျှမမေးသေးဘဲ
နေလိုက်သည်။ သို့ရာတွင်...သူမခေါင်းလေးကို သူ့ရင်မှာဖိကာ
ထားရင်းက...
"မင်းကိုမခွဲချင်ဘူး နှင်းဝတ်မှုန်၊ မင်းကိုချစ်တယ်"
"အနေနီးလို့ စိတ်လှုပ်ရှားတာပါ ကိုကြီးရယ်...အခု
လောလောဆယ်မှာ ကိုကြီးနားမှာ ဆန့်ကျင်ဘက်မိန်းကလေး
ဆိုလို့ သူများပဲရှိတာလေ၊ ဒါကို ထင်ယောင်ထင်မှားမလုပ်လိုက်
ပါနဲ့"
တည်ငြိမ်စွာပြောလိုက်သော သူမ၏စကားကြောင့်
တွေဝေသွားမိသည်။



"မင်းက အဲဒီလိုထင်လိုက်သလား"
"ကဲပါ ကိုကြီးရယ်...သူများကရုပ်ဆိုးပါတယ်၊ ကိုကြီးနဲ့
ထောင့်တယ်ပါဘူး၊ လာ...ဘွားတော်ကြီးက ကိုကြီးနဲ့သင့်တော်
သော့ သတို့သမီးလောင်းကို ခေါ်လာမယ်တဲ့၊ ကဲပါ...အကျီလဲ
ပြီးရင် ထွက်လာလိုက်တော့နော်"
သူ့ရင်ထဲမှ ရုန်းထွက်သွားသည်ကို မတားမိလိုက်ဘဲ အံ့သြ
နေမိသည်။ အဘွားက ဒီမိန်းကလေးကို ဘယ်လောက်တောင်
အရုပ်ဆိုးမောင်း၍နေနေသလဲ။ ဘာတွေပြောထားသလဲ သူသိ
ချင်နေမိသည်။ သူမပြောသလိုပင် အမှန်တကယ် ရုပ်ဆိုးနေ
သလား။ မဖြစ်နိုင်...ဦးဘဇံသမီးဆိုလျှင် ရုပ်ဆိုးသောသမီး
မဖြစ်နိုင်။
သူ...အကျီလဲပြီး၍ အပြင်ထွက်လာစဉ် မွှေးပျံ့သော
ထင်းခါးနံ့ ကော်ဖီနံ့များက ဆီးကြိုလျက်။
"ဒီနေ့တော့ နန်းကြီးသုတ်လုပ်ထားပါတယ်"
နံနက်စာကို တစ်နေ့တစ်မျိုး မရိုးရအောင်မြူလုပ်ထား
သတ်၏။
"အဘဇံပြန်ရောက်ပြီလား"
"ပြန်မလာသေးပါဘူး"
"တောင်မလေးပါသွားလား"
"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ကိုယ်တ အနားမှာတစ်ယောက်ယောက်ရှိ
တယ် ထင်နေတာ၊ နှာခေါင်းထဲမှာ ရေမွှေးနံ့လိုလို ပေါင်ဒ
လိုလို ရနေတယ်လို့ ထင်နေတယ်"

ရုတ်တရက် စကားသံတိတ်သွား၏။ သူ့အမြင်အာရုံ
ဆေးရုံမှဆင်းလာပြီး ဗိုးတဝါးပြန်မြင်နေရသည်။ အလင်းရော
ရှိသော နေရာမျိုးတွင် လူရိပ်ကိုခွဲခြားနိုင်၏။ သူ့ဝင်လာ
ထမင်းစားခန်းမှာ မိန်းကလေးနှစ်ဦးရှိနေမည်ဟု ဗိုးတဝါးမြင်
ရခြင်းဖြစ်သည်။

"ကိုကြီးက အနံ့ခံကောင်းတယ်၊ အော်...နှင်းဆီပန်း
တွေပါ"

သူ ဘာမျှမပြောတော့ဘဲ ထိုင်ခုံမှာဝင်ထိုင်လိုက်သည်
မီးဖိုချောင်ဘက်မှာ အရိပ်တစ်ခုကို တွေ့နေရသလိုပင်။

"ကိုကြီး...အပေါ်အငန် လိုရင်ပြောနော်၊ အခု ရှစ်နာ
ထိုးပြီ၊ ကိုးနာရီကျရင် သင်တန်းသွားရပါမယ်"

ကော်ဖီဖျော်သံ တဒေါက်ဒေါက်နှင့် သူနှင့် အနီးကပ်
မှာ အသံထွက်လာ၏။

နှင်းဝတ်မှုန် သူ့နားမှာရှိပြီး မီးဖိုချောင်မှာ မိန်းကလေ
အရိပ်ရှိနေသည်။ ဒါဆိုလျှင် ထိုအရိပ်ကဘယ်သူလဲ။ အိမ်
ကောင်မလေးက အဘဖဲနှင့် ဈေးပါသွားလျှင် အရိပ်တွေ့နေ
တာ ဘယ်သူလဲ...မေမေလား...မေမေက ဒီအိမ်ကနေ မခွဲ



လား။

"နှင်းဝတ်မှုန်"

"ရှင်..."

"ညညကျရင် အိမ်ပေါ်ထပ်မှာ လှုပ်ရှားသံတစ်ခုခုကြား
နေတယ်၊ လမ်းလျှောက်သံလိုလိုပဲ"

"အပေါ်ထပ်မှာ နေ့တိုင်းဖုန်လှဲပေးပါတယ်၊ ကဲပါ...
ကြီးရယ်၊ အေးကုန်လိမ့်မယ် စားပါ"

"မင်းလည်း စားနေလား"

"နောက်မှစားမယ်"

"မင်း...ငါနဲ့အတူစားစမ်းပါကွာ၊ တစ်ယောက်တည်း
စားနေရတာ အထီးကျန်နေသလိုပဲ၊ မင်း...ငါ့နားမှာ အမြဲနေ
မယ်ဆို၊ စားအတူတူ သွားအတူတူပဲပေါ့"

"အော်...ကိုကြီးလိုအပ်တာကို ဖြည့်ပေးရအောင်လို့"

"မရဘူး...ဒီနားမှာထိုင်၊ နောက်ဆို မနက်ကော်ဖီ
သောက်တာ၊ မုန့်စားတာရော...နေ့လယ် ညနေထမင်းစားတာ
အားလုံး အဲအေးသောက်တာပါ မင်းပါ ငါ့နားမှာအတူစား အတူ
သောက်ရမယ်၊ ဒါပဲ"

"ဟို...ဟို...အဘဖဲဆူလိမ့်မယ်"

"မဆူအောင် ကိုယ်ပြောပေးပါ့မယ်ကွယ်၊ ကဲ...စား...
င်းအတွက်ပါ နယ်ပြီးပြီမဟုတ်လား၊ ငါ့နားမှာထိုင်စား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...ဖွတ်ကြီးပါလား"

သူ့အလိုကျ ဘယ်ဘက်အခြမ်းမှာဝင်ထိုင်ကာ စားလိုး သောကြောင့် ကျေနပ်သွားသလို တူနှင့် နန်းကြီးသုတ်ကို စေး လိုက်သည်။

"ကိုကြီး ဘာလိုသေးလဲ"

"မင်းသုတ်တာပဲမဟုတ်လား၊ ဘယ်တုန်းကမှမလိုဘူး"

နှင်းဝတ်မှုန်ပြောသကဲ့သို့ အနေနီးစပ်၍ ချစ်မိတာလား ဟူသည်ကို သူကိုယ်သူ ဆန်းစစ်ကြည့်ရမည်ဖြစ်ပေသည်။ ယ အချိန်မှာတော့ အနားမှာရှိနေပြီး အတူတူထိုင်စားရသည်ကိုပင် သူ့ရင်ထဲ ပျော်ရွှင်ကျေနပ်နေမိသည်။

ပို၍လည်းစားကောင်းသည်ဟု ထင်မိသည်။

"ကိုကြီး...ဒီတစ်ခါကုန်အောင်စားပါလား၊ ကော်ဖီ သောက်နိုင်သေးလား"

"ရတယ်၊ မင်းနဲ့အတူစားရလို့ထင်တယ်၊ နောက်ထပ် တောင် ထပ်စားလို့ရသေးတယ်"

"အများကြီးစားရင် သင်တန်းမှာငိုက်နေဦးမယ်"

"မငိုက်ပါဘူး...အာရုံစိုက်နေရတာကိုး၊ မင်းရော သင် တန်းမှာလိုက်လာပြီး ဘာမှမလုပ်ဘူးလား၊ ဒီအတိုင်းထိုင်ကြည့် နေလား"

"အင်းလေ...သင်တန်းတက်တာပဲ တစ်ပတ်ကျော်နေပြီ



သို့ပဲ ကိုကြီးနားမှာထိုင်နေတာပေါ့"

"မင်း အစက ကွန်ပျူတာသင်တန်းတက်နေတယ်ဆို..."

တုံ့ဆိုင်းဆိုင်းဖြစ်သွားပြီးမှ...

"အော်...အင်း...ဟုတ်...ဟုတ်တဲ့ အခုမတက်တော့ ဘူး"

"မျက်မမြင်ကို နှစ်ယောက်သင်ပြီး ဒီဖြင့်သင်တန်းသား အလည်း ရှိတယ်မဟုတ်လား"

"ရှိပါတယ်"

"မင်းပါလိုက်တက်လေ မှုန်ရယ်...ဒါမှ အချိန်တွေ သဟာသမဖြစ်မှာ"

"မလုပ်ပါနဲ့ ကိုကြီးရယ်"

သူ...ထပ်မပြောတော့ပေ။ ပြောနေလျှင် ငြင်းနေမှာ သေအချာပဲမို့ ထို့နေ့က စိတ်ကူးရလာသည်ကို အကောင် ထည်ဖော်လိုက်တော့သည်။

"ဒီမိန်းကလေးဟာ ကျွန်တော့်အဖော်ပါ၊ ကွန်ပျူတာ တာကို သူကစစ်ဆေးပေးပြီး စိုင်းလုပ်နိုင်တယ်၊ သူ့ကို စာရင်း သားနဲ့ဝတ်သက်ပြီး သင်ကြားပေးပါ၊ လိုအပ်တဲ့သင်တန်းကြေး ပေးပါမယ်"

"အို...အစ်ကိုကြီး မလုပ်ပါနဲ့"

"ကျွန်တော်ပြောလိုသာ လုပ်ပေးပါ၊ မှုန်...မင်းဟာ ငါ့



www.burmeseclassic.com

www.burmeseclassic.com



ပြောစကားကိုနားမထောင်ရင် ငါလည်း ဒီသင်တန်းကိုမတ
တော့ဘူး"

အကျစ်ကိုင်လိုက်မှ စကားသံတိတ်သွား၏။ သူအ
တစ်ခြားတစ်ဖက်သို့ခေါ်သွားသောအခါမှ သူအနားမှ မပြ
ထိုင်စောင့်ကာသင်ပေးသော ကွန်ပျူတာဆရာအား ပေးလို
၏။

"သူက ကျွန်တော်မျက်စိကွယ်သွားမှရောက်လာတဲ့သူ
သူ့ရုပ်ရည်ကို ကျွန်တော်မမြင်ဖူးဘူး၊ ဒါပေမယ့်...သူက စိ
ထားကောင်းတဲ့သူလို့ ကျွန်တော်ထင်တယ်"

"သူက မိန်းမချောလေးတစ်ဦးပါ။ ပြီးတော့ အစ်ကို
သင်ပေးနေစဉ်မှာ သူကလိုက်မှတ်နေတယ်၊ ကွန်ပျူတာ
အခုမှကိုင်ဖူးတာမဟုတ်ဘူး၊ အစ်ကို့ကိုသင်ရင်း သိထားမှ
ထားတော့ သင်ရတာလွယ်မှာပါ။ သူက ထူးချွန်ထက်မြက်သူ

"သူ့မျက်လုံးက မည်းမည်းနဲ့ မျက်တောင်ရှည်ကြီးလ
မျက်ခုံးနက်နက်လား"

"သိပ်မှန်တာပဲ...အစ်ကိုက နှလုံးသားနဲ့ခံစားကြည့်
ပုံရိပ်ကိုမြင်နေရတယ်ထင်တယ်၊ ကျွန်တော် ပုံဖော်ပြမယ်နေ
ရွှေသမင်မျက်လုံး၊ စင်ရော်တောင်မျက်ခုံးမွေးနဲ့ နှုတ်ခမ်း
မပါး...အောက်နှုတ်ခမ်းက နည်းနည်းထူတယ်၊ နှာတံက အ
တော်ပဲ"



"အသားက သိပ်မဖြူဘူး၊ အသားညက်လား"

"ဟုတ်တယ်...သနပ်ခါးလေး အမြဲလိမ်းတယ်"

"ဆံပင်ကရှည်တယ်နော်"

"ကောင်းခြင်းငါးဖြာနဲ့ ပြည့်ဝပါပေတယ်၊ ကိုယ်လုံးလေက
သည်း ငါးရံ့ကိုယ်လုံးလေး၊ သွားရင်လည်း ဆင်မယဉ်သာ
ခြေလှမ်းလေးနဲ့..."

သူ့ရင်ထဲ ထိတ်ခနဲဝမ်းသာသွားမိသည်။ သူရှာဖွေနေတဲ့
မိန်းကလေးပါပဲ။ ပို၍သေချာသွားပါပြီ။ ဒါပေမယ့်...သူဟာ
နှင်းဝတ်မှုန်မဟုတ်ပါဘူး။ ဦးဘဇံရဲ့သမီး နှင်းဝတ်မှုန် မဟုတ်
ဘူးဆိုတာကို သူ့ရင်ထဲမှာ အသေအချာသိလိုက်ရသည်။

"အစ်ကို အာရုံတွေလွင့်သွားပြီလား၊ အစ်ကို့ရဲ့ဇနီးလောင်း
လား ခင်ဗျာ"

"ဖြစ်ဖို့များပါတယ်၊ ဒါပေမယ့်...သူက လူမှဟုတ်ရဲ့လား"

"ဗျာ..."

"ခင်ဗျားပြောတော့ ရွှေသမင်မျက်လုံး၊ စင်ရော်တောင်
မျက်ခုံးနဲ့ ငါးရံ့ကိုယ်လုံး၊ ဆင်မယဉ်သာဆို..."

"အော်...အဟား...ဟား...ဟုတ်ပါရဲ့ လူမဟုတ်ဘဲ
အစ်ကို့ရဲ့အချစ်နတ်သမီးပါပဲ"

ကွန်ပျူတာသင်နေရင်းက သူတို့နှစ်ဦး ပျော်ရွှင်စွာရယ်
မောမိကြသည်။ သူ့ရင်ထဲမှာ ပို၍ပျော်ရွှင်လာမိသည်မှာ သူ

www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်ဇစ်မှာ တွယ်ငြိလျက်ပါလာသော ဆံနွယ်ပိုင်ရှင် အစစ်အမှန်ဖြစ်သည်ဟု ယုံကြည်မိသောအခါ ပို၍ပျော်ရွှင်လာတော့သည်။

အပြန်လမ်း လှေကားအဆင်းတွင်...

"အစ်ကိုကြီး ကျွန်မပါ ဝင်သင်နေတယ်လို့ အဘဇတ်ကို မပြောနဲ့နော်"

"ဟင်...ဘာလို့လဲ၊ ကိုယ့်အဖေမဟုတ်လား"

"ဟင့်အင်း...မပြောပါနဲ့ အစ်ကိုကြီးရယ်၊ အဖေတာ သူများကို ဆူမှာ၊ သူမသိဘဲလုပ်ရမလားဆိုပြီး သူများကိုပြန်ပို့လိမ့်မယ်၊ ပြီးတော့...ကားနားရောက်လာပြီ၊ နောက်မှပြောမယ်နော်"

သူရင်ထဲ မတင်မကျဖြစ်သွားသဖြင့် သူမျက်စိမြင်စဉ်တာ မိဘများနှင့်အတူတူစားဖူးသော ရွှေကောင်းဟော့ပေါ့ဘက်သို့ မောင်းခိုင်းကာ နေ့လယ်စာကို ထိုနေရာမှာပင်စားရန် ဆုံးဖြတ်လိုက်၏။

"ကိုကြီးရယ်...သူများကို အဲဒီလောက်တောင် ဂရုမစိုက်ပါနဲ့၊ အဖေတာ ဘွားတော်ကြီးကိုကြောက်လို့ ကိုကြီးကိုရှောင်ရမယ်လို့ မှာနေတာ၊ အစ်ကိုကြီးက မြင်ရတာမဟုတ်တော့ မသိဘူး၊ ကျွန်မကို အဖေက မျက်နှာထားနဲ့ဟန့်တားနေတာ၊ ကျွန်မကြောက်တယ်၊ သူတို့ရှေ့မှာ ကျွန်မ...ကျွန်မ...ကို ရှောင်နေ





ဆေးပါနော်"

"ဒုက္ခပဲ...အချစ်နဲ့ချောင်းဆိုးတာဟာ အောင့်ထားလို့ ...သလားကွာ"

"ကျွန်မကို ကိုကြီးနားမှာ အမြဲရှိနေစေချင်ရင် ကိုကြီး ...ဆင်ခြင်ပေးပါနော်"

သူမ၏စကားသံများက သူ့နှလုံးသားအား ဆွဲညှစ်သလို ...အားလိုက်ရသလိုပင်။ ထိုမိန်းကလေးအား ထွေးပိုက်ကာ အား ...ယ်အောင် ...ားပေးချင်စိတ်ဖြစ်လာမိသည်။

"မှန်ရယ်..ဘာမှအားမငယ်ပါနဲ့နော်၊ မင်း စိတ်ကျဉ်းကျပ် ...တယ်၊ အနေခက်တယ်ဆိုရင် ကိုယ် အနေအထိုင်ဆင်ခြင် ...မယ်၊ ဒါပေမယ့်...မင်းကို ကိုယ်ချစ်နေတယ်ဆိုတာကတော့ ...သောအချာပါပဲ၊ မင်းစိတ်ထဲမှာ ကိုယ့်အချစ်အတွက်ကို ...သယမရှိဘဲ နားလည်ပေးပါနော်၊ အနေနီးလို့မဟုတ်ပါဘူး၊ ...နဲ့ကိုယ်နဲ့ ဖူးစာပါတယ်လို့ ကိုယ်ခံစားမိနေတယ်"

သူမထံမှ ဘာစကားသံမှမကြားရတော့ပေ။ သူပါးစပ်ထဲ ...လေးနှင့် ဝင်လယ်စာများ အသီးအရွက်များကို ကောင်းနိုး ...ခွံ့ကျွေးနေသည်ကို ပျော်ရွှင်စွာခံစားမိလျက်...။

"မင်းကိုလည်း ခွံ့ကျွေးချင်လိုက်တာ"

"ကျွန်မခွံ့တာကို ကောင်းကောင်းစားရင် ကိုကြီးခွံ့ကျွေး ...ပါ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်စရာကောင်းတဲ့ စကားလေးပဲကွာ၊ မိုးလင်းတာ လောကကြီးကိုမမြင်ရဘူး၊ မှောင်နေတာပဲ...ဒါပေမယ့်...မင်း အသံကြားလိုက်ရတဲ့အခါမှာ တစ်လောကလုံး လင်းလက်သွား သလိုပဲ၊ မင်းကိုယ်နံ့လေးရလာရင် မင်းကိုမြင်လိုက်ရသလိုပဲ"

"ဟင်း...မီးဖိုထဲကထွက်လာတာ ချွေးနံ့ကိုပြောနေတာ လား ကိုကြီးရယ်"

"ချွေးနံ့နဲ့ သနပ်ခါးနံ့ရောနေတဲ့ ဇမမေ့ရဲ့ကိုယ်နံ့နဲ့ တူ လို့ မင်းကိုပိုချစ်သွားတာပါ၊ ငါ ဆေးရုံမတက်ခင်က မင်းကိုယ်နံ့ က ပေါင်ဒါနံ့ ရေမွှေးနံ့တွေပဲရတာလေ၊ ငါ ဆေးရုံကဆင်းလာမှ အနံ့ပြောင်းသွားတာ"

"အဲ...အဲဒါ...အပြင်သိပ်မထွက်တော့ မသုံးဖြစ်ဘူး"

"အခုအပြင်ထွက်တော့ရော ဘာလို့မသုံးလဲ"

ဦးဘဇံသမီး နှင်းဝတ်မှုန်ဟာ အသံရောကိုယ်နံ့ပါပြောင်း လွဲနေပြီး ယခု...နှင်းဝတ်မှုန်ကိုပဲ ချစ်တာပါဟုသိရအောင် တမင်ပြောလိုက်ခြင်းဖြစ်သည်။

"အို...ကိုကြီးကပဲ သနပ်ခါးနံ့ကိုကြိုက်တယ်လို့ဆိုပြီး တော့..."

"အမယ်...မင်းက ကိုယ့်အကြိုက်လိုက်ပေးတာဟာ ကိုယ့်အချစ်ကိုလက်ခံပြီပေါ့"

"ကိုကြီးရယ်...ကျွန်မနဲ့တွေ့တာ တစ်လကျော်ကျော်ပဲ



ရှိသေးတာပဲလေ၊ အချိန်တွေက သိပ်စောသေးတာပဲ"

ရှက်ရှက်နှင့် တုန်ရီစွာ အမှတ်တမဲ့ပြောလိုက်သည့် စကား ကြောင့် သေချာသွားပြီ။ မှတ်မှတ်ရရ...သူ ဆေးရုံမှဆင်းပြီး အိမ်ပြန်တာသင်တန်းတက်တာ ဆယ့်ငါးရက်သာရှိသေးသည်။ သူမပြောသလိုပင် သူတို့နှစ်ဦးတွေ့တာ တစ်လကျော်ကျော်သာ ရှိသေးသည်ပဲ။ သို့သော်...နှင်းဝတ်မှုန် အိမ်ရောက်လာပြီး ဆေးရုံမတက်မီအချိန်သည် နှစ်လနီးပါးကြာခဲ့လေပြီ။

ဦးဘဇံသမီး နှင်းဝတ်မှုန်ကို ဘာလို့လူစားထိုးရတာလဲ။ ဒါဆို...ဒီမိန်းကလေးဟာ ဘယ်သူလဲ။

ဘယ်သူပဲဖြစ်ဖြစ်..သူ့ရင်ကိုတွယ်ငြိသူဟာ ဒီမိန်းကလေး တစ်အမှန်ပါပဲ။ ပြီးတော့...သူ့ဂျာကင်မှာ ဆံပင်လာငြိတဲ့ မိန်းကလေးဖြစ်နေတာ အတိအကျပါပဲဟု သူ့နှလုံးသားက ပြော လိုက်လေသည်။

☙ ☙ ☙

www.burmeseclassic.com

www.burmeseclassic.com



"မြေးဟာ စိတ်ပိုင်းဆိုင်ရာရော ပညာပိုင်းဆိုင်ရာ[illegible] တိုးတက်လာပြီလို့ ကိုယ့်ကိုယ်ကိုမှန်းနေတော့ အဘွားက သော[illegible] အောင် လာကြည့်တာပဲ၊ တယ်ဟုတ်ပါလား...အပြင်မှာတော[illegible] အစားအသောက်တွေ သွားစားနေပြီပဲ"

ရှုတ်တရက် အံ့အားသင့်သွားသည်။ အိမ်ရောက်သော[illegible] အခါ အဘွား ရောက်နေလေပြီ။

"မင်းလား...နှင်းဝတ်မှုန်ဆိုတာ"

"ဟုတ်...ဟုတ်ကဲ့"

ရင်ထဲထိတ်သွားပြီး အသံကြားရာဘက်သို့လှမ်း၍ကြ[illegible] လိုက်ရာ အံ့အားသင့်သွား၏။ နှင်းဝတ်မှုန်၏အရိပ်ကို သူမြ[illegible] ၍ အနားသို့လျှင်မြန်စွာသွားကာ ကာကွယ်ထားလိုက်မိသည်[illegible]

"အဘွား...အားလုံးဟာ ကျွန်တော်ကပဲ ဦးဆောင်[illegible] နိုင်းခဲ့တာ၊ ကျွန်တော့်သဘောတစ်ခုတည်းပါပဲ၊ အဘွား သူ့[illegible] ကို အပြစ်မယူပါနဲ့"



"အလိုတော်...အဘွားလည်း ဘာမှမပြောရသေးပါလား [illegible]ရယ်...နှင်းဝတ်မှုန်ဆိုတာ သူလားလို့ မေးရုံပဲရှိပါသေး [illegible]ယ်၊ ကဲ...အဘွားကို ဘာနဲ့လာတာလဲ၊ ဘယ်အချိန်လာတာ [illegible]လို့ မမေးတော့ဘူးလား"

"အား...ဟုတ်ပါရဲ့ ရုတ်တရက်အံ့ဩသွားလို့ပါ အဘွား [illegible]ယ်"

သူသည် မိဘနှင့် အဘွားအား ဘယ်သောအခါမှ [illegible]ကြာက်လန့်ခဲ့ဖူးခြင်းမရှိခဲ့ပေ။

မှန်ကန်သောစကားကိုပြောပြီး မှန်ကန်သောအလုပ်ကို [illegible]နေသူပီပီ ဘာကိုမျှ မကြောက်ရွံ့ခဲ့ပေ။

ခုတော့...ဒီကောင်မလေးကို ချစ်မိလာကတည်းက [illegible]သာတတ် ဟန်ဆောင်ဖုံးကွယ်တတ်သောကြောင့် အဘွား [illegible]ကြောက်ရွံ့နေမိသည်။

သူတို့နှစ်ဦး၏ ချစ်ခင်မှုကို အဘွားကခွဲခွာသွားမှာကို [illegible]နိုးရိမ်မိသည်။

"အဘွား လေယာဉ်နဲ့လာတာမဟုတ်လား၊ ဘာစားဦးမလဲ [illegible]"

"အမယ်...ခင်းဖြန်လာမှဆိုရင် အဘွားရဲ့ဗိုက်တွေ [illegible] ဟောင်းလောင်းဖြစ်ရော့မယ်၊ အခုကြည့်ပါလား... [illegible]အချိန်ရှိပြီလဲ၊ အားလုံးကို မောင်ဘဇံက ကျွေးပြီးပါပြီကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူက မောင်ဘဇံသမီးလားကွယ်၊ မင်းနဲ့လည်းမတူပါလား"

"အဘွား နားပြီးပြီလားဟင်၊ ဘယ်မှာအိပ်မှာလဲ၊ အဘွား အတွက် ဘယ်အိပ်ခန်းကိုပြင်ပေးရမလဲ၊ အပေါ်ထပ်မှာ..."

နှင်းဝတ်မှုန်အကြောင်းကို မမေးရလေအောင် စကား လမ်းကြောင်းလွှဲလိုက်၏။

"အိမ်ပေါ်ထပ်မှာ မိန်းမအိပ်ခန်းလုပ်ထားတာ နှစ်ခန်း တောင် တွေ့ရတယ်၊ ဘယ်လိုလဲ"

"ဟို...တစ်ခန်းက ကျွန်မအိပ်ခန်းပါ၊ တစ်ခန်းက မြေး အိပ်ခန်းပါ၊ ကျွန်မ တစ်ခါတလေ အောက်ထပ်မှာလည်း ဆင်း နေပါတယ်၊ အဖေ အလုပ်များနေရင် ကိုကြီးခေါ်တဲ့အခါ ကြား ရအောင် ဘေးနားကအိပ်ခန်းမှာနေပါတယ်"

"ဟင်း...တယ်လည်းနယ်ချဲ့နိုင်ကြပါလား၊ ငါ့ ဘေးနားကအိပ်ခန်းမှာပြင်ပေးပါ၊ ငါ့မြေးနဲ့ အနီးကပ်နေမယ် အပေါ်ထပ်ကို ညည်းတက်နေပေါ့၊ မောင်ဘဇံက စာကြည့်ခန်း မှာပဲ နေပါ"

"ဟုတ်ကဲ့"

သူ့စိတ်ထဲတွင် ပူပန်စိတ်များကြောင့် နှင်းဝတ်မှုန်ရဲ့အ ကိုသာ လိုက်ကြည့်နေမိသည်။ နှင်းဝတ်မှုန်က အိပ်ခန်းပြော ရန် ပြင်နေသဖြင့် အပေါ်တက် အောက်ဆင်းတာ အိပ်ရာ မှ ခြင်း၊ စောင် ခြင်ထောင်ကို အပေါ်မှအောက်သို့ယူချခြင်း



အလုပ်ရှုပ်သွား၏။

"မြေး...မျက်လုံးပြန်မြင်ရပြီလား"

"ဟင့်အင်း...မမြင်ရသေးပါဘူး၊ ဆေးစားနေတုန်းပါပဲ"

"သင်တန်းတက်ရတာလည်း အဆင်ပြေရဲ့လား"

"ပြေပါတယ်...သား အတော်လေးရိုက်တတ်နေပါပြီ"

နှင်းဝတ်မှုန်အကြောင်းပြောလျှင် အဘွားနှင့်သူ့သည် စကားပြောရတာ အဆင်မပြေဖြစ်လိမ့်မည်။

"အဘွား နားလိုက်ဦးလေ"

"သားရော နေ့လယ်တစ်ရေးအိပ်သလား"

"ဟုတ်ကဲ့...အခုပိုက်ပြည့်နေလို့ နည်းနည်းလမ်းလျှောက် လိုက်ဦးမယ်၊ ဟဲ့...နှင်းဝတ်မှုန် ငါ့ကို အိမ်ဘေးလိုက်ပို့ပေးစမ်း"

တမင်ပင် အဘွား သံသယမဝင်စေရန်အတွက် လေသံ ဓာမာနှင့်ပြောလိုက်သည်ကို နှင်းဝတ်မှုန် နားလည်ပေလိမ့်မည်။

"ဟုတ်ကဲ့"

အသံတုန်လေးနှင့်အတူ သူ့နားကိုရောက်လာပြီး လက် မောင်းကိုဆွဲကိုင်လိုက်စဉ် တုန်ရီအေးစက်နေသောလက်တို ထိတွေ့မိလိုက်၏။

"အဘွား...ဆယ်မိနစ်လောက်လမ်းလျှောက်ဦးမယ်၊ အဘွား သက်သောင့်သက်သာလေး လှဲနေပါနော်"

သူသည် နှင်းဝတ်မှုန်အား အဘွားနှင့်ဝေးရာကို ခေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်ဖြစ်သည်။ သူကဲ့သို့ပင် အဘွားကလည်း သူတို့နှစ်ဦးအား မျက်ခြည်မပြတ်ကြည့်ပြီး ဝေယန်သုံးသပ်၍ နှင်းဝတ်မှုန်အား သူနှင့်ဝေးရာသို့ ခေါ်သွားပေလိမ့်မည်။

"မှုန်...အဘွားနဲ့ဝေးရာကိုခေါ်သွားပါ၊ နေရိပ်တဲ့အပင်အောက်ကိုဖြစ်ဖြစ်..."

"မဖြစ်ဘူး...ကျွန်မ ကြောက်တယ်၊ အဘွားမျက်လုံးတွေက ပြူးပြီး ကျွန်မကိုကြည့်နေတယ်"

"မကြောက်နဲ့ မင်းဘေးက်မှာ ကိုယ်အမြဲရှိနေတယ်၊ ကိုယ်မသိဘဲ မင်းမထွက်သွားရဘူးနော်၊ မင်းနဲ့ဝေးရင် ကိုယ်မဖြစ်ဘူး"

"စိတ်ချပါကိုကြီးရယ်..သူများလည်း ကိုကြီးကို ပစ်မထားပါဘူး၊ ပြီးတော့...မခွဲနိုင်ဘူး"

နှစ်ကိုယ်ကြားတီးတိုးပြောပြီး လမ်းလျှောက်နေစဉ် နှင်းဝတ်မှုန်က သူ့အား ခုံလေးမှာအသာထိုင်ခိုင်းပြီး...

"ဆေးသောက်ရဦးမယ်လေ၊ ဒီမှာခဏထိုင်နေနော်၊ ကျွန်မ ဆေးသွားယူလိုက်ဦးမယ်"

"မြန်မြန်ပြန်လာခဲ့"

သူ့နားမှ ခဏလေးခွဲသွားမှာကိုပင် စိတ်မချနိုင်အောင်ဖြစ်နေမိသည်။ ဒီမိန်းကလေးသည် သူ၏ မျက်မမြင်ဘဝအတွက်၊ အလွန်အရေးပါနေမှန်း တစ်စစနားလည်မိသောအခါ သူမပြောသကဲ့သို့ တွယ်ရာမဲ့ဘဝတွင် အနေနီး၍ တွယ်မိတွယ်ရာ





တွယ်သွားတာပဲလား။

မဖြစ်နိုင်...သူရင်ခွင်ထဲသို့ ဆံပင်နှင့် ငြိတွယ်ကာတည်းက ထိုမိန်းကလေးကို စွဲလန်းမိခဲ့ဖူးသည်။ ယခု သူမ, ဖြစ်နိုင်သည်ဟု ယုံကြည်မိသော်လည်း အကယ်၍ နှင်းဝတ်မှုန်နှင့် တစ်ယောက်စီဖြစ်ခဲ့လျှင် ယခုလက်ရှိ အနီးတစ်ပြုစုနေသူကိုသာ ရွေးချယ်ရပေလိမ့်မည်။

"ကိုကြီး...ဆေးသောက်ပါဦး"

"အဘွား ဘာပြောလဲ"

"ဘာပြောရမှာလဲ...မင်းဆေးတွေကို ငါကြည့်နေတာ နားလှုချည်လားကွယ် ဒီလောက်ဆေးအမျိုးအမည် များတာကို မိတောင်မလေးက မှတ်မိနိုင်ပါ့မလား...တဲ့"

"မှတ်မိပါတယ် အဘွား ကျွန်မတိုက်နေကျပါ၊ မနက်ဆေး နေ့လယ်ဆေးနဲ့ ညနေထမင်းစားပြီးဆေး ညအိပ်ရာဝင်ခါနီး ဆေးပါ ရှိပါတယ်လို့..."

သူမသည် သူမ၏တာဝန်ပိုင်းနှင့် ပတ်သက်လာလျှင် ရဲရဲဝံ့ဝံ့ ပြန်ပြောနိုင်တတ်သည်။

"အဘွားကိုလဲ ဟိုကဆရာဝန်က ဆေးတွေပေးလိုက်သေးတယ်၊ အဘွားတစ်ယောက်တည်း လာရမှာမို့ စိတ်မချဘူးတဲ့၊ အထုပ်တွေတော့ ထုပ်ထားတာပဲ၊ ကဲ...မြေးလမ်းလျှောက်နေနော်၊ ကလေးမလေး လာစမ်း ငါ့ဆေးတွေပြဦးမယ် အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ရှောနေပြီ"

အဘွားသည် အလွန်ဉာဏ်များသောအဘွားဖြစ်ကြောင်းကို ဖခင်က မကြာခဏပြောဖူးခဲ့သည်။ အခြေအနေ သိပ်မဆိုးဝါးဘဲ အချိုးသပ်နေခြင်းကိုလည်း မယုံကြည်နိုင်ရဲသေးပေ။

ထွက်ခွာသွားသော ခြေသံများကို နားစွင့်ပြီး အိမ်ဘက်သို့ လှမ်းမျှော်ကြည့်ရာ အိမ်အရိပ်မည်းနှင့် အဘွားနောက်မှ လိုက်သွားသော နှင်းဝတ်မှုန်၏ နောက်ကျောများကို ပိုးတဝါးမြင်နေရသဖြင့် ရင်ထဲမှာ တထိတ်ထိတ်နှင့် ဝမ်းသာသွားမိသည်။

သူ...ဆေးရုံမှ ပြန်ဆင်းလာပြီး မျက်စိအမြင်အာရုံ အနည်းငယ်တိုးတက်လာသည်ကို သတိထားမိလိုက်၏။

တစ်လတစ်ကြိမ် ချိန်းလိုက်သော မျက်စိဆရာဝန်ထံသို့ ရောက်လာသတင်းကိုပြောပြီး ဆရာဝန်၏ ညွှန်ကြားချက် သေသေချာချာလိုက်နာနိုင်လျှင် မကြာမီပြန်၍ အလင်းရနိုင်မည်လား...

"ငါ့ကိုမကြည့်ဘဲနဲ့ စကားပြောနေတာလား ကောင်မလေး အဲဒီလိုပြောတာကို ငါမကြိုက်ဘူးနော် ဒီအထုပ်တွေထဲမှာ ... ဆေးရှိရမှာပေါ့၊ မန္တလေးက ဆရာဝန်က အများကြီးပေးလိုက်တာပဲ၊ ငါသောက်မှမသောက်ရသေးတာ သေသေချာချာထည့်ထားတာ ဘယ်နားရောက်နေလဲ"

အိမ်ဘက်ဆီမှ အော်သံပျံ့လာသောကြောင့် သူ ဆတ်ခနဲ



...ဆိုက်မိသည်။ ထို့နောက် တုတ်ဖြင့် စမ်း၍ အိမ်ဘက်သို့ ပြန်...လျှောက်လာခဲ့၏။

"ကိုကြီး...လဲဦးမယ်"

အဆူခံနေလျက်ကပင် မိမိထံသို့ပြေးလာပြီး ကမျာကယာ...တွဲလိုက်၏။

"အဘွား...ဘာဖြစ်နေလဲ"

"အားဆေးထုပ်ကျန်ခဲ့သလား ပါလာသလား မသိဘူး ...နေတာ မတွေ့ဘူး"

"အဘွားပစ္စည်းတွေကို ကျွန်မ သိပ်မကိုင်ရဲလို့ပါ။ ကျွန်မ သေသေချာချာ ရှာပေးပါ့မယ်အဘွား"

"ရှော့...ရှော့ အိတ် ကဲ...ဆေးထုပ်ကို သေသေချာချာ ရှာကြည့်လိုက်၊ ငါက အသက်ကြီးနေတော့ ဘာပစ္စည်းပါလို့...တယ် မသိနိုင်တော့ဘူး၊ ကဲ...ငါ ခဏလှဲလိုက်ဦးမယ်၊ ...ကြီးဆိုတာ ဒီလိုပဲမြေးရေ ထည့်တော့ထည့်နေတာပဲ၊ ဘာတွေထည့်မိမှန်း မသိတော့ပါဘူး၊ မြေးစားဖို့ ထိုးမုန့်ထည့်ရမယ်ဆိုတာတော့ သိတယ်"

"အချို့ အဆိမ့်တွေ နည်းနည်းလျှော့နေရတယ် အဘွား...ယ်၊ ဆီးချိုနဲ့သွေးတိုးမှာစိုးလို့ပေါ့"

အဘွား၏ပစ္စည်းများကို ရှင်းပေးနေသော နှင်းဝတ်မှုန်...အား အဘွားနားမှာပဲ ထားထားပြီး သူ့အိပ်ခန်းဘက်သို့ ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာလိုက်၏။ အဘွားနားတွင် လက်တိုလက်တောင်း အစေ
လိုအပ်နေပြီပဲ။

သူသည် အိပ်ရာပေါ်သို့ ညင်သာစွာလဲလျောင်း၍ အန
ယူ အိပ်စက်ရန် ကြိုးစားလိုက်သော်လည်း ရုတ်တရက် အိ
မပျော်နိုင်သေးဘဲ မန္တလေးမှ ရန်ကုန်သို့ တစ်ဦးတည်း ရော
လာသည့် အသက် ၇၀-နှစ်အရွယ် အဘွားအကြောင်း
စဉ်းစားမိလိုက်သောအခါတွင် ကိုယ့်ကိုယ်ကို အားမလိုအား
ဖြစ်သွားတော့သည်။

အသက်ကြီးသူ အဘွားအတွက် သူဘာမှဖြည့်ဆည်းမပေး
နိုင်ဘဲ အဘွားကသာ သူ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေး
နေသည်ပဲ၊ အဘွားအတွက် သူ ဘာတွေ ဖြည့်ဆည်းပေးနို
မလဲ၊ အဘွားလိုအပ်ချက်ကို ဘယ်လိုဖြည့်ပေးနိုင်မှာလဲ?

အဘွား ဘာအတွက်ကြောင့် ရောက်လာခဲ့သလဲ?

❖ ❖ ❖



"ရဲရဲသာလျှောက်စမ်းပါ ကိုကြီးရာ လမ်းကြီးက ဖြူနေတာ
လူကောင်းတစ်ယောက်လိုသာသွား နှေးနှေးလုပ်မနေနဲ့
မှာ ဘာခလုတ်ကန်သင်းမှ မရှိဘူး"

နံဘေးမှနေ၍ သူ့ကိုပိုင်ပိုင်ဆုပ်ကိုင်ကာ အားပေးနေ
သာ နှင်းဝတ်မှုန်ကြောင့် သူ့ခြေလှမ်းများ သွက်လာလေသည်။

"မင်းက ကိုယ့်ခြေလှမ်းကို မီလား"

"မီတာပေါ့"

"စိန်လိုက်လေ"

နံနက်စောစော လမ်းထလျှောက်ရန် နှင်းဝတ်မှုန်က
သာသဖြင့် သူ စောစောထဖြစ်လိုက်သည်။

ကိုယ်လက်သန့်ရှင်းပြီးသည်နှင့် နှင်းဝတ်မှုန်ထုတ်ပေးသော
ဆောင်းဘီရှည် အင်္ကျီရှည်တို့ကို ဝတ်ဆင်ပြီးချိန်တွင် နှင်းဝတ်
မှာ ကင်းဘတ်ဖိနပ်ကို စီးပေး ကြိုးချည်ပေးပြီး ဦးထုပ်ကို
ဆောင်းပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တုတ်ကိုပေးမကိုင်ဘဲ သူမလက်ကိုသာ ဆွဲကိုင်ေ

လေသံတိုးသဲ့သဲ့ပြောပြီး သူတို့နှစ်ယောက် အိမ်မှ

လာစဉ် နှင်းငွေ့များ၏ ရိုက်ခတ်မှုကို ခံစားလိုက်ရသည်။

"ကိုကြီးရေ…ကမ္ဘာလောကကြီးက သိပ်ကျယ်ပြန့်

နော်၊ သူများတို့တွေက လူ့ဘဝကိုရောက်လာတာ အနှစ်နှစ်

ကျော်သွားပြီပဲ၊ ရန်ကုန်နဲ့ရွာအပြင် ဘယ်မှ မရောက်ဖူးသေး

"ဘုရားဖူးလေး ဘာလေး မထွက်ဘူးလား"

"ရွာကဘုရားနဲ့ ရန်ကုန်မြို့က ဘုရားတော့ ဖူးတာ

ကိုကြီးရယ် ငွေမှသိပ်မကုန်တာ၊ ရဝ်ဝေးဘုရားဖူးထွက်

အချိန်ရော ငွေရော သိပ်ကုန်တာဆိုတော့ ဘယ်သွားနိုင်ဦး

လဲ"

"ကိုယ်တို့လက်ထပ်ပြီးရင် မင်းကို မြန်မာပြည်က ဘုရ

အနှံ့လိုက်ပို့ပေးမယ်၊ ကိုယ့်မိဘကိုလဲ အဲဒီလိုပို့ပေးမလို့

ရွယ်ခဲ့တာ မအောင်မြင်လိုက်ဘူး"

"ကိုကြီးရော စိတ်ကူးတိုင်းလည်း ဖြစ်မလာဘူးမဟုတ်

ဘာမှကြိုတင်မှန်းဆလို့ မရတဲ့ ကံတရားပါပဲ"

"ကံတရားဆိုတာ လူကဖန်တီးရဝ် ကံကိုပြုပြင်

ရပါတယ်ဆိုတာကို နောက်သုံးလေးလရောက်ရင် လက်တွေ့

မယ် မှတ်ထား"

သူမ၏လက်ဝါးလေးကို ဖျစ်ညှစ်ကာ သတိပေးလို



သည်မှာ သူ၏မျက်စိကို ယုံကြည်လာသောကြောင့် ဖြစ်သည်။ မျက်စိတဖြည်းဖြည်းနှင့် အလင်းရိပ်သန်းလာသည်ကို ဘယ်သူ့ကိုမျှ မပြောဘဲ တိတ်တဆိတ် လျှို့ဝှက်ထားလိုက်သည်။

"နှင်းတွေက သိပ်ကျနေတာယ်နော်"

"ဟုတ်တယ် ကိုကြီး…သိပ်အေးလား ဒါကြောင့် သူများက စောစောနိုးလိုက်တာက ဘွားတော်ကြီးလည်း ခေါင်းခင် ထွက်လာရတာပေါ့၊ နို့မဟုတ်ရင် ဆူနေမှာစိုးတယ်"

"အင်း…အဘွားရှိနေရင်တော့ နည်းနည်း သတိထားရမှာပဲ"

"ပြီးတော့ သူများကို သူ့အိတ်ရှင်းခိုင်းပြီး ဆေးထုပ်ရှာခိုင်းတော့ လက်ဝတ်လက်စားတွေ ပါလာတာပဲ"

"ဟုတ်လား"

"အင်း…လက်ကောက်နှစ်ကွင်း၊ လက်စွပ်တစ်ကွင်း၊ ပြီးတော့ လက်စွပ်တစ်ကွင်း သပ်သပ်က အခန်းထဲမှာ ပြုတ်ကျနေတယ်၊ ရွှေတုံးလေးတစ်တုံးရော သူ့ရွှေတွေက ပြန့်ကြဲနေပြီး တွေ့ရာထိုးထည့်ထားသလိုပဲ၊ ဒါနဲ့ သူများက စုစည်းပြီး သူ့လက်ထဲထည့်ပေးထားလိုက်တယ်၊ အဘွားချွေးခံအိတ်ထဲ ထည့်ထားဖို့လေ"

"ဟုတ်လား…ဘာပြောလဲ"

"ဘာမှမပြောဘူး အေး…အေး…အေး ပါလာတာတောင်

www.burmeseclassic.com

www.burmeseclassic.com



မသိဘူးတဲ့၊ ကိုကြီး အဘွားကို ပစ်ထားလို့ သိပ်မဖြစ်တော့ဘူး၊ အသက်ကြီးတော့ သိပ်မေ့တတ်နေပြီး သူ့ဆေးထုပ်တွေလည်း ပါမလာပါဘူး၊ နေမကောင်းဘူးဆိုရင် ကိုကြီးရဲ့ ဆရာဝန်နဲ့ပဲ ပြလိုက်ပေါ့၊ သူများက ဆေးတိုက်ပေးရမယ့် လူနာတိုးသွားပြီပဲ၊ ဒီလိုမှန်းသိရင် သူနာပြုသင်တန်းတက်ထားပါရဲ့၊ ကိုကြီး ရှေ့က လမ်းက သိပ်မကောင်းဘူး မြန်လှည့်ပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်တာပေါ့၊ လမ်းမကောင်းရင် ကိုကြီးလျှောက်လို့ သိပ်ရမှာ မဟုတ်ဘူး"

"မင်းပါနေတာပဲ လျှောက်မယ်ကွာ"

"ဝွတ်ပါလား"

သူမလက်ကို တင်းတင်းဆုပ်ကာ ရှေ့ဆက်လျှောက်စဉ် သစ်ပင်အရိပ်ကလေးများ၊ အိမ်အဆောက်အဦများကို ဝိုးတဝါး အရိပ်မည်းများတွေ့နေရသည်။ သို့ရာတွင် လမ်းခလုတ်ကန်သင်းများကိုတော့ မတွေ့ရပေ။

"ဘယ်နှစ်နာရီ ရှိပြီလဲ"

"သူများတို့ထွက်လာတာ နာရီဝက်လောက်ရှိပြီဆိုရင် ငါးနာရီခွဲကျော်သွားပြီ ထင်တာပဲ၊ ဟော...ကိုကြီး ခလုတ်တိုက်မြန်ပြီ"

"ပိုက်ဆံပါခဲ့လား"

"အင်း...ပါပါတယ် ဘာလုပ်မလို့လဲ"



"အပြန်ကျရင် ဈေးဝင်ပြီး မုန့်ဟင်းခါးဝယ်စားကြရအောင် လေ"

"အမယ်...ဒီဘက်မှာဈေးရှိနေတာကို သိနေတယ်လား"

"ကိုယ်က ဒီရပ်ကွက်မှာကြီးလာတာပဲ၊ ပြီးတော့ အမေက န်းရောင်းခဲ့တယ်လေ၊ ကိုယ်ငယ်ငယ်က အမေ့ကို ပန်းခြင်းဝင်ပို့ ပေးပြီးမှ ကျောင်းတက်တာ"

"သိပ်လိမ္မာတာပဲ၊ ကိုကြီးတို့ ငယ်ငယ်ကလည်း ဆင်းရဲ ခဲ့တာပဲလား"

"အင်း...ဘယ်သူမှ မွေးလာထဲက ဆင်းရဲမယ် ချမ်းသာ ယ်ဆိုတာ ကြိုတင်ပြီးမှ မသိကြတာ၊ မေမေက ဆင်းရဲတယ် န်းရောင်းတယ်၊ ဒါကို သူဌေးသားဖေဖေက ယူလိုက်တော့ ဆင်းရဲတာပေါ့ကွာ၊ ဒါပေမယ့် ဖေဖေ့ရဲ့လက်ကိုင်စကားက တော့..."

" If you were borm poor, it is not you mistale. But if you die poor. it is your mistake တဲ့လေ၊ ဆင်းဆင်းရဲရဲနဲ့ မွေးဖွားလာတာ မင်းအပြစ်မဟုတ်ဘူး၊ ဆင်းဆင်းရဲရဲနဲ့ သေဆုံးရခြင်းဟာ မင်းအပြစ်ပါပဲတဲ့"

"ဘီကိတ် Bill Gates ကရေးထားတာမဟုတ်လား၊ စာကြည့်ခန်းထဲမှာ ရေးထားတာကို တွေ့လိုက်တယ်"

"ဟုတ်တယ် ကိုယ့်မိဘနှစ်ပါးဟာ ဆင်းရဲခြင်းကံတရားကို

www.burmeseclassic.com

www.burmeseclassic.com



မြုပြင်ပြီး ကြိုးစားရုန်းကန်လာခဲ့တာပဲ၊ အနှစ်နှစ်ဆယ်ပေ
အနှစ်နှစ်ဆယ်မှာ အေးချမ်းစွာနဲ့နေမယ့် စိတ်ကူးရှိသေးတယ်

သူက စကားပြောရင်း မိဘနှစ်ပါးအား သတိရစွာဖြင့်
ရုပ်တန့်သွားသောအခါ နှင်းဝတ်မှုန်က သူ့လက်ကို ဆုပ်ကိုင်
သတိပေးရင်းက...

"မြုပြင်လို့မရတာ ကြိုးစားရုန်းထွက်လို့မရတာက သေခြင်း
တရားပါဝဲ မဟုတ်လား၊ ကဲ...ကိုကြီးရေ ညာဘက်ကို ကွေ့
တော့ ဈေးရောက်ပြီပဲ၊ ဒါပေမယ့်...အခုမှ ဈေးကားရောက်
ဆိုတော့ သိပ်ရှုပ်နေတာပဲ၊ လျှောက်နိုင်သေးရင် ဆက်လျှော
ပြီးတော့ အပြန်ကျမှ ဝင်စားကြရအောင်နော်"

"မင်းသာပါရင် မိုးကုတ်စက်ဝိုင်းအထိ သွားလို့ရတယ်တွ

"ဟင်း...မျက်စိပြန်မြင်လာတဲ့အခါ ဒီစကားမျိုးပြောတေ
မှာ မဟုတ်ဘူး"

"မင်းတို့မိန်းမတွေဟာ ဒီလိုပဲ၊ ကြိုတင်သံသယတွေ
ကြိုတင်ပြီး သဝန်တိုနေကြတာပါပဲလား"

"သဝန်တိုတာမဟုတ်ပါဘူး ကိုကြီးရယ်...အားငယ်တ
ပါ၊ စိုးရိမ်တာပါ၊ ကဲ...ဟိုဘက်လမ်းကိုလျှောက်ကြရအော
နော်၊ ဘယ်ဘက်ချိုးကြစို့"

"ကျောင်းရှိတယ်၊ ကိုယ် ငယ်ငယ်ကနေခဲ့တာ"

အတိတ်ကိုသတိရစွာဖြင့် တမ်းတမ်းတတလေးဖြစ်



ခြေလှမ်းများပင် နှေးကွေးလာတော့သည်။ ထိုအခါ သူ၏အရိပ်
လေးက သူ့လက်ကိုဆွဲကာ...

"ကိုကြီးရေ...ရှေ့မှာ ငှက်ကလေးနှစ်ကောင် အိပ်ရာက
ပြီး အညောင်းပြေ လမ်းမပေါ်မှာ ခုန်ဆွခုန်ဆွလုပ်နေကြ
တယ်၊ ငှက်နှစ်ကောင်အထိမ်းအမှတ်ကဘာလဲ သိရဲ့လား"

"ပျော်ရွှင်ခြင်းတဲ့"

"တစ်ကောင်တည်းရော..."

"ဝမ်းနည်းခြင်းတဲ့"

"သိသားပဲ...သူများတို့မိန်းမသားတွေပဲ အဲဒီလိုနိမိတ်ပုံ
ဆို ယူတတ်တာပဲမှတ်တယ်"

"ပော...သုံးကောင်ရော၊ သုံးကောင် ကိုယ်မသိလို့ပါ၊
မေမေက ပြောပြောနေလို့သိထားတာ"

"တကယ်လား...ကိုကြီးမေမေက ဘယ်တုန်းကသင်ပေး
တာလဲ"

"ငယ်ငယ်ကပါ...ဒီလိုပဲနံနက်စောစောသွားရင်းက ငှက်
ကလေးတွေကိုမြင်လို့ ပြောပြတာပါ၊ သုံးကောင်ကိုတော့ မေမေ
က တစ်ခါမှမပြောဖူးဘူး"

"ဟုတ်လား...ငယ်သေးတော့ ဘယ်ပြောမှာလဲ၊ သုံး
ကောင်တွေ့ရင် ချစ်သူတွေ့မယ်တဲ့"

"ဟုတ်လား...တွေ့ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...နှစ်ကောင်တည်းပဲ တွေ့တွေ့နေတာ"

"အလည်မ..."

"မချင့်မရဲနှင့် လက်ကိုဆွဲကိုင်နေရာမှ သူမပခုံးကို လိုက်မိသည်။

"လမ်းမှာလူတွေရှိပြီနော်"

"ကိုယ်မှမမြင်တာ၊ မရှက်ပါဘူး"

"ကျွန်မကမြင်တော့ ရှက်တယ်"

"ပခုံးလေးဖက်ရုံများကွာ...ဘာမှမဖြစ်ပါဘူး၊ ချစ်သူ ဆိုရင် လူတွေက နားလည်ခွင့်လွှတ်ကြမှာပါ။ ချစ်သူချင်းတွေ့ အချိန်ရယ်...ချစ်သူချင်းပြောတဲ့စကားတွေကို ဘယ်သူမှ အ မယူကြပါဘူးကွယ်"

"ဟော...သူ့ကိုဘယ်သူကချစ်တယ် ပြောလို့လဲ၊ သူ က သူ့ရဲ့အဖော်လေ"

"ရာသက်ပန်လက်တွဲဖော်ပဲပေါ့"

သူမ၏ပခုံးကိုဖျစ်ညှစ်ကာ ပြောလိုက်စဉ် သူမထံမှ အ ပြင်းချသံ တိုးသဲ့သဲ့ထွက်ပေါ်လာလေသည်။

"စကားကိုအကုန်မပြောပါနဲ့ဦး ကိုကြီးရယ်...တို မျက်လုံး ပြန်ကောင်းပါစေဦး"

"ဟုတ်ပါတယ်လေ...မျက်မမြင်တစ်ယောက်အဖို့ ခြင်းနဲ့တောင် မထိုက်တန်သေးပါဘူးပေါ့"



"အဲဒီလိုမခံနဲ့ပါနဲ့ ကိုကြီးရယ်...ကိုကြီးစိတ်ကို ပိုင်ပိုင် နိုင် မဆုံးဖြတ်နိုင်သေးပါဘူး၊ အနေနီးလို့ ချစ်တယ်လို့ထင် တာပါ"

"မင်းက အဲဒီလိုထင်နေတာပဲ၊ ကဲ...အခုပဲ အဘွားကို ပြောပြီး လက်ထပ်မယ်ကွာ"

"အဆင့်တွေကျော်ကုန်ပြီပဲ၊ အဲဒါကြောင့် သူများက အနေ တော့ မိန်းမအဖြစ် သိမ်းပိုက်ချင်တဲ့စိတ်ပဲဖြစ်နေတာကို ပြောက်တာ"

ရုတ်တရက် သူ့လက်များပြုတ်ကျသွား၏။

ဒီမိန်းကလေးကိုချစ်ရသည်မှာ သူ၏ဖြူစင်သောအချစ်ကို လေသာနှင့်ယှဉ်၍ အရောင်ဆိုးခြင်းခံရသောကြောင့် ဒေါင် တ်သက်နှင့် စိတ်မကောင်းလည်း ဖြစ်သွား၏။

"မတို့ပြန်ချင်နေပါကွယ်...ဒါပေမယ့်...ကိုယ်ချစ်တာ ဒီလိုမဟုတ်ပါဘူး၊ ကိုယ်တို့ဗမာလူမျိုးထုံးစံဟာ တရားဝင် လ်ထပ်မှ အချစ်ကိုတန်ဖိုးထားပြီး ရာသတ်ပန်ရိုးမြေကျ အတူနေရတယ်လို့ ယူဆကြတာပဲမဟုတ်လား"

နှင်းဝတ်မှုန်ထံမှ တုံ့ပြန်သံမကြားရသော်လည်း သူ၏ ဘ်မောင်းကို လာရောက်ဆုပ်ကိုင်ကာ...

"ပြန်ကြွကြရအောင်နော်၊ ဧရာဂ်တက်လာပြီ"

ထိုအခါမှ သူက မျက်လုံးကိုအာရုံစိုက်ပြီး ပတ်ဝန်းကျင်ကို

www.burmeseclassic.com



ကြည့်မိရာ အလင်းရောင်လဲ့လဲ့လေးကို တွေ့လိုက်ရသည်။ သစ်ရိပ် အဆောက်အဦးရိပ်ကြားမှ အလင်းရောင်ကိုမြင်ရသည်မှာ သူ့အတွက် မျှော်လင့်ခြင်းအားမာန်တစ်ခုပင် ဖြစ်နေလေပြီ။

"လာ ကိုကြီး...မုန့်ဟင်းခါးစားရအောင်နော်"

"ဈေးနားကဆိုင် ကောင်းတယ်၊ မေမေက သိပ်ကြိုက်တာ၊ အဲဒီဆိုင်က အဖေဝယ်နေကျဆိုင်ပါ"

"စာတ်ကဲ့"

မိခင်အား ပြန်လည်၍တမ်းတလျက် မိခင်ကြိုက်သော မုန့်ဟင်းခါးဆိုင်မှာ မိခင်နှင့်တူသော မိန်းမတစ်ဦးနှင့်အတူ မုန့်ဟင်းခါးစားရသည်မှာ ပထမဦးဆုံးအကြိမ်ပင်ဖြစ်သည်။

"ဟော...သားလေး ကြည့်စမ်း၊ သားတို့သားအမိ မလာလို့ အန်တီက သတိထားလိုက်မိသေးတယ်၊ ပြောင်းသွားပြီလား လို့၊ လက်စသတ်တော့ အမေနဲ့ တွဲသွားတွဲလာမလုပ်တော့တာ ဒါကြောင့်ပဲကိုး၊ ကဲ...ဘူးသီးကြော်နဲ့ပဲလား၊ သမီးကရော ဘာကြော်စားမလဲ၊ ချောလိုက်တာကွယ်၊ သားနဲ့ ရွေ့သွားနောက် လိုက် ညီပါပေတယ်"

"ကျွန်မကိုလည်း ဘူးသီးကြော်နဲ့ပေးပါ။ ငရုတ်သီးမထည့်ပါဘူး အန်တီ"

"သိတယ်...သိတယ် သားအကြိုက်ကိုသိတယ်၊ ဘူးသီး ကြော်ထည့်မယ်၊ ငရုတ်သီးနှံ့နှံ့ပင်မထည့်ဘူး၊ ပဲသီးပဲ ထည့်မယ်၊



..မပြောင်းလွဲပါဘူးနော်၊ ရော့...သား"

မုန့်ဟင်းခါးသည်က သူ့အား အရင်ကလိုမှတ်၍ မုန့်ဟင်း န်းကန်ကိုလှမ်းပေးရာ သူက ကျောက်ရုပ်လိုငေးငိုင်နေ င်း နှင်းဝတ်မှုန်က ကပျာကယာယူလိုက်ပြီး မွှေပေးကာ တိုလက်ထဲထည့်ပေးလိုက်သည်။

"အို...သူ့အမေအတိုင်းပဲ၊ အရမ်းဂရုစိုက်တာပဲ၊ သား က ကံကောင်းတယ်နော်၊ မင်းမေမေ ပန်းမရောင်းတော့ သား"

"မရောင်းတော့ပါဘူး အန်တီရယ်...အငြိမ်းစားယူလိုက် ပြီ ဟင်း...ဟင်း...ဟင်း...ကျွန်မတစ်ယောက်လုံးရှိနေမှ တော့ သူ့အမေက ဘာမှပူစရာမလိုအောင် သူ့သားအတွက် လုံးပြည့်စုံသွားပြီပေါ့"

နှင်းဝတ်မှုန်ဖြေလိုက်သောစကားကြောင့် သူ အံ့အားသင့် မိသည်။ မုန့်ဟင်းခါးသည်က သူမအား ချီးကျူး၍မဆုံးတော့

မိခင်ကိုသတိရလျက် ဘာဖြေရမှန်းမသိဖြစ်နေစဉ် နှင်း တ်မှုန်က အလိုက်သင့်လေး အဖြေပေးလိုက်၏။ မုန့်ဟင်းခါး ည်ကြီး၏ အထင်နှင့်ပြောစကားကို သူမက မဖြေရှင်းခဲ့ပေ။

ထို့ကြောင့်ပင် အပြန်ခရီး၌ သူမလက်ကို မြဲမြဲဆုပ်ကိုင် ိတ်ရင်းက...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ့်ဇနီးအဖြစ်ထင်နေတာကို မဖြေရှင်းဘူးလား ဟင်"

"ရှင်းရင်ပိုရှုပ်ကုန်မှာမို့ ဒီအတိုင်းပဲထားတော့ မရှင်းရ တော့ဘူးပေါ့"

"မင်း နစ်နာသွားမှာပေါ့"

"အစ်ကိုကြီးနားမှာ ကျွန်မနေနေရသရွေ့ နေခွင့်ရှိသရွေ့ တော့ မနစ်နာပါဘူး၊ ကိုကြီးရဲ့ဇနီးလို့ ထင်ရုံပဲရှိမှာပေါ့"

"မင်းသိက္ခာကျမှာပေါ့၊ ကိုယ့်ရဲ့ချစ်ခြင်းကို မင်းနားလည် လက်ခံတဲ့အခါ အဖေတို့ အမေတို့လို ရာသက်ပန်ရိုးမြေကျပဲပေါ့"

"ကိုကြီး...အချိန်တွေစောပါသေးတယ်၊ ဆန္ဒသိပ်မစော ပါနဲ့နော်၊ ကျွန်မကို နှစ်တစ်ယောက်လို သဘောထားကြည့်ပါ လား။ ဟော...ဟိုမှာ အဘွားနဲ့အဖေ လိုက်လာပြီ"

သူမပြောစကားကြောင့် ရှေ့သို့အာရုံစူးစိုက်ကြည့်သော အခါ အမှန်တကယ်ပင် အရိပ်နှစ်ခုကို မြင်တွေ့နေရသည်မို့ ဘာမျှမပြောတော့ပေ။

"ကြည့်စမ်း...မြေးက လူကောင်းတစ်ယောက်လိုပဲ လျှောက်သို့ပါလား။ တုတ်တောင်မပါဘူး"

"ဒီမှာ တောင်ဝှေးလေ"

သူမ၏ ရှန်းထွက်ချင်နေသောလက်ကို တမင် တင်းတင်း



ဆုပ်ကိုင်ကာ အဘွားကိုမြှောက်ပြလိုက်၏။

"ဒါဆို...အဘွား နားလည်သဘောပေါက်သင့်ပြီပဲပေါ့"

❋ ❋ ❋

"ဒီဆန်ပြုတ်မျိုး ငါဘယ်တုန်းက စားလို့လဲ၊ ယူသွားစမ်း ငါ မျက်နှာကိုပေါက်ထည့်လိုက်မယ်နော်"

"အဘွား...အဘွားဆေးသောက်ရဦးမှာမို့ အစားစားမှ ဖြစ်မှာပါ၊ အဘွားကြိုက်တဲ့ပုံစံကိုပြောပါ၊ ကျွန်မ အခုပဲချက်ပေး ပါ့မယ်"

"ငါးရံ့ဆန်ပြုတ်"

"ဟုတ်ကဲ့ ကျွန်မ ပြုတ်ပေးပါ့မယ်"

"ခရမ်းကဆော့သီးနဲ့ပြုတ်တဲ့ ဆန်ပြုတ်နော်"

"ရှင်..."

"မောတယ်အေ...ညည်းဘာသာညည်း လုပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်"

နှင်းဝတ်မှုန် မမေးရဲတော့ပေ။ အပြင်ဘက်မှာရပ်
မသက်မသာနှင့် နားစွင့်နေသော သူ့အား အားကိုးတကြီးနှင့်

"ခရမ်းသီးလား"

"မြို့ဖျက်ခရမ်းကို ခရမ်းကဆော့သီးလို့ပြောတာဝ်"

"ဟာ...ခြံနောက်မှာရှိတယ်၊ တော်သေးရဲ့ ကိုကြီး
ကိုယ့်ဟာသာ သင်တန်းသွားတော့နော်၊ သူများ အဘွား
ပြုစုလိုက်ဦးမယ်၊ အဘွားက ကိုယ်တွေပူပြီး သွေးတိုးနေ
ဂရုစိုက်ရမယ်နော် ကိုကြီး"

"အင်းပါ...အဘွားကို သေသေချာချာဂရုစိုက်
နော်၊ ကိုယ့်မှာ ဒီအဘွားပဲရှိတာပဲ၊ သည်းခံပေးပါနော်"

"စိတ်ချပါ ကိုကြီးသွားတော့နော်၊ ကျွန်မ ဆန်ပြုတ်
လိုက်ဦးမယ်၊ အဘွားဆေးသောက်ဖို့က အချိန်ကျော်နေပြီ

သင်တန်းသို့ သွားသာသွားရသည်။ သူ့စိတ်ကမငြိမ်
သဖြင့် ဆရာအား အကျိုးအကြောင်းပြောပြကာ အိမ်
စောစောပြန်လာခဲ့တော့သည်။

အစဉ်အမြဲ တွဲလျက်ပါလာသော နှင်းဝတ်မှုန်ပါမလာ
သူ့အနားမှာ လွတ်ဟာနေသလို သူ့တစ်ကိုယ်လုံးလည်း မ
သလို ခံစားနေရ၏။

နှင်းဝတ်မှုန်ကို သိပ်တွယ်တာပြီး အားကိုးအားထား



ရောလား။

"မှုန်..."

"ရှူး...ဘွားတော်အိပ်နေတယ် တိုးတိုး"

"အဆင်ပြေလား"

"မနည်းချော့ကျွေးရတယ်၊ ဒါတောင် ပေါ့တယ်လုပ်လို့
အနည်းနည်းထည့်ပြရတယ်"

"အဲဒီဆန်ပြုတ်မျိုး ကိုယ်လည်းသောက်ချင်တယ်"

"ဟင်း...လူမမာဆန်ပြုတ်ပဲ၊ ထမင်းစားပြီးမှ နည်းနည်း
သောက်ကြည့်...တော်ကြာ ထမင်းစားပျက်နေဦးမယ်"

သူ၏ တစ်ဦးတည်းသောအဘွားအား စိုးရိမ်ကြီးစွာဖြင့်
ချောင်းကြည့်လိုက်မိသည်။ သူသည် ဆွေမျိုးဟူ၍ လက်ညှိုးထိုး
ပြရာ ဒီတစ်ဦးရှိနေခြင်းကို စိတ်တွင်းမှကျေနပ်စွာ လက်ခံ
ထုတ် အားကိုးနေခဲ့သည်။ ယခုလို အဘွားက သူ့ထံ၌ နေမကောင်း
ဖြစ်နေခြင်းကို သူ စိတ်ပူ၍မဆုံးတော့ပေ။

"တဖြည်းဖြည်းနဲ့ သွေးပေါင်ကျသွားတာကောင်းပါတယ်လို့
ဒေါက်တာကပြောပါတယ်၊ ညနေမှ တစ်ခေါက်လာကြည့်ပေး
မယ်တဲ့၊ ကိုယ်ပူလည်းကျသွားပါပြီ"

"ကျေးဇူးတင်ပါတယ် မှုန်ရယ်...ကိုယ့်မှာ ဒီအဘွား တစ်
ယောက်တည်းရှိတာဆိုတော့ သူဖျားပြီးမှုနေတာကို မှုန်က
သိတာမြန်သွားပေလို့ပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲသို့ ဇွန်းထည့်ပေးပြီး အနားမှာထိုင်၍ အ ထွင်ပေး ဟင်းထည့်ပေးလျက်ရှိသော နှင်းဝတ်မှုန်ကို အ တကယ်ပင် ကျေးဇူးတင်နေမိသည်။

"လူကြီးတွေဖြစ်ဖြစ် ကလေးတွေဖြစ်ဖြစ် နေမကောင်း အခါ အားငယ်တတ်တယ်လေ၊ ခါတိုင်း ကျွန်မအပေါ်မှာ ဆူ နေတဲ့ ဘွားတော်ကြီးက ဒီတစ်ခါ သိပ်ပြီးနုံးညံ့နေလို့ မသက် ကိုယ်စမ်းကြည့်မှသိရတာ"

"မနေ့ကမနက်တုန်းက ကိုယ်တို့နောက်ကို အစော လိုက်လာတာ အအေးမိသွားလားမသိဘူးနော်"

"ဟုတ်မှာပေါ့ ဒီဘက်ဘေးမှာ ဟင်းချိုသောက်ပါဦး"

"ဆန်ပြုတ်သောက်ကြည့်ချင်သေးတယ်၊ ကိုယ့်ကို ထ အများကြီးထည့်မပေးနဲ့နော်"

"စိတ်ချပါ...နွှေးထားပါတယ်၊ နည်းနည်းနွှေးသွားတဲ့အ သောက်ကြည့်ပါ၊ ကျွန်မတော့ အခုမှစားဖူးတာ၊ ကြုံကြုံဖန် ပြုတ်စားတယ်နော်၊ မန္တလေးက အဲဒီလိုပဲစားသလား"

"မသိပါဘူး ကိုယ်လည်း အခုမှကြားဖူးတာ"

သူတို့နှစ်ယောက် စကားပြောပြီး ရယ်မောနေမိကြ အိပ်ခန်းထဲမှ တခေါက်ခေါက်အသံကြားသဖြင့် နှင်းဝတ်မှုန် ကမျာကယာထမေးလျက်...

"ရွှေမိရေ...ဒီမှာလိုအပ်တာကို လုပ်ပေးပါဦး"



"မင်းပဲအနားမှာထိုင်နေပါ၊ အဘွားဆီကို ရွှေမိကလုပ်ပေး ိမ့်မယ်"

"ဟင့်အင်း...လူကြီးကိုပြုစုတဲ့နေရာမှာ အကြောင်းသိမှ ာ၊ ခဏလေးနော်"

နှင်းဝတ်မှုန်အား အနားမှာပင် မခွဲမခွာနေစေချင်မိသည်။ ထမင်းကိုမြန်မြန်စားနေစဉ် အဘွားနှင့် နှင်းဝတ်မှုန် အနားသို့ ာက်လာ၏။

"ငါ့မြေးနဲ့အတူတူ ထမင်းစားမယ်"

"အဘွားကို အဖျားရှိသေးလို့ မနက်ဖြန်မှထမင်းကျွေးဖို့ ရာဝန်ကပြောပါတယ်"

"ဒီလောက်လေးဖျားတာများ စားလို့ရပါတယ်အေ၊ နေပါနဲ့၊ ငါ ထမင်းပဲစားချင်တယ်"

"အဘွားက ထမင်းပဲစားချင်နေ၊ အဘွားမြေးက ဆန်ပြုတ် ာက်ချင်လို့တဲ့ နွှေးထားပြီးပြီ၊ အဘွားတို့ မြေးအဘွားနှစ် ာက် ဆန်ပြုတ်သောက်ပါလားဟင်၊ ဆတ်သားခြောက်ပါ ထ်ထားတယ်"

"ဟုတ်တယ်အဘွား...ထမင်းစားရတာက ရိုးနေပြီ၊ န်ပြုတ်သောက်ကြည့်မယ်၊ မှုန်ရေ...ပေးစမ်းပါ ဆတ်သား ခြောက်ကို ဆီရွှဲရွှဲနဲ့"

သူတို့နှစ်ဦးသည် အတိုင်အဖောက်ညီစွာ ဆန်ပြုတ်

www.burmeseclassic.com



သောက်ရန်သာပြောပြီး ထမင်းဝိုင်းကို လက်စသတ်လိုက်၏။

"ငါ ဒီရောက်မှပဲ ထမင်းဇိတ်တော့တယ်၊ စားချင်တာ မစားရဘူး၊ အသက်ကြီးနေပြီပဲ ဘာရှောင်နေရဦးမှာလဲ"

"ကျန်းမာရေးအရ ခဏတော့ရှောင်လိုက်ပါ အဘွားရယ် ဒါမှ ကျွန်တော်လည်း အဘွားကျန်းမာ အသက်ရှည်တော့ အားကိုးရတာပေါ့"

"အေး...ဟုတ်တယ် ငါ့မြေးအတွက် အသက်ရှည် ကျန်းမာပေးရမှာမို့နော်"

ထိုအခါမှ အဘွားသည် ဆန်ပြုတ်ကိုသောက်လိုက် ဆေး သားခြောက်ကိုဝါးလိုက်နှင့် မြေးအဘွားနှစ်ဦး အပြိုင်စားသော ကြသည်။

"မြေးရဲ့ မျက်လုံးအခြေအနေကို သေသေချာချာစမ်းသပ် ပါဦးကွယ်၊ အခု ငါးလလောက်တောင်ရှိရောပေါ့၊ တိုးတက်ရဲ့ လား"

"တိုးတက်လာပါပြီ အဘွားရယ်...နေ့နဲ့ည အလင်းနဲ့ အမှောင်ကိုတော့ ခွဲခြားလို့ရနေပါပြီ၊ အာရုံကြောကို ထိခိုက် သွားတယ်ဆိုတော့ အချိန်နည်းနည်းကြာမယ်လို့ပြောတာပဲ အချို့က အာရုံကြောပေါက်ပြီး အချို့က ရောင်သွားတော့ဆို တော့ အကြောလေးတွေ နေပြန်ကောင်းအောင် ဆေးကုသရ မှာပေါ့"



"ငါ့မြေးရယ်...အသက်ကြီးတဲ့အဘွားတောင်မှ ရောဂါ ဆိုးနည်းဖြစ်တာနဲ့ ဒဏ်မခံနိုင်ဘူးဖြစ်ခဲ့တယ်၊ ငါ့မြေးက သိပ် သည်းခံနိုင်တာပဲကွယ်၊ အဘွားကတော့ အသက်ခုနစ်ဆယ်ရှိပြီ ဆိုတော့ အဘွားမသေခင် မြေးမြစ်တွေစုံစုံညီညီနဲ့ ဖြစ်စေချင် တယ်"

အဘွား၏စကားကြောင့် အနားမှအရိပ်တလေး ထွက်သွားသည်ကို သတိထားလိုက်မိ၏။

"ဟိုမှာ...ငါ့မြေးအတွက် ဇနီးလောင်းက အဆင်သင့် ရှိသားပါကွယ်၊ မြေး မျက်လုံးပြန်ကောင်းသွားတာနဲ့ လက်ထပ် ဖို့ အဆင်သင့်ပဲ"

"ဒါဆို ကန်းနေရင်မဖြစ်ဘူးပေါ့"

"အော်...မြေးရဲ့ သူတို့က ဆွေကြီးမျိုးကြီးတွေလေကွယ်၊ တစ်ဦးတည်းသောသမီးလေးကို ရွှေလိုအုထားရတာကွယ့်၊ အဘွားနဲ့ကလည်း စီးပွားဘက်တွေပါပဲ"

"အဘွားနော်...စကားတွေမလွန်ထားနဲ့ဦး၊ ကျွန်တော့် မျက်လုံးက ဘယ်လိုနေမလဲမသိသေးတာ၊ သုံးလေးနှစ်ကြာမှ ပြန်လင်းချင်လင်းမယ်၊ မလင်းဘဲနဲ့ ကွယ်ချင်ကွယ်သွားနိုင်တာမို့ အဘွားတို့ ဂုဏ်ကြီးရှင်အသိုင်းအဝိုင်းတွေနဲ့ မပတ်သက်ပါရစေနဲ့ ဗျာ"

"မြေးနော်...အဘွားရဲ့တစ်ဦးတည်းသောမြေးနဲ့ မျိုးဆက်

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ သန့်မှ မြင့်မြတ်မှ အဘွားရဲ့အမွေကို ဆက်ခံနိုင်တာပ

အဘွား၏စကားကြောင့် သူ့ရင်ထဲမှာ နှင်းဝတ်မှုန်

သားအဖကို အလွန်အားနာသွားပြီး ရုတ်တရက် ထိုင်ရာ

ထကာ...

"အဘွားက ဒီမျိုးကြီးဆွေကြီးတွေပဲ ဂရုစိုက်ပြီး သားအရ

ဖြစ်ခဲ့ ကျွန်တော့်မိဘတွေကို ပစ်ထားခဲ့တာပဲ၊ အဘွားနဲ့ မြ

ဆက်သွယ်တာ လေးနှစ်လောက်ပဲရှိသေးတာ၊ အခုလည်း ကျွ

တော်က ဒုက္ခိတမို့ အဘွားရင်ထဲမှာ အရင်ကလိုပဲ အဘွ

စွန့်ပစ်တဲ့ မိသားစုလိုပဲ သတ်မှတ်ထားပေးပါ၊ အခုမှသိကျွမ်း

ဂုဏ်တွေငွေတွေနဲ့ မှုန်းထားတဲ့အသိုင်းအဝိုင်းထဲကို မဝင်ပါ

စေနဲ့...အဘွားမှာ မြေးမရှိဘူးလို့ပဲ မှတ်လိုက်ပါ၊ ကျွန်တော်

အိမ်ထောင်ရေးအတွက် အဘွား ဘာမှမစဉ်းစားပါနဲ့၊ မစီ

ပါနဲ့ဗျာ၊ အဲဒါဆိုရင် အဖေ့လိုပဲ အဘွားရင်နာရမှာပဲ"

"အမယ်လေး...ပြောရက်လိုက်တာ...သူ့အဖေနဲ့ ထ

ထေရာတည်း၊ အဖေတူတဲ့သား၊ အဖေတူတဲ့သားပဲ၊ ငါ...

အသက်ကြီးမှ ဒီမြေးလေးနဲ့ပျော်ရပြီမှတ်တာ၊ ခုတော့ ပြောရ

လိုက်တာ"

"အဘွား...အဘွား"

ချက်ချင်းပင် သူ့စကားများသွားမှန်းသိလိုက်သဖြင့် ငိုး

ပါနေသော အဘွားကို ချော့တာ အတင်းတောင်းပန်လိုက်



သည်။

"ခွင့်လွှတ်ပါအဘွားရယ် မျက်မမြင်ဘဝမှာ ဘယ်သူ့ကိုမှ

ည်း မယုံကြည်နိုင်ဘူး၊ သားအတွက် ရွှေငွေတွေမလိုပါဘူး

တ္တာပဲလိုပါတယ်၊ ကိုယ့်အပေါ် စေတနာ မေတ္တာထားတဲ့သူပဲ

အပ်နေတာပါ"

အဘွားထံမှ ရုတ်တရက် စကားသံမကြားရသောကြောင့်

တာ နှင်းဝတ်မှုန်ဘက်လှည့်ကာ...

"အနားမှာ ဘယ်သူမှ မရှိကြဘူးလား၊ ရွှေမိရေ နှင်းဝတ်

"လာပါပြီ"

"အဘွားရော...အဘွားအသံမကြားလို့..."

"ငါရှိပါတယ် ဘာမှမဖြစ်ဘူး၊ ငါစဉ်းစားနေတာပဲ

အတွက်ကို ငါက စိတ်ပူလို့ပြောတာ ကိစ္စမရှိပါဘူး၊ ငါက

လောကမှာ ကြာကြာနေရမယ့်သူမဟုတ်တော့ မင်းတို့ဘဝ

ဆိုမှန်းတီးကြတာပဲလေ၊ စိတ်တိုင်းကျသာနေတော့ ဟဲ့...

င်ဘဇံ ငါ့ကို လေယာဉ်လက်မှတ် ဝယ်ပေးစမ်း၊ လေယာဉ်

က်မှတ်မရရင် ကားလက်မှတ် ဝယ်ပေး"

"ဟာ...အဘွားနေမကောင်းသေးဘဲနဲ့ မပြန်ပါနဲ့ဦး

ဘွားရယ် သားတောင်းပန်ပါတယ်"

"ငါ...နေကောင်းနေပြီပဲ၊ ကဲ...မောင်ဘဇံ လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဘွားက လေသံမာနှင့်ပြောပြီး ထမင်းစားခန်းမှ ထွ
သွားသောအခါ သူငေးငိုင်၍ ကျန်ရစ်ခဲ့၏။

ကိုယ့်ကိုယ်ကို အပြစ်တင်၍ မဆုံးနိုင်တော့ပေ။ လော
မှာ တစ်ဦးတည်းသော အားကိုးအားထား အဘွားကို စိတ်ည
အောင် လုပ်ခဲ့မိခြင်းသည် နှင်းဝတ်မှုန်အား ထိခိုက်၍သာ
သည်။

အချစ်၏စွမ်းအားသည် ဤမျှလောက် ကြီးမားလွှမ်း
လိမ့်မည်ဟု မထင်ခဲ့မိပေ။

ဦးဘဇံ၏အသံကို မကြားရသော်လည်း အဘွားအိ
အမိန့်ကို မလွန်ဆန်နိုင်သည်ကိုတော့ သိနေရသည်။

ချမ်းသာကြွယ်ဝသလို မိန်းမတစ်ဦးတည်းနှင့် စီးပွား
ကို လုပ်ကိုင်ရာတွင် အောင်မြင်နေသောကြောင့် မာနကြီးလှ
လှပေသည်။ သူ့အား နည်းနည်းမှ ထိခိုက်၍ မရပေ။

သူ့အမှားမို့ မည်သို့ချော့ရမည် မသိဖြစ်နေစဉ် နူးညံ့
လက်အစုံက သူ့လက်မောင်းကို လာရောက်ထိကိုင်ကာ အိပ်
ထဲသို့ ဆွဲခေါ်ယူလိုက်ပြီး ဆေးများကို လက်ထဲသို့ ထည့်
ရေခွက်ထည့်ပေးပြီး...

"ဆေးသောက်ပြီး အသာနေ နေပါ ကိုကြီး...ကျွန်မ
ပေးပါ့မယ်၊ လူကြီးတွေက စိတ်ဆိုးခဏပါပဲ ကိုကြီးရယ်...
စိတ်မပူပါနဲ့"



နှင်းဝတ်မှုန် အပြင်ပြန်ထွက်သွား၏။ အဘွားအခန်းသို့
ဝင်သွားဟန်တူသည်၊ တံခါးပိတ်သံကိုပါ ကြားလိုက်ရ၏။

သူ့ရင်ထဲ မွန်းနဲ့ဖြစ်သွားသည်။ စိုးရိမ်ပူပန်စွာဖြင့် လှုပ်ရှား
မှုကို နားစွင့်ကာ နေနေလိုက်သည်။

"ထွက်သွားစမ်း"

တံခါးပိတ်ထားသည့်တိုင်အောင် အဘွားအသံက ဟိန်း
ထွက်သွား၏၊ သူထိုင်နေရာမှ ဆတ်ခနဲထမိလိုက်သည်။

"ဖုံး...ဝွမ်း..."

ပစ္စည်းဖြင့် ပေါက်သံများကိုပါ ကြားလိုက်ရသည်။

"အသာနေပါ လူလေး...သမီးက လူကြီးတွေကို ချော့
တတ်ပါတယ်၊ ရောဂါသည် အဘွားကြီးက အသေတော့ မဆတ်
နိုင်ပါဘူးကွယ်၊ ရိုက်ရုံ ထုရုံကလည်း သိပ်နာကျင်မှာ မဟုတ်
ပါဘူး"

ဦးဘဇံက တီးတိုးပြောကာ သူ့အား အိပ်ခန်းထဲသို့ ပြန်
ဆွဲခေါ်လိုက်၏။

"ခွင့်လွှတ်ပါအဘဇံရယ် ကျွန်တော် မဆင်မခြင်ပြောမိ
သွားပါ"

"စိတ်မပူပါနဲ့ စိတ်ထဲမှာလည်း မထားနဲ့ လူကြီးတွေနဲ့က
နေတတ်ရတယ်၊ အဘက ယောက္ခမကြီးနဲ့ နေခဲ့ဖူးတော့ သိနေ

www.burmeseclassic.com

www.burmeseclassic.com



ဦး အဘယောက္ခမက ငွေလည်း မရှိဘူး၊ လေကလည်းဖြတ်
တော့ ဘယ်မှသွားလာလို့ မရဘူး၊ အဲဒါကို ဒေါသကြီးနေ
တယ်၊ ဒါကို သမီးကပဲ စိတ်ရှည်ရှည်ပြုစုခဲ့တာ သိပ်တော်
တလေးမလေးပါ"

အဘဇံက သူ့သမီးကို သူပြန်ချီးကျူးနေ၏၊ အမှန်တကယ်
ပင် အဘဇံက သူ့အား နှစ်သိမ့်နေစဉ်မှာပင် အဘွား၏အခန်း
အသံများ ငြိမ်သက်သွားလေ၏။

"အဘဇံ...လေယာဉ်လက်မှတ် ဝယ်မှာလား"

"မဝယ်ပါဘူးကွယ် နောက်သုံးလေးရက်မှ သူနေကောင်
လာတဲ့အခါ ပြန်ချင်တယ်ဆိုမှ ဝယ်ပေးလိုက်မယ်၊ ကဲ...လူလေး
ခဏအနားယူပြီး အိပ်လိုက်ပါကွယ်၊ ဘာမှ စိတ်မပူပါနဲ့ သမီး
လူကြီးအထာကို သိပါတယ်ကွယ်"

တစ်ဖက်ခန်းမှ အသံများကို ထပ်မံ၍ နားစွင့်ကြည့်လို
သည်။ ဘာသံမှ မကြားရ၍ အိပ်ရာထက်မှာ လှဲအိပ်လိုက်တော
သည်။

အိပ်မပျော်နိုင်ဘဲ တစ်ဖက်ခန်းမှ ဘာသံကြားရမလဲ
စိုးထိတ်စွာ နားစွင့်နေရင်းက အချိန်မည်မျှကြာသွားသည် မသိ
လိုက်ပေ။ တိုးဖွဖွညင်သာစွာဖြင့် မိမိနားသို့ လာကြည့်လိုက်သော
လှုပ်ရှားသံလေးနှင့် သနပ်ခါးနံ့အေးအေးလေးကို ရှူရှိုက်မိလိုက်



သူ့ရင်ထဲအေးချမ်း၍ သွားလေသည်။

အဘွားကို ကောင်းစွာ ချော့နိုင်ခဲ့ပြီပဲ။

* * *

မင်းက မျက်စိမမြင်တော့ ဘာမှအခြေအနေကို မသိရ
ပေ၊ အခု အဘွားဒီအိမ်ရောက်တာ တစ်ပတ်ရှိနေပြီ၊ အခြေ
နေ အားလုံးကိုသိနေပြီ၊ ဒီကောင်မလေးသားအဖက သိပ်
ည်တာပဲ၊ ပြီးတော့ ကောင်မလေးက သူ့အဖေကို သိပ်ကြောက်
ဘာ ဒီအိမ်မှာ ကောင်မလေးအပြင် တစ်ခြားမိန်းကလေး တစ်
ယောက်ယောက် နေခဲ့ဖူးလိမ့်မယ်၊ အဘွားလာမှ မရှိတော့တာပဲ"

"ဟင်..."

အဘွားစကားကြောင့် သူအနည်းငယ် အံ့အားသင့်တာ
စားမိလိုက်သည်။

အိမ်ပေါ်ထပ်မှာ လှုပ်ရှားသံများကို မကြားခဏကြားနေရ

www.burmeseclassic.com

“ရွှေမိ အိပ်တာပဲလေ”

“ရွှေမိက ထမင်းစားခန်းဘေးက စတိုခန်းကျဉ်းလေးထဲမှာ အိပ်တာပဲ”

“အဲဒီအခန်းက မေမေလုပ်ခိုင်းထားတာ ဆီ ဆန်နဲ့ တခြား မလိုအပ်တဲ့ ပစ္စည်းတွေထားဖို့ပဲ ဒါဆို…နှင်းဝတ်မှုန်ကရော”

“အခု…အဘွားအိပ်တဲ့ အိပ်ခန်းမှာ အိပ်တာပေါ့”

“အဘွားရှိတော့ သူအပေါ်မှာ တက်အိပ်သလား”

“မင်းကိုစိတ်မချလို့တဲ့ စာကြည့်ခန်းထဲမှာအိပ်တယ်၊ နေ့ခင်းမှအပေါ်တက်တာ၊ အဘွားက အပေါ်တက်ပြီး ဘုရားရှိခိုးတော့ အပေါ်ထပ်အိပ်ခန်းတစ်ခန်းကို ပိတ်ထားတာတွေ့ရလို့ နှင်းဝတ်မှုန်ကိုဖွင့်ခိုင်းတော့ သော့မရှိလို့ဆိုပြီး ဖွင့်မပေးဘူး”

အဘွားသည် ဦးဘဇံတို့သားအဖအား အပြစ်ရှာနေခြင်း ဖြစ်ကြောင်းကို သူ သူသတိထားမိလိုက်၏။ ထို့ကြောင့် ဘာမှ မပြောဘဲ တိတ်ဆိတ်စွာနေလိုက်၏။

“နောက်နေ့မှာသော့တောင်းတော့ မရှိပြန်ဘူး၊ ဒါနဲ့ မောင်ဘဇံကို ခေါ်ပြီး သော့ပြင်တဲ့ကုလားတစ်ယောက်ခေါ်ပြီး သော့ဖျက်ဖွင့်ခိုင်းတော့ အိပ်ခန်းထဲမှာ အဝတ်တွေရော မုန့်ပုံးတွေရော ရှုပ်ပွနေတာပဲ၊ အဝတ်တွေက မိန်းမအဝတ်တွေပဲ”

“နှင်းဝတ်မှုန်နေမှာပေါ့”



“ဘောင်းဘီတွေ စကတ်တွေဟာ နှင်းဝတ်မှုန်ဝတ်တာမှ မဟုတ်တာ”

“အဘွားဆူမှာစိုးလို့မဝတ်တာထင်တယ်၊ ခေတ်မှီမိန်းကလေးပဲ၊ သူများနည်းတူဝတ်ကြည့်မှာပေါ့”

“မဟုတ်ဘူးမြေးရဲ့…ရေသန့်ဘူးခွံတွေ သောက်လက်စ ရေဘူးတွေတောင်ရှိသေးတယ်၊ ပြီးတော့…မင်းနေတဲ့အိပ်ခန်း ထဲမှာနေတာ၊ အဲဒါ နှင်းဝတ်မှုန်က သူ အစက အဲဒီအခန်းထဲ မှာနေတာတဲ့၊ အခုလည်း နေ့လယ်ဘက် တစ်ခါတလေလာအိပ် တယ်လို့ ပြောတာပဲ၊ ဒီပြင်အိပ်ခန်းတွေရှင်းပြီး အဲဒီအိပ်ခန်း တစ်ခန်းမှ ပွနေတာ၊ မုန့်ပုလင်းတွေ မုန့်ပုံးတွေကအစ ရှိတာ ဆီးထုပ်တွေလည်းရှိတယ်၊ ဝတ္ထုစာအုပ်တွေ မဂ္ဂဇင်းစာအုပ်တွေ အများကြီးပဲ၊ ပြီးတော့…ကွန်ပျူတာတစ်လုံးလည်းရှိတယ်”

အစကတော့ အဘွားစကားကို သိပ်အလေးမထားမိသို့ သော်လည်း တဖြည်းဖြည်းအံ့သြ၍ စိတ်ဝင်စားလာသဖြင့် ငြိမ် သက်စွာ နားထောင်နေမိ၏။

“အဘွား အကဲခတ်ကြည့်တာ နှင်းဝတ်မှုန်ဟာ မနက် စောစောနဲ့ ညဘက်ပဲ အပေါ်တက်ဘုရားရှိခိုးတာ၊ တစ်ခါတလေ ရွှေမိက ဖုန်လှဲတာပဲရှိတာ၊ မိန်းကလေးတစ်ဦးရှိမယ်၊ သူ့အစ်မ ဖြစ်ဖြစ် ညီမဖြစ်ဖြစ် ခေါ်ထားပါလိမ့်မယ်၊ အဘွားလာတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြေးသွားတာဖြစ်မယ်"

သူ...စဉ်းစားကြည့်မိသည်။ ဆေးရုံတက်သည့်အချိန်မှစ၍ နှင်းဝတ်မှုန် ပြောင်းလဲသွားသလို ခံစားမှုကလည်း ပြောင်းလဲသွားခဲ့သည်။

နှင်းဝတ်မှုန်ဟာ တစ်ယောက်လား?။

ဒါဆို...အခုနှင်းဝတ်မှုန်က ဘယ်သူလဲ?။

"မြေး...အဘွားနဲ့လိုက်နေဖို့စဉ်းစားပါ၊ ဒီအိမ်ကို အိမ်ငှားတင်ခဲ့မယ်၊ စိတ်ချရတဲ့လူရင်းတွေရှိပါတယ်၊ မန္တလေးက အဘွားမိတ်ဆွေတွေက ရန်ကုန်ကိုလာရင် နားခိုစရာအိမ်ရှိရအောင် အိမ်ငှားထားမလို့တဲ့၊ အဘွားစီစဉ်လိုက်မယ်နော်မြေး၊ တော်ကြာခေါင်းလေးဝင်ပါရစေဦး၊ ကိုယ်လေးဝင်ပါရစေဦးနဲ့ မြေးဒုက္ခရောက်သွားလိမ့်မယ်"

"အဘွားရယ်...တစ်နှစ်ပြည့်ရင် အဘွားဆီ ကျွန်တော်လာနေပါ့မယ်၊ အခု မျက်လုံးအခြေအနေ နည်းနည်းပြန်ကောင်းလာပါပြီ၊ အရိပ်လေးတွေ တွေ့နေရတယ်"

"ဟုတ်လား"

အဘွားသည် သူ့အား ပန်းခြံထဲခေါ်ကာ သီးသန့်စကားပြောခြင်းပင်ဖြစ်သည်။

"မင်း ဘာလို့အဘွားကိုမပြောပြလဲ"



"အခု ပထမဦးဆုံး အဘွားတစ်ယောက်တည်းပဲ အရင်ပေးသိတာပါ"

အဘွားအိုမှာ ရုတ်တရက်ဝမ်းသာသွားသော မြေး၏ ပထမဦးဆုံးဆိုသောစကားသည် ရင်ထဲမှ မကျေမနပ်ဖြစ်ခဲ့သော အစိုင်အခဲများကို ပျော်ကျသွားစေသည်။

"ကောင်မလေးကိုရော အသိပေးသေးလား"

"မပေးပါဘူး၊ ကျွန်တော်က အစစ်အမှန်တို့လိုချင်နေလို့ ရှာဖွေနေတာပါ"

"ကောင်းတယ်...ကိုယ်တကျူးရင် ကိုယ့်ဘူးကောင်းမှာမှုဘူးနော်"

"အဘွားမသက်သလို ကျွန်တော်လည်း မသက်သာပါဘူး နောက်လလောက်ကျတော့ အခြေအနေဟာ တစ်မျိုးတစ်ဖုံ ပြောင်းသွားမှာပါ"

"အဘွားမှာ ငါ့မြေးကလွဲလို့ ဘယ်သူ့ကိုမှ အားကိုးလို့ ရပါဘူး"

"အဘွားရဲ့လိုအင်ဆန္ဒအားလုံးပြည့်အောင်ကို ဖြည့်ပေးချင်ပါတယ်"

"တကယ်လား...မျိုးဆက်တိုးပွားဖို့ကိုပါလေ"

"အဲဒါတစ်ခုကိုတော့ တောင်းပန်ချင်ပါတယ်အဘွား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ဒီအရွယ်အထိ မိဘတွေ ချမ်းချမ်းသာသာနေနိုင်အော လို့ အချစ်ရေးကိုမစဉ်းစားခဲ့ဖူးပါဘူး၊ ဒါပေမယ့်...အခုမှ ချ တတ်လာတဲ့အခါ ကျွန်တော့်ရဲ့ခံစားမှုကို ဦးစားပေးပေးပါလာ

အဘွားအို့ ငြိမ်သက်သွား၏။ နူးညံ့ညင်သာစွာဖြ ရင်တွင်းခံစားချက်ကို ဖွင့်ဟပြောနေသော မျက်မမြင်တော ကလေး၏ တောင်းဆိုမှုကို ငြင်းပယ်ရခက်နေသည်။

"ကျွန်တော် မျက်စိမြင်တုန်းက စွဲလမ်းခဲ့ဖူးသူရှိတယ်

"ဘယ်မှာလဲ"

"မသိဘူး...ဒါပေမယ့် ရှာရင်ရပါတယ်၊ မျက်စိပြန် လာတဲ့အခါ ရှာမှာပေါ့"

"ဟင်း..."

သက်ပြင်းချသံထွက်ပေါ် လာပြီးနောက် မြေး၏လက် တယုတယဆုပ်ကိုင်ကာ...

"မြေးစိတ်တိုင်းကျလုပ်ပါ၊ ဒါပေမယ့်...မြေးသိထား က ကိုယ့်ဘဝတစ်ခုလုံး အပ်နှံရမယ့် အိမ်ထောင်ဘက တစ်ဒင်္ဂစိတ်သာယာမှုနဲ့ကြည့်ပြီး မဆုံးဖြတ်ပါနဲ့၊ ဆင်းရဲချမ်း မတွေးချင်ပေမယ့် မျိုးရိုး အကျင့်စာရိတ္တ စိတ်ထား ကိုယ်နဲ့ ညီမယ့် ပညာအဆင့်အတန်းကိုပါ စီစစ်ရမယ်၊ ဘာပညာမှမ



ဲ ရုပ်လှတာနဲ့တင် မရွေးချယ်ပါနဲ့ကွယ်...မိန်းကလေးမှာ အဆင်းရော အချင်းရောပြည့်စုံဖို့ လိုအပ်ပါတယ်"

"ဟုတ်ကဲ့အဘွား...အဘွားပြောစကားကို နားထောင် ပါ့မယ်၊ ကျွန်တော်လည်း အဲဒီလိုစီစစ်ရွေးချယ်သွားမှာပါ"

"မြေးနားလည်ရင် အဘွားကျေနပ်ပါပြီကွယ်"

အဘွားက သူ့လက်တစ်ဖက်ကိုဆွဲကိုင်၍ အုပ်မိုးကာ မ်းသာလိုက်လှဲစွာပြောလိုက်၏။ သူက အဘွားရင်ခွင်ထဲ ခေါင်းမှီ၍နွဲ့ရင်းက...

"အဘွားရယ်...သား ဘာမှမလိုအပ်ပါဘူး၊ မျက်စိမမြင် ဲ့အမှောင်ထဲမှာ သိပ်အားငယ်တာပဲအဘွားရယ်၊ သားအတွက် စ်ဦးတည်းသောအားကိုးရာက အဘွားတစ်ယောက်တည်း တာပါ၊ အဘွားလည်းစိတ်တိုင်းကျ သားလည်းစိတ်တိုင်းကျ စ်အောင် ကြိုးစားပါ့မယ်"

မြေးအဘွားနှစ်ဦးက ခေတ္တငြိမ်သက်လျက် အတွေးကိုယ်စီ ပြီး အဘွားက ကြည်နူးစွာဖြင့် မြေး၏ဦးခေါင်းကို ပွတ်သပ် မြူကာ လွန်လေပြီးသောအတိတ်ကာလက တစ်ဦးတည်း ာ သားကို တမ်းတသတိရမိသည်။

ထိုစဉ်ကလည်း မိမိ၏သားသည် သူ၏ချစ်သူနှင့်အတူ င်းနိုင်ရေးအတွက် မိခင်အား ဤကဲ့သို့ချော့မြူခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ငါလုပ်လျှင် ဘာမဆိုဖြစ်နိုင်သည်၊ ဖြစ်ရမည်ဟူသော အတ္တမာန်များဖြင့် ပြင်းထန်စွာကန့်ကွက်ခဲ့ဖူးသောကြောင့် သား အား ဆုံးရှုံးခဲ့ရလေပြီ။ ခုတော့...မာန်ကိုလည်းချတော့မည်၊ အတ္တကိုလည်းပယ်တော့မည်။ မြေးအလိုကျဖြစ်သလို မိမိအလို ကျလည်း ဖြစ်ရလေအောင်...

"မြေးလေး နှင်းဝတ်မှုန်နဲ့ကြိုက်နေကြပြီလား"

"ဟင်..."

"နှင်းဝတ်မှုန်နဲ့ ကြိုက်နေကြလား"

"မကြိုက်သေးပါဘူး အဘွားရယ်...ကျွန်တော်စွဲလမ်း ဖူးတဲ့သူမှမဟုတ်တာ"

"မြေးစွဲလမ်းတဲ့သူက ဘယ်သူလဲ၊ ဘယ်မျိုးရိုးကလဲ၊ ဘာ လုပ်သလဲဆိုတာမှ မသိရတာ၊ ဒါပေမယ့်...အဘွားအမြင်မှာ တော့ ဒီကောင်မလေးဟာ မဆိုးဘူးလို့ထင်တယ်၊ အကျင့်စာရိတ္တ လည်း ကောင်းတယ်၊ အဘွားက ငွေတုံးတွေ ပစ်စလက်ခတ် ထားပြီး စမ်းသပ်ကြည့်တာပဲ"

ရင်ထဲမှာ လှိုက်ခနဲဝမ်းသာသွား၏။ သို့ရာတွင်... ဝမ်းသာမှုကို မမြင်ရလေအောင် အဘွားရင်မှာ မျက်နှာအပ် လျက်...

"ဆိုးတော့မဆိုးပါဘူး၊ စိတ်ရှည်သည်းခံတတ်ပါတယ်



ဒါပေမယ့်...သားရှာဖွေနေတဲ့သူမှ မဟုတ်တာ"

တမင် အဘွား၏နှလုံးသားကို လှုပ်နှိုးပေးလိုက်ခြင်းဖြစ် သည်။

"အေးပါမြေးရယ်...ငါ့မြေးမျက်လုံးပြန်မြင်လာတဲ့အခါ စိတ်တိုင်းကျရွေးချယ်နိုင်တဲ့ ယောကျ်ားကောင်းအရည်အချင်း တွေ ရှိနေသားပဲ၊ အဘွားအတွက် မြစ်ကလေးတွေပေးနိုင်မယ့် မျိုးကောင်းသမီးကိုပဲ ရွေးချယ်နိုင်ပါစေကွယ်"

ဒ ဒ ဒ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

ပန်းကြာငုံသည် ကိုယ့်ကိုယ်ကို အားမလိုအားမရဖြစ်နေမိ၏။

အငုံဘဝမှာပဲ နေရတော့မှာလား။ ပွင့်လာမည့်ပန်းဘဝသို့ မရောက်နိုင်တော့ဘူးလား။

ဘွားတော်ကြီး မပြန်ပါစေနဲ့ဦးဟု ဆုတောင်းရတော့မည်။ ဘွားတော်ကြီးပြန်သွားသည်နှင့် နောက်ဆက်တွဲပြဿနာများက သူမအား ဝေးလွင့်သွားစေတော့မည်။

အဘွားကလည်း သူမအား မျက်ခြည်မပြတ်လိုက်ကြည့်နေသဖြင့် အနေကျဉ်းလှ၏။

ထိုနေ့က အဘဇံကို လေယာဉ်လက်မှတ်သွားဝယ်ခိုင်းပြီး သူမအား အနားသို့ခေါ်ကာ ပစ္စည်းထည့်ခိုင်းရင်းက...



"မင်းဟာ မောင်ဘဇံသမီးမဟုတ်ရဲ့လား"

ညာသည့်စကားကို ထပ်မပြောချင်တော့သဖြင့် ငြိမ်၍သာနေလိုက်သည်။ ဘာကိုမျှထပ်မပြောဘဲ အထိုးများကို စနစ်တကျ ...၍ခေါက်ထည့်ပေးနေလိုက်သည်။

"မြေး..."

သူမကိုခေါ်တာမဟုတ်၍ လှည့်မကြည့်တော့ဘဲ တိုယ့်အလုပ် ကိုယ်လုပ်နေ၏။

"ငါ့နားကိုလာစမ်း"

"ရှင်..."

ထိုအခါမှ မိမိအားခေါ်မှန်းသိပြီး အဘွားနားသို့တိုးကပ်...ခဲ့၏။

"အဘွား ဒီမှာနေခဲ့တဲ့ ရက်အစိတ်မှာ အဘွားအပေါ်...ရှည်သည်းခံပေးတာ ကျေးဇူးတင်ပါတယ်"

"အဘွားနားလည်ရင် ကျွန်မကျေနပ်ပါပြီ"

အဘွားသည် ဒီရက်အစိတ်အတွင်းမှာ သူမဆံပင်ကို...ည်း ဆောင့်ဆွဲဖူးသည်။ ထွေးခံနှင့်လည်း ပေါက်ခဲ့ဖူး၍ ...သလိပ်များ ခန္ဓာကိုယ်မှာ ပေကျံခဲ့သည်ကိုလည်း သည်းခံရ၏။ ...န်ကျောက်ဆဲဆိုခြင်းကိုလည်း ခံခဲ့ရသည်မို့ သူမ အမေ့...သွားခဲ့လေပြီ။

လူကြီးများ၏စိတ်ကို နားလည်ခဲ့သော သူမအတွက်

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ တမဖွဲ့လောက်ပေ။ ရွာမှာရှိသောအဘွားသည် ဤကဲ့သို့ ဒေါသကြီးခဲ့ဖူးသည်မှ မထူးဆန်းတော့ပေ။

"ရော့…ငါ့မြေးကိုလက်ဆောင်ပေးခဲ့မယ်၊ ဘယ်သူ့မှ မသိစေနဲ့နော်"

"ရှင်…"

လက်ထဲသို့ လက်စွပ်တစ်ကွင်းလာထည့်ပေးသည်။ ပတ္တမြားရဲရဲလေးကို မြှုပ်ထားသည့် မောင်းကွင်းလက်စွပ်ကလေး ဖြစ်၏။

"အဘွားအိမ်ထောင်ကျခါစက ယောက္ခမက လက်ဆောင်ပေးခဲ့တာ၊ နောက်..ကြီးပွားလာတော့လည်း ဒီလက်စွပ်ကလေးကို မပျက်စီးအောင်ထိန်းခဲ့တယ်၊ သိပ်မြတ်နိုးလို့ပေါ့၊ ငါ့မြေး ဘက်မှာ အဘွားရှိတယ်၊ အရေးကြုံရင် အဘွားဆီလိုက်လာခဲ့ပါ"

ဘွားတော်ကြီးသည် ရှေးဘုရင်များကဲ့သို့ ကျေးတော်သူအား လက်စွပ်ပေးကာ ရွှေနန်းတော်ကို လိုက်ခိုင်းနေသကဲ့သို့ မှာနေသဖြင့် အံ့ဩဝမ်းသာပြီး မျက်ရည်များရစ်ဝဲလာခဲ့သည်။

"ငါ့မြေး ဇော်မင်းထိုက်ကိုတောင် မပြောပါနဲ့၊ အဘွား နောက် လိုက်ခဲ့ပါ၊ မင်းမှာ ပြဿနာကြုံလာရင် အဘွားဆီ လှမ်း အကြောင်းကြားလိုက်ပါ၊ အဘွား ဖြေရှင်းပေးပါ့မယ်"

ထိုဘွားတော်ကြီးအား အနည်းငယ်ကြောက်လာမိသည်။



စီးပွားရေးမှာ ထက်မြက်စွာရှာဖွေတတ်သည်သာမက ဒုက္ခတွယ်လျှို့ဝှက်ထားသည်ကိုပင် သိနိုင်စွမ်း မြင်နိုင်စွမ်းရှိသည့် အကြားအမြင်ရနေရော့လား။

"အဘွား…ကျွန်မ ဒီရွှေကိုလက်မခံပါရစေနဲ့၊ တန်ဖိုးကြီး လွန်းလို့ပါ"

"မိန်းကလေးရယ်…ရွှေကဘာမှမရှိပါဘူး၊ အမှတ်တရ ဆိုတာက အရေးကြီးတယ်မဟုတ်လား"

"ကျေးဇူးတင်ပါတယ် အဘွားရယ်…ကျွန်မရဲ့စေတနာ မေတ္တာကို အသိအမှတ်ပြုရင်ကို ကျွန်မကျေနပ်ပါပြီ"

ဘွားတော်ကြီး၏ နက်နဲသောအပြုံးကို မခံယူရဲသလို ထို လက်စွပ်ကိုလည်း လက်ထဲမှာကြာကြာမထားချင်ပေ။ အလိုလို ရှိမ်နေသဖြင့် တစ်နေရာမှာသိမ်းထားရန် ဆုံးဖြတ်လိုက်၏။

"တော်ကြာ သူပေးထားပြီး ငါ့ကိုခိုးပါတယ်လို့ စွပ်စွဲနေရင် ဒုက္ခပဲ"

သူမရင်ထဲမှာ သံသယဖြစ်လျက် လက်စွပ်ကို သူ့လက်ထဲမှာ မထားရဲဘဲ ထိုအိပ်ခန်း၏ မှန်တင်ခုံအံဆွဲ နောက်ဆုံးထောင့် လေးမှာ အသာညှပ်ထားလိုက်၏။

"အဘွားနေမကောင်းတုန်း ပြုစုပေးတာကို ကျေးဇူးတင် ပါတယ်၊ အဘွားကို သည်းခံပြုစုပေးတာကိုပါ ကျေးဇူးအများကြီး တင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမသွားမီညက သူမအား အနားခေါ်ကာ တတွ
တွတ်နှင့် ကျေးဇူးတင်စကားပြောခဲ့သည်ကိုလည်း သူမ
မကြည်နူးရဲပေ။

အဘွား၏ ကိုယ်ထိလက်ရောက်နှိပ်စက်မှုကို သူမ အလွ
ကြောက်ရွံ့နေမိသည်။ အသက်ကြီးပြီး ငွေဂုဏ်မောက်လွန်းသေ
အဘွားသည် သူမအပေါ်မှာ ဤမျှစေတနာကောင်းသည်
မယုံရဲရဲ။

သို့ရာတွင်...ဤအဘွားပြန်တော့မည်ဆိုတော့ သူမ စိ
မကောင်းဖြစ်မိသည်။ ဤအဘွားကို ဤအိမ်မှာလည်း ရှိစေ
သည်။ ကြောက်လည်းကြောက်သည်။ သူမဘဝမှာ အကုန်
တစ်လောကလုံးကိုကြောက်ရွံ့နေရသည်မို့ ကိုယ့်ကိုယ်ကို မ
မနပ်ဖြစ်နေမိသည်။

သူမအကြောက်ဆုံးကတော့ ဤအိမ်မှစွန့်ခွာသွား
ဇော်မင်းထိုက်ဟူသော လူသားနားမှ ခွဲခွာသွားရမည်
အကြောက်ဆုံးဖြစ်၏။

အဘယ်ကြောင့်ဆိုသော်...သူမအား ဤအိမ်မှစွန့်
သွားရန်အတွက် အချက်ပြနိုးဆော်နေလေပြီ။

"နင် ဆိပ်ပြီးစည်းရုံးရေးကောင်းခဲ့တယ်ပေါ့ မိကြာ
အဘွားရေ မြေးရော နင့်ကို တမ်းတမ်းစွဲအောင် နင်လုပ်ခဲ့
လား မိကြောင်၊ မရတော့ဘူး နင့်ကို နေရာမပေးနိုင်တော့



င်ပြန်လာခဲ့တော့၊ ကြာရင် ငါ့နေရာပျောက်တော့မယ်"

အစ်မနှင်းဝတ်မှုန်၏စကားကြောင့် သူမ၏အသည်းနှလုံး
ကို ဆတ်ဆတ်ခါနာကျင်သွားစေသည်။ ရင်တိုခွဲ၍ အသည်းကို
အောင်းသလို ခံစားလိုက်ရသည်။

အဘွား နေ့လယ်ပြန်သွားသည်နှင့် သူ ဒီအိမ်ပေါ်မှ ထွက်
သွားရတော့မည်။

"ဟဲ့ကလေးမ...ငါပြောနေတာ မကြားဘူးလား"

"ရှင်..."

"ငါ့ဖုန်းနံပါတ်နဲ့ မန္တလေးလိပ်စာကို ယူထားလိုက်"

"ရှင်...ဟုတ်ကဲ့"

သူမ၏စိတ်အတွေးများက သွက်လက်မှုများကို နှေးကွေး
းထိုင်းစေသည်။ လူ့သက်တမ်းခုနစ်ဆယ်ရှိပြီဖြစ်သော အဘွား
ကိုက သူမ၏ ပြောင်းလွဲနေသောအမူအရာကို ရိပ်မိလာ၏။

"ညည်းဘာဖြစ်နေလဲ ကောင်မလေး"

သူမ၏နာမည်ကို ခေါ်မထွက်ဘဲ မေ့မေ့နေသော အဘွား
၁ ကောင်မလေးဟုခေါ်သည်ကို သဘောကျလက်ခံလျက်...

"ဟို...အဘွားပြန်သွားရင် ကျွန်မပျင်းကျန်ခဲ့မှာပဲ"

ပါးစပ်ကပြောသော်လည်း သူမအားလွမ်းဆွတ်သူထစ်
သည်ဆိုတာကိုတော့ အဘွားအိုမှာ မရကျနပ်ဘဲမနေနိုင်။

"အဘွား ဟိုရောက်ရင်ဖုန်းဆက်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ညည်းကရှိတာမို့လို့လား၊ ငါမရှိရင် သင်တန်းပြန်တ
မယ် မဟုတ်လား"

"ဟင်း"

မချိပြုံးပြုံးလိုက်၏။ သင်တန်းတက်ဖို့က သိပ်မသေ
လှတော့ပေ။ ဇက်ကြိုးဆွဲထားတာ တင်းကျပ်နေလေပြီ။

"အဘွားအိပ်တော့လေ...ဆယ်နာရီထိုးနေပြီ၊ မနက်
ရင်လည်း အဘွား အိပ်နိုင်ဦးမှာမဟုတ်ဘူး၊ စိတ်ကလောနေ

အိပ်ခန်းအဝမှာ သူရပ်၍သတိပေးလိုက်သည်မှာ
ကိုယ်လည်း သတိပေးလိုက်သလိုပင် ရင်ထဲသိမ့်ခနဲဖြစ်သွား

"နှင်းဝတ်မှုန် အဘွားကို နွားနို့နဲ့ဆေးတိုက်ပြီးပြီလား

"ဟုတ်ကဲ့ တိုက်ပြီးပါပြီ၊ အဘွားအခုပဲအိပ်တော့မှာ

ပြောရင်းက အဘွားခြင်ထောင်ကိုခါ၍ ချပေးလိုက်
ဘေးနားကို စနစ်တကျခုပေးလိုက်၏။ အဘွားက ခြင်ထော
ချပေးတာကိုပင် စနစ်ကျမှ ကြိုက်သည်။ ခြင်ထောင်၏အနာ
ကို မွေ့ရာအောက်ထဲကို တည့်တည့်ဖြန့်ကာ ဖိပေးရ၏။ ထို
မကြိုက်။ မွေ့ရာအစွန်းနားကိုလှန်၍ တည့်တည့်ထိုးဖိရသည်
ရှေ့စောင်းနေသည်ကို လက်မခံပေ။

"အဘွားအိပ်တော့နော်"

"အေး...အေး...ကလေးမ မင်းသွားတော့"

သူမသည် သူ့နံဘေးမှ ကိုယ်လေးကိုရှို၍ ထွက်လာခဲ့



အဘွားက သူ့အားသတိပေးလိုက်သည့်စကားကို သူမ
ကြားဖြစ်အောင်ကြားလိုက်သေးသည်။

"မြေး...အဘွားဆီကိုလိုက်လာခဲ့ဖို့ မြေးရဲ့ခေါင်းထဲမှာ
အမြဲစဉ်းစားပေးပါ ကောင်မလေးရယ်"

"စိတ်ချပါအဘွားရယ်..."

လရောင်ရိပ်က စောစောအိပ်ရာဝင်တတ်သော သူမအား
ညို့ယူနေသဖြင့် အပြင်ထွက်ချင်လာ၏။

ဤလရောင်အောက်တွင် ချစ်သောသူနှင့် အတူယှဉ်တွဲ၍
နေပြီး လမင်းကြီးကိုငေးကြည့်နေရလျှင် ဘယ်လောက်ကောင်း
လိုက်မလဲဟု စဉ်းစားကြည့်မိကာ ရင်ခုန်သွားမိ၏။

"အစ်ကိုကြီး အိပ်ချင်ပြီလား"

"ဆေးသောက်တာနောက်ကျလို့ထင်တယ်၊ သိပ်မအိပ်ချင်
သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း မေ့သွားတယ်"

အားဆေးကို ကိုးနာရီကျော်မှတိုက်ဖြစ်သဖြင့် သူ့အား စောစောအိပ်ဖို့ ပြင်းဆန်နေသည်။

သူမက အိပ်ရာခါပေး ခြင်ထောင်ချပေးပြီး သူ့အား ကျောခိုင်း၍ထွက်မသွားရက်နိုင်။

အသွား မအိပ်သေး၍ ကြားသွားမှာလည်း စိုးရိမ်နေမိသည်။ ထို့ကြောင့် အိပ်ခန်းတံခါးကို စေ့ပြီးမှ သူ့နားတို့၍ နားနားကပ်ကာ တိုးဖွဖွလေး စွန့်စားလိုက်မိသည်။

"အသွားအိပ်ရင် ကျွန်မလာခဲ့မယ်၊ အပြင်မှာလသာနေတယ်၊ လမ်းလျှောက်မယ်နော်"

သူ့အား အနွေးအကျႌဝတ်ပေးပြီး ဦးထုပ်ဆောင်းထားပေးလိုက်ပြီး အိပ်ခန်းအပြင်ဘက်သို့ထွက်လာခဲ့၏။ ဤကဲ့သို့ ခိုးမထွက်လျှင် သူ့အား လွတ်လပ်စွာနှုတ်ဆက်ခွင့်ရတော့မည် မဟုတ်ပေ။

ပြီးတော့...ကတိစကားကိုဖျက်တာမဟုတ်ပေမယ့် နှင်းဝတ်မှုန်နှစ်ဦးဖြစ်နေတာကို သိရအောင် သတိထားမိရအောင် ဉာဏ်ထက်သောသူ့အတွက် သဲလွန်စထားခဲ့ရတော့မည်ဖြစ်သည်။

○ ○ ○



"ဒီနေ့မှ ဒီကောင်မလေးက ထူးထူးခြားခြားချိန်းလို့ပါလား ဘာလဲ...ကိုယ့်ကို လရောင်အောက်ခေါ်လာပြီး လမင်းကို သက်သေထားလို့ ချစ်တယ်လို့အဖြေပေးတော့မှာလား"

"ကိုကြီးကို ဒီနေ့မှာချစ်တယ်လို့အဖြေမပေးချင်ပါဘူး ကိုကြီးရယ်...အဲဒီလိုပေးရင် ကိုယ့်ကိုယ်ကိုစိတ်မချလို့"

"ဟင်...ဘာလို့လဲ"

"လက သိပ်သာပြီး လှပနေတော့ သူများရဲ့စိတ်တွေက အလွန်ကြည်နူးနေတယ်၊ ဆယ်ကျော်သက်မိန်းကလေးက လရောင်အောက်မှာ ချစ်သူနဲ့နှစ်ယောက်တည်းထိုင်ပြီး ချစ်စကားပြောချင်စိတ်ဖြစ်လာအောင်ကို လရောင်ကညို့ယူနေတာပဲ၊ ...တယ်မဟုတ်နိုင်ဘူး"

"ကြည့်စမ်း ကောင်မလေး..."

ရုတ်တရက် သူ့ရင်ခွင်ထဲရောက်သွားအောင် ဆွဲယူလိုက်ပြီး တင်းကျပ်စွာပွေ့ဖက်ထားလိုက်သောအခါ မိမိ၏ခေါင်းသည် သူ့ရင်ခွင်ထဲရောက်ကာ ခေါင်းနှင့်ခွေ့လိုက်ရင်းက အတိတ်

www.burmeseclassic.com

www.burmeseclassic.com



တာလက သူ့ဂျာကင်ဖစ်မှာ ခံပင်ငြိတွယ်ခဲ့သည်ကို သတိရလိုက်
မိသည်။

"တို့နှစ်ယောက် ချစ်သူဖြစ်ပြီနော်"

"ဟင့်အင်း...ဒီလိုလရောင်အောက်မှာပဲ စိတ်ကူးယဉ်
မှာပါ။ မနက်ဖြန်မနက်ကျရင် အလုပ်သဘောအရ ကိုကြီး
အာဃာလေးဖြစ်သွားပြီ"

"မင်း..."

"အမေ့..."

သူမ၏တစ်ကိုယ်လုံးကို ဖျစ်ညှစ်လိုက်သဖြင့် လန့်၍အော်
လိုက်မိသည်။ ဘယ်သူမှတော့ကြားမည်မထင်။

"အဘွားရောက်လာတော့ ကိုယ့်နားမှာမင်းမနေရတော့
တာ ရင်ထဲမှာဟာနေတာဖဲ အချစ်ရယ်"

"မနက်ဖြန်ဆို ပိုဟာတော့မယ်"

"ဟင်...ဘာလို့လဲ"

"လမသာတော့လို့လေ"

"ဘာမှမဆိုင်ဘူး"

"ဆိုင်တာပေါ့ကိုကြီးရ...လရောင်ကြောင့် သူများစိတ်
တွေ ကြည်နူးပြီး ကိုကြီးကိုချိန်းရတာ၊ နေ့ကျရင် လရောင်
တော့ ကိုကြီးနား မကပ်နိုင်တော့ဘူးလေ၊ လူတွေရဲ့မျက်လုံး
အောက်မှာ စောင့်ကြည့်ခံနေရတာ. ဒီလို မလွတ်လပ်တော့ဘူး



ပေါ့"

"ဒါဖြင့် တစ်ညလုံးနေမလား"

"အင်း"

ဒါကြောင့်ပဲ သူ့ကို အနွေးအကျီဝတ်ပေးပြီး ဦးထုပ်ဆောင်း
ပေးခဲ့တာပေါ့။ သူ့ရင်ခွင်မှာ နားခိုခွင့်ရသည့်အချိန်ထိ နေသွား
ချင်သည်။

"မင်း ကိုယ့်ကိုချစ်တယ်လို့ပြောစမ်းပါကွာ"

"ကိုကြီးရယ်"

သူလည်ပင်းကိုဖက်တွယ်၍ ရှုးမိုက်စွာဖြင့် မျက်နှာချင်း
အပ်မိသည်။ သူ၏ မွတ်သိပ်သော အကြွင်နာများကို ခံယူရင်း
ရင်ထဲမှာ ဝမ်းနည်းကြေကွဲစွာ ခံစားလိုက်ရသည်။ ကတိသစ္စာ
ချက်မိသွားလား။

ဟင့်အင်း...ချစ်တယ်လို့မှမပြောတာ။

"ဟင့်အင်း...ကိုကြီးကိုမပြောဘူး၊ ဒါပေမယ့်...အသည်း
ချင်း စကားပြောနေတာ ကိုကြီးကြားလားမောင်"

"အင်း"

ချစ်သူ၏ ရှည်လျားသောအကြွင်နာများအောက်တွင်
နှင်းကျပ်ရင်ခုန်စွာခံစားနေရသလို ပြန်လည်တုံ့ပြန်ရင်းက မည်
သည့်စကားမျှ မပြောဖြစ်ကြပေ။

သူမကိုယ်တိုင်ကလည်း ပေးထားသောကတိစကားများကို



www.burmeseclassic.com

www.burmeseclassic.com



မေ့ထားပြီး ချစ်သူကိုလွတ်ထွက်သွားမှာ စိုးရိမ်နေမိသည်။ သို့ရာ
တွင်...ကိုယ့်ကိုယ်ကို ထိန်းသိမ်းရမှာက မိန်းမသားတို့၏တာဝန်
ဝင်ဖြစ်သည်။

"ကိုကြီး..."

"အဘွားကိုဖွင့်ပြောပြီး လက်ထပ်ကြစို့ကွာ"

သူ့အသံများတုန်ရီနေသဖြင့် ကိုယ့်ကိုယ်ကို ကျိန်ဆဲလို
မိသည်။

ဘာလို့ ဝေဒနာသည်ကို ဝေဒနာတွေပေးလိုက်မိပါလိမ့်
ဘာလို့များ တိမ်းညွတ်မိပါလိမ့်။

"အဘွားသဘောတူလက်ခံလာအောင် စောင့်ပါ ကိုကြီး
ရယ်"

"အဘွားက ကြည်ဖြူနေပြီပဲ"

"မဖြစ်သေးဘူးလေ...ဆရာဝန်က ကိုကြီးကိုမှာထား
တယ်၊ စိတ်ဖိစီးစေမယ့် ဝန်လေးမယ့်အလုပ်ကို မလုပ်ပါနဲ့ဦး

"ဟင်...မိန်းမယူတာ စိတ်ဖိစီးတဲ့အလုပ်မှမဟုတ်တာ
ကိုယ် အတူနေချင်ပြီကွာ"

"နည်းနည်းလျှော့ဦးလေ၊ စကားပြောကြရအောင်၊ အဲ
ကြောင့် ဒီလိုမတွေ့ရဲတာ၊ ယောကျ်ားတွေက ယုံစားလို့ကိုမရ

"ဟာကွာ...အဲဒီလိုမစော်ကားနဲ့"

ချက်ချင်းဖြေလွှတ်လိုက်သဖြင့် အနွေးဓာတ်ပြယ်



အားစိမ့်သွား၏။ ထိုအခါတွင် ကလေးဆိုးလိုစိတ်ကောက်သွား
သာ သူ့လက်မောင်းကိုဖက်တွယ်ရင်းက...

"မိန်းမယူရင် သားကျွေးမှု မယားကျွေးမှုက ဝိုလာဦးမယ်
၊ အဲဒီအခါမှ မျက်လုံးမမြင်ရတာကို အားမလိုအားမရဖြစ်
စိတ်ညစ်နေတဲ့အခါ အာရုံကြောကိုထိခိုက်နိုင်တယ်လေ၊
ကြီးရယ်...ဖြူစင်တဲ့ချစ်သူဘဝမှာပဲ စိတ်အေးအေးနဲ့နေကြည့်
အောင်နော်၊ ကိုကြီးက အဘွားကို တစ်နှစ်ကြာရင် လာနေမယ်
ကတိပေးထားတာပဲ ဟုတ်လား၊ အဲဒီအခါကျရင် ဒီကကျွန်မ
က ကိုကြီးနဲ့အတူ လိုက်နိုင်မယ်ထင်တာပဲ"

"ဘာထင်တာလဲ...လိုက်ကိုလိုက်ရမယ်၊ မင်းမပါဘဲနဲ့
ယ် မန္တလေးကိုမသွားဘူး၊ ပြောစမ်း...မင်းဟာ ကိုယ့်ရဲ့
တင်ဇစ်မှာ တွယ်ငြိလာတဲ့ တစ္ဆေမလေးပဲ မဟုတ်လား"

"ကြည့်စမ်း...လူကိုတစ္ဆေမတဲ့၊ ဟင်း...အဲဒီတုန်းက
ချုပ်ဆိုင်ကသာ မကယ်တင်ရင် သူများဦးရေတွေ ကျွတ်ထွက်
ပြီပဲနော်"

"ဟင်...တကယ်...တကယ်ပဲလား မင်း...မင်း..."

"ကိုကြီးက လူမမြင်ရဘဲမှတ်မိနေတယ်နော်"

"ဝမ်းသာလိုက်တာကွယ်...မင်းကိုရှာနေတာကြာပြီ"

ပြန်လည်ဖက်တွယ်ထားရင်းက စကားမပြောနိုင်အောင်
သာပီတိဖြစ်နေကြသည့် ချစ်သူနှစ်ဦးကို လမင်းက တရွေ့

www.burmeseclassic.com

www.burmeseclassic.com



ရွှေနှင့် နှုတ်ဆက်ချင်နေပြီထင့်။

"ကိုကြီး...အဲဒီဂျာကင်ကို အခုဝတ်ပေးမလို့ပဲ၊ ကို
အေးမှာစိုးလို့ အထူကိုဝတ်ပေးထားတာသိလား၊ အခု ကိုကြီး
ဝတ်ပေးထားတာ သစ္စာရောင် အပြာနုလေ။ ကိုကြီးကို သူ
က သစ္စာရှိစွာစောင့်နေမယ်၊ ကိုကြီးကလည်း သစ္စာရှိစွာနဲ့
ယောက်တည်းကိုပဲ ချစ်ခဲ့တာမှန်ရင် မျက်လုံးပြန်မြင်ရပါစေ
သစ္စာဆိုပါနော်"

"မင်းက အဲဒီဂျာကင်ကို မှတ်မိလား"

"မှတ်မိတာပေါ့ ဇစ်မှာဆံပင်မရှိတာ ကိုကြီးက ရှင်း
တာလား"

"ကိုယ့်ရင်ခွင်ထဲမှာ မင်းဝင်နေထဲက မင်းရဲ့ဆံပင်အ
ဆံပင်အထိအတွေ့တွေကို ရင်ထဲစွဲနေအောင် မှတ်မိတော့ မ
ဆိုတာကို သိလိုက်တယ်၊ ပြီးတော့ သူများလို့ ပြောတာလေ...

"အဲဒီထဲက မင်းကိုစွဲလမ်းသွားလို့ ဆံပင်ကို မပစ်ရ
သိမ်းထားတာလေ၊ ကိုယ့်ပိုက်ဆံအိတ်ထဲမှာ စက္ကူလေးနဲ့ကျ
ထည့်ထားတယ်"

"ကိုကြီးရယ်...သူများ သတိထားမိပါတယ်၊ ကိုကြ
ဂျာကင်တွေ အနွေးအကျီတွေ လေးငါးထည်ကို တန်းမှာ ဒီအ
ချိတ်ထားတာပဲ၊ ဒီတစ်ထည်ပဲခေါက်ပြီး အပေါ်ဆုံးထပ်မှာ
ထားတာ ရွှေလို့ မရဘူး"



"အဲဒီဂျာကင်က ပါးတော့ ကိုယ်စမ်းပြီးမှတ်မိနေတယ်၊
ယ်တို့ကို ဆံပင်ဖြတ်ပေးတဲ့ အပ်ချုပ်ဆိုင်နာမည်က မေတ္တာဦး
ပ်ချုပ်ဆိုင်လေ"

"နန္ဒဝန်ဈေးထိပ်ကလေ ဟုတ်တယ်...သူများတ ရှက်
ာ်နဲ့ ဆိုင်နာမည်ကို မမှတ်မိဘူး၊ အဲဒီကအပြန်မှာ ရွာကို ပြန်
ွားရတာကိုး၊ သူများက ကိုကြီးကို မတွေ့တော့ဘူး မှတ်နေတာ"

"မင်းကို အဘဇသမီးမှန်း မသိဘူး"

"မသိသလိုဘဲ နေတာကောင်းပါတယ်၊ မေတ္တာဦးကို
ားတဲ့တစ်နေ့ သွားမယ်နော်၊ အဲဒီမှာ ကျွန်မစောင့်နေမယ်၊
ကြီးနဲ့ လက်ထပ်တဲ့အခါ အဲဒီဆိုင်မှာ ဝတ်စုံချုပ်မယ်၊ အခု
ာက်ပိုင်းမှာလည်း အဲဒီဆိုင်မှာပဲ ဝတ်စုံချုပ်တော့မယ်နော်၊
ဲ...အိပ်ကြစို့ ကိုကြီးရယ် ခုနစ်စင်ကြယ်တောင် အမြီးထောင်
ပြီ သန်းခေါင်ချိန်ရောက်ပြီပဲ"

"အမယ်...မရဘူး ကိုယ့်ကို သေသေချာချာ အဖြေပေးဦး
သ"

သူ၏ချစ်စိတ်က အရှိန်တက်နေဆဲမို့ သူမအား အလွတ်
ပေးသေးဘဲ အချိန်ဆွဲကာ ဂျိကျနေသေးသည်။

"ဟော...ကိုကြီး အိမ်ထဲမှာ မီးရောင်တွေ့နေပြီ၊ အနေ
နေလားမသိဘူး၊ ဒုက္ခပဲ...လာ မြန်မြန် မီးဖိုပေါက်ပေါ်နေ
ခြေအနေကြည့်ပြီး ဝင်ထားမှ ကိုကြီး မုန့်ထစားတဲ့ပုံစံမျိုး

www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ် ဒုက္ခပဲ…"

"ဟင်း…ဟုတ်လို့လား"

"လာပါဆို…ရှူး…စကားမပြောနဲ့တော့"

မာယာသုံးပြီး ဆွဲခေါ်လာခဲ့သည်။ တကယ်တော့ အဘွား
ရော ဦးဘဇံရော ရွှေမိရော နှစ်ချိုက်စွာ အိပ်နေသဖြင့် သူ
ဖွင့်ထားခဲ့သော မီးဖိုချောင်မှ မီးရောင်က လွဲ၍ ဘာမီးမှမထ
ပေ။

မျက်မမြင်တစ်ဦးကို လှည့်စားရ၍ စိတ်မကောင်းဖြစ်
သော်လည်း ထိုထက်ပို၍ မပြောသင့်တော့…

မိမိသည် နှင်းဝတ်မှုန်အယောင်ဆောင်ထားသေ
နှင်းဝတ်မှုန်၏ ဝမ်းကွဲညီမ၊ မိမိ၏မိခင်သည် အဘဦးဘဇံ၏နှမ
ဖြစ်သည်ကို ချစ်သောအစ်ကိုကြီး ဖော်မင်းထိုက်ပင် မသိလိုက်

* * *



အခန်း ( ၅ )

"ငါတော့ သေတော့မယ် ကြောင့်ရယ် အဖေကလည်း သူ့
အားဖူးရှင်တွေ သူ့ကြောင့်ဖြစ်ရတာဆိုပြီး ပြုစုခိုင်းနေတယ်လေ၊
အခင်တန်းတွေလည်း ငွေတောင်သွင်းထားပြီးပြီ၊ အဲဒီပုဂ္ဂိုလ်ကြီး
ကလည်း ဂဂျီဂဂျောင်နဲ့ ခိုင်းနေတာပဲ၊ အိမ်မှာ အနားရတုန်း
အနှိပ်ခိုင်းတာကို ကလိမလို့လုပ်တာ အဆင်ကိုမပြောဘူး"

ခြုံသံပါအောင် ငြီး၍ ကျောက်တန်းရွာသို့ ရောက်လာ
သော ဝမ်းကွဲအစ်မ နှင်းဝတ်မှုန်ကြောင့် နာနတ်ယိုများကို ပလင်
တစ်နှင့်ထည့်ကာ မီးကပ်သည့်နားမှာရှိနေသည့် ပန်းကြွေ
ပြားကာ မော်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာလဲဟာ..သင်တန်းတက်ခွင့်လည်း ပေးထားတယ်
လစာလည်းပေးထားတယ်ဆိုတဲ့ အိမ်ရှင်မျိုးကို ငါ မကြားဖူး
ဘူးဟာ၊ ဒါလောက်သဘောကောင်းတာ"

"သဘောကတော့ ကောင်းပါတယ်ဟာ...ဒါပေမယ့်...
သူက မျက်စိမမြင်တော့ ငါက အစအဆုံး အားလုံးလိုက်လုပ်
ရတာပဲ၊ နင်သိတဲ့အတိုင်း ငါက ဘာမှသိပ်လုပ်ဖူးတာမှမဟုတ်
တာ"

"သိပ်လုပ်ဖူးတာမဟုတ်ဘူး၊ လုပ်ကိုမလုပ်တတ်တာ
မဟုတ်လား၊ ကဲ...အခု ဘာတွေများပင်ပင်ပန်းပန်းလုပ်ရ
လဲ"

"ဟီး...ငါက သူနာမပြုစုတတ်တော့ အခု သူငါ့ကြော
လဲကျသွားပြီး ခါးဆစ်ရိုးလွဲပြီး ဆေးရုံရောက်နေတာ ဘ
လောက်ကြာဦးမလဲမသိဘူး၊ အဖေကတော့ ဆယ်ရက်လော
ကြာမယ်ပြောတယ်၊ အခု ဆေးရုံမှာဆိုတော့ အိပ်ရာထဲမှာ
နေနေရပြီး နာ့စ်ပဲငှားထားတာပေါ့၊ မန္တလေးက ဘွားတော်
ကလည်း တစ်မျှော်"

အိမ်မှာ သမီးအကြီးဆုံးဖြစ်၍ မောင်သုံးယောက်
ဝိုင်း၍ချစ်ကြသလို မိဘနှစ်ပါးကလည်း အလိုလိုက်ကြသ
ဆိုးနွဲ့နေသော နှင်းဝတ်မှုန်သည် လစာငါးသောင်းချီး မျာ
မမြင်ဒုက္ခိတအား ပြုစုပေးရသည့်အလုပ်ကို ပြုစုလျက်ရှိနေသည်



"ဒါဆိုရင်လည်း နင်မလုပ်နဲ့တော့ပေါ့ဟာ၊ နာ့စ်ပဲငှားလိုက်
တော့ပေါ့ဟာ"

"အမယ်...ငါးသောင်းတောင်ရတာပဲ၊ အခု အိမ်ဖော်
ဆောင်မလေးပြန်သွားလို့ ငါလူလာရှာရင်း နင့်တို့သတိရလို့
င်လာတာ၊ ဒီမှာကြာင့်...နင့်ကိုငါ နှစ်သောင်းပေးမယ်ဟာ
နဲ့လိုက်ခဲ့ပါလား"

"အမယ်...ဘာလုပ်ရမှာလဲ၊ နင့်နှစ်သောင်းများ ဒီမှာ
နေ့တစ်ယိုလုပ်တာတောင် အေးဆေးပဲ"

ပန်းကြာငုံသည် ဦးဘဇံ၏ညီမ ဒေါ်ခင်မှုန်၏ သမီးဖြစ်
သည်။ ပန်းကြာငုံလည်း သမီးဦးဖြစ်ပြီး နှင်းဝတ်မှုန်ထက် နှစ်လ
သာ ငယ်သဖြင့် သူငယ်ချင်းလိုပင်နေနေခဲ့၏။

ပန်းကြာငုံအောက်တွင် မောင်တစ်ယောက်နှင့် ညီမ
ငယ်ဆုံးတစ်ယောက်သာရှိသည်။ မိဘများမှာ နာနတ်စိုက်ပြီး
ခြံ သရက်ခြံများဖြင့် လုပ်ငန်းလုပ်ကိုင်နေသောကြောင့်
န်ကြာငုံက အိမ်တွင်းအလုပ်များကို လုပ်ကိုင်ပေးလျက်ရှိသည်။

အထက်တန်းကျောင်းသူဘဝတွင် ရန်ကုန်ရှိ နှင်းဝတ်မှုန်
ဲ့အိမ်မှာနေကာ ဆယ်တန်းစာမေးပွဲကိုဖြေပြီး နှင်းဝတ်မှုန်နှင့်
တူတူ စာမေးပွဲအောင်မြင်သောအခါ ကွန်ပျူတာသင်တန်း
တက်ပြီး အလုပ်လုပ်ရန်အတွက် အဝေးသင်တက္ကသိုလ်တက်
ိတ်၏။ နှင်းဝတ်မှုန်ကမူ ဒဂုံတက္ကသိုလ်တက်ကာ ကျော်ချော်





www.burmeseclassic.com

www.burmeseclassic.com



ပါးပါးနေခဲ့ပြီးမှ နောက်ဆုံးနှစ်တွင် ဖခင်က ဒုက္ခိတဖြစ်ပြီး ကား မမောင်းနိုင်သောအခါ စီးပွားရေးကျပြီး အလုပ်လုပ်ရန်အတွက် ကြိုးစားနေခဲ့၏။

"ကြာငုံ...နင် ငါ့ကိုကူညီပါဟာ၊ ငါ့ကိုယ်စား ငါ့အလု ကို လုပ်ပေးပါ၊ ငါအလုပ်ရတဲ့အခါမှ အဲဒီလစာအားလုံး နင်ယူပါဟာ၊ အခုတော့ အလုပ်ရှာတဲ့ လမ်းစရိတ်ရယ်၊ လျှော လွှာဖိုးရယ်လိုနေလို့ ငါတစ်ဝက်ယူရတာပါဟာ၊ အလုပ်ရ မယူပါဘူး"

"ဝါက ဘယ်လောက်ကြာကြာ အဲဒီအလုပ်ကိုလုပ်နေ မှာလဲ"

"အလွန်ဆုံး သုံးလေးလပေါ့ဟာ၊ သူ့မျက်လုံးက ပြ ကောင်းလာနိုင်တယ်ပြောတာပဲ၊ နင်က ငါသင်တန်းတက်နေ နှစ်လမှာ ငါ့အနေနဲ့ဝင်ပေးပါဟာ"

"နင့်အနေနဲ့...ငါက နှင်းဝတ်မှုန်အနေနဲ့ ဘာလို့နေ မှာလဲ"

"ဟဲ့...တိုးတိုးပြောပါဟဲ့ အလန့်တကြား"

ပန်းကြာငုံသည် တအံ့တသြနှင့် ထအော်လိုက်သည အနားတွင် နာနတ်ယိုထုပ်များကို မီးတပ်နေသော ကောင်မလေး က ရယ်လိုက်၏။

"အစ်မကြာငုံအော်တာနဲ့ လက်တောင်မီးရှို့မိပြီး လန့်သွာ





တာပဲ"

"သေလိုက် ရွှေမိ၊ အရေးထဲ...သူကလန့်ရသေးတယ်၊ အမယ်...ရွှေမိ နင်မီးတပ်တာ ဘယ်လောက်ရသလဲ"

"သုံးအိတ် ငါးဆယ်"

"အင်း...တစ်နေ့ကိုဘယ်နှစ်အိတ်ပြီးလဲ"

"တစ်ရာနှစ်ရာပေါ့ အစ်မရယ်"

"ဒါတောင် လုပ်ငန်းရှိမှ၊ လုပ်ငန်းသာမရှိရင် နင် ဘာ လိုက်လုပ်သလဲ"

"ဒီလိုပဲ သရက်ယိုဘက်သွား၊ မရမ်းယိုဘက်သွားနဲ့ ရှာစား နေရတာပဲလေ"

"တစ်နေ့လုံး ဖင်ပွတ်တက်အောင်ထိုင်မှ လေးရာငါးရာ ရမှာ၊ ကိုယ့်ထမင်းကိုယ်စားပြီး အညောင်းကလည်းမိသေးတယ်၊ ငါနဲ့လိုက်ခဲ့ပါလား၊ အိမ်အလုပ်လုပ်ရမှာ၊ စားစရိတ်အငြိမ်း နှစ်သောင်းပေးမယ်"

"ဟင်...လူပွဲစားအလုပ်လုပ်နေပါလား"

"မိကြာငုံ...နင့်ပါးစပ်ပိတ်ထားစမ်း၊ ငါက ငါ့အဖေ့ရွာမှာ နေတဲ့လူတွေ အဆင်ပြေအောင်လို့ပြောတာပါ၊ လူခေါ်တာပဲ ပွဲစားအပ်လိုက်ရင်ရတာပေါ့"

နှင်းဝတ်မှုန်သည် စိတ်မရှည်စွာဖြင့်အော်လိုက်သည်ကို ပန်းကြာငုံက အပြုံးနှင့်ခွင့်လွှတ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



နင်စိတ်တိုတတ်တာနဲ့ လူနာကိုသွားပြုစုနေတာ အံ့ဩ
ဝတ်မှုန်ရယ်၊ နင်က ဘာရည်ရွယ်ချက်နဲ့ ငါ့ကို နှင်းဝတ်
အနေနဲ့ ဟန်ဆောင်ခိုင်းရတာလဲ”

“သူ့ကိုပြုစုတဲ့လူတွေ ခဏခဏပြောင်းတာ မကြိုက်လို့
အဲဒါထားပါဦး၊ ကဲ... ရွှေမိ ငါနဲ့မြို့လိုက်ခဲ့ဟာ၊ ငါလည်းရှိတ
အဘဇလည်းရှိတယ်၊ နှစ်သောင်းရမယ်၊ နေစရိတ် စားစရိ
အငြိမ်းပဲ၊ ကောင်းကောင်းစား ကောင်းကောင်းဝတ်ရမ
ဘယ့်နှယ်လဲ”

“အစ်မတို့ပဲပြောနေတာ အိမ်ရှင်ဦးလေးကြီးက စိတ်
တယ်ဆို”

“သူနဲ့က နင်နဲ့ဘာမှမဆိုင်ဘူး၊ နင့်ကို အဘဇကပဲ ချက်
ဈေးဝယ်ခိုင်းမှာဟာ၊ အခု... ငါ့အဖေက မီးဖိုချောင်တာ
ယူနေရတာ”

“တိုက်ကြီးလား”

“အေးပေါ့ဟာ”

နှင်းဝတ်မှုန်သည် ဆယ့်လေးငါးနှစ်အရွယ်ရှိသော ရွှေ
အား အဖော်ဆွယ်ကာ စည်းရုံးနေ၏။

သူရင်းငှားမိသားစုဘဝနှင့် တောမှာမွေး တောမှာသ
လာသော ရွှေမိအဖို့ ရန်ကုန်ဟူသော ရွှေမြို့တော်ကြီ
တမ်းတမ်းတတနှင့် ရောက်ဖူးချင်လာခဲ့သည်မို့ လိုက်နေ



ဖြတ်ချက်ချလိုက်၏။

တကယ်တော့... နှင်းဝတ်မှုန် တောကိုရောက်လာခြင်း
ည် အိမ်ဖော်ရှာရုံသက်သက်ဖြစ်သော်လည်း ပန်းကြာငုံကို
ဲသောအခါ စိတ်ကူးတစ်မျိုးပြောင်းသွား၏။

နှင်းဝတ်မှုန်နှင့် ပန်းကြာငုံတို့ အတူတူတစ္ဆင်စာတ
ချင်းတက်ပြီး အတူသွားအတူလာနေခဲ့သည်မှာ သုံးနှစ်နီးပါး
ခဲ့သည်။ ဝမ်းကွဲညီအစ်မပေမယ့် ကိုယ်လုံးတူ ရုပ်တူ အသံတူ
သည့်မို့ အမြွှာကဲ့သို့ပင်ရှိနေ၏။ သို့ရာတွင်... စိတ်ကတော့
ူ။ ကြီးပြင်းလာပုံချင်းကလည်း မတူညီပေ။

“ဒါဖြင့် နင့်အမေကိုသွားပြောတော့၊ နင့်ကို နှစ်သောင်း
မယ်၊ နေစရိတ် စားစရိတ် အဝတ်စရိတ် အားလုံးငြိမ်း၊ အိမ်
လုပ်လုပ်ရမှာ၊ ညကျရင် နင်တို့အပိုင်းကိုလျှောက်လာဖြီး
ာမယ်”

အိမ်ဖော်ကိစ္စရှင်းသွားပြီး စိတ်အေးသွားပြီမို့ ကြာငုံကို
င်မှ ပေါ်လာသောအတွေးကို အကောင်အထည်ဖော်ရန်
တွက် ပန်းကြာငုံ သူမနှင့်လိုက်ပါလာစေရန် အမျိုးမျိုးကြံစည်
တ်၏။

ဆုပ်ကိုင်ပြီးမှ လက်မလွှတ်ချင်တော့။

ဖခင် ကားသမားဘဝနှင့် ဘိုးဘွားခြံစိုက်ထားသည့် ဝင်းငွေ
လူလတ်တန်းစားအဆင့်သာ နေနေရသည်။ အခုလို တိုက်

www.burmeseclassic.com



ကြီးကြီးနှင့် ချမ်းသာသောရပ်ကွက်မှာနေရာ ကိုယ်ပိုင်ကားနှင့် သွားလာရခြင်းကို နှစ်သက်မိသည်။ ထိုသို့သောအိမ်မှ မခွာချင်တော့။

"ကြာငုံရယ်...ဝင်းလူအမှာ လုပ်အားပေးအလုပ်လုပ်တုန်းက ပင်ပန်းပြီး လစာသုံးသောင်းနဲ့ ကိုယ့်ထမင်းကိုယ်စားရ လမ်းစရိတ်ကိုယ်ခံရနဲ့ အိမ်ခန်းငှားနေရနဲ့ နင်ဘယ်လိုစားခဲ့လဲ"

"အေးပေါ့...လမ်းစရိတ်နဲ့ အိမ်ငှားခတို့သက်သာပေမယ့် စားစရိတ်နဲ့ မကာမိလို့ နှစ်လသုံးလပဲလုပ်ပြီး တောပြန်ပြေးခဲ့ရတာပေါ့ဟာ"

ရွှေမိကိုရပြီး၍ စိတ်အေးသွားပြီး ပန်းကြာငုံကိုသာ အတင်းခေါ်နေ၏။

"ငါရောက်တာ တစ်ပတ်ပဲရှိသေးတယ်၊ သူ့ကို ငါမအွံ့မီလို့ ချော်ကျပြီးလဲသွားတာ ခါးဆစ်ရိုးလွဲသွားလို့ အခုဆေးရုံတက်နေရပြီ"

"ဟင်...နင်က ဒီမှာဘာလာလုပ်တာလဲ၊ အဲဒီလူကို မပြုစုဘူးလား"

"နာ့စ်တွေရှိပါတယ်ဟာ၊ အိမ်ရောက်မှပဲ ငါကပြုစုရမှာ သူ့အိပ်ခန်းနဲ့ သူ့ရေချိုးခန်း အိမ်သာကတော့ သူ့ဘာသာသူ သွားလာတတ်ပြီပဲ၊ သူ့ကို ဆေးမှန်မှန်တိုက်ဖို့ရယ်...စာဖတ်ပြဖို့ရယ်...တစ်ခါတလေ သူ သီချင်းနားထောင်ချင်ရင် အခွေဖွင့်





ပေးဖို့ရယ်ပဲ လိုပါတယ်ဟာ၊ ငါက သင်တန်းနှစ်ခုတောင်တက်ရတာ၊ သူ့နားမှာမနေနိုင်လို့ ငါ့ကိုယ်စားနေပေးပါဟာ"

"အေးလေ...နှင်းဝတ်မှုန်မနေနိုင်လို့ ပန်းကြာငုံကနေပေးရတာ ဘာဖြစ်လဲ"

"အဲဒီလိုမဟုတ်ဘူး၊ သူကမျက်စိမမြင်တော့ နှင်းဝတ်မှုန်နေနေနဲ့ပဲ နင်က သုံးလလောက်ဂရုစိုက်ပေးဟာ၊ ငါ သင်တန်းပြီးရင် သူ့နားကိုငါပြန်နေရမယ်"

"ဘာလို့လဲဟာ၊ အဲဒီအခါ နှင်းဝတ်မှုန်ပြန်လာလို့ ပန်းကြာငုံပြန်သွားတာပေါ့ဟာ၊ ဘာဖြစ်လဲ"

ပန်းကြာငုံက ရိုးရိုးလေးတွေးကာပြောလိုက်သဖြင့် နှင်းဝတ်မှုန် အခက်တွေ့သွား၏။

"နင်ကလဲဟာ...နားဝေးလိုက်တာ၊ သူက ဒီအိမ်မှာ လူများကြီးရှိတာကိုမကြိုက်ဘူး၊ သူ့ကိုပြုစုဖို့ တစ်ယောက်၊ အိမ်ဖော်တစ်ယောက်နဲ့ အဖေနဲ့ဆိုရင် ရပြီတဲ့၊ ဒရိုင်ဘာတောင်မထားဘူး၊ ကားမောင်းစရာရှိရင် အိမ်နားကဒရိုင်ဘာတစ်ယောက် အကူအညီတောင်းတာ၊ ဒါတောင် သူ့မိဘတွေလက်ထက်ကတည်းကနေတဲ့သူမို့ခေါ်တာတဲ့၊ သိပ်ဇီဇာကြောင်တာပဲ"

"အဲဒါနဲ့ ကြာငုံက နှင်းဝတ်မှုန်အစားနေရရောလား"

"ကြာငုံရယ်...ငါလေ အမေတို့ခြံထဲ ပြန်မနေနိုင်ဘူး၊ အိမ်အဝေးကြီးလျှောက် ဘတ်စ်ကားတိုးစီးနဲ့ သင်တန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သွားမထက်ချင်ဘူး၊ အိမ်ငှားခလည်း မပေးနိုင်ဘူး၊ ဒါကြောင့် သူနားမှာနင်ကနေပေးပြီး ငါက အပေါ်ထပ်မှာ တိတ်တိတ်တလေး နေမယ်၊ ညအိပ်ရုံပဲပြန်လာမယ်၊ နှစ်လတည်းနေပေးပါဟယ်၊ အလွန်ဆုံး သုံးလပေါ့၊ ပြီးရင်...နင်ပြန်တော့ပေ၊ ငါက ဆက်နေပေးမယ်"

ပန်းကြောင့် နားလည်လိုက်ပြီ။ နှင်းဝတ်မှုန်အစား ခဏဝင်ပေးပြီး နှင်းဝတ်မှုန် သင်တန်းပြီးတော့ ပြန်ဖယ်ပေးရန်ဖြစ်သည်။

"နင့်တို့ နှစ်သောင်းခွဲပေးပါမယ်ဟာ၊ ခဏလေးပါ"

"နေပါဦး...နင်အလုပ်ရတော့ရော"

"သူ့ကိုပြောပြမှာပေါ့ဟာ အလုပ်ရပြီလို့၊ အဲဒီအချိန်မှာ သူအသားကျသွားသလို သူ့အဘွားကလည်း မျက်စိခွဲဖို့လုပ်ပေးမှာပါဟာ၊ ဆရာဝန်က အာရုံကြောတွေကောင်းသွားအောင် ခြောက်လစောင့်ပေးပါ၊ ပြီးမှ ခွဲသင့်မခွဲသင့် ကြည့်မယ်တဲ့၊ အဲဒီခြောက်လမှာ သူ့နားမှာ လူရှိနေရအောင်လေ၊ အခု...သူမျက်စိကွယ်တာ သုံးလနီးပါးရှိပြီ၊ ငါရောက်တာ တစ်လပဲရှိသေးတာ သူ မျက်စိပြန်မြင်တော့ ငါ့ရဲ့အလှကိုမြင်ပြီး သူက ငါ့ကို စိတ်ဝင်စားသွားမှာပေါ့ဟာ၊ ဒီကြားထဲ နင်က ငါ့အနေနဲ့ပြုစုထားတော့ သူက နှင်းဝတ်မှုန်အနေနဲ့ပဲ သိနေမှာပေါ့"

"ဟင်...နင်တသူ့ကိုကြိုက်နေလို့လား"

"ဟီး...ရုပ်ကလည်းချောတယ်၊ ပြီးတော့ သူဌေးသားလေ



ဟာ၊ ငါက သူဌေးကတော်ဖြစ်ချင်တယ်"

"ရောဂါကမသေးပါလား"

"အေးပါ အဲဒါကြောင့် ဒီဖြင်လူဆိုရင် ငါ့လူကိုလုယူသွားမှာ၊ နင်ကတော့ မလုပါဘူး"

"အမယ်လေး...ဝေးသေး၊ ငါတအဲဒီလောက်တောင် ညတ်ဘူးနော်၊ နင်ရည်ရွယ်ပြီးသားလူဆိုရင် လုမယူဘူး သိလား၊ ပြောက်ပြီး...သုံးလတည်းနဲ့ လူတစ်ယောက်ကို မကြိုက်သွားနိုင်ပါဘူး၊ ဒါပဲနော်...သုံးလပဲအဖြင်ပိုမနေဘူး၊ သုံးလကျော်လို့ ရှိသွားရင် တာဝန်မယူဘူး"

"စိတ်ချ...သူက မျက်စိမမြင်တဲ့သူဆိုတော့ ရုပ်ကိုမခွဲခြားတတ်နိုင်ပါဘူးဟာ၊ ချစ်ခြင်းအစ မျက်စိတဲ့...လေ၊ သူ့မှာ ညီးစားမရှိတော့ အနေနီးစပ်တဲ့ နှင်းဝတ်မှုန်ပဲ တွယ်တော့မှာပါ၊ အဲ...ဒါပေမယ့်...နင် ဝေးဝေးကပဲ စောင့်ရှောက်နော်၊ အိပ်မကပ်နဲ့"

"ဟူး...အခုတည်းက ကပ်စေးနှဲနေပြီ၊ အေးပါ နင့်သင်တန်းတွေပြီးတာနဲ့ ငါပြန်မှာပါ၊ ငါ့ကို လစာတွေဘာတွေ ထုပ်ပါနဲ့ဟာ၊ ငါက ငွေမလိုပါဘူး၊ နင့်အတွက်ကူညီတာပါပဲ"

ပန်းကြာငုံသည် သူမ အထက်တန်းကျောင်းတက်စဉ်က ကူခဲ့သောကျေးဇူးကို သိတတ်စွာဖြင့် နှင်းဝတ်မှုန်တောင်းလာသော အကူအညီကို အလွယ်တကူလက်ခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးတစ်ယောက်ကို မြင်ရုံနှင့် အနေနီး နှင့် ရင်မခုန်တတ်သော သူမကိုယ်သူမ ယုံကြည်နေမိသည်

"အေးပါဟာ...ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် နင် မကြိုက်ရဘူးနော်၊ သူက ရုပ်ချောတဲ့ သူဌေးသားဟဲ့"

"အမယ်...ငါက ရုပ်ချော ဥစ္စာပေါတိုင်းကြိုက်ရမှာ ဖဆင့်မျိုးဆီပိုက္ကာရင် အနှိပ်ခံရ အနိုင်ခံရမှာစိုးတယ်၊ ရော နင့်ကိုကြိုက်လို့လား"

"ဟီး...တစ်လပဲရှိသေးတာ၊ ပြီးတော့ ငါ့အလှကို မမြင်တာ၊ မြင်ရင်တော့ ကြိုက်မှာပေါ့ဟာ၊ ဒါကြောင့် သူမ ပြန်မြင်ရင် ငါရှိနေမှလေ"

"စိတ်ချပါဟာ...ငါ့ရင်ထဲမှာလည်း တွယ်တာနေ ရှိပါတယ်၊ ဒါကြောင့် ငါဘယ်သူ့ကိုမှ ရင်ထဲထည့်လို့မရ

"ဘာလဲ...နင့်ဆံပင်ကွက်ဖြစ်သွားရတဲ့ အကြောင်း လား"

"အေးပေါ့ဟာ"

ပန်းကြာငုံသည် သူမငယ်ထိပ်နှင့် ချိုစောင်းမှဆံပင် ဖြတ်လိုက်ရသည်အထိ ဂျာကင်ဇစ်မှာငြိပြီး သူ့ရင်ခွင်မှာ စိုက်ရသည့်အဖြစ်ကို စဉ်းစားမိသည့်အခါတိုင်း ရင်ခုန်နေ ပင် ဖြစ်သည်။

"နင် အဲဒီဆိုင်မှာသွားရှာသေးလား"



"ရှာတာပေါ့မှုန်ရယ်...နှစ်ခေါက်လောက်တော့ သွားရှာ းတယ်၊ သူမလာပါဘူး၊ နောက်တော့ အမေနေမကောင်း ငါပြန်ရတာပဲ၊ ခုထိ ရန်ကုန်မှပြန်မရောက်သေးတာပဲ၊ မဦးက ထားမယ်တဲ့၊ ဖူးစာမှန်ရင်ပြန်တွေ့မယ်လို့ပြောတာပဲ"

"အေးပေါ့ဟာ...ဖူးစာမှန်ရင် ပြန်တွေ့ရမှာပေါ့၊ နင် ရောက်တော့ပြန်သွားနိုင်တာပေါ့၊ ငါလည်းစိုင်းရှာပေးပါ့မယ်"

နှင်းဝတ်မှုန်က စိတ်အေးသွားဟန်ဖြင့် ပြောလိုက်သည်။ ငယ်ချင်းလို့ပင် တစ်ယောက်၏ခံစားချက်ကို တစ်ယောက် ပွင့်ပွင့်လင်းလင်းဖွင့်ဟတိုင်ပင်ထား၍ ဂျာကင်ဇစ်နှင့် ဆံပင် ည့်အကြောင်းကိုပင် ဖွင့်ပြောပြထားသဖြင့် နှင်းဝတ်မှုန် အစ ဆုံးသိနေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပန်းကြာငုံသည် နှင်း တ်မှုန်တောင်းသည့် အကူအညီကိုပေးရန် ဆုံးဖြတ်လိုက်၏။

"ဖြစ်ပါ့မလားသမီးရယ်...နင်တို့ဟာကလဲ"

"ဘာလို့မဖြစ်ရမှာလဲ၊ ပန်းကြာငုံနဲ့ နှင်းဝတ်မှုန်ဟာ အစ်မ၊ ရုပ်ရော ကိုယ်လုံးရော အသံရောတူတယ်၊ အမေ့

www.burmeseclassic.com

www.burmeseclassic.com



သမီးတွေပဲဟာ"

"မန္တလေးကအဘွား ရှိသေးတယ်လေ"

"သူ့ဘာသာသူ မန္တလေးနေတာပဲ၊ အခု ဒီအိမ်ကနေပြီး သင်တန်းတွေသွားရတာမလွယ်ကူလို့ပါ အဖေရယ်၊ နော်... နော်...သမီး အိမ်ပေါ်မှာတိတ်တိတ်ကလေးနေပါ့မယ်၊ အိပ်ချိန် မှပဲပြန်လာမှာပါ...နော်...အဖေ"

ဦးဘဇံသည် နှင်းဝတ်မှုန်နှင့် ပန်းကြာငုံကိုကြည့်ကာ ခေါင်းတရမ်းရမ်းနှင့် စိတ်ရှုပ်သွား၏။

သူ့ပခုံးပေါ်မှာ ကြီးမားသောဝန်ထုပ်ဝန်ပိုးကြီးကို တန် ဆပိုး ထမ်းထားရသကဲ့သို့မင်။

မျက်စိမမြင်သော ဇော်မင်းထိုက်ကိုမြင်ရတိုင်းတွင် အဖြ မကောင်းသူတစ်ဦးလိုခံစားမိကာ စိတ်မကောင်းဖြစ်ရသည်မှ လည်း အကြိမ်ကြိမ်ပင်ဖြစ်၏။

"ကဲပါဖေကြီးရယ်...သမီးတို့စီစဉ်ပြီးပြီပဲ၊ သူတို့ဖြစ် စီစဉ်တာပေါ့၊ ဘာမှပူပင်မနေပါနဲ့၊ မျက်စိမမြင်တဲ့သူဟာ အ အပေါ်ထပ်ကိုလည်း မတက်သွားနိုင်ပါဘူးကွယ်၊ တကယ် သံသယရှိနေရင် ကြာငုံကဖြေရှင်းပေးလိမ့်မယ်"

နှင်းဝတ်မှုန်၏မိခင်ကလည်း မိန်းမသားပီပီ ဆုပ်ကိုင် သောငါးကို အလွတ်မပေးချင်ပေ။

"သမီးဝတ်မှုန်ကလည်း အိမ်ပေါ်ထပ်မှာနေတဲ့အ



သတိထားပြီး အသံမကြားရအောင်နေပေါ့"

"ဟုတ်ကဲ့...သူ့အိပ်ခန်းတည့်တည့်မှာ မနေပါဘူး၊ အစွန် ဆုံးအခန်းမှာနေမှာပါ၊ ပြီးတော့ သမီးကနေ့တိုင်း သင်တန်းသွား နေမှာပါ၊ ညအိပ်ရုံပါပဲ"

သားအမိနှစ်ဦးမှာ အတိုင်အဖောက်ညီစွာပြောနေကြစဉ် ဦးဘဇံနှင့် ပန်းကြာငုံမှာ သက်ပြင်းချလျက် စိတ်မောလူမော ဖြစ်နေကြသည်။

ဇော်မင်းထိုက် ဆေးရုံတက်နေစဉ် ဦးဘဇံဇနီးက အိမ်မှာ လာနေကာ ချက်ပြုတ်ကျွေးမွေးသလိုလိုနှင့် တရှုန်းရှုန်းဖြစ်နေ သဖြင့် ဦးဘဇံက မနေတတ်မထိုင်တတ်နှင့် ခြံထဲဆင်း၍ ပန်းပင် များကိုသာ တွင်တွင်စိုက်ပျိုးနေလေသည်။

ပန်းကြာငုံအဖို့ ကြီးမားသောအိမ်ကြီးမှာ ဖုန်အလိမ်းလိမ်း နှင့် ဝင့်ကူအိမ်များထူထပ်လျက်ရှိနေသည်တို့ကို ရှင်းလင်း၍ တစ်အိမ်လုံးသန့်ရှင်းရေးအတွက် တာဝန်ယူကာ ရွှေမိနှင့် နှစ် ယောက်အတူ ရှင်းလင်းခဲ့သည်။

အိမ်ရှင်မ၏ ထိန်းချုပ်မှုမရှိသောအိမ်ကို ပြန်လည်ပြုပြင် ရင်းက ဇော်မင်းထိုက် ဆေးရုံမှဆင်းလာသောနေ့ရက်တို ရင်ထိတ်စွာမျှော်နေမိသည်မှာ နံရံတွင်တွေ့ရသော ဇော်မင်းထိုက် ၏ ဓာတ်ပုံမှာ သူ့နှလုံးသားထဲ စူးနစ်တိုးဝင်လျက်ရှိသည်။

"သူပဲလား..."

www.burmeseclassic.com

www.burmeseclassic.com



ဇာစ်နဲ့ဆံပင်နှင့် တွယ်ငြိလျက်ရှိသည့်သူပဲလား၊ ပန်းကြာ အိပ်ရောက်ပြီး ဆယ်ရက်မြောက်သောနေ့မှာ ဇော်မင်းထိုက် ဆေးရုံမှဆင်းလာ၏။

"နာမည်ကိုမခေါ်နဲ့နော်၊ မမလေးပဲခေါ်၊ ကြားရဲ့လား ရွှေမိ၊ အသင့်ပြင်ထားနော်"

ရွှေမိအား တိုးတိုးမှာပြီး အိမ်အပြင်ဘက်ထွက်ကာ ကြို လိုက်သည်တွင် ရင်ထဲမှာ ဒိန်းခနဲပေါက်ကွဲလွင့်စင်သွားတော့ သည်။

"သူမှသူ အစစ်ပဲ၊ ဖြစ်ရလေ သူရယ်..."

မြင်မြင်ချင်း ကြေကွဲဝမ်းနည်းသွားမိတော့သည်။ တောင် ဝေးလေးစမ်းထောက်ရင်း လျှောက်လာနေသောသူ့အား ငေးကြောင်ကြည့်ရင်းက ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်မိတော့သည်။

"သူ့ကိုစိတ်ချမ်းသာအောင် ပျော်ရွှင်လာအောင် ဒီသုံးလ အတွင်းမှာ အစွမ်းကုန်ပြုစုလိုက်တော့မယ်၊ သူ့ဆီကဘာမှမရချင် နေပါစေ၊ ငါကပဲ ဂရုစိုက်မှုတွေ ပြုစုယုယမှုတွေပေးရရင် ကျေနပ်ပါပြီ၊ ဖြစ်ရလေသူရယ်..."

ပန်းကြာငုံ၏နှလုံးသားမှာ ဆွဲနစ်နေအောင် တမ်းတရသူ ကို မျက်မမြင်တစ်ဦးအနေနှင့် ပြန်တွေ့ရလိမ့်မယ်လို့ လုံးဝ မမျှော် လင့်ခဲ့မိပေ။



"အဘဇံ အိမ်ကပြောင်းလဲနေပါလား"

"မပြောင်းလဲပါဘူးလူလေးရယ်...လူလေးအမေ ပြင်ဆင် ထားတဲ့အတိုင်းပါပဲ၊ အဘဇံ သမီးကိုမပြောင်းရဘူးလို့ မှာထား ပါတယ်"

"ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းနေတာပဲ၊ အနံ့တွေ မွှေး နေတယ်"

အဘဇံနှင့်အကြည့်ချင်းဆုံကာ ပန်းကြာငုံတို့ယ်လေး တောင့်သွား၏။ နှင်းဆီပန်းအိုးတွေထိုးထားခြင်းကို သတိထားမိ လို့လား။

"အော်...အဘသမီးက နှင်းဆီပန်းတွေထိုးထားတယ် လေ၊ လူလေးလည်း ဆေးရုံနံ့တွေပျောက်သွားအောင်လို့တဲ့လေ"

"အတော်ရှုပ်တဲ့ကောင်မလေးပဲ၊ သူရော..."

"ကြောက်လို့ရှောင်နေတယ်တဲ့"

"အော်...ကံကြမ္မာကိုပဲပုံချပြီး ဘယ်သူ့ကိုမှအပြစ်မတင် ချင်တော့ပါဘူး အဘရယ်"

ဦးဘဇံက အနားလာရန် လက်နှင့်လှမ်းပြလိုက်သဖြင့် ပန်းကြာငုံက သူ့နားသို့ ရင်တထိတ်ထိတ်နှင့်ရောက်လာလေ သည်။ မျက်စိမမြင်သော်လည်း အနံ့ရနေသဖြင့် ချက်ချင်းပင် ပန်းကြာငုံရှိရာဘက်သို့လှည့်ကာ...

"နှင်းဝတ်မှုန်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အလန့်တကြားထူးလိုက်မိ၏။

"မင်း သနပ်ခါးတွေလူးထားလား"

"ဟုတ်..."

ရုတ်တရက်ထိတ်လန့်သွားမိသည်။ နှင်းဝတ်မှုန်က သနပ်ခါး မလူးတတ်ဘဲ နှီးရည်တို့ ခရင်တို့ မိတ်ကပ်တို့သာ လူးတတ်၏။ ပန်းကြာငုံက သနပ်ခါးပဲလူးတတ်သည်။ ဒါကို သတိမထားမိလိုက်ပေ။

"အေး...ကောင်းတယ်၊ အမေက အမြဲသနပ်ခါးလိမ်းတာပဲ၊ မိန်းကလေးဆိုတာ သနပ်ခါးလိမ်းမှ ကျက်သရေရှိတာတဲ့"

ရင်ထဲမှာအေးသွားသည်။ နှင်းဝတ်မှုန်နှင့် ပန်းကြာငုံ၏ ကွာခြားချက်ကို သူ သတိထားမိနေလောက်ပါပြီ။ မျက်စိမမြင် သူ့ရဲ့ အနံ့အာရုံ အကြားအာရုံခံစားမှုက လူကောင်းများထက် သာသည်ကို နှင်းဝတ်မှုန် သတိမထားမိတာလား။

အိပ်ရာခင်းရင်းက သူ့ခေါင်းအုံးဘေးမှာ မိမိခေါင်းထက်က ခရေပန်းကုံးလေးကျသွားတာကို သူက ကောက်၍နမ်းရှူပြီးကာ သူ့ရင်ဘတ်ပေါ်တင်၍ အိပ်သွားသည်ကိုကြည့်ရင်း ရင်မှာနာကျင်နေမိကာ အသနားပိုနေမိ၏။

ဒါကြောင့်လည်း သူဟာ ဘယ်မှမသွားနိုင်ဘဲ မိမိ



ချာကင်ဖစ်ပိုင်ရှင်ကို ရှာမတွေ့ဖြစ်နေခြင်းဖြစ်သည်။ တကယ်လို့ မျက်စိမြင်နေရရင်လည်း သူ့လို ချမ်းသာကြွယ်ဝသူက မိမိကို သတိထားမိလိမ့်မည် မဟုတ်ပေ။

ထိုသို့စဉ်းစားမိလိုက်သောအခါ ကိုယ့်ဘဝကို အားငယ်သွားမိသည်။

ခရီးသွားဟန်လွှဲ ခလုတ်တိုက်မိတဲ့အဖြစ်တစ်ခုကို ဘယ်သူက အမှတ်တရရှိနေမှာလဲလေ။ မိမိကသာ ရူးသွပ်ပြီး သူ့ကို တစ်ဖက်သတ်စွဲလမ်းမိနေခဲ့တာပါပဲ။

ဘာပဲဖြစ်ဖြစ်လေ...သူ့နားကိုရောက်လာပြီးမှတော့ သူဟာ မိမိစွဲလမ်းတမ်းတသူ ဖြစ်နေသောကြောင့် မိမိကြောင့် သူ ရယ်မောပျော်ရွှင်သွားလျှင် ကျေနပ်ပါပြီ။ သူ့ဆီက ဘာမှ မရချင်နေပါလေ။

မိမိကပေးဆပ်တဲ့ ကြင်နာယုယမှုကို သူရယူနိုင်ခဲ့လျှင်ပဲ ကျေနပ်ပျော်ရွှင်ပါတော့မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကြာဝုံ...နင်က သူ့အပေါ် ဘာလို့ သည်းသည်းလှုပ် ဝရုန်းစိုက်နေရတာလဲ၊ တကယ်လို့ နင်ပြန်သွားလို့ နင့်လိုငါက လိုက်မပြုစုနိုင်ရင် ပြဿနာတက်တော့မယ်"

"လိုက်လုပ်ပေးလိုက်ပေါ့ ဝတ်မှုန်ရယ်...ကိုယ့်ကျေးဇူးရှင်ပဲမဟုတ်လား၊ ကုသိုလ်ရပါတယ်"

"နင်သိပ်မပိုနဲ့နော် မိန်းမ၊ ပုံမှန်ပဲလုပ်ပါ"

သူအိပ်ပျော်နေစဉ် ညဘက်မှာ နှင်းဝတ်မှုန်က မိမိအိပ်ခန်းတံခါးကိုလာခေါက်ကာ မီးဖိုချောင်ထဲတွင် တံခါးပိတ်၍ ကြိတ်ကာသတိပေးခဲ့သည်။

"နင် သူ့အပေါ်ကြွေမသွားနဲ့နော်၊ ငါ့အတွက်ရည်မှန်းထားတာ နင်သိတယ်မဟုတ်လား၊ တကယ်လို့ သူမျက်စိပြန်မြင်ရရင် ငါ့ကိုပဲရွေးချယ်မှာပါ၊ အဲဒါဆိုရင် နင်စိတ်ဆင်းရဲရလိမ့်မယ်၊ ခုထဲက နင်ခပ်ခွာခွာနေတာကောင်းလိမ့်မယ်ထင်တယ်"

မိမိထက်အသားပိုဖြူပြီး ပိုလှသည်ဟု အများကလက်ခံ



ထားသောကြောင့် နှင်းဝတ်မှုန်သည် ထိုယ့်တိုယ်ကို ယုံကြည်လျက်ရှိနေသည်။

အမှန်တကယ်ပင် အတူတူကျောင်းနေစဉ် သူ့အား ယောကျ်ားလေးများက ပို၍နှစ်သက်ကြသည်။ ရည်းစားစာ စောင်ရေအများဆုံးလက်ခံရရှိထားသူအဖြစ် နာမည်ကြီးခဲ့သည်။

ထို့ကြောင့်ပင် သူ့ကိုယ်သူ ယုံကြည်လျက်ရှိနေ၏။

"စိတ်ချပါဝတ်မှုန်ရာ...ငါက လူနာပြုစုတာ ဝါသနာပါတယ်ဆိုတာ နင်လည်းသိသားပဲ၊ နင်သာ သုံးလဖြည့်ရင် သင်တန်းတွေဖြတ်ပြီး ငါ့နေရာပြန်နေဖို့မမေ့နဲ့၊ ပြီးတော့...ငါ ပြုစုသလိုပဲ ပြုစုပေးလိုက်ပါ၊ ဒါမှအကျင့်ဖြစ်သွားမှာပေါ့၊ အခုလည်း တစ်ခါတလေ နင် သင်တန်းကနေစောစောပြန်လာပြီး သူ့နားမှာနေပေးပါလား၊ နင့်သင်တန်းက သုံးနာရီလောက်ပဲကြာတာ၊ နင်ကလျှောက်သွားနေပြီးတော့များ"

"အေးပါဟယ်...ငါကြိုးစားပါ့မယ်"

ကြိုးစားပါ့မယ်ဟုပြောသော်လည်း နှင်းဝတ်မှုန် ဘယ်တွေသွားနေသည်မသိပေ။ မိုးလင်းကမိုးချုပ် အိမ်မကပ်တတ်ပေ။ သူငယ်ချင်းများနှင့် အလုပ်ရှာသည်ဟု အကြောင်းပြတတ်၏။

"ငါ အိမ်ထဲမှာချည်းပဲမနေနိုင်ဘူး ကြာဝုံ၊ ကုမ္ပဏီအလုပ်တွေ လုပ်ချင်တယ်၊ ဒါပေမယ့်...ငါ့ရဲ့သင်တန်းဆင်းလက်မှတ်တွေနဲ့တော့ ခန့်မှန်းလစာ တစ်သိန်းအထက်ပဲလိုချင်တယ်၊ အခု

www.burmeseclassic.com

www.burmeseclassic.com



ငါ စီးပွားခန့်ခွဲမှုသင်တန်းကိုပါ တက်နေပြီ”

“ဟင်...နင်က အလုပ်တောင်တစ်ခါမှမလုပ်ဖူးဘဲနဲ့ မန်နေဂျာလောက်အဆင့်ကို မှန်းနေပြီ၊ နင့်ကို ဘယ်သူ စစချင်း မန်နေဂျာပေးမှာလဲဟာ”

“ငါ့ရုပ်ရည်နဲ့ဆိုရင် ပေးမှာပေါ့ဟ၊ ပညာလည်းတတ် လည်းချောဆိုရင် ဘယ်စားမှုကြီးလူကြီးမင်းက မခန့်ချင်ဘဲနေ လဲဟာ”

“ဟူး...ကိုယ့်ကိုယ်ကို အထင်ကြီးလိုက်တာ၊ ဒေါင်းမ အကလှပါတယ်၊ ဒါပေမယ့်...နောက်လှည့်ပြီးတော့ မကထို ပါနဲ့နော်”

“နင်က သက်သက်မနာလိုတာပဲ”

“ကိုယ့်လမ်းကိုယ်လျှောက်ကြတာပဲ ဘာမနာလိုစရာရှိ ကွာ၊ နင်က ရုံးတွေလုပ်ချင်တယ်၊ ငါက ငါ့အဖေ အမေရဲ့ဥယျာ ခြံမြေလုပ်ငန်းကိုဦးစီးပြီး ယိုစုံလုပ်ငန်းကိုပဲ သဘောကျတာ သိလား၊ ငါ...ဒီကပြန်သွားရင် ပန်းကြာငုံယိုစုံလုပ်ငန်းလုပ် နင့်ရုံးအလုပ်ထက်တောင် ကြီးပွားမှာ”

“ဟူး...ကြည့်ကြသေးတာပေါ့ ကြွားရာ”

ပြောမနာဆိုမနာဖြစ်နေ၍ တစ်ဦးနှင့်တစ်ဦး စိတ် တာကိုသာ ပြောချကြပြီး ရယ်ရယ်မောမောနှင့် ချစ်ချစ်ခင် ရှိနေဆဲဖြစ်သည်။ အကယ်၍...သူရည်မှန်းထားသောနေ



ဒီဒီကလုယူပါလျှင် ဤကဲ့သို့ ရယ်မောချစ်ခင်နိုင်ပါဦး သား။

“ကုမ္ပဏီမှာမန်နေဂျာမဖြစ်ရင် သူဌေးကတော်ဖြစ်ရင် ရောပေါ့ဟာ”

“ဟူး...ရည်မှန်းချက်ကတော့ ကြီးပါ့”

“အေး...ငါ ရည်မှန်းသလိုပဲဖြစ်အောင်လုပ်တယ်ဆိုတာ လည်းသိသားပဲ၊ ကဲပါ...ငါ့ကိုနွားနို့တိုက်ပါဦး”

“ဟင်...နင်မသောက်ရသေးဘူးလား၊ ရွှေမိမပို့ဘူးလား”

“ပို့တယ်လေ၊ သောက်ပြီးပြီ၊ ငါပြောတာက ရေခဲသေတ္တာ ထဲက ပဲနို့ကိုပြောတာ”

“အကောင်းတော်တော်မက်စေ”

“အဟဲ...လေ့ကျင့်ထားတာလေ”

သက်ပြင်းခိုးချရင်းက ပဲနို့ဘူးလေးကို ထုတ်ပေးလိုက်သည်။ လေးမှအဘွားသည် တစ်လကို အိမ်သုံးစရိတ် ငါးသိန်းကို တ်ပေးထား၏။ ထိုထဲမှာ ဆေးဖိုးဝါးခပါ ပါသလို သင်တန်း ကြေးလည်းပါသည်။ ရွှေမိနှင့် အဘဖဲအတွက် နှင်းဝတ်မှုန် အတွက် လစာပါ ပါသည်။

ရွှေမိကနှစ်သောင်း၊ အဘဖဲကသုံးသောင်း၊ နှင်းဝတ်မှုန်က သောင်းဖြစ်၏။ ထို့ကြောင့် အဘဖဲသည် စည်းစနစ်နှင့် သုံးစွဲ လောက်ငအောင်ဈေးဝယ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဝတ်မှုန်က မသိတတ်စွာဖြင့် သွားရည်စာများကို တစွတ်စွတ်နှင့် ယူစားတတ်၏။

"ကဲ...သွားပြီ တော့တာ...ဂွတ်နိုက်"

နှင်းဝတ်မှုန်ထွက်သွားသောအခါမှ သက်ပြင်းချပြီး ကိုယ့်အိမ်ခန်း ကိုယ်ပြန်လာခဲ့၏။

နှင်းဝတ်မှုန် အယောင်ဆောင်ဘဝကို စဉ်းစားမိသည့်အခါတိုင်း ရင်ထဲမှာ တင်းကျပ်စွာနာကျင်နေမိသည်။

သို့ရာတွင်...ကတိစကား သစ္စာစကားကိုတော့ အနိုင်ပေးပြီး နှလုံးသား၏တောင်းဆိုမှုကို အလိုလိုအရှုံးပေးရန် ဆုံးဖြတ်ထားသည်မို့ ခပ်ခွာခွာနေရန်ကို ကိုယ့်ကိုယ်ကို ဆုံးမသတိပေးရပေလိမ့်မည်။

နှင်းဝတ်မှုန်က သတိပေးသည်သာမက အဘဇဇနီး အကြီးအေးကလည်း သတိပေးခဲ့သည်။

အကြီးအေးသည် တစ်ပတ်ကိုနှစ်ရက်ခန့် အသီးအနှံများလာပို့ကာ အခြေအနေကို တစေ့တစောင်းအကဲခတ်တတ်၏။ ထိုအခါတွင် ပန်းကြာငုံ၏ အပြုအစုအယုအယကို နှစ်ခြိုက်လျက်ရှိနေသော ဇော်မင်းထိုက်၏အခြေအနေကို သတိထားမိသော အခါ...သမီးအား တီးတိုးပြော၍ သတိပေးလိုက်သည်ကို ပန်းကြာငုံ သဲ့သဲ့ကြားလိုက်၏။

"ဝတ်မှုန်...ကြာငုံရောက်တာ တစ်လကျော်ကျော်ပဲရှိသေး



တယ်၊ သူ့ကို ဇော်မင်းထိုက်က သိပ်သဘောကျနေပြီ တော်ကြာ ညည်းကျန်ခဲ့လိမ့်မယ်နော်"

"ကိစ္စမရှိပါဘူးအမေရယ်...သူက နှင်းဝတ်မှုန်အနေနဲ့ပဲ နေတာပဲ၊ ပန်းကြာငုံမှမဟုတ်တာ၊ အချိန်တန်ရင် သူက ရွာပြန်သွားမှာပါ။ သမီးသင်တန်းတွေမပြီးသေးလို့"

"ညည်းသင်တန်းကအရေးကြီးလား၊ ညည်းရဲ့အိမ်ထောင်ရေးက အရေးကြီးလား ဆုံးဖြတ်ပေါ့ဟာ၊ ငါ့အမြင်တော့ ညည်း သင်လိုက်ရင် တစ်မျိုးတစ်ဖုံဖြစ်သွားလိမ့်မယ်၊ မျက်မမြင်တွေက အနံ့နဲ့ အတွေ့အထိအာရုံကို မှတ်ထားတာ ပိုပြီးမှတ်ဉာဏ်ကောင်းတယ်အေ့၊ ညည်းလည်း သူလုပ်တာတွေမှတ်ထားပြီး သူလိုလိုက်လုပ်နိုင်အောင် ကြိုးစားဦး"

အိမ်အလုပ်မှာအပျင်းထူတတ်သော သမီးအကြောင်းသိသူ ပီပီ သတိပေးလိုက်သည်ကို နှင်းဝတ်မှုန်က ဝေါ့ပေါ့ဆဆရယ် မောလိုက်၏။

"သင်တန်းတစ်ခုက ပြီးခါနီးနေပါပြီ၊ နှစ်ခုပဲကျန်တော့ တယ် အမေရဲ့၊ အခု...နောက်တက်တဲ့သင်တန်းက ဆရာက သိပ်တော်တာပဲ၊ တစ်လတည်းပါ၊ နောက်လဆိုရင်ပြီးပါပြီ"

"ပြီးနေ...ဟိုကပါသွားတော့မယ်"

"ရမလားအမေရ...နှင်းဝတ်မှုန်ပဲ၊ မျက်စိပြန်ကောင်း လာတာနဲ့ နှင်းဝတ်မှုန်ကိုပဲ ရွေးချယ်မှာပါ၊ သူ့လောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်လည်း ယုယတတ်ပါတယ်၊ ပြုစုတတ်ပါတယ်၊ မလုပ်ချင်လို့ပါ"

ပန်းကြာငုံ ရှက်ရှက်နှင့် အသာအယာလှည့်ထွက်လာမိသည်။ ယောကျ်ားတစ်ဦးအတွက်နှင့် ညီအစ်မနှစ်ဦး၏ ချစ်ခင်မှုအချင်းမများလို ရန်မများလိုပေ။

ထို့ကြောင့်...မိမိက နောက်မှရောက်လာသူပီပီ နောက်ဆုတ်ပေး၍ ခပ်ခွာခွာနေရန်ဆုံးဖြတ်လိုက်သော်လည်း သူ့ကိုမြင်တွေ့ရလျှင် ဆုံးဖြတ်ချက်များပျောက်ဆုံး၍ လက်က အလိုလိုလျှင်မြန်စွာရောက်သွားတတ်၏။

သူ တစ်စုံတစ်ခုနှင့်တိုက်မိသွားမှာ လဲကျသွားမှာ၊ သူ...အစားအသောက်အဆင်မပြေမှာ အလွန်စိုးရိမ်မိသည်။ မိမိတာဝန်ယူ၍ ပြုစုနေရချိန်တွင် သူ့အား စိတ်ချမ်းသာစေချင်သည်။ ကျန်းမာပျော်ရွှင်စေသည်။

"အင်းလေ...ငါလုပ်ရမယ့်အလုပ်ကို ငါ့ဘာသာပဲ တာဝန်ကျေအောင်လုပ်တာပဲ၊ သံယောဇဉ်တွယ်တာ မတွယ်တာ သူ့အလုပ်၊ တကယ်လို့...ဆက်မလုပ်ဘဲ ရွာပြန်တော့ဆိုလည်း ပြန်ရုံပဲရှိတော့တာပေါ့"

ပန်းကြာငုံအဖို့ ရွာပြန်ရမှာကို အနည်းငယ်တုန်လှုပ်မိသော်လည်း ပေးပြီးသားကတိ၊ ထားခဲ့ပြီးတဲ့ သစ္စာတရားကိုနှလုံးသား မွမွကျေ၍စောင့်ထိန်းရန် ဆုံးဖြတ်ထားပြီးသားဖြစ်



သည်။

မိမိသည် အကြီးအေးပြောသကဲ့သို့ သူ့အပေါ်မှာ စေတနာလွန်ကဲမှု သိပ်ပိုနေပြီလား။ သူ့ကိုချစ်မိနေပြီလား။

တကယ်ပါပဲ...ဇစ်မှာတွယ်ငြိလာကတည်းက သူ့ရင်ခွင်မှာ တိုးဝင်လာသည့်အချိန်ကစပြီး သူ့ကိုစွဲလမ်းတမ်းတမိခဲ့တာကိုယ့်ကိုယ်ကို အသိပါပဲ။

"ခက်ပြီကော ကိုကြီးရယ်...ကျွန်မ ကိုကြီးနဲ့ခွဲရတော့မယ်ထင်တယ်၊ ကျွန်မ ဆုတောင်းနေရုံကလွဲလို့ တကယ့်ကို ဘာမှမတတ်နိုင်ခဲ့ပါလားနော်"

❐ ❐ ❐

သူမရဲ့ မေတ္တာစေတနာက ရောင်ပြန်ဟပ်တာထင်ပါရဲ့လေ။ သူက ကျွန်မကို လက်ထပ်ပါရစေတဲ့။ ထိုပေါက်ပေမယ့်ငွေမထုတ်ရဲတဲ့ ကျွန်မအဖြစ်ကို သူသိနိုင်မှာမဟုတ်ပါဘူး...။

စားအတူ သွားအတူနဲ့ အနေနီးပြီး တွယ်ငြိတာဖြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မိမိ မပျော်ရွှင်ရပါဘူး။

ဒါပေမယ့်...သူဟာ မိမိအတွက်နဲ့ သူ့အဘွားကိုတောင် ဆန့်ကျင်ရဲခဲ့တာဆိုတော့ သူ့မေတ္တာကို အထင်မသေးဝံ့ပေမယ့် လက်မခံနိုင်တဲ့အခက်ကို သူ မသိသေးပါဘူး...။

အဘွားရောက်လာတာနဲ့ နှင်းဝတ်မှုန်ဟာ သူခိုးလူမိ စိုး၍ ကပျာကယာထွက်ပြေးသွားရသည်မှာ မိမိအံ့သြမိသ တစ်ကိုယ်ကောင်းဆန်စွာဖြင့် ပျော်ရွှင်သွားမိခဲ့ပါသည်။

ချစ်သူနားမှာ တစ်ရက်ကလေး ပိုနေရနေရ၊ တစ်နာ တစ်မိနစ်ကလေး ပိုနေရနေရ...နေရတဲ့ရက်ကလေးကို တန်ဖိုး ထားပြီး ကျေနပ်နေမှာပါ။

သို့ရာတွင်...အစဉ်အမြဲ မာနကြီးကာ သူတစ်ပါးအပေါ်မှာ မကောင်းမြင်တတ် အထင်အမြင်သေးတတ်သော ဒေါ်မမ ဟူသော သူဌေးမကြီးနှင့်ရင်ဆိုင်တိုးကာ ကိုယ့်ကိုယ်ကို ဘာမှ မသိအောင်ပင် သူဌေးမကြီး၏ခြေရင်းအောက်မှာ နင်းချေခြင်း ကို ခံယူရင်းက ချစ်ရသူအတွက်ကို သည်းခံခွင့်လွှတ်စိတ် မွေးမြူခဲ့ရသည်။

"မင်းက သင်တန်းကိုနေ့တိုင်းလိုက်သွားရအောင် ဟိုမှာ ဆရာတွေမရှိလို့လား"

"ရှိပါတယ်ဘွားဘွား"

"ရှိရင် ဘာလို့လိုက်သွားရတာလဲ၊ ညည်းက..."



"ဟို...သူ့လက်ချောင်းတွေက တစ်ခါတစ်ခါလွဲနေရင် ထောက်ပေးဖို့ပါ"

"ဘာ...ညည်းက ငါ့မြေးလက်ကိုကိုင်ပြီး ထောက်တယ် တုတ်လား၊ ဆရာကဘာယ်ရောက်နေလို့လဲ"

"တစ်ခါတလေမှမရှိပါဘူး၊ တခြားသင်တန်းသားတွေဆီကို သွားကြည့်တတ်ပါတယ်"

"မလိုချင်ဘူး ဆရာသီးသန့်ငှားပြီး ငွေကိုလိုသလောက် ပေးလိုက်၊ ညည်းမလိုက်သွားနဲ့၊ ငါ့မြေးနားမှာ သိပ်မကပ်နဲ့"

မိုးချုန်းသံကဲ့သို့ ပြင်းထန်ပူလောင်သောစကားသံများက သူမ၏နှလုံးသားတို့ကို လှိမ့်ချေလိုက်သည်။ မိမိတို့မိသားစုသည် ရွာသူတောင်သားဖြစ်သော်လည်း ကိုယ်ပိုင်ဥယျာဉ်ခြံမြေလေး နှင့်တည်ငြိမ်သောအလုပ်အကိုင်ဝင်ငွေနှင့် အသင့်အတင့်နေနိုင် တာ၊ မိမိကိုယ်တိုင်ကလည်း ပညာတတ်ဖြစ်နေသော်လည်း ဤမျှ အထိ ချိုးနှိမ်၍ အဆင့်ခွဲခြားလွန်းသော အဘွားအိုအား မကျေ မနပ်ဖြစ်မိသည်။

"ငါ့ကို အဲဒီသင်တန်းရဲ့ ဖုန်းနံပါတ်ပေးစမ်း"

အဘွားဒေါ်မမကြီး၏အလိုကျ ဆောင်ရွက်ပေးလိုက်ကာ သင်တန်းသို့မလိုက်တော့ဘဲ အိမ်မှာပဲနေခဲ့လိုက်သည်။ သူ့မ အတွက် စာရင်းကိုင်သင်တန်းကိုမူ ခေတ္တနားထားလိုက်ရ၏။

"ဘာဆိုင်လို့လဲ... မှုန်ပါ သင်တန်းတက်နေတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မပြောလိုက်ဘူးလား"

"မပြောဝံ့ပါဘူး၊ အဘွားရောက်တုန်းမှာ စိတ်ချမ်းချမ်းသာသာ နေပါစေ၊ ကျွန်မ အဘွားနားမှာနေပြီး လိုအပ်တာကို ဖြစ်စေပေးပါ့မယ်"

"မင်းမပါတဲ့သင်တန်းသွားရတာ ငါ့မျက်စိက ပိုကွယ်သွားသလိုပါပဲကွာ"

"အစ်ကိုကြီးကလဲ ပြောရှာမယ်"

ကျေနပ်ပီတိစိတ်နှင့် သူ့နားမှာမခွဲမခွာဘဲနေချင်နေခဲ့သော မိမိကိုယ်ကို ချိုးနှိမ်ဆုံးမထားရသည်။

တကယ်တော့ဂ...အချိန်တန်လျှင် ခွဲခွာရတော့မည်ဖြစ်၏။ နှင်းဝတ်မှုန်ဟူသောအမည်အိမ်လေးမှာ ခေတ္တခိုဝင်ရှုပ်ရှား နေရတဲ့ ငှက်ကစွပ်တောင်ဟာ မိမိ ပန်းကြောင့်ပါပဲဆိုတာ အစ်ကိုကြီး မသိခဲ့လေသလို အဘွား ဒေါ်မမကြီးလည်းမသိခဲ့ပေ။

အထယ်ရှိများ ဆိုသွားလျှင်...တူသောစေတွေများ ဆိုသွားသည်နှင့် ကြက်သီးထကာ အလွန်ကြောက်ရွံ့သွားမိခဲ့သည်။ မိမိကဲ့သို့ အဘဲတို့ သားအမိသားအဖကလည်း ကြောက်ရွံ့လျက် မလှုပ်ဝံ့ကြပေ။

မိမိတို့နှစ်ဦး ပူးတွဲနေခြင်းကို အဘွားကမကျေနပ်သဖြင့် သင်တန်းအားဖုန်းဆက်ပြီး သူမ၏သင်တန်းကိုရပ်တန့်စေလိုက်၏။ အိမ်ပေါ် အတက်အဆင်းများသလို မနက်စောစော လမ်းထ



လျှောက်တတ်သော သူတို့နှစ်ဦးနောက်သို့လိုက်လာရင်းနှင့် အသက်ခုနစ်ဆယ်ကျော်ပြီဖြစ်သော အဘွားသည် ညအတ်မှာ အတင်းဟင်းနှင့်ပြီးဖြစ်၍ ချွေးတိုးကာများနေသည်ကိုကြားမိသဖြင့် အိပ်ခန်းထဲဝင်ကြည့်မိရာ...

"အဘွား...အဘွား ကိုယ်တွေရှုနေပါလား"

သတိလစ်ကာ ငြိမ်ကြွေလျက်ရှိသောအဘွားကို လှုပ်နှိုးကာ မရသဖြင့် အဘဲအားနှိုးပြီး ဆရာဝန်တိုစုန်းဆက်ခေါ်လိုက်ရသည်။

"တော်သေးတာပေါ့ အသိမြန်ပေလို့ ဒါမှိုးတာ လေဖြတ်အတ်တယ်"

"တွေ့ရတဲ့တင်လိုက်တာ မှန်ရယ်...မှန်သာ အချိန်မီမသိရင် အဘွား လေဖြတ်ပြီ"

"အဘွားရဲ့ပြေသံ ကြားလို့ပါ"

အချိန်မီ ဆေးကုသမှုခံလိုက်ရသောကြောင့် လေဖြတ်ခြင်းမှ လွတ်မြောက်ခဲ့သဖြင့် ဒေါ်မမကြီးက စကြ ဖာနည်းငယ်ကြည်လင်သွားလေပြီ။ သို့ရာတွင်...သူ၏ တစ်ဦးတည်းသော မြေးနှင့် သဘောတူရလောက်အောင်အထိတော့ မကြည်နိုင်ပေ။

"ဝါ့ကိုပွင့်ပွင့်လင်းလင်းပြောစမ်း တောင်မလေး၊ နင်နဲ့ငါ့မြေးနဲ့ ကြိုက်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်ပါဘူးအစ်အွားရယ်...ကျွန်မရဲ့နေရာကို ကျွန်မသိပါတယ်"

"ဖြေး...အဲဒါဆိုရင်မြေးရော ညည်းမှုလိမ္မာလို့ခဲ့ရတော့ ညည်းပဲနာပြီမှတ်တော့၊ ငါကရတော့ လွှဲရှဲခဲ့တော့မတ္တူတူမှန်းပါပဲ..."

အဘွား၏စိတ်ကို ပွင့်ပွင့်လင်းလင်းနားလည်ထားသဖြင့် သူနှင့် ခွဲခွာရန် အစရှာတည်းက ရည်ရွယ်ထားသော မိမိအရှိ ထူး၍မတုန်လှုပ်တော့ပေ။

မြေးအဖြစ်နှင့်ပီး စကားများ၍ မိမိအား တွေးခဲ့ဖြင့် ပေါက်သည်ကိုပင် ကြုံကြုံခဲ၍ သည်းခံခွင့်လွှတ်ကာ အိမ်ပေါက်ကြီး သော အဘွားအပေါ်၌ စေတနာမကျဉ်းမြှုက်ခဲ့ပေ။"

"အဘွားရယ်...အဘွားကို ကျွန်မ ကျေးဇူးတင်ပါပြီ အဘွားမြေးက သူ့အပေါ်မှာ ကျွန်မရဲ့စိတ်ကို ကျွန်မတော်ကတ ကာရွယ်ခဲ့တာပါ၊ ကျွန်မကိုယ်ကျွန်မ နားလည်ပါတယ်၊ ဒီတစ်လ ကုန်အောင်ပဲ အလုပ်ရှာပြီးတော့မှ ပါ နောက်လဆိုရင် ကျွန်မ ဖြန့်ရတော့မှာပါ"

"တော်ပြီပါ၊ ခြေး...အဆောက်အဦးကို သုံးလပေါ့ ကြာကြာထားလို့မကောင်းဘူး၊ မင်းတို့လည်း တစ်အိမ်တိမ်မှာ ကြာကြာနေဖို့မကောင်းဘူး"

ဒေါ်မမကြီးဟူသောအမျိုးသမီးက မိမိအား အိမ်မှဖယ်သို



င် ပြောဆိုဆက်ဆံနေသည်ကို သည်းခံလျက် သူ့အလိုကျဖြစ် ခေါင်းညိတ်လျက်...

"ထွက်ပေးပါမယ်အဘွားရယ်...အဘွားကိုယ်တိုင် မြို့စု နိုင်ရင် ဝိုကောင်းတာပေါ့၊ တော်ကြာ နေ့တက်ရောက်လာတဲ့ ခေါင်ပုလည်း ဗိုလ်းဝန်ထက်ကတ် ဆိုသလိုမျိုး ဖြစ်နေဦးမယ်နော့"

"ဘာ...ညည်းကမျှားပါကို...ခြေတွတ်...အတွတ်... အတွတ်"

ဒေါ်သန့်ငွေစကားပြောချင်နေသောကြောင့် တာတွတ်တွတ် နှင့် ချောင်းဆိုးလာသောကြောင့် တွေးခဲလေးကိုတိုးမေးရင်းက ၌၏အခန်းအကျီလက်မှာ ဖောဖောက အဘွားပေါက်ထား၍ များပေးနေသည်ကိုသတိရသဖြင့် မသိမသာနှင့် အပေါ်အကျီ ကို ချွတ်လိုက်ပြီး အဘွားနားမှာထိုင်၍ ဆေးတိုက်ရတိုက်ပြီးမှ

"အဘွား အိပ်တော့နော်...ကျွန်မ ခြေသလုံးလေးတွေ ဆုပ်ပေးပါမယ်"

"မလိုပါဘူး"

"အော်...လိုတော့မလိုဘူးပေါ့ အဘွားရယ်...ဒါပေမယ့် သွားတိုးရင် အကြောလိုညီးနည်းနည်းတက်တတ်လို့ ကျွန်မ နည်းနည်းနှိပ်ပေးပါမယ်"

"မလိုဘ်နဲ့...ငါမလိုဘူး"

လေးသံလေးဖျော့တော့တော့ဖြစ်ပြီး မျက်နှာကြော

www.burmeseclassic.com



အရည်လည်စေရှုနေသည်ကို သတိထားမိသော အဘွားကြီးမေ
အောင်းလေးများ ခြေချောင်းလေးများကို အသာအယာနှိပ်နယ်
ဆုပ်နယ်ပေးရင်းက...

"ခဏလေးပါအဘွားရယ်...တော်ကြာ အဘွား လမ်း
လျှောက်ရတာ လေးနေဦးမယ်၊ ခြေလှမ်းသွက်အောင်
ထုံဆိပ်နေ အဘွား ကျွန်မခြစ်ထောင်ချပေးပါ့မယ်"

"ညည်းက ဆရာကြီးလုပ်ချင်နေတာပဲ၊ သွားစမ်းပါ"

"သွားပါ့မယ် ခဏလေးနော် အဘွား ခြေထောက်ရှေ
လေးနေလို့ တော်ကြာ လေဖြတ်သွားမှာစိုးလို့ပါ"

ပြောရင်းနှိပ်ရင်းက ဒေါ်မမကြီး ငြိမ်သက်သွားတော့သည်
အကြောလေးများကိုသာ တောက်တောက်ပြီးနှိပ်သွားသော သူ
အား...

"ညည်းက အနှိပ်ထည်လည်း လုပ်စားဖူးသလား"

"ကျွန်မတို့ ရွာမှာလူကြီးတွေက နှိပ်နိုင်းနေတာပဲလေ"

"တစ်ခါနှိပ် ဘယ်လောက်ရလဲ"

"အများကြီး..."

"ဟင်...ဘယ်လောက်တောင်လဲ"

"ကျန်းမာရွှင်လန်းသွားတာမြင်ရရင် ခံစားရတဲ့ပီတိ
အများကြီးပါပဲ၊ ပြီးတော့...မေတ္တာပို့ဆုတောင်းသံကလည်း
တန်ဖိုးတိုင်းတာလို့မရပါဘူး အဘွားရယ်၊ ကျွန်မနှိပ်ပေး

---



နေသာထိုင်သာဖြစ်ပြီး ပေါ့သွားရင် ဒါမြေးလေး ကျန်းမာပါစေ
ချမ်းသာပါစေဆိုတဲ့ မေတ္တာပို့ဆုပေးသံလေးပဲလေ၊ ဒါတွေဟာ
ဘိုးမဖြတ်နိုင်တဲ့ အခကြေးငွေတွေပဲပေါ့ အဘွားရယ်..."

◆ ◆ ◆

"သင်တန်းတက်နေတယ်ဆိုပြီးတော့ တဖြည်းဖြည်းချော
လာလို့ ဒါပြောနေတယ်နော်"

မနွဲ့လေးမှ အဘွားဒေါ်မမကြီးကို လေယာဉ်ကွင်းလိုက်ပို့
ပြန်တွင် နှုတ်ဆက်မှုပြန်ရောက်လာပြီး သူမအား နှုတ်ဆက်
တော့သည်။ သုံးလလုပ်ပေးရမည်ဆိုသော်လည်း တစ်လ
ကျော်ကျော်နှင့် အမြန်နှင်ထုတ်နေသဖြင့် မိမိရင်ထဲမှာ နာကျင်
မိသည်။

"အင်းလေ...စောစောစီးစီးတည်းက ခွဲခွာထားတာပဲ
ကောင်းတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဝတ်မှုန်ကလဲ... ငါ ကွန်ပျူတာစာရင်းတွေ တတ်နေတာ ပြီးမှမပြီးသေးဘူး၊ အားအောင်ကြီးရောက်လာ ခဏရစ်ထားရတာ"

စာရင်းကိုင်သင်တန်းတက်ရင်းမှပင် မိမိတို့နှစ်ဦး လွ လစ်စွာတွေ့ဆုံနိုင်မည်ဖြစ်သည်။

"အမယ်... နင်က ဆင်ခြေတွေသိပ်များမနေနဲ့၊ နင် ငါနဲ့ အဲဒီသင်တန်းကိုတက်ပြီးသားပဲ၊ နင်က အရသာတွေ့သွား မဟုတ်လား"

"ဟာ... ငါကဘာအရသာတွေ့ရမှာလဲ"

"ချမ်းသာခြင်းရဲ့ အရသာလေ"

"ငါ့မိသားစုက အရမ်းဆင်းရဲနေလို့လား ဝတ်မှုန်ရယ် တော်နိုင်သလောက် လူနေမှုအဆင့်ကွာရှိပါပဲ၊ ငါ စာရင်းကိုင်ကွန်ပျူ ကို လကျန်အထိတက်ချင်တယ်၊ လိုက်စ်နဲ့သင်မလို့"

"နင်သင်ချင်ရင် ငါတက်နေတဲ့သင်တန်းမှာသင်လေ အပ်ပေးမယ်၊ နောက်ပြီး... နင်သွားရလာရအဆင်ပြေအော ငါ့သူငယ်ချင်းဘော်ဒါဆောင်မှာ စီစဉ်ပေးမယ်"

မိမိအား ဤအိမ်ကြီးမှ အတင်းနှင်ထုတ်နေသည်ကို သောအခါ ဝမ်းနည်းသွားမိသည်။ ကိုကြီးနားမှ မခွာချင်သေး သို့ရာတွင်... ကတိအတိုင်းတော့ ထွက်ခွာပေးရတော့မည်

အကြီးအေးနှင့် နှင်းဝတ်မှုန်တို့နှစ်ဦးသည် မိမိအ



သည်းစွာ မလိုလားသောအကြည့်ဖြင့်သာ ဆက်ဆံလာလေပြီ။

"အင်းလေ... ဒါဆိုလည်း မနက်ဖြန်ကျရင်ပြန်ပါ့မယ်၊ ခ်လာတဲ့ပြဿနာကို နိုင်အောင်တော့ရှင်းပေါ့"

"အမယ်... ကြောင့်ရယ်... နင်ကများ ငါတို့ကိုပြောရသေး သယ်၊ ဒီဇာတ်ကိုမနိုင်အဲနဲ့ မကဘူး သိလား၊ မနက်ဖြန်တွေ ာတွေလုပ်မနေနဲ့ဟာ ဒီနေ့ညပဲသွားတော့"

"ဘယ်လိုလုပ် ညတွင်းချင်းပြန်ရမှာလဲ၊ ကိုကြီးက ည ယ်နာရီမှအိပ်တာပဲ"

"အေး... ဆယ်နာရီကျော်ရင် ငါနဲ့အတူတူ ငါတို့အိမ်ကို န့်မယ်လေ၊ ငါ့တူမ ဘာမှမပူနဲ့၊ ကျန်တာကို နင့်အစ်မတ ည့်စီစဉ်လိမ့်မယ်"

"ဒါဖြင့်လည်းပြီးရော... အဝတ်တွေသိမ်းလိုက်ဦးမယ်"

"အကြီးသိမ်းပေးပါ့မယ်ကွယ်၊ မီးဖိုချောင်ထဲသာဝင်ပြီး ာ်ဖြုတ်လိုက်ပါကွယ်၊ သွား... သွား"

မိမိ ဘာမျှမပြောသာတော့ပေ။ ဒေါ်မကြီးပေးထားသော ာ်စွပ်ကို ဗီရိုအံဆွဲနောက်မှာညှပ်ထားသဖြင့် ယူချင်သည်ကို ည်လိုက်ရပေ။

အကြီးအေးကိုယ်တိုင်က ဘွားတော်ရောက်လာ၍ ဖယ် ထားသော အိပ်ခန်းတွင်းမှ အဝတ်များကို ယူထည့်ပေးန ည်မှာ သူတို့မသိအဲနှင့် ကိုကြီးက တစ်စုံတစ်ခုပေးမည်လား

www.burmeseclassic.com

www.burmeseclassic.com



ဖွ၍ သံသယနှင့် ကိုယ်တိုင် တူမ၏အဝတ်များကို ထည့်ပေးခြ ဖြစ်သည်။

ကိုကြီးက နေ့လယ်ဘက်မှာ တစ်ရေးအိပ်နေသဖြ အကြီးအေးတို့သားအမိရောက်လာကာ မိမိအား အတင်းပြန်ရ စီစဉ်နေခြင်းဖြစ်၏။ ညတွင်းချင်းကိုပြန်လွှတ်သည်မှာ လွန်လွ သည်ဟု ထင်မိသော်လည်း ဘာမျှမပြောသာပေ။

"ကြောင့်...နင် ကိုကြီးကိုကြိုက်နေပြီလား"

ညနေစာအတွက် ကိုကြီးကြိုက်သော ငါးခေါင်းဟင်းချို ချက်နေစဉ် နှင်းဝတ်မှုန်က အနားကပ်ကာ တိုးတိုးလေးမေ လိုက်သဖြင့် တွန့်ခနဲဖြစ်သွား၏။

"ငါက ရည်းစားထားဖူးတာမှမဟုတ်တာ ဝတ်မှုန်ရယ်၊ ငါ အူကိုပြုစုရမယ့်ဝတ္တရားအတိုင်း ပြုစုတာပဲ၊ နင်သာ တာဝ မလစ်ဟင်းပါစေနဲ့၊ အဲဒီအခါမှာ နင် ပြဿနာဖြစ်လိမ့်မယ်"

"အေးပါ...ငါနားလည်ပါတယ်၊ နင် ရွှေမိကိုတော အချက်အပြုတ်တွေ အကုန်သင်ပေးထားတယ်မဟုတ်လား ငါက ဟင်းကောင်းကောင်းမချက်တတ်ဘူး"

"သင်ထားပါတယ်၊ ဒါပေမယ့်...ရုတ်တရက်ကြီးသွား မယ်လို့ သိပ်မထင်ထားတော့ အပြည့်အစုံတော့ ဘယ်ဟုတ်မလဲ နင်တို့သားအမိက ချက်ချင်းကြီးပဲတိုး"

"ကြာရင် တွယ်ငြိသွားမှာစိုးလို့တဲ့"



မိမိ ဘာမျှမပြောချင်တော့ပေ။ ဟင်းချက်ရာတွင် လက်ရာ ဘဲ ကွဲပြားခြားနားမှုရှိနေသည်ကို ဇာင်းချက်ဝါသနာမပါ သော ဝတ်မှုန် သိလိမ့်မည်မထင်ပေ။

"နင် ငါ့အိမ်မှာပဲနေဦး"

"ဘာလို့နေရမှာလဲ၊ ရွာပြန်မှာပေါ့"

"အော်...လိုအပ်ရင် ငါကဖုန်းဆက်မေးမလို့ပါဟာ"

"ဘာမေးစရာလိုလို့လဲ၊ နင်နဲ့အကြီးအေးက ပိုင်တယ်ဆို ဦးရောပေါ့"

တမင်ငေါ့လိုက်ခြင်းဖြစ်သည်။ ရင်ထဲမှာတော့ ယုံကြည်နေ မိသည်။ ပန်းကြောင့်နဲ့ နှင်းဝတ်မှုန်ဟာ တစ်ယောက်စီဆိုတာ ကိုကြီးကချက်ချင်းသိသွားမှာပါ။ ပန်းကြောင့်ဟာ သူရှာနေတဲ့ ဆံနွယ်ရှင်ဖြစ်သလို ကိုကြီးဟာလည်း မိမိစွဲလမ်းနေတဲ့ ဇော်ပိုင်ရှင် ဖြစ်တယ်ဆိုတာကို နှင်းဝတ်မှုန်မသိသေးပေ။

ရင်ထဲမှာပြုံးလိုက်မိသည်။ မိမိဟာ ဝမ်းကွဲအစ်မ နှင်းဝတ်မှုန်ရဲ့ ချစ်သူကို လုယူခြင်းမဟုတ်ပါဘူး။ မိမိစွဲလမ်းနေတဲ့သူကို သာ ရယူလိုခြင်းဖြစ်ပါသည်။

သိပ်မကြာတော့တဲ့အချိန်မှာပဲ ကိုကြီးဟာ မိမိကိုရှာဖွေ မှာပါ။

စစ်မှန်တဲ့ စေတနာမေတ္တာများနဲ့ ကိုကြီးရဲ့ချစ်ခင်မှု အားသွားရဲ့ ယုံကြည်မှုကို ရယူခဲ့ပါပြီ။ ထိုအရာများကာ ပန်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းအတွက်သာဖြစ်ပြီး နှင်းဝတ်မှုန်အတွက်မဟုတ်ထား တို့တော့ မကြာမီမှာ သဘောပေါက်သွားကြမှာပါ။

"နင့်ကို ကိုကြီးက ယိပ်တွယ်ငြိသွားပြီပဲ၊ ချစ်စကားပြော သေးလား"

"အင်း...ပြောထားတာယ်လေ၊ နင့်ကိုပြောပြထားတာပဲ ငါ အဖြေမပေးပါဘူးဟယ်...ငါ့ရင်ထဲကသူ ရှိနေတယ်လို့ နင့်တို့ ငါပြောပြခဲ့ဖူးတာပဲ"

"အော်...ဆံပင်နဲ့ဂျာကင်နဲ့ငြိတဲ့ တစ်ယောက်လား"

"အေးလေ...ငါ အဲဒီလူကိုပဲစောင့်နေတာ၊ စိတ်ချပါ... နင့်အစ်ကိုကြီးကို ငါလုံးဝမစဉ်းစားပါဘူး၊ ငါ့လူကိုပဲ ငါရှာမှာပါ ငါ့ရင်ထဲမှာ သူပဲရှိတာပဲ၊ မကြာမီတွေ့တော့မှာပါ"

ထိုအခါ နှင်းဝတ်မှုန်က ယခုမှစိတ်အေးသွားဟန်ဖြင့် မိမိ ပခုံးကိုပုတ်ကာ...

"အင်းပါကြာငံ့ရယ်...တကယ်တမ်းကျတော့ အချစ်ဆို တာ ဖန်တီးယူလို့မှမရတာပဲလေ၊ ငါ နင့်လိုပဲ သူ့ကိုဂရုစိုက်ပါ့ မယ်ဟာ၊ ငါ့ရင်ထဲမှာ သူ့ကိုလိုက်လိုက်လှဲလှဲနဲ့ ချစ်တတ်လာ အောင် ကြိုးစားပါ့မယ်၊ ပြီးတော့ နင်ပြုစုသလိုလည်း ပြုစုပါ့မယ်"

"အေးပါ...စိတ်ပါလက်ပါ ပြုစုပေးပါဟာ၊ သူဟာ နင့် ကျေးဇူးရှင်ပဲမဟုတ်လား"

"ငါနားလည်ပါတယ်ဟာ၊ နင်ပြောစရာမလိုပါဘူး"



အကြီးပီပီ ဆရာလုပ် သိမ်မခံချင်ပေ။

သူတို့စေခိုင်းခဲ့သောအလုပ်အပေါ် မှာ စေတနာပို၍ ပြန် သတိပေးနေခြင်းအတွက်ကို မကျေမနပ်ဖြစ်နေဟန်တူသည်။

"ဝတ်မှုန်...ဝတ်မှုန်"

"ရှင်..."

ရုတ်တရက်အော်ခေါ်သံကြောင့် ယောင်ရမ်း၍ထူးရန် ပါးစပ်ဟာလိုက်စဉ် နှင်းဝတ်မှုန်အစစ်က ကပျာကယာထူးလိုက် ၏။

"သူနိုးလာပြီ၊ အသာနေ ငါသွားပြမယ်"

အစမ်းသဘောနှင့် အရင်သွားပြသလို ဟန်အမူအရာဖြင့် ထွက်သွားသော နှင်းဝတ်မှုန်၏နောက်ကျောကို ရင်ထိတ်စွာ ကြည့်နေမိသည်။

သို့ရာတွင်...မိမိနှလုံးသားတစ်စုံ၏ ပြုတ်ကျကွဲကြေသံ သတော့ ကျယ်လောင်စွာမြည်ဟီးသွားသည်ကို သတိထားလိုက် သည်။

"ဖြစ်ပါ့မလား မမငုံ့ရယ်၊ ဒီမှာ နေ့လယ်စာစားဖို့ရှိနေသေး သယ်လေ"

မွှေမိက စိုးရိမ်စွာသတိပေးလိုက်၏။

"အော်...ဟုတ်သားပဲ၊ ခဏနေဦး၊ သူလာယူလိမ့်မယ်"

စိတ်စောစွာဖြင့် မီးဖိုချောင်မှထွက်၍ နားစွင့်ကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"တချွတ်ချွတ်နဲ့ ဘာတွေလုပ်နေတာလဲ"

"ပစ္စည်းတွေရှင်းလင်းနေတာပါ"

ရုတ်တရက် စကားသံမကြားရတော့ဘဲ အနည်းငယ်တွေဆိုင်းနေပြီးမှ...

"ဒီကိုလာဦး"

နှင်းဝတ်မှုန်က မီးဖိုချောင်ဘက်သို့လှည့်ကြည့်ပြီး ပန်းကြောင်ကြည့်နေမှန်းသိသဖြင့် လက်မထောင်ပြလိုက်ပြီး အိပ်ခန်းထဲသို့ဝင်သွားတော့သည်။

ပန်းကြောင့် သက်ပြင်းရှည်ကြီးချကာ နေ့လယ်စာအတွက်ကို ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း မြင်းခွာရွက်သုတ်ဖေလိုက်သည်။ ထို့နောက် ထောပတ်သီးဖျော်ရည်ကို သူ့အကြိုက်ဆိမ့်ဆိမ့်လေးဖျော်လိုက်၏။

"ဖြစ်ပါ့မလားကွယ်"

အဘဇံက တဒေါက်ဒေါက်လျှောက်လာရင်း တိုးတိုးပြောလိုက်သည်ကို ဘာမျှမတတ်နိုင်ဟူသော အမူအရာနှင့် ပခုံးတွန့်ပြီး ခေါင်းခါပြလိုက်သည်။

✤ ✤ ✤



"မင်းဘာတွေလုပ်နေတာလဲ ဝတ်မှုန်၊ ငါနိုးလာရင် မင်းငါနားမှာရှိနေရမှာပေါ့"

"ဟင်...ရှိပါတယ်"

ချွဲသံတိုးသဲ့သဲ့လေးပြောပြီး အနားသို့မဝံ့မရဲကပ်သွားစဉ်ရုတ်တရက် မျက်စိမြင်သူတစ်ဦးကဲ့သို့ သူမလက်ကို လှမ်းဆွဲလိုက်ပြီး...

"အဘဇံရော..."

"ရှိတယ်...ဘယ်သွားမှန်းမသိဘူး"

"ဒါဆို..."

သူမလက်ကိုဆောင့်ဆွဲ၍ အနားသို့ထိုင်ကျလာအောင်အားနှင့်ဆွဲလိုက်သဖြင့် နှင်းဝတ်မှုန်၏ကိုယ်လုံးလေး ခုတင်ပေါ်သို့ ကျလာပြီး သူ့နားသို့အိခနဲကပ်လျက်...

"အမေ့..."

ထူးခြားစွာအသံတိတ်သွားပြီး သူမ၏ပခုံးကို အသာလှမ်း

www.burmeseclassic.com

www.burmeseclassic.com



တော်လိုက်သည်ကို အလိုက်သင့်ပင် သူ့ရင်ခွင်ထဲဝင်ရင်း ရင်ခုန်သွားမိသည်။

"ကိုကြီး…နေ့လယ်စာစားစို့လေ"

တိုးတိုးလေးကပ်ပြောလိုက်ရင်း နှင်းဝတ်မှုန်ရင်ထဲမှာ ဝန်တိုမှုနှင့် မချေမငံဖြစ်သွား၏။

"သူတို့က ဒီလောက်အထိတောင်ဖြစ်နေကြပြီလား၊ ဒါများ ငါ့ကို ဘာမှမဖြစ်ဘူးတဲ့၊ ညာတယ်"

"ဘာလုပ်ထားတာလဲ"

"ဟင်းခါးဟင်း"

"ဟင်…"

မအိပ်မီက မြင်းခွာရွက်သုတ်နှင့် ထောပတ်သီးဖျော်ရည် ဟုပြောထားပြီး ယခု…ဟင်းခါးဟင်းပြော၍ ပို၍မသက်ာဖြစ်သွားသည်။

နှင်းဝတ်မှုန်၏ပခုံးလေးကိုဖက်ထားစဉ် သူ့ရင်ခွင်ထဲမှာပြီး လျက် သူ့အား ပြန်လည်၍သိုင်းဖက်ထားသည်ကို အံ့အားသင့်သွားသလို ခံစားရသည်။

သူစိမ်းရန့်…ပါးပြင်မှာ ထိတွေ့ခံစားနေရသော ဆံပင်၏ ထူးခြားသောအထိအတွေ့။ မြန်မာဆန်သော မိန်းကလေးတစ်ဦး၏ အုန်းဆီနံ့ ခရေနံ့မဟုတ်ဘဲ ဟဲလ်ကုတ်ရနံ့၊ ဆံပင်ကိုထိတွေ့ကာ ခေါင်းလေးကို ပွတ်သပ်ကြည့်မိ၏။



"ဟင့်အင်း…မဟုတ်နိုင်ဘူး၊ ဒီဆံပင်မဟုတ်ဘူး၊ သူ့ဆံပင်က အနည်းငယ်ကြမ်းနေတယ်"

နူးညံ့သောဆံပင်၏ ထိတွေ့မှုမရှိ။ ပန်းနံ့သင်းနေတဲ့ ရနံ့မရှိ။ ပိုသေချာအောင် နဖူးပြင်ကို နမ်းရှိုက်လိုက်ရာ…

"အင်…"

သနပ်ခါးနံ့မဟုတ်ဘဲ မိတ်ကပ်နံ့၊ ခရင်မ်နံ့။

"ချစ်တယ်ကိုကြီးရယ်"

ညုတုတုအသံနှင့် တိုးတိတ်စွာချွဲနွဲ့လျက်ရှိသော မိမိ၏ မေးစေ့ကိုထိကပ်ကာ နမ်းရှိုက်သည့် ရတင်းလှသည့် မိန်းကလေး ဘာ ဘယ်သူလဲ။ နှင်းဝတ်မှုန်မဟုတ်နိုင်တာ အသေအချာပါပဲ။

"ဒေါက်…ဒေါက်…ဒေါက်"

ချိုင်းထောက်အသံကြားလိုက်ရသောအခါ သူ၏သတိစိတ်ကို အချိန်မီပြန်စုစည်း၍ လက်လွှတ်လိုက်ရင်းက…

"နေ့လယ်စာ ဘာစီစဉ်ထားလဲ"

"မုန့်ဟင်းခါးသုတ်နဲ့ ဟင်းခါးဟင်း"

"ဟင်…"

မအိပ်မီက မုန့်ဟင်းခါးသုတ်ကို မစားချင်ဟုပြောလိုက်၍ မြင်းခွာရွက်သုတ်ပေးမယ်ဟု ပြောခဲ့တာကို သူမမေ့သေး၊ ပြီးတော့ အိပ်ခန်းထဲအထိပို့ပေးစဉ်က သနပ်ခါးနံ့နှင့် ခရေနံ့ရ၍ သူက ရင်ခွင်နားဆွဲကပ်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ခရေပန်းပန်ထားတာလား"

"အင်း...အဖေရှိတယ်နော် မကဲနဲ့" ဟူ၍ သတိပေးလိုက်၏။

မနှေညက်လို သူ့အလိုကိုမလိုက်တော့ဘဲ ရှောင်ဖယ်ကာ သူ့ရင်ခွင်ထဲမှရုန်းထွက်လိုက်သဖြင့် သနပ်ခါးနံ့သင်းနေသော ပါးပြင်နုလေးကို မနမ်းရှုံ့မိခဲ့သော်လည်း ရနံ့တော့ ရနေခဲ့ပါ ဖြစ်သည်။

"ကိုကြီး...နေ့လယ်စာယူလာခဲ့မယ်နော်"

"သွားစားမယ်လေ"

ထရပ်လိုက်စဉ် သူ့မက အနားလာကပ်ကာတွဲလိုက်သဖြင့် ရင်ထဲမှာထူးဆန်းသွားသည်။ မအိပ်မီက တစ်မျိုး သတိပေးထားသည်။

"ကိုကြီး...အဘဇံရိုပ်မိမှာစိုးလို့ ထုတ်နုံ့ပဲနေနော်၊ သူမှ ကိုချည်း တွဲမနေနဲ့၊ ရေသာခိုတဲ့အကျင့်ပါသွားလိမ့်မယ်၊ နေ့ တုတ်"

"မင်းသိပ်ချွာနေရင်တော့ ငါ အဘွားကိုဖုန်းဆက်တိုင်လို မယ်နော်၊ အဘွားမရှိတာနဲ့ မပြုစုတော့ဘူးလို့ တိုင်ပြောမ

သူက ယောက်ျားတန်မဲ့ နွဲ့လိုက်သည်ကို သူမက တို လေး ရယ်မောရင်းက...

"သူများအဖေကိုတော့ လေးစားပါကိုကြီးရယ်၊ သူ





တိုကြီးနားမှာ အမြဲရှိနေတာပဲ၊ ကိုကြီးနဲ့က နှလုံးသားချင်း နားလည်မှုယူထားတာပဲ၊ အမြဲထိတွေ့ဖက်တွယ်နေမှ မဟုတ်ပါ ဘူးနော်"

"ကိုယ်တို့တွေ ချစ်သူဖြစ်ပြီနော်"

"မနှေညက လရောင်ကြောင့် စိတ်ကူးယဉ်မိတာ၊ အခု လရောင်မရှိတော့ဘူး၊ နေရောင်ပဲရှိတော့တယ်လေ၊ နေရောင် ရှိရင် ကိုကြီးနားမှာ သူများမရှိဘူး၊ တုတ်လေးဟာ ကိုယ်စားရှိနေ တယ်လေ၊ ကဲ...အိပ်တော့၊ အပြင်မှာအဖေရှိတယ်"

တိုးဖွဖွပြောကာ သတိပေးလိုက်၏။

"အလည်မလေးမှန်နော်၊ လရောင်ရှိတဲ့အခါ မင်းမလွယ် ဘူး မှတ်ပါ"

"အာရုံကြောတွေအနားပေးရအောင်လို့ ဆယ်နာရီဆိုရင် အိပ်ရမယ်လေ၊ မနေ့ညက အိပ်ဆေးလျှော့ထားတာ၊ ဒီနေ့တော့ အိပ်ဆေးတိုက်ပြီးသိပ်မှာ သိလား"

"ငါဘာဆေးမှမသောက်ဘူး လွှင့်ပစ်မယ်"

"မရဘူး...အဖေ့ရှေ့မှာတိုက်မှာ"

"မသောက်ဘူး"

"ကိုကြီးက သူများကိုမြန်မြန်မြင်ချင်ရင် ဆေးမှန်မှန် သောက်၊ ပြောစကားနားထောင်၊ ပြီးရင်...သူများတို့တွေ နှစ်ယောက် ဝေးသွားမယ်နော်၊ လူကျပ်တဲ့ကားကြီးစီးမယ်နော်၊ လူကျပ်သလို

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုကြီးရင်ခွင်ထဲဝင်ပြီး ဆံပင်ထပ်ငြိမယ်လေ၊ အဲဒီအခါမှာ အရင်ကလို ကိုကြီးက လက်နှစ်ဖက်မြှောက်ပြီး မနေနဲ့တော့ပေါ့ ဟုတ်လား"

သူတို့နှစ်ဦးသည် တိုးတိုးကြိုးစား၍ စကားနိုင်လုကာ သူ့အား အိပ်ရာထက်သို့ အိပ်ပေးစဉ်မှာပဲ ပါးပြင်နုက သနပ်ခါး စင်းလေးကို ထိတွေ့ကာ နမ်းရှိုက်လိုက်စဉ် သူ့ရင်ထဲအေးမြ သွား၏။

"လူဆိုး..."

တိုးဖွဖွပြောပြီး သူ့နဖူးပြင်ကို နှုတ်ခမ်းနွေးလေးနှင့် ထိကစ် နမ်းရှိုက်ပြီ အိပ်ခန်းထဲမှထွက်သွားသည့် မိန်းကလေးသည် နှင်းဝတ်မှုန်အစစ်အမှန်ပဲ ဖြစ်၏။

ယခု...အိပ်ရာမှနိုးလာသောအခါ အထိအတွေ့ ရနံ့နှင့် စကားသံများအားလုံး နှင်းဝတ်မှုန်မဟုတ်တော့ပေ။

အဘွားအား လေယာဉ်ကွင်းသို့လိုက်ပို့စဉ် အသွားမှာ သူက ရှေ့ခန်းမှာထိုင်၍ အဘွားနှင့် နှင်းဝတ်မှုန်က နောက်ခန်း မှာထိုင်ကာ စကားတွေပြောနေကြ၏။ အဘွားက မပြန်မီသုံးရက် လောက်မှာပင် နှင်းဝတ်မှုန်အား လွန်စွာအရေးပေးကာ နူးညံ့စွာ ဆက်ဆံလာသည်။ အဘွားအား စေတနာထား၍ ပြုစုရခြင်း အကျိုးပင်ဖြစ်၏။

အပြန်ခရီးတွင် နောက်ခန်းမှာထိုင်ကာ နှင်းဝတ်မှုန်၏



လက်ကို မလွှတ်တမ်းဆုပ်ကိုင်လာခဲ့သဖြင့် အထိအတွေ့နှင့် သနပ်ခါးနံ့ ခရေနံ့များကို ယဉ်ပါးနေကျဖြစ်၏။ မအိပ်မီက အချိန်ထိ မပြောင်းလဲခဲ့။

"လာလေ ကိုကြီး...အပြင်ထွက်မယ်လေ"

"တုတ်ပေးကွာ"

ချစ်သူမဟုတ်တာ သေချာနေပြီဖြစ်သော သူစိမ်းမိန်းကလေး တစ်ဦးကို အသားယူပြီး ဖက်တွယ်မနေချင်တော့ပေ။ ဒါဆို... မိမိချစ်သူက ဘယ်မှာလဲ။

"ရှိနေတယ်"

ရင်ထဲမှာ အချက်ပေးလိုက်သံကို မှုန်ဝါးဝါးအမြင်အာရုံ များနှင့် နှလုံးသားက ပြတ်သားစွာခွဲခြားလိုက်သည်။

အလင်းရောင်များသော ထမင်းစားခန်းထဲတွင် ပုံရိပ်နှစ်ခု ကို တွေ့ရသည်။ ရွှေမိ၏ ပုပုလုံးလုံးသဏ္ဌာန်နှင့် မိန်းကလေး တစ်ဦး၏သဏ္ဌာန်။ ထိုသဏ္ဌာန်က မိမိချစ်သူ...။

"ရွှေမိ...မုန့်ဟင်းခါးထည့်လေ။ ဘာရပ်လုပ်နေတာလဲ၊ သွား...သွား...သွားစမ်း"

အမိန့်ပေးသံနှင့် နံဘေးမှ သူမက လက်ဟန်ပြကာ မောင်း ထုတ်လိုက်သဖြင့် ချစ်သူမိန်းကလေးက မီးဖိုထဲသို့ လှစ်ခနဲဝင် သွားသည်။ ရွှေမိကရပ်လျက်။

"မြင်းခွာရွက်သုပ်နဲ့ ထောပတ်သီးဖျော်ရည်ပါ မမမှုန်"

www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဟင်းခါးရော..."

"အစ်ကိုကြီးက မစားချင်ဘူးဆိုလို့"

"အော်...အေး...ဟုတ်သားပဲ"

အသံတူသော်လည်း လေယူလေသိမ်းကမတူဘဲ အမိန့်သံ ဩဇာသံပါ၍ ပြတ်သားလျက်ရှိသောအသံသည် ချစ်သူ မိန်းကလေး၏အသံ မဟုတ်ပေ။

ချစ်သူအသံက ညင်သာ၍ ကရုဏာသံပါသည်။ ချိုသာနူးညံ့လျက်ရှိသည်။ စိတ်တိုသံ စိတ်မရှည်သံ မရှိပေ။

ဘယ်လိုလဲ...ဘာတွေဖြစ်ကုန်ပြီလဲ?

"ကိုကြီး စားလေ...ကိုကြီးက မုန့်ဟင်းခါးမစားချင်ဘူးဆိုလို့ မြင်းခွာရွက်သုတ်ထားတာ စား၊ ရော့ ဒီမှာ...ဇွန်း"

ဇွန်းကို လက်ထဲထည့်ပေး၍ တစ်ဇွန်းခပ်မြည်းကြည့်လိုက်သည်။ ဒီလက်ရာ...ချစ်သူလက်ရာ အစစ်အမှန်ပါပဲလေ။ နှစ်ဇွန်းလောက်စားကြည့်ပြီး စိတ်ကူးရလာသောကြောင့် ဇွန်းကို အသာချကာ...

"မှုန်...မုန့်ဟင်းခါးနဲ့ရတော့ စားချင်လာပြီ၊ နည်းနည်းသုတ်ပေးပါလား"

"လုပ်ပြီ...အမျိုးမျိုးပဲ"

စိတ်မရှည်သံနှင့် ပြောလိုက်သဖြင့် ချစ်သူ၏စိတ်နှင့်ကွာခြားမှုန်း သိသာလှသည်။



"လုပ်ပါ...နည်းနည်းလေးပဲသုတ်"

"ရွှေမိ"

"မှုန်ကိုယ်တိုင်သုတ်ကွာ"

အစဉ်အမြဲ သူမကိုယ်တိုင်လုပ်ပေးနေကျဖြစ်သော်လည်း ယခုမှ ရွှေမိကိုခေါ်နေသည်ကို ဟန့်တားလိုက်ရသည်။

"ရပါတယ် ကိုကြီးစားနော်"

သူမလေသံကို အတတ်နိုင်ဆုံးထိန်းချုပ်ကာ အနားမှထသွားပြီး မီးဖိုခန်းထဲသို့ဝင်သွားသည်ကို တွေ့လိုက်ရပြီးနောက် ထီးတိုးပြောသံကို သဲ့သဲ့ကြားရပြီး သူမခန္ဓာကိုယ်လေး မီးဖိုဝမှာ တံခါးဘောင်ကိုမှီကာ ရပ်စောင့်နေ၏။

ကြက်သွန်နီလှီးသံ သဲ့သဲ့ကြားလိုက်ရသည်။ သူမကတော့ မီးဖိုဝမှာရပ်နေဆဲပင်။ ဒါဆိုလျှင် ရွှေမိလှီးတာလား။ သို့မဟုတ် တစ်စုံတစ်ယောက်က မီးဖိုထဲမှာပြင်ပေးနေတာလား။ သူမကတော့ မီးဖိုတံခါးဝမှာ ရပ်စောင့်နေတာကိုတွေ့လိုက်ရသည်။

"ဒီအိမ်မှာမိန်းကလေးတစ်ယောက်ရှိနေတယ် မြေး...အိမ်ပေါ်ထပ်အိပ်ခန်းမှာ ဒောင်းဘီတွေ စကတ်တွေ ဂါဝန်တွေလှမ်းထားတယ်၊ ရှုပ်ပွနေတာပဲ၊ ဒီကောင်မလေးအဝတ်အစားတော့ မဟုတ်နိုင်ဘူး"

အဘွား၏ သံသယစကားကို ပြန်လည်ကြားယောင်ကာ ရင်ထဲမှာ မခံချင်စိတ် ဒေါသစိတ်များဖြင့် လှုပ်ရှားပူလောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်နေလဲ။

ဦးဘဇံ... ဦးဘဇံက အဓိကဖြစ်ရမည်။ သူက စီစဉ်နေတာလား။ သို့မဟုတ် သူမသိနိုင်သလား။ ဦးဘဇံ၏ဇနီးက မိဘများရှိစဉ်က တစ်ခါနှစ်ခါမြင်ဖူးသည်။ စကားများပြော လည်လွန်းသဖြင့် မေမေကပင် သိပ်မကြိုက်ချင်ပေ။

"ကိုကြီး ရပြီ"

မီးဖိုဝမှလှမ်းယူကာ သူ့နားရောက်လာခဲ့၏။

"မှန်ကိုယ်တိုင်သုတ်တာနော်"

"အင်းပါ မယုံရင်စားကြည့်... ဒီမှာဇွန်း ပန်းကန်"

လက်ထဲလာထည့်ပေးသော ဇွန်းနှင့်ပန်းကန်ကိုကိုင်ကာ စားကြည့်လိုက်သည်။ အမှန်တကယ်ပင် စားနေကျ နှင်းဝတ်မှုန် လက်ရာပင်။

"ကောင်းလား"

"အင်း"

"ဒါဖြင့် စား... မြင်းခွာရွက်သုတ် မစားတော့ဘူးပေါ့"

"စားမယ် နှစ်ခုစလုံးစားမယ်"

"ဟာ... လောဘကလည်းကြီးလိုက်တာ၊ အမေရော လာစားလေ၊ မုန့်ဟင်းခါးစားမှာလား"

"အေးလေ... ဒါပဲပေါ့"

ထိုအခါမှ အဘဇံဇနီး ဒေါ်ကြီးအေး ထမင်းစားခန်းထဲ



ဝင်လာမှန်းသိလိုက်သည်။ ထိုအခေါ်ကြီး၏အသံက အနည်းငယ် မာနေသဖြင့် သူ သိပ်မကြိုက်ချင်။

"သား စားလို့ကောင်းလား"

ပိုင်စိုးပိုင်နင်း သားဟုခေါ် လိုက်သဖြင့် အံ့အားသင့်သွားသည်။ သူ့အား တစ်ခါမျှ ထိုကဲ့သို့မခေါ်ဖူးပေ။

"အဒေါ့်သမီးက တစ်ခါတလေ လက်ရာက မညီချင်ဘူးလေ"

"ကောင်းပါတယ်"

မုန့်ဟင်းခါးကို သုံးဇွန်းခန့်စားပြီး မြင်းခွာရွက်သုတ်ကိုပါ သူစားလိုက်၏။

အားလုံးဟာ စားနေကျ အစပ်အဟပ်တည့်သည့်လက်ရာချင်းဖြစ်၏။

ထောပတ်သီးဖျော်ရည်လည်း ထို့အတူပင်။ အချိုသိပ်မကြိုက်တတ်သော သူ့အတွက် ဆိမ့်ဆိမ့်လေးဖျော်ပေးထားသည်။

"သမီး... ညကျရင်နွားနို့တိုက်ဖို့မမေ့နဲ့ဦးနော်၊ အမေ နွားနို့ယူလာတယ်"

"ဟုတ်ကဲ့ပါ သမီးတိုက်နေကျပဲ နော်... ကိုကြီး"

သူ ဘာမျှမပြောချင်တော့။ ပြောချင်စိတ်လည်း ကုန်ခန်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တစ်ဖက်တစ်ချက်တွင်ထိုင်နေဖွယ်သော သားအမိ၏ လေယူလေသိမ်းအသံများကို နားထောင်ရင်းက သူတို့သားအမိ အရင်းမှန်း အလိုလိုသိလိုက်၏။ ဒါဆိုလျှင်...မီးဖိုထဲက ရွှေဓိ နှင့်အတူရှိနေသည့် မိန်းကလေးက ဘယ်သူလဲ?။

"နေနှင့်ဦးပေါ့"

ရင်ထဲမှာ မကျေမနပ်စိတ်နှင့် ကြိမ်းဝါးလိုက်ရင်း အဘာဇံ ကို ရှာဖွေမိသည်။

"အဘဇံ"

"အဖေရှိတယ်လေ ကိုကြီး ဘာလုပ်မလို့လဲ"

"ခဏခေါ်လိုက်ပါဦး"

"နေနေ...အမေသွားရှာမယ်၊ ဒီလူကြီးဘယ်ရောက်နေ သလဲ မသိဘူး"

ဒေါ်ကြီးအေးက သွက်လက်စွာထသွား၏။ သူခေါင်းထဲ မှာ ရုတ်တရက်အကြံရသွားသည်မှာ အဘွားနေမကောင်းဖြစ်နေ၍ အိမ်သို့ပင့်ခေါ်သော ဒေါက်တာဦးစောထွန်းကျော်ဟူသော ဖေဖေ့မိတ်ဆွေ ဆရာဝန်ကိုခေါ်ခိုင်းလျှင် ဒီမိန်းကလေး ဘယ်သူလဲ ဆိုတာ သိရမည်ဖြစ်သည်။

"လူလေး အဘရောက်ပါပြီ"

"ကျွန်တော့်ကို ဦးစောထွန်းကျော်ကိုခေါ်ပေးပါ"

"ဦးစောထွန်းကျော်"





"ဒေါက်တာဦးစောထွန်းကျော်လေဗျာ"

"အော်...အင်း...လူလေး နေမကောင်းဘူးလား"

"သိပ်တော့မဟုတ်ပါဘူးဗျာ၊ နည်းနည်းပါးပါးပါ၊ ညနေ အားရင်ဝင်လာခဲ့ပေးပါဦးလို့"

"အေး...အေး...အဘခေါ်ပေးမယ်"

အဘဇံက ပြောပြောဆိုဆိုနှင့် ထွက်သွားသည်ကို ဒေါ်ကြီး အေးက နောက်မှကပျာကယာလိုက်သွားသည်ကို မြင်လိုက်ရ သည်။

"ဒီမှာ..."

သူနားက ဒေါ်ကြီးအေး၏ အလန့်တကြားအသံကို ကြား ဖြစ်အောင် ကြားလိုက်ရသောအခါ သူ အလိုလိုသိလိုက်၏။

ဒေါက်တာဦးစောထွန်းကျော် ခရီးသွားနေတယ်၊ အိမ်မှာ မရှိဘူး ဟူသောအဖြေကို ကြားရဦးမည်ဖြစ်သည်။ ထိုအခါ... နှင်းဝတ်မှုန်နှစ်ဦးဖြစ်နေခြင်းကို ဖန်တီးသူမှာ ဒေါ်ကြီးအေးပင် ဖြစ်နိုင်သည်။

သူ...ဘာဆက်လုပ်ရမည်နည်း။ မီးဖိုထဲမှာ နှင်းဝတ်မှုန် တစ်ယောက် ရှိနေသည်။

"ကိုကြီး ဘယ်လဲ"

"ပါးစပ်ဆေးမယ်လေ"

သူကိုယ်သူ သတိမထားလိုက်မိဘဲ ထရပ်လိုက်ပြီး မီးဖိုဝ



www.burmeseclassic.com

www.burmeseclassic.com



နံဘေးမှာရှိနေသော ဘေစင်သို့ထွက်လာစဉ် အနားမှလိုက်ဖေးမပေးသည်ကို သတိထားမိလိုက်၏။

အနားမှနှင်းဝတ်မှုန်ကို မည်ကဲ့သို့ပထုတ်ရမည်နည်း။ မီးဖိုထဲက နှင်းဝတ်မှုန်ထံသို့ မည်ကဲ့သို့အရောက်သွားရမည်နည်း။ ပလုတ်ကျင်းနေစဉ် သူဦးနှောက်ကို လျင်မြန်စွာအလုပ်ပေးလိုက်၏။

"မှုန်...အဘဖဲဆီသွားစမ်းပါ၊ ဆရာဝန်နဲ့တွေ့လားလို့ အော်...ကိုယ့်ကို တုတ်ယူပေးပါ"

"ဟုတ်..."

နှင်းဝတ်မှုန်က အပြေးအလွှားသွားကာ သူလက်ထဲသို့ တုတ်ကောက်ထည့်ပေးလိုက်ပြီး အနားမှာစောင့်နေ၏။

"ကိုယ် ဧည့်ခန်းကိုလာခဲ့မယ်၊ အဘဖဲကိုသွားမေးလိုက်"

"ဟုတ်ကဲ့"

နှင်းဝတ်မှုန် အနားမှထွက်သွားသည့်အရိပ်ကို မြင်လိုက်သည်နှင့် သူ...မီးဖိုထဲဝင်လာလိုက်၏။ မီးဖိုနားတွင် ဟင်းအိုးမွှေနေသော နှင်းဝတ်မှုန်၏အရိပ်ကို တွေ့လိုက်ရစဉ် သူရင်ထဲ ဒိတ်ခနဲဖြစ်သွား၏။

ရွှေမိက ကျောခိုင်းပြီး ပန်းကန်ဆေးနေ၏။ နှစ်ဦးစလုံး သူ့အားကျောခိုင်းထားသဖြင့် သူက ဟင်းအိုးမွှေနေသော နှင်းဝတ်မှုန်နားသွားကာ...



"ဘာတွေချက်နေလဲ"

"အို...လန့်လိုက်တာ"

"မှုန်အစစ်ပဲ"

ခရေနံ့ သနပ်ခါးနံ့နှင့်အတူ ဟင်းအိုးနံ့ပါ ရောထွေးလျက်ရှိနေစဉ် သူက ရုတ်တရက် ခေါင်းမှ ခရေနံ့ရှိသောနေရာတို့မှန်း၍ ပန်းကုံးကိုဆွဲယူလိုက်၏။

"အို..."

ခရေပန်းကုံးလေး သူ့လက်ထဲပါလာပြီး လူက သူ့နားမှ လှစ်ခနဲလှည့်ထွက်သွား၏။

"ရွှေမိ ဘာတွေချက်လဲ မေးနေတာလေ"

"ဟို...ဟို...ငါးပါ အစ်ကိုကြီး"

ရွှေမိက အ,ထစ်ထစ်နှင့်ပြန်ဖြေလိုက်၏။ ထိုစဉ် မီးဖိုထဲခါးဝ၌ အသံတစ်ခုကြားလိုက်ရ၏။

"ကိုကြီး မီးဖိုထဲဘာဝင်လုပ်တာလဲ"

"အပြင်ထွက်မလို့ပေါ့၊ ဖိနပ်သွားယူပေး မှုန်"

"ရွှေမိသွားယူလိုက်"

"မှုန်ပဲယူပေးပါ၊ ရွှေမိက ငါးကိုင်နေတယ်ဆို"

"အို...မကိုင်ပါဘူး၊ သွား...သွား...ရွှေမိ မြန်မြန်သွား"

နှင်းဝတ်မှုန်၏အသံမှာ စိုးရိမ်သံဖြစ်နေပြီး ရွှေမိက အိမ်ရှေ့သို့လှည့်ထွက်သွားစဉ် မီးဖိုထောင့်နံရံမှာ အရိပ်တစ်ခုကပ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ပိုးတဝါးတွေ့လိုက်ရသည်။ သူက ထိုအရိပ်ရှိရာသို့ တန်းတန်းမတ်မတ်လျှောက်သွားလိုက်၏။

"အစ်ကိုကြီး ဘယ်လဲ"

"အပြင်ထွက်မလို့လေ"

"အို...အပေါက်ကဒီမှာ၊ ဖိနပ်သွားယူနေတာ ရွှေမိ မြန်မြန်ယူလာခဲ့စမ်း"

သူက အရိပ်ကိုစူးစိုက်ကြည့်နေစဉ် အရိပ်ကလေးထံ တရွေ့ရွေ့လှုပ်ရှားကာ သူနှင့်ဝေးရာသို့ တဖြည်းဖြည်းရွေ့သွားသည်ကို မြင်လိုက်ရသဖြင့် ရင်ထဲမှာ စူးရှနာကျင်စွာဖြင့် ငေးကြည့်နေမိသည်။ လက်ထဲမှာတော့ ခရေပန်းကုံးလေးတို့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

ထိုအရိပ်ကလေးက မိမိချစ်သူပါပဲ...။

◀◀ ▮▮ ▶▶





"အိပ်ချင်ပြီလား"

"အင်း"

အင်းဟုသာပြောလိုက်ရသည်။ အိပ်ရာထဲရောက်တော့ အိပ်မပျော်တော့ပေ။ အပြင်မှအသံများကိုသာ နားစွင့်ရင်းတ မိတ်လောနေမိ၏။ ချစ်သူအသံများ တစ်နေရာရာမှကြားရလေမလားဟုပင်။

မျက်လုံးမှိတ်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ဟန်ပြု၍ ငြိမ်နေလိုက်သောအခါ အကြီးဒေါ်ရောက်လာပြီး အကြီးဒေါ်တား အိမ်မှာထားကာ နှင်းဝတ်မှုန် အပြင်သို့ထွက်သွားသည်ကို သိလိုက်၏။

ထိုအပြင်...တစ်ဖက်ခုတင်သို့ အကြီးဒေါ်ဝင်အိပ်သလို အဘဖကလည်း နေ့လယ်နေ့ခင်းတွင် တစ်ရေးတစ်မောအိပ်တတ်၏။ ရွှေမိကတော့ မီးပူတိုက်၊ မတိုက်လျှင် ဗွီဒီယိုဖွင့်ကြည့် နေတတ်သည်ကို သိထား၍ အိပ်ခန်းဝမှထွက်ကာ ရွှေမိရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



မှန်းဆရှာဖွေလိုက်၏။

"ဦး...ဘာလုပ်..."

"ရှူး..."

အဆင်သင့်ပင် ရွှေမိက ဗွီဒီယိုထိုင်ကြည့်နေသည်ကို အလင်းရောင်ဖြင့် မှုန်ဝါးဝါးတွေ့ရ၍ ရွှေမိကိုလက်ယပ်ခေါ်လိုက်ပြီး သူတို့မကြားနိုင်သည့် အိမ်အပြင်သို့ခေါ်လာခဲ့၏။

"ရွှေမိ...နှင်းဝတ်မှုန်တစ်ယောက် ဘယ်မှာရှိသလဲ ပြောစမ်း"

"ရွာမှာ..."

"ဘယ်ရွာလဲ"

"ကျောက်တန်း"

"ဦးဘဇံရဲ့ရွာလား"

"ဟုတ်ကဲ့"

နှစ်ခါမမေးရဘဲ ရွှေမိက ပြောပြလိုက်၏။

"ငါ့ကို တစ်နေ့မှာလိုက်ပို့ပေးမလား"

"အင်း...ပို့ပေးမယ်...ဒါပေမယ့် မမမှုန်က ရွှေမိတို့ ရိုက်မှာ"

"မရိုက်ပါဘူး၊ ငါရှိတာပဲ၊ သူ့နာမည်ဘယ်လိုခေါ်လဲ"

"မမငုံ...မမပန်းကြာငုံ"

"ရွှေမိရေ...ရွှေမိ"



"ဟော"

"ငါ့ကိုမမြင်အောင် တစ်ထောင့်ထောင့်မှာထားစမ်း၊ မြန်မြန်"

"လာ..."

ရွှေမိကလည်း လျင်မြန်စွာသဘောပေါက်ကာ သူ့အား အိမ်နံရံနားသို့ကပ်ထားလိုက်၏။ အဘဇံနိုးလာခြင်းပင်ဖြစ်သည်။ တံခါးဒေါက်ဒေါက်နှင့် မီးဖိုဘက်လျှောက်သွားသံကို ကြားလိုက်ရ၏။

သူနှင့် ရွှေမိကိုမမြင်လိုက်ပေ။

"ဘယ်သွားနေလဲ"

"ခြံပြင်ဘက်မှာပါ"

"ဘာသွားလုပ်တာလဲ"

"အဝတ်ရုပ်မလို့သွားတာပါ အဘ"

"အေး...အေး...နေ့လယ်စာအတွက် ဘာလုပ်ထားလဲ"

"မမမှုန် ဘာမှမပြောဘူး"

"ဟာ...ခေါက်ဆွဲသုတ်ဆို"

ဦးဘဇံကိုယ်တိုင် မီးဖိုထဲဝင်ကာ စီမံနေစဉ် သူသည် အိမ်တွင်းသို့ လျင်မြန်စွာဝင်၍ မိမိအိပ်ခန်းသို့ပြန်ဝင်လိုက်၏။

သူသည် ထိုသို့သွားရာတွင် တုတ်ပင်မလိုတော့ဘဲ အိမ်အောင်ဝရိဘောဂများနှင့် နံရံများကို ထိတိုက်သွားခြင်းမရှိဘဲ လူကောင်းတစ်ဦးကဲ့သို့ ကောင်းမွန်စွာသွားနိုင်ခဲ့သောအထိ

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်လုံးအခြေအနေမှာ အရောင်များပင် မြင်နေရလေပြီ။

သူသည် နှောင်လေးငါးလဆိုလျှင် လူကောင်းတစ်ဦးကဲ့သို့ မျက်စိမြင်ရပေမည်လား...။

● ● ●

"ရွှေမိကို ရွာကိုပြန်လွှတ်လိုက်ရတယ်၊ သူ့အဖေ နေမကောင်းလို့ဆိုပြီး လာခေါ်လို့လေ၊ ဒါကြောင့် ကြီးကြီးအေးကိုယ်တိုင် ဝင်ချက်ပေးတာ၊ ရွှေမိပြန်မလာမချင်း ကြီးကြီးအေးပဲ ပိုင်းချက်ပေးပါ့မယ်၊ သမီးလက်က စားထိသွားလို့လေ"

နှင်းဝတ်မှုန်က လက်ကို အဝတ်နှင့်ပတ်ထားပြီး သူ့... အောင် လက်နှင့်စမ်းသပ်စေ၏။

"တော်တော်များသွားလား မှုန်"

"ဟုတ်ကဲ့...သုံးချက်ချုပ်လိုက်ရတယ်၊ လက်မဖြစ်အော...



...အာမှုလုပ်လို့မရဘူးပေါ့"

"အေး...အေး...မလုပ်ပါနဲ့၊ အညှော်လည်းမမိစေနဲ့နော်၊ ဂရုစိုက်ဦး"

နှင်းဝတ်မှုန်က သူမအား အမှီးမှီးချတ်ဖြတ်မိုင်းနေသည်ကို မလုပ်ချင်၍ တမင်ဟန်ဆောင်လိုက်ခြင်းဖြစ်သည်။

ရွှေမိကိုစစ်မေးကတည်းက သူတို့အကြောင်းသိနေပြီတု...စိတ်ထဲမှာ မသက်သာဖြစ်ကာ မလုံမလဲနှင့် မနေတတ်မထိုင်တတ်ဖြစ်ရသလို ဒေါသလည်းဖြစ်နေမိသည်။

ပန်းကြာငုံကဲ့သို့ တတွဲတွဲနှင့် ပူးပူးကပ်ကပ်မနေဘဲ ခပ်...ခွာနေခြင်းကြောင့် ပို၍မခံချင်ဖြစ်ကာ လက်မောင်းတိုမှ၍ ...အနဲ့ကလျှ လုပ်သည့်တိုင်အောင် မတုန်မလှုပ် ကျောက်ဆစ်ရုပ်...သို့ပင် တောင့်တောင့်ကြီးဖြစ်နေ၏။

"ကိုကြီး နေမကောင်းဘူးလား"

"အင်း...ဟုတ်တယ် လူက နုံးနေသလိုပဲ၊ အဲဒါကြောင့် ...ဒါက်တာစောထွန်းကျော်ကို ခေါ် ပေးပါလို့"

"တခြားဆရာဝန်ခေါ် ပေါ့၊ သူက ခရီးသွားနေတာပဲလေ"

"သူနဲ့က ကုနေကျမို့လို့ပါ"

"ထမင်းစားနည်းနေတယ်၊ နည်းနည်းထပ်စားပါဦးလား"

"ရပါတယ်...အိပ်ရာဝင်ခါနီးမှ တစ်ခုခုစားတာပေါ့ မှုန် ...ထမင်းစားပါ၊ ကိုယ် ခြံထဲမှာလမ်းလျှောက်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...မစားသေးဘူး၊ ကိုကြီးကိုစိတ်မချဘူး"

သူ့အပေါ် ဂရုစိုက်မှုကို လျော့မကျသွားရအောင် သတိထားနေရသည်။ ပန်းကြာငုံ၏ သည်းသည်းလှုပ်ဂရုစိုက်မှုထက် လျော့ကျမသွားအောင် ကြိုးစားနေရသည်မှာ ပင်ပန်းလွန်းလှသည်။

"အမေရယ်...သူရိပ်မိပြီလားမသိဘူး၊ မှုန့်ကိုခပ်ခွာခွာနေနေတယ်၊ မိကြာငုံနဲ့က ကြိုက်နေသလားမသိဘူး၊ လူလဲတဲ့အချိန်ကစပြီး အိပ်ရာထမှာ ညမီးကိုလှမ်းဖက်ပြီး နောက် လုံးဝမဖက်တော့ဘူး၊ သူ သိနေတယ်ထင်တယ်"

"သိရင် အော်မှာပေါ့ သောင်းကြမ်းမှာပေါ့ သူက ဒေါသကြီးတဲ့လူပဲလေ၊ သူနေမကောင်းလို့လား"

"ဟင့်အင်း...သူ အကဲခတ်နေတာထင်တယ်"

"အို...မျက်စိမှမမြင်တာပဲ၊ ဘာသိတာလိုက်လို့၊ အရေးကြီးတာက ကြာငုံထက်တော့ လျော့လို့မဖြစ်ဘူးနော်၊ ယောကျ်ားပဲ ဘာသားနဲ့ထုထားတာလိုက်လို့၊ သူမကပ်ရင် ကိုယ်ကကပ်ပေါ့ မိကြာငုံက အနားကကိုမခွာဘူး၊ သွား...သွား"

မိခင်နှင်လွှတ်၍သာ ထွက်လာရသည်။ စိတ်ထဲမှာတော့ သိပ်မပါတော့ပေ။ အိမ်ထဲမှာနေနေရသည့် နှစ်ရက်အတွင်း စိတ်ကပျံ့လွင့်လျက်ရှိနေသည်။ ပြီးတော့...မိမိအား စီမံခန့်ခွဲမှု သင်တန်းပေးနေသော ကောင်းကင်ယံဟူသောသူနှင့် ချစ်သူ



ဖြစ်လုလုအချိန်မှာ ရုတ်တရက်ပြန်လာခေါ်သဖြင့် ရင်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်နေ၏။

တစ်ရက်သင်တန်းကိုပင် တက်ခွင့်မပေးဘဲ သူ့ဧည့်ကတော်ဖြစ်ရေးအတွက် အနားမှာ မခွဲမခွာနေရန် အမိန့်ပေးထားသဖြင့် မလှုပ်ဝံ့တော့ပေ။

"တစ်ပတ်နှစ်ပတ်လောက်က သူ့နားမှာပဲ မခွဲမခွာနေရင်းက ပြန်နေသားကျသွားမှ သင်တန်းကိုပြန်တက်ပါသမီးရယ်... ပန်းကြာငုံက သူ့နားမှာမခွဲဘဲ အမြဲနေလာလို့ တွယ်မိတွယ်ရာ တွယ်လိုက်တာပဲ မဟုတ်လား၊ သမီးကိုလည်း မကြာခင်မှာ တွယ်တာလာမှာပါ"

မိခင်၏စကားကြောင့်သာ အောင့်အီးနေရသည်။ ဘယ်လိုမှ မနေနိုင်။ ချစ်ရသူ ကောင်းကင်ယံမှာ သူမနှင့် မတိမ်းမယိမ်း ဖြစ်လျက် ထက်ထက်မြက်မြက်နှင့် စကားပြောကောင်းသူပင် ဖြစ်သည်။

"ဟင်း..."

နှင်းဝတ်မှုန် သက်ပြင်းရှည်ကြီးချလိုက်မိသည်။ ဒီသူဌေးကိုလည်း မပစ်ရက်။ ဟိုတစ်ယောက်ကိုလည်း တိမ်းညွတ်နေသပြီ။ အမိကကတော့ မိမိတို့မိသားစု ဆင်းဆင်းရဲရဲနှင့်မနေချင်တော့ပေ။ ဤအိမ်ကြီးတွင် သက်သောင့်သက်သာနေရသည့်ဘဝကို ကျေနပ်ပျော်ရွှင်လျက် ပင်ပန်းလွန်းသည့်ခြံသို့ မသွား

www.burmeseclassic.com

www.burmeseclassic.com



လိုတော့ပေ။

"အို...ကောင်းကင်ယံရယ်...ရှင့်ကို မှန်နှလုံးသားထဲက ဆွဲထုတ်လိုက်တော့မယ်နော်၊ ရှင်က သာမန် ကွန်ပျူတာနဲ့ သင်တန်းနည်းပြဆရာတစ်ယောက်ပဲ၊ ရှင့်လခစားဘဝနဲ့ မှန်ရဲ့ အိပ်မက်တွေက ဝေးကွာနေလို့ မှန် ကိုကြီးကိုပဲ ရွေးချယ်လိုက်တော့မယ်နော်၊ မှန့်ကိုခွင့်လွှတ်ပါ"

စိတ်ထဲမှာ တိုးတိတ်စွာတောင်းပန်လိုက်ရင်းက တုတ်တစ်ချောင်းနှင့် စမ်းတဝါးဝါးလျှောက်လျက်ရှိသော ကိုကြီးကို တစ်ချက်ငေးကြည့်မိသောအခါ ရင်ထဲမှာ ပင်ပန်းလေးလံသွားသလိုပင်။

"ကိုကြီး...ဒီမျက်မမြင်ဘဝနဲ့နေလာတာ ငါးလလောက်ရှိပြီပဲ၊ ခုထက်ထိပြန်မကောင်းသေးဘူးလား၊ ကောင်းလာမယ့်မျှော်လင့်ချက်ရော ရှိပါ့မလား၊ ကိုကြီးသာ မျက်စိပြန်မမြင်လာရင် နှင်းဝတ်မှုန်ဆိုတဲ့ မိန်းကလေးဟာ ပန်းကြာငုံထက် အစစအရာရာ ပိုလှတယ်ဆိုတာကို မမြင်ရဘူးပေါ့၊ အခုတော့... ပန်းကြာငုံရဲ့ အပြုအစုအယုအယကိုပဲ သာယာပြီး တမ်းတနေမှာပဲလေ၊ အော်...ကြာငုံ...မိကြာငုံ...သူ့ကိုတမ်းတပြီး စွဲလမ်းသွားအောင်လုပ်ခဲ့တာပဲ၊ ဘာရမလဲ...နှင်းဝတ်မှုန်ပဲလေ နင့်ထက်မသာဘဲနဲ့ နင့်ရဲ့အစ်မ မလုပ်ဘူး သိလား"

နှင်းဝတ်မှုန်ရင်ထဲမှာကြိမ်းဝါးရင်းက သူ့နောက်သို့ ခြေသံ



ဖွဖွလေးဖြင့် လိုက်လာလိုက်၏။

သို့ရာတွင်...ဒေါက်ဖိနပ်စီးထားသဖြင့် အသံမြည်နေသောကြောင့် မြေကြီးပေါ်သို့အသာဆင်းလျှောက်ရင်း ပန်းကြာငုံက စိတ်မချ၍ တိတ်တခိုးလှမ်းလျှောက်သလို လျှောက်လိုက်၏။

ခါတိုင်း ညနေဘက်တွင် သူမ အိမ်သို့ပြန်လာချိန်၌ ပန်းကြာငုံသည် တိတ်တခိုးလိုက်၍ စောင့်ရှောက်တတ်၏။

"ကိုကြီးက မျက်စိမြင်တာမဟုတ်ဘူး မှန်ရဲ့၊ လဲကျသွားရင် ဟိုတစ်ခါလို ခါးရိုးဒုက္ခဖြစ်နေဦးမယ်"

အစ်ကိုကြီးအတွက် အစစအရာရာပူပန်ပြီး အနားမှာ မခွဲဘဲနေနေရတာမို့ ဒီက ပုရိသမှာ ပုထုဇဉ်လူသားပီပီ စိတ်မလှုပ်ရှားဘဲနေမလား။

"ကြည့်နေ...မိကြာငုံ...ကိုကြီး ငါ့ကိုချစ်လာစေရမယ်"

ရင်ထဲမှာကြိမ်းဝါးရေရွတ်ရင်း အနားမှနေ ခြေသံမကြားအောင် ကပ်လိုက်နေရာမှ ရုတ်တရက်ရပ်တန့်သွားသောအခါ ထုတ်ကောက်မကိုင်ထားသည့်လက်တစ်ဖက်ကိုယူ၍ မိမိရင်မှာ အပ်ထားလိုက်ရင်းက...

"ကိုကြီး...ပြန်ဝင်စို့လေ အတော်မှောင်နေပြီ"

"ကိုယ်...အပြင်မှာပဲ နေချင်တယ်မှန် မင်းအထဲကို ဝင်နေလိုက်ပါ"

"ကိုကြီးကို မှန်စိတ်မချဘူး၊ မှောင်နေတော့ လဲသွားမှာ"

www.burmeseclassic.com

www.burmeseclassic.com



"မျက်မမြင်တစ်ယောက်က အမှောင်ဆိုတာကို ကြောက်လန့်နေရမှာလားကွာ"

"အော်...ဟုတ်သားပဲ ကိုကြီး မျက်လုံးက ခွဲစိတ်မရတော့ဘူးလားဟင်"

"မရဘူး"

"ဒါဖြင့် ပြန်လင်းဖို့ မရှိဘူးပေါ့"

"အင်း..."

နှင်းဝတ်မှုန် သက်ပြင်းခိုးချလိုက်မိသည်။ မျှော်လင့်ချက်ဆုံးရှုံးသွားသလိုပင် ခင်ပွန်းတော်စပ်ရမည့်သူကို မျက်စိမြင်စေချင်သည်။

"ကိစ္စမရှိဘူးလေ သူဟာ ချမ်းသာကြွယ်ဝတဲ့သူပဲ၊ ငွေရှိရင် မျက်စိမမြင်လည်း ဘာမှမဖြစ်ဘူး"

မိခင်၏အားပေးစကားကြောင့် ခေါင်းမော့ကာ အားတင်းလိုက်သည်။

"နှင်းဝတ်မှုန်"

"ရှင်..."

"မင်းအရင်က သင်တန်းတွေတက်ပြီး အလုပ်လုပ်မယ်ဆိုတာ မလုပ်ဖြစ်တော့ဘူးလား"

"ဟင့်အင်း...မလုပ်တော့ပါဘူးလေ၊ ကိုကြီး ခါးဆစ်ရိုးလွဲသွားတည်းက မှုန်စိုးရိမ်ပြီး ကိုကြီးကို ပစ်ထားရမယ့်အလုပ်တို



မစဉ်းစားတော့ဘူးပေါ့"

"သိပ်လိမ္မာပါလား"

"အဟင်း..."

သူမက လက်မောင်းကိုဆွဲဖက်၍ သူမရင်မှာအပ်ကာ ပါးလေးနှင့်ကပ်၍ တွဲခိုရင်းက...

"ကိုကြီးကို သိပ်ချစ်တယ်"

ပန်းကြာငုံက အဖြေမပေးသေးဘူးဆိုတာ မဖြစ်နိုင်ဘူး၊ ချစ်သူလိုနေနေပြီးတော့ မိမိကိုလိမ်လို့ရမှာလား...

"နှင်းဝတ်မှုန်"

ကျောက်ရုပ်တစ်ရုပ်လို ခပ်တောင့်တောင့်လေးနေသလို စကားသံများကလည်း အေးစက်မာကြောနေ၏။

"မင်း...ဘယ်လိုဖြစ်နေတာလဲ၊ မင်းဆီကအဖြေမတောင်းဘဲနဲ့ ပေးနေတာလား၊ မင်းရဲ့အပြုအမူဟာ ရဲတင်းပြီး သိမ်ခွဲလွန်းတယ်၊ အရင်ပုံစံနဲ့မတူဘဲ အခုမှ ဘာလို့အဲဒီလောက်တောင် တွယ်ကပ်နေရတာလဲ၊ မင်းကိုယ်မင်း မိန်းကလေးတစ်ယောက်ဆိုတာကိုလည်း သတိတော့ ထားထားဦးလေ"

"ဟင်း..."

ငဲ့ညှာမှုမရှိဘဲ ပြင်းထန်သောစကားလုံးများက မိမိမာနကို ပုတ်နှိုးလိုက်သည်။

"အမယ်...ပြောင်းလွဲနေတာက ကိုကြီး မှုန့်ကို ချစ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မသိသလိုနေနေတာ မှုန်အခံရခက်တယ်၊ တော်ပြီ... တိုကြီးနားမှာ မှုန်မနေတော့ဘူး"

ရှက်ရှက်နှင့် လှည့်ထွက်လာလိုက်ပြီးမှ ချစ်သူမဖြစ်ရသေးဘဲ ဘာလို့များ မွေ့ဖက်တာကို ကြာငုံက လက်ခံရပါလိမ့်ဟု အံ့အားသင့်စွာဖြင့် စဉ်းစားနေမိသည်။

"အို...စိတ်ရှုပ်တယ်၊ သေချင်စော်တိုန်နေတာပဲ"

ဧည့်ခန်းအလယ်မှာ ခြေဆောင့်ပြီး ငြီးငြူလိုက်မိသည်။

"သမီး လူလေးကိုပစ်ထားခဲ့သလား၊ ကြာငုံက အဲဒီလို ဘယ်တော့မှမပစ်ထားခဲ့ဘူး"

"လာပြန်ပြီ ကြာငုံ...ကြာငုံ...အဲဒီကြာငုံကိုခေါ်မိတာ တကယ့်ကို ငါးပါးမှောက်တာပါပဲလား"

"အဲဒါ သမီးတို့သားအမိပဲလေ၊ အဖေပြောသားပဲ ကိုယ့်ဇာတ်ကို ကိုယ်မနိုင်ဘဲနဲ့ မကပါနဲ့လို့"

"အို...ဘာလို့မနိုင်ရမှာလဲ၊ နိုင်ပါတယ်၊ ဒီလူကြီးရဲ့ ဘုကျကျစကားသံကို မခံနိုင်လွန်းလို့ပါ"

"သူ ရိပ်မိနေပြီထင်တယ်"

"အဖေနဲ့ ရွှေမိပါးစပ်သာပိတ်ထားရင် ဘာမှမဖြစ်ဘူး မျက်စိမမြင်တဲ့လူပဲ"

■ ■ ■



"အဲဒီလိုသည်းမခံနိုင်လို့ ဘယ်ဖြစ်မလဲသမီးရယ်"

ဒေါ်မိမိအေးက စိတ်ပျက်လက်ပျက်နှင့် ငြီးငြူလိုက်ရင်းအ ဘာဆက်လုပ်ရမှန်းမသိအောင် စိတ်ပျက်သွားမိသည်။

"အေး...မျက်မမြင်တစ်ယောက်ကို ဒီမြင်အားလုံး လှည့်စားလို့ရတယ်၊ အချစ်ကိုတော့ လှည့်စားလို့မရဘူးဆိုတာ မင်းတို့သားအမိ မြဲမြဲမှတ်ထားပါ"

"အမယ်...သူ့တူမထိတော့ နာတယ်၊ စိတ်ရှုပ်ရတဲ့အထဲ သူကတစ်မျိုး"

"ဒါက မင်းတို့ကတဲ့ဇာတ်ပဲလေ"

"တော့်တူမကိုက အပိုင်စီးချင်တဲ့စိတ်ရှိလို့ ကလိသွားတာ၊ ဒီလိုမှန်းသိရင် မခိုင်းပါဘူးတော်၊ ကျုပ်က ရိုးရိုးသားသားမှတ်လို့"

"မင်းတို့သားအမိကရော ဘယ်လောက်ရိုးသားလို့လဲ၊ ကိုယ်တိုင်က စဉ်းလဲနေပြီးတော့ သူများကိုရိုးသားခိုင်းနေရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



လူပဲကွာ...စက်ရုပ်မှမဟုတ်တာ၊ နှလုံးသားရှိတဲ့လူပဲလေ"

"အဖေနဲ့အမေကလဲ အလကားစကားများနေကြတယ်၊ မြေသာနာတစ်ခုကို အေးအေးဆေးဆေးမစဉ်းစားဘူး၊ ဘယ်လိုလုပ်မယ်လို့ မစဉ်းစားနိုင်ကြရင် အေးအေးဆေးဆေးနေပါ၊ သူများ အာရုံနောက်တယ်"

"အမယ်...ခွေးမ ငါ့ထကန်လိုက်ရ..."

မိဘနှစ်ပါး အခြေအတင်စကားများနေသည်ကို ဝင်၍ ပြောလိုက်သောအခါ ဦးဘဇံက စိတ်တိုတိုနှင့်ဖော်ရင်း ခြေတစ်ဖက်ကို အားယူလိုက်သောအခါ ယိုင်သွားသဖြင့် ချိုင်းထောက်ဖြင့် ပြန်ထိန်းလိုက်ရ၏။

ဦးဘဇံ၏အဖြစ်ကိုကြည့်ကာ သားအမိနှစ်ယောက်လုံး ပြုံးလိုက်ကြ၏။

"အဖေကလဲ...ဘယ်ခြေထောက်နဲ့ကန်မှာလဲ၊ အဖေ့ဘာသာ အေးအေးဆေးဆေး ခြံထဲမှာပဲနေပါတော့ အဖေရယ်၊ အဖေ့ကြည့်ရတာ အားမရဘူး"

"အေး...ဒီခြေထောက်တစ်ဖက်တည်းရှိတာကိုတောင် ဖြုံစင်တဲ့သမ္မာအာဇီဝအလုပ်ကို လုပ်ကျွေးနေတာပဲ၊ မင်းတို့ မလိုအပ်တော့ဘူးဆို ရတယ်လေ၊ ငါ့ဘာသာငါ ရွာပြန်နေတော့မယ်"



"ရှင်ပြန်ချင်တာကြာပြီမဟုတ်လား၊ ရှင်က မိသားစုထက် ဆွေမျိုးသားချင်းကို ပိုဂရုစိုက်တဲ့လူပဲ"

"မင်းကွာ..."

ဦးဘဇံသည် စကားမများလိုတော့သဖြင့် သူတို့သားအမိ ားမှ ဖယ်ခွာလာခဲ့သည်။ ရင်ထဲမှာတော့ စူးနစ်နေလျက်ရှိ သည်။ ချစ်ခင်လျက်ရှိသောဇနီးနှင့် သမီးတို့၏လုပ်ရပ်ကို မကျေ နပ်ဖြစ်သလို စိတ်ပျက်ကာ ဝမ်းနည်းကြေကွဲမိသည်။

ထို့အပြင်...မိမိတူမ ပန်းကြာငုံအား ရွာပြန်ပို့ပြီး အဖြစ် င် ကြိမ်းမောင်းနေသည်ကို သိရမြင်ရသောအခါ ပို၍ ထိခိုက် ကြကွဲမိသည်။

ပန်းကြာငုံနှင့် ဖော်မင်းထိုက်တို့၏ ပျော်ရွှင်ကြည်နူးဖွယ် ပုံရိပ်များကို ပြန်လည်မြင်ယောင်လာလျက် စိတ်မကောင်း ဖြင့် သားအမိနှင့်ဝေးရာသို့ ထွက်လာခဲ့သည်။

အကယ်၍သာ...သူတို့သားအမိသည် မိမိနှင့် သူစိမ်း စ်ရံဆံဖြစ်နေလျှင် ဤအကြောင်းကို ဖော်ထုတ်မိမှာ အသေ ချာပင်ဖြစ်၏။ ဖော်မင်းထိုက်၏ ရှုပ်ထွေးနေသောစိတ်များကို ်းလင်းအောင် ဆောင်ရွက်ပေးမည်ဖြစ်သည်။

ခုတော့...ထိုသားအမိမှာ မိမိ၏ အရင်းအချာမိသားစု ်နေ၍ မထွေးနိုင် မမျိုနိုင်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တယ်ကွယ်...ခက်တယ်"

ဦးဘဇံနှုတ်ဖျားမှ မြီးငြူလျက် တစ်ယောက်တည်း ဘယ်ထွက်သွားမှန်းမသိသော ဇော်မင်းထိုက်အား ခြံဝမှလှမ်းမျှော်နေမိသည်။

ခါတိုင်း နံနက်စောစောလမ်းလျှောက်ထွက်တတ်သော ဇော်မင်းထိုက်သည် ပန်းကြာငုံမရှိတော့ကတည်းက လမ်းလျှောက် မထွက်ဖြစ်တော့ပေ။ နေမြင့်အောင်အိပ်တတ်သော နှင်းဝတ်မှုန်ကြောင့် သူကိုယ်တိုင်လည်း နေမြင့်အောင်အိပ်ခဲ့သည်။

နှင်းဝတ်မှုန်နှင့် ပန်းကြာငုံတို့လဲလှယ်ပြီး ဖါးရက်မြောက်သောနေ့တွင် နံနက်စောစော ဘယ်သူမှမနိုးမီ အိမ်မှထွက်သွား၏။

"ခက်လိုက်တာလူလေးရယ်...မင်းဟာ မျက်စိမမြင်ပေမယ့် အားလုံးသိနေတာပဲလား၊ ငါဘယ်လိုလုပ် မျက်နှာပြရမလဲ"

ဦးဘဇံသည် ပူလောင်သောအတွေးများဖြင့် ခြံဝမှထွက်ကာမျှော်ရင်း အားမလိုအားမရဖြစ်လာသဖြင့် လမ်းထိပ်သို့ထွက်လာမိသည်။

"အဖေ ဘယ်သွားမလို့လဲ"

နောက်မှ နှင်းဝတ်မှုန်သည် အပြေးတစ်ပိုင်းရောက်လာပြီး



ကပျာကယာဟန့်တားလိုက်၏

"ငါ့ဘာသာငါ ဘယ်သွားသွားပေါ့ နှင်က ဘာလိုက်လုပ်တာလဲ"

သမီးအား မကျေနပ်စွာဖြင့် အော်လိုက်သောအခါ နှင်းဝတ်မှုန်က ပြုံးလိုက်ရင်း ဖခင်လက်ကို အသာအယာဆွဲကိုင်ရင်းက ချော့လိုက်၏။

"အဖေကလဲ...အဝေးကြီးမသွားပါနဲ့၊ သမီးတို့က စိုးရိမ်လို့ပါ၊ ပြီးတော့...ခုနစ်နာရီခွဲနေပြီ၊ ကိုကြီးပြန်မလာသေးလို့ လိုက်ရှာရအောင်လို့ပါ"

"အဲဒါတွေမတူတာပေါ့ သမီးရယ်...အခုမှ ငါးရက်တည်းရှိသေးတယ်ကွယ်၊ အချိန်မနှောင်းခင် ကြာငုံကိုပြန်ခေါ်ပါ၊ လူလေး သနားပါတယ်ကွယ်၊ သိပ်ပိန်သွားတယ်"

"အဖေကလဲ...အဖေရယ်...အတွင်းထရံ အမြင်ကာလို့ ဖြစ်ပါတယ်အဖေရယ်၊ မကြာခင် အသားပြန်ကျသွားမှာပါ"

"မင်းတို့မိန်းကလေးတွေရဲ့အထင်ကိုးကွယ့် ငါတို့ယောကျ်ားတွေကတော့ မင်းတို့ထင်သလိုမဟုတ်ဘူး သမီးရေ၊ နင်လည်း အြာကြာစိတ်ရှည်မှာမဟုတ်ပါဘူးကွယ်၊ ခဏလေးပါ"

"အဖေကလဲ...အဖေရယ်..."

နှင်းဝတ်မှုန်သည် ထိုကဲ့သို့ပင် အဖန်တလဲလဲရှုတ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ဦးဘဇံပြောသကဲ့သို့ အမှန်တကယ်ပင် စိတ်မရှည်နိုင် တော့ပေ။ သူ့စိတ်အစဉ်က အိမ်ထဲမှာကြာရှည်စွာနေနေရခြင်း နှင့် မျက်မမြင်တစ်ဦး၏အနားမှာ နေနေရခြင်းကို စိတ်မရှည်နိုင် တော့ပေ။

မိခင်ကြီးဆွဲရာကိုသာ အလိုက်သင့်ကနေရသော်လည်း သူမ၏စိတ်များက တရင်းတနှီးနှင့် စာသင်ပေးခဲ့သည့် ကောင်းကင်ယံဟူသော သင်တန်းဆရာနှင့် ရင်းနှီးနေပြီး တယ်လီဖုန်း အဆက်အသွယ်ရှိနေခဲ့၏။

ဇော်မင်းထိုက်အား သင်တန်းတက်ခွင့်မပြုသည့်အခါ ကတည်းက မိမိလည်း ဘယ်မှမသွားရဘဲ ခြေချုပ်မိသွား ဒီနေ့တော့ ခွင့်တောင်းပြီး အပြင်ထွက်ရန်ကြံစည်ထားကာ ဇော်မင်းထိုက်က အရင်ပျောက်သွားသဖြင့် သူမ အပြင်ထွက်ရ မလွယ်ကူတော့ပေ။

ဇော်မင်းထိုက်ကလည်း သူမအား မျက်နှာသာမပေး ဟင်းများကိုသာ တစ်မျိုးပြီးတစ်မျိုးချက်ခိုင်းနေ၏။

"ဟာ...စိတ်ရှုပ်လိုက်တာ"

နှုတ်ဖျားမှ လွှတ်ခနဲအော်မိလိုက်သောအခါ ဦးဘဇံ ပြုံးလိုက်ရင်း...

"သမီးရေ...မကောင်းတာလုပ်တဲ့လူဟာ ဘယ်တော့



စိတ်အေးချမ်းသာမှုမရှိဘူးကွယ့်၊ တစ်ချိန်ချိန်မှာ ကိုယ့်အပေါ်ကို အဲဒီမကောင်းမှုတွေက လိုက်လာတတ်တယ်၊ သတိထားပေါ့ ကွယ်၊ ဟော...ဟိုမှာ...လူလေးက အငှားကားနဲ့ပြန်လာတာပဲ၊ သွား...သွား...မြန်မြန်သွား"

အငှားကားတစ်စီး ခြံဝမှာရပ်လိုက်သည်ကို ဦးဘဇံက လှမ်းတွေ့ရသဖြင့် သတိပေးလိုက်သောအခါ နှင်းဝတ်မှုန်တ သမင်မလေးအသွင်နှင့် အလျှင်အမြန်ပြေးထွက်သွားလိုက်တော့ သည်။

"ဘာပဲဖြစ်ဖြစ်လေ...အရှုံးမရှိဘူး၊ အမြတ်ပဲရှိနိုင်ပါတယ်၊ ကြိုးစားကြည့်လိုက်ဦးမယ်လေ၊ သူ့မျက်စိမမြင်နေသရွေ့တော့ ငါ့စိတ်ကြိုက်ဖန်တီးလို့ ရနိုင်ပါတယ်"

ချစ်ခြင်းမေတ္တာတရားတို့သည် တဖြည်းဖြည်းနှင့် မွေးမြူ ရနိုင်သလို ရုတ်တရက် မျက်စိအတွေ့မှလည်း ဖြစ်ပေါ်လာနိုင် သည်။ တစ်ခါတစ်ရံ သံယောဇဉ်မှလည်း ချစ်ခြင်းသို့ကူးပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ခဲ့သည်။

အကယ်၍ မိမိသည် အိမ်ထဲမှာနေပြီး မျက်မမြင်တစ်ယောက်ကို ပြုစုလျက် သူ၏ချစ်ခြင်းကို ခံယူကာ ဇနီးအရာကို ရနိုင်ချေရှိ၍ မိခင်ကတွန်းပို့လိုက်သော်လည်း မိမိသည် သူနာပြုအလုပ်ကို ဝါသနာမပါခဲ့ဘဲ ရာထူးမြင့်မြတ်လျက် ပန်ကာအောက်မှာ ထိုင်လုပ်ရသည့် ဆရာသမားရာထူးကိုလိုချင်၍ ကွန်ပျူတာရော စာရင်းရော အင်္ဂလိပ်စာရော တရုတ်စာရော စီမံခန့်ခွဲမှုပညာပါ သင်ကြားခဲ့ကာ သင်တန်းလက်မှတ်များစွာတို့ကိုင်၍ ကုမ္ပဏီများမှာ အလုပ်လျှောက်ထားခဲ့၏။

ကုမ္ပဏီသုံးခုမှာ အလုပ်လျှောက်ထားသော်လည်း မိမိသည် တတိယအဆင့်မှာသာ ရှိနေသေး၏။ ငွေအားနှင့်ဂုဏ်ကြီးမြင့်သော ဆွေမျိုးအသိုင်းအဝိုင်းတို့၏ ထောက်ပံ့မှုအား လိုနေသောကြောင့် မိမိလိုချင်သောနေရာများနှင့် ဝေးကွာနေဆဲဖြစ်သည်။

"အမေရယ်...မှန်တော့လေ သူနာပြုအလုပ်ကိုမလုပ်ချင်ဘူး၊ ကုမ္ပဏီမှာ အရာရှိလုပ်ချင်တယ်၊ အမေကခိုင်းလို့ လုပ်နေရတယ်၊ မှန်မှမလုပ်တတ်တာ"

"အော်...အိမ်ဖော်လည်းရှိတာပဲမဟုတ်လား၊ ကိုယ်တလက်ညှိုးထိုးခိုင်းရုံပါပဲ၊ ဒီမှာ အိမ်ရှင်မ မရှိတာ ညည်းအတွက် တစ်ပန်းသာတာပေါ့၊ မကြာခင်မှာ အိမ်ရှင်မ ဖြစ်ချင်ဖြစ်နိုင်တာပေါ့၊ သူ့ခမျာ တွယ်ရာမဲ့ဖြစ်နေရှာတာပဲလေ၊ ချမ်းချမ်းသာသာ



နေရတဲ့အခါမှာ သမီးလိုချင်တဲ့အလုပ်တာ ဖြစ်လာမှာပေါ့"

မိခင်၏အတွေးများကြောင့် အားတက်သရောဖြစ်လာကာ မျက်မမြင်တစ်ဦးအား ကြိုးစား၍ပြုစုကြည့်သည်။ ချစ်ကြည့်သေးသည်။ သို့ရာတွင်...တစ်လမပြည့်မီ ခါးဆစ်ရိုးလွဲသွားသဖြင့် စိတ်ပျက်နေစဉ် အိမ်ဖော်မိန်းကလေးကလည်း ထွက်သွားသောကြောင့် ဖခင်၏မွေးရပ်သို့သွားကာ အိမ်ဖော်ရှာရင်းက မိမိနှင့် မကြာခဏလူများရအောင်အထိ ရုပ်ဆင်သလို ကိုယ်လုံးကိုယ်ထည်ပါ ဆင်သော တစ်ဝမ်းကွဲညီမကိုတွေ့၍ စိတ်ကူးရပြီး ခေါ်လာခဲ့ခြင်းဖြစ်သည်။

ရထားပြီးသောနေရာလေး လွတ်သွားမှာစိုးသောကြောင့် အစားထိုးကာ ကိုယ့်နေရာတွင်ထိုင်ခိုင်းထားပြီး ကိုယ်က ဒီ့ပြင်နေရာကောင်းရရန်အတွက် ကြိုးစား၍တန်းစီနေခြင်းဖြစ်သည်။ ယခု...တန်းစီနေသောနေရာမှာ အခြေအနေမဟန်၍ မူရင်းနေရာကိုပြန်ယူကာ ကိုယ့်နေရာမှာ အစားထိုးသူအား ဖယ်ခိုင်းလိုက်ခြင်းဖြစ်သည်။

"ငါပြန်လာပြီ၊ ငါ့နေရာဖယ်ပေးတော့" ဟူ၍ ကိုယ့်နေရာကိုယ် ပြန်ယူလိုက်သော်လည်း တခြားနေရာကိုတော့ လှမ်းမျှော်ကြည့်နေဆဲဖြစ်သည်။ မိမိ အိမ်ရှင်မ မလုပ်ချင်သေး။ အရာရှိသာ ဖြစ်ချင်နေသည်။

ထို့ကြောင့် ပန်းကြာင့်နေရာမှာ ဝင်ယူလိုက်ရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေအောင်မပြုလုပ်နိုင်ပေ။ တစ်ရက်နှစ်ရက်ထက်ပို၍ စိတ်မပါတော့ဘဲ အပြင်ထွက်ရန်သာ စိတ်ကလွင့်နေ၏။

"ကိုကြီး...ဘယ်သွားနေတာလဲဟင်"

နံနက်စာကို တို့ထိတို့ထိသာစားနေသော သူ့နားကပ်၍ မဝံ့မရဲမေးလိုက်၏။

"ဒီလိုပဲ မနက်စောစောလမ်းလျှောက်မထွက်တာကြာလို့ ထွက်တာပါ"

"မှုန့်ကိုနိုးရောပေါ့၊ ကိုကြီးကို မှုန့်စိတ်ပူနေတာသိလား"

ထိုအခါ သူသည် မျက်စိမြင်သူတစ်ဦးကဲ့သို့ မိမိအား ငဲ့ကြည့်ကာ ပြုံးမဲ့မဲ့နှင့်...

"ခါတိုင်းလမ်းလျှောက်ဖို့ကို မင်းကပဲငါ့ကိုနိုးတာပဲမဟုတ်လား၊ အခု ငါက မင်းကိုပြန်နိုးရမှာလား၊ မင်းသာ တကယ့်ကို စေတနာပါရင် ကိုယ်လုပ်ရမယ့်အလုပ်ထဲကို အာရုံလေးစိုက်ပြီး လုပ်ရမှာပဲပေါ့"

မနက်စောစောမထဘဲ အအိပ်ကြီးတတ်သော မိမိ၏ အပြုအမူကိုပြင်ရန် စိတ်ဆင်းရဲသွားမိသည်။ သူဟာ မိမိတို့ နှင်းဝတ်မှုန်တစ်ယောက်ဆိုတာ သိနှင့်နေပြီဖြစ်ကြောင်း အလိုလို ရိပ်မိလိုက်၏။

"ဘာပဲဖြစ်ဖြစ်နိုးပါကိုကြီးရယ်...မှုန့်က ညဘက်မှာ ကွန်ပျူတာထဲစိတ်ကသိပ်ရောက်သွားလို့ ညဉ့်နက်မှအိပ်ဖျော်





တာမို့ စောစောမနိုးတာပါ"

မိမိစကားကို မည်သို့မျှမတုံ့ပြန်တော့ဘဲ သူတုတ်ကောက်တိုပဲ အားပြုကာ ထမင်းဝိုင်းမှလှည့်ထွက်လာလိုက်၏။ သူ၏ အပြုအမူသည် မိမိအား အခံရခက်ပြီး ရင်ထဲမှာယားတို့ကျိဖြစ်လာသလိုပင်။

ဥပေက္ခာပြုတာခံရတော့ သူ့နားကိုနည်းနည်းမှမကပ်ချင်တော့ပေ။ ဘယ်မှမသွားဘဲ အိမ်ထဲမှာပဲနေရပြီး သူ့နားကပ်နေရတာ ဒီနေ့ပါနဲ့ဆို ငါးရက်ရှိသွားပြီ။ ပျင်းလို့သေရတော့မယ်။

"နင်ကလည်း ငါ့ကိုနိုးရောပေါ့"

"ဟင်း...ကျွန်မကိုယ်တိုင်မှ မနိုးတာဘဲ အစ်မမှုန်ရာ၊ ခါတိုင်း အစ်မငုံကပဲနိုးနေတာ"

"ရှူး..."

ရွှေမိအသံ အနည်းငယ်ကျယ်သွားသဖြင့် ကမျာကယာ ဟန့်တားလိုက်ရသည်။

ထိုအခါမှ ရွှေမိသည် လျှာလေးထုတ်ပြီး လေသံကိုနှိမ့်၍-

"မနက်က ရွှေမိတောင်မနိုးသေးဘူး ဘယ်အချိန်ထွက်သွားမှန်း မသိတာ"

"ခက်တယ်ရွှေမိရယ်...ငါလည်း သူ့ကိုပြုစုရတာ စိတ်မပါဘူး၊ ကြာငုံကိုပြန်ခေါ်မှပဲ"

"ပိုဆိုးနေပါ့မယ်၊ မမငုံ လာတော့မှာမဟုတ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါလာရင်လည်း ကိုကြီးကပြန်လွှတ်တော့မှာမဟုတ်ဘူး"

"သူက မျက်စိမမြင်ရဘဲ ငါနဲ့ငုံကို ဘယ်လိုခွဲခြားတာလဲ မသိဘူး"

"အနံ့လေ...အနံ့..."

"ဟဲ့...ဘာလဲ"

"မမငုံက သနပ်ခါးကလွဲလို့ ဘာမှမလိမ်းတာ၊ မမမှုန်က မိတ်ကပ်ပေါင်ဒါနဲ့ နှုတ်ခမ်းနီက ပြတ်မှမပြတ်တာ"

"အမယ်...ဒါလည်းဟုတ်တာပဲ၊ ကဲ...ဒီနေ့ရေချိုးပြီးရင် သနပ်ခါးလိမ်းမယ်ဟာ၊ ငါ့ကိုသွေးပေးစမ်းပါ"

"မမငုံက သွဘာသာသူ သွေးလိမ်းတာလေ၊ ဒါကြောင့် လက်မောင်းလေးကို ကျစ်နေတာပဲ၊ မမှုန်က ဘာမှသိပ်မလုပ်တော့ အသားတွေ ပျော့ရိပျော့တွဲနဲ့ ဘယ်တူမှာလဲနော်"

"ဟင်း...မလွယ်ပါလား"

သက်ပြင်းတွင်တွင်ချလိုက်ရင်းက ရွှေမိ ထောက်ပြလိုက်သော မိမိ၏ဟာကွက်ကို သတိထားလိုက်မိသည်။

"တုတ်မယ်...ဟုတ်မယ်...ဒါကြောင့် ငါ့ကို လုံးဝမထိမတို့တာ၊ သိပ် သစ္စာတရားကြီးနေပါလား၊ လူကိုများ မတူသလို မတန်သလိုနဲ့"

"သမီး...ဆေးတိုက်ရဦးမယ်လေ"

"အော်...ဟုတ်သားပဲ"





ဖခင်က အနားရောက်လာကာ သတိပေးမှပင် နံနက်ဆေးကို သတိရကာ ကပျာကယာထလိုက်၏။

"ကိုယ့်အလုပ်ထဲကို စိတ်ပါလာမှ အလုပ်က ကိုယ့်ကို ပြန်စောင့်ရှောက်ပြီး တိုးတက်အောင်လုပ်မှာပေါ့"

ဖခင်၏ဆုံးမသံကို ဆက်၍မနာလိုတော့ဘဲ အိမ်ရှေ့ခန်းသို့ ကပျာကယာပြေးထွက်လာလေသည်။

"ကိုကြီးကိုဆေးတိုက်ဖို့မေ့သွားတယ်၊ ကိုကြီးကလည်း သတိမပေးဘူး"

ချွဲနွဲ့နွဲ့လေးလုပ်ပြီး ဆေးပုလင်းယူလိုက်စဉ် အိမ်ရှေ့တွင် တားတစ်စီးထိုးရပ်လာသဖြင့် ကပျာကယာလှမ်းကြည့်လိုက်ရာ လူကြီးတစ်ဦးဆင်းလာသည်ကို တွေ့လိုက်ရသည်။

"သွား..."

ဖခင်က မိမိနားကပ်ကာ လေသံနှင့်နှင်ထုတ်ပြီး လက်ထဲမှ ဆေးပုလင်းကိုလှမ်းယူလိုက်၏။ မိမိကလည်း ကပျာကယာ အိမ်နောက်ဘက်သို့လှည့်ဝင်လာလိုက်၏။

"ဘယ်လိုလဲငါ့တူ နေကောင်းရဲ့လား၊ မန္တလေးက မင့်အဘွား ဖုန်းဆက်လို့ရောက်လာတာကွ၊ အလို...ဆေးကို ဦးဘခ ကိုယ်တိုင်တိုက်နေရလား၊ နှစ်တွေဘယ်ရောက်နေလဲ၊ ဟိုတစ်ခါ ဒေါ်ဒေါ့ကိုပြုစုပေးတဲ့ကောင်မလေးက ဘယ်ရောက်သွားသလဲ"

"နှင်းဝတ်မှုန်ရှိပါတယ် ဆရာ၊ သူ မအားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဇံက ကပျာကယာပြန်ဖြေလိုက်ရင်းက ဖုံးကွယ်မှုအတွက် မလုံမလဲနှင့် ကြာကြာမနေရဲဘဲ အအေးဖျော်သလိုလိုနှင့် နောက်ဘက်သို့ထွက်သွားသောအခါ ဒေါက်တာစောထွန်းကျော်က ရင်းနှီးမှုရှိနေသူပီပီ ထမင်းစားခန်းဘက်လိုက်လာကာ-

"ဦးဘဇံ...ခင်ဗျားသမီးကိုတော့ ဒေါ်ဒေါ်က သိပ်သဘောကျနေလို့ ကျွန်တော့်ကိုနားဖောက်ခိုင်းနေတယ်၊ ဘယ်လိုလုပ်မလဲ"

"ဗျာ..."

ရုတ်တရက် အလန့်တကြားထအော်လိုက်သောအသံကြောင့် ဒေါက်တာစောထွန်းကျော်ကိုယ်တိုင် လန့်သွား၏။

"ဟာ...ဘယ်လိုဖြစ်လို့ အော်ရတာလဲဗျ၊ ခင်ဗျားသမီးကိုခေါ်ပါဦး၊ ဟိုတစ်ခါ ဒေါ်ဒေါ့်ကိုပြုစုတဲ့ ကောင်မလေးလေ"

"ဟို...ဟို...မရှိပါဘူး၊ အပြင်သွားပါတယ်"

"ခုနက တစ်ယောက်မြင်လိုက်ပါတယ်"

"အဲဒါ..."

ဒေါက်တာစောထွန်းကျော်က ဦးဘဇံ၏မျက်နှာကိုမကြည့်တော့ဘဲ မီးဖိုဘက်သို့လှမ်းကြည့်လိုက်သောအခါ...

"သူမဟုတ်ဘူး၊ သူကတစ်ယောက်"

"ဟို...သူက...ကျွန်တော့်သမီးပါ"

"အော်...နှစ်ယောက်တောင်ရှိတာလား၊ ဒါပေမယ့်...



ဒီတစ်ယောက်ကိုမဟုတ်ဘူးနော်၊ ဒေါ်ဒေါ့်ကိုပြုစုပေးတဲ့ တစ်ယောက်ပဲ"

"အဲဒါ...တူမပါ၊ မွေးစားသမီးပေါ့"

"အော် ဟုတ်လား...အဲဒီတူမထင်ပါတယ်၊ ဒေါ်ဒေါ်တသဘောကျလို့ နားဖောက်ခိုင်းတာ မိန်းကလေးရဲ့ဆန္ဒကိုလည်း မေးပါဦးတဲ့ ဘယ်သွားလဲ ဈေးလား"

"မ...မဟုတ်ပါဘူး...ဟို..."

ဦးဘဇံ ဆက်လိမ်ရန် မတတ်တော့ဘဲ အစီစဉ်မကျဖြစ်နေစဉ် ထမင်းစားခန်းထဲသို့ သူလိုက်ဝင်လာပြီး...

"အဘဇံရယ်...အန်ကယ့်ကို တစ်ခုခုကျွေးရအောင် နှင်းဝတ်မှုန်တို့ကို ပြင်ခိုင်းလိုက်ပါဦး နှင်းဝတ်မှုန်"

"အပြင်ထွက်သွားပါတယ်"

ရွှေမိက ကပျာကယာဝင်ဖြေကာ ကော်ဖီဖျော်ရန်ပြင်လိုက်၏။ ထိုအခါ ဦးစောထွန်းကျော်က လက်ကာ၍...

"မလုပ်နဲ့ကလေးမ ဘာမှမလုပ်နဲ့ တမင်တွေ့ချင်လို့လာတာကိုဘဇံရဲ့တူမဆိုရင် သူ့မိဘတွေရော ရှိမှာပဲပေါ့"

"ကျွန်တော့်ညီမ သမီးပါ"

"ဟုတ်လား...သူ့နာမည်က ဘယ်သူလဲ"

"ပန်းကြာငုံ"

ဒေါက်တာဦးစောထွန်းကျော်၏ တည်ကြည်ခန့်ညားသော

www.burmeseclassic.com

www.burmeseclassic.com



ဥပတိရှပ်နှင့် အမိန့်သံဆန်ဆန်စကားသံတို့ကြားတွင် နဂိုကတည်းက ပွင့်လင်းစွာ စကားပြောတတ်ပြီး လိမ်ညာ၍မပြောတတ်သော အဘဇံက ဟုတ်တိုင်းမှန်ရာကို အားလုံးပြောလိုက်လေပြီ။

ထိုအခါတွင် မီးဖိုချောင်နံရံမှာ ကပ်လျက်ပုန်းနေသော မိမိ၏မျက်နှာမှာ မီးဟပ်ခံရသကဲ့သို့ ပူလောင်ပြီးချွေးများပျံလာသည်အထိ အလွန်ရှက်မိသည်။ ထို့ကြောင့် နောက်ပိုင်းစကားများကို မကြားဝံ့တော့သလိုနှင့် စကားဝိုင်းဖြင့်ဝေးရာ အပြင်ဘက်သို့ ပြေးထွက်မိတော့သည်။

မိမိတို့သားအမိ စီမံထားသမျှတို့ အစစအရာရာလွဲချော်ပျက်စီး၍သွားလေပြီ။

"အဖေနဲ့အမေနဲ့လုပ်လိုက်မှဖြင့် ဒီအတိုင်းချည်းပဲ၊ ဘယ်တော့မှ ချိတ်ဆက်မမိဘူး၊ အဖေက သူတော်ကောင်းကြီးလုပ်နေလိုက်တာ ဟင်း...ရှက်စရာကြီးပဲ ရှက်ဖို့ကောင်းလိုက်တာ"

ထွက်လာရင်းကပင် လမ်းထိပ်နားရောက်သောအခါ ခြေလှမ်းတန့်သွား၏။ ဖိနပ် မီးဖိုချောင်စီး ရော်ဘာဖိနပ်နှင့် အိမ်နေရင်း အဝတ်အစားနှင့် ဘောင်းဘီကွာတို့ တီရှပ်ပွပွတို့က တကယ့်ကို ဘိုသီပတ်သီနိုင်လွန်းလှပေသည်။

"ပြန်လှည့်ရရင် ကောင်းမလား...ခြံထဲမှာပဲ ထိုင်နေလိုက်တာပေါ့လေ"

အိမ်တွင်းမှာ အလိမ်အညာပေါ်သွား၍ ရှက်ရသည်တစ်မျိုး၊ အပြင်ဘက်ထွက်လာတော့ အဝတ်အစားမကောင်း၍ ရှက်ရသည်ကတစ်မျိုးမို့ နှစ်ဖက်လုံးသာသာမနေသော အိမ်ဘက်သို့ ပြန်လှည့်ရန် ဆုံးဖြတ်လိုက်စဉ်...



"တီ...တီ...တီ"

ရုတ်တရက် မိမိဘေးထိုးရပ်လာသော ကားတစ်စီးကြောင့် ခြေလှမ်းတန့်သွား၏။

"ဝတ်မှုန်...ဘယ်လဲ"

"ဘုရားရေ...ကောင်းကင်ယံ"

ကြက်သေသေလျက် ကျောက်ရုပ်ကဲ့သို့ ရပ်လျှော်ငေးကြည့်နေမိသည်။

"ဝတ်မှုန် ဒီလမ်းထဲမှာ နေတာလား၊ ကိုယ်က ဝတ်မှုန်သင်တန်းမလာတာကြာလို့ လာကြည့်တာ၊ ကားပေါ် တက်လေ ကိုယ် လိုက်ပို့ပေးမယ်"

ချက်ချင်းပင် လျင်မြန်စွာဆုံးဖြတ်ချက်ချလိုက်၏။ အိမ်ရောက်လျှင် အရှုပ်တွေကို ရှင်းနေသဖြင့် လိမ်ညာမှုများဖြင့် ပို၍ မျက်နှာပျက်စရာရှိတော့သည်။ ထို့ကြောင့်...

"မပို့ပေးနဲ့တော့ အဖေနဲ့ စိတ်ဆိုးလာတယ်၊ ဝတ်မှုန်ဘာသာ စိတ်ညစ်ပြီးထွက်လာတာ"

"ဒါကြောင့် ဒီပုံစံဖြစ်နေတာကိုး၊ ကဲ...တက်ခဲ့ပါ ဝတ်မှုန် သွားချင်တဲ့ဆီကို လိုက်ပို့ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားရမှန်းမသိဘူး"

"နောက်တော့မှ စဉ်းစားတာပေါ့ ကဲ...တက်"

ဖွတ်အတင်းတက်ခိုင်းနေသဖြင့် မိမိ၏ပုံစံကိုမြင်သွားမှတော့ မထူးတော့ပြီမို့ မျက်စိမှိတ်ကာ တက်လိုက်လာခဲ့သည်။ ဘယ်သွားသွား ဧက္ကရာအပြင်ဘက်ကိုပဲသွားသွား သူကားလေးတမြန်မာပြည်ဖြစ် ရာဇာဂျစ်ကားပုပုနှင့် ထိုင်လျှင် တစ်ကိုယ်လုံးမြင်နေရသည့်ကား...

ကောင်းလိုက်တာ နှင်းဝတ်မှုန်က ဘောင်းဘီတိုအကွက်နှင့် အပြင်အဆင်အခြယ်အသမရှိသော်လည်း မိုးလင်းလာသည်နှင့် နှီးရည်ပါးပါးလိမ်းကာ ခရမ်ပတ်ခ်ရိုက်ထား၍ မျက်နှာမှာ သိပ်ရှပ်ပျက်ဆင်းပျက် မဖြစ်နေခဲ့...

"ဝတ်မှုန်က ဘယ်လိုနေနေ လှနေတာပဲ"

ကျေနပ်စွာပြုံးရင်းက...

"လက်ဗလာနဲ့ထွက်လာတာ ဘာမှကျွေးလို့ မရတော့ဘူးနော်"

"ကိုယ်ကျွေးပါ့မယ် တစ်သက်လုံး"

ကဲ...ပြီးရောပေါ့ တစ်နေရာကလွှတ်တယ်၊ သေချာသွားရင်တော့ နှလုံးသားအလိုကိုပဲလိုက်ပြီး ဒီနေရာလေးမှာပဲ ပိုင်နိုင်စွာ ဆုပ်ကိုင်ထားလျှင်တော့ ဇုန်ထုတ်ကားလေးစီးပြီး စိတ်ချမ်းသာမှုကိုပဲယူတော့မယ်၊ လင်ခရိုဇာကားစီးပြီး ကိုယ့်ကို စိတ်မဝင်စား



တဲ့သူအပေါ် စိတ်ဝင်စားလာအောင် ချစ်လာအောင် လုပ်ယူရဦးမည့် စိတ်ပင်ပန်းမှု သည်းခံမှုနှင့် အပြောအဆိုခံနေရမှာကို ဆက်လက်သည်းခံနိုင်ဦးမလား...

ချစ်ခြင်းမေတ္တာဟာ ပျော်ရွှင်မှုတို့ ပေးနိုင်လားဆိုတာ အခုချိန်မှာ စမ်းသပ်ကြည့်ရတော့ပေမည်။

မိမိဆုံးဖြတ်ရွေးချယ်ရမည့်လမ်းက နှစ်ခုတည်းပါ... အဲဒါကတော့...

ဦးဇော်မင်းထိုက်ရဲ့ အိမ်ကိုပြန်မှာလား...

ဒီရာဇာဂျစ်လေးပေါ် ကိုတက်ပြီး လိုက်သွားမှာလား...

❖ ❖ ❖

"အစ်ကိုကြီးရေ မနေ့ကပဲ ပြန်သွားတယ်လေ၊ အဲဒီနို မရောက်ဘူးလား"

ပန်းကြာငုံ၏မိခင်က အလန့်တကြားဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ခြံထဲကို ရောက်ချင်ရောက်နေမှာပေါ့၊ ဘယ်လိုဖြစ်လို့ အကြောင်းမကြားဘဲ ထွက်လာရတာတုန်း"

ရင်ထဲမှာ လွတ်ဟာသွားပြီး ခြေလှမ်းလှမ်းရန် အင်အား မရှိတော့ပေ။

ဦးဘဇံ၏ညီမ ဒေါ်ခင်မှန်က ပိန္နဲပင်အရိပ်အောက်တွင် ထုပ်ပြီးသား နာနတ်ယိုအိတ်၏ အပေါ်ပိုင်းကျန်ရှိနေသော ပလတ်စတစ်အပိုင်းနေရာမှာ တံဆိပ်ထည့်၍ မီးပြန်ပိတ်နေ၏။

"အစ်ကို့တူမ မလဲ ရန်ကုန်မှာ အဆက်ကျန်ခဲ့သလားမသိဘူး၊ အေးငိုင်ပြီးနေနေတာပဲ၊ အခု...သူ့ဘာသာသူ မနေနိုင်လို့ ပြန်ထွက်သွားတာပဲ ထင်ပါရဲ့လေ၊ မနက်ဖြန်ပြန်လာမယ်လို့ ပြောတယ်၊ ဘာသွားလုပ်သလဲ မသိပါဘူး၊ အစ်ကို ဘာနဲ့လာတာ လဲဟင်"

"ကားနဲ့လာတာ မောင်မင်းထိုက်လည်းပါတယ်"

"အစ်ကို...ခေါ်လေ အစ်ကိုရယ် အဝေးကြီးကလာရတာပဲ"

ပဲခူး ကျောက်တန်းနှင့် ရန်ကုန်မှာကားရှိသူအတွက် သိပ်မဝေးလှသော်လည်း ကားမရှိသူအတွက်တော့ ဝေးလွန်းလှပေသည်။

"အစ်ကိုရယ်...ခေါ်ပါ၊ ကားက ကိုကျော်လှတို့အိမ်ရှေ့မှာပဲ ရပ်ထားရမှာပေါ့"

ဒေါ်ခင်မှန်က ကွပ်ပျစ်ပေါ်မှဆင်းကာ အူလျားဖားလျား



ပြေးထွက်လာလေသည်။ မြို့မှညှော်သည်လာလျှင် ဝမ်းသာစုတ် ယူစွာဖြင့် အစွမ်းကုန် ညှော်ဝတ်ပြုချင်နေ၏။

"ကြောင့်က အလုပ်လုပ်ပြီးမှ ခြေလှမ်းများသားပဲ အစ်ကိုရဲ့၊ အစ်ကိုတို့အိမ်မှာ မနေဘဲ သူငယ်ချင်းတွေဆီမှာနေထဲက မြို့သူ အလည်မဖြစ်နေပြီပဲ၊ ဒါနဲ့ ကျွန်မဆူလိုက်ရ..."

ဒေါ်ခင်မှန်က ရှေ့မှသွားကာ တတွတ်တွတ်ပြောရင်း သူ ရပ်နေသောအနားသို့ တံ့ခနဲရပ်သွား၏။

"အလိုတော်...ဗိုဗိုယိုမင်းသားလိုပဲလား"

တအံ့တသြပြောလိုက်၏။ အမှန်တကယ်ပင် နေကာ မျက်မှန်တပ်ထားပြီး တုတ်တောက်ကိုင်ရပ်နေသော သူ့အား မင်းသားတစ်ဦးလို ကလေးလူကြီးက စူးစိုက်ကြည့်နေကြောင်း သူသိလိုက်၏။ မြို့မကျတောမကျဒေသမို့ အသည်းအသန်တော့ ဝိုင်းအုံမကြည့်ကြပေ။ ကလေးတွေလောက်ပဲ ကားနားမှာအုံ ကြည့်သလို သူ့နောက်ကိုလည်း လိုက်ကြည့်ကြသည်။

တော်သေးရဲ့...ရွာလမ်းက ဖြူးနေသလို ဒေါ်ခင်မှန်အိမ် ကို လှမ်းမြင်နေရ၏။ ဦးကျော်လှအိမ်၏ အနောက်ဘက်တွင် ရှိနေသဖြင့် အသံကိုမှန်းပြီး မှုန်ဝါးဝါးလမ်းကို အသာစမ်း၍ လျှောက်လာလိုက်သည်မှာ ဖြောင့်လို့ပင်၊ သူ့အား မျက်မမြင်တစ် ပင် မသိကြပေ။

စတိုင်ထုတ်ကာ နေကာမျက်မှန်တပ်၍ တုတ်နှင့်လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နေသည်ဟုသာ ထင်ကြပေမည်။

ဒေါ်ခင်မှုန်ကတော့ ဦးဘဇံအကြောင်း သိထားမြင်ထားပြီး ဖြစ်သည်။

"လာကွဲ့ လူလေး...ရောက်တုန်းမှာ အေးအေးဆေးဆေး နေပါကွဲ့"

"ပန်းကြာငုံက ပြန်လာမှာ သေချာလို့လား"

သူ၏အဓိကလာရင်းကိုသာ ပြောလိုက်သဖြင့် ဒေါ်ခင်မှုန်က အံ့ဩသောမျက်လုံးများဖြင့် အစ်ကိုဖြစ်သူအား လှမ်းကြည့်လိုက်၏။

"မနက်ဖြန်မှ ပြန်လာမယ်လို့ ပြောသွားတာတဲ့..."

ရုတ်တရက် စကားမပြောနိုင်သောဖြစ်သော ဒေါ်ခင်မှုန်ကိုယ်စား ဦးဘဇံ ဝင်ပြောလိုက်သည်။

"သမီးက ပြောခဲ့တဲ့အတိုင်း လုပ်တတ်ပါတယ်ဗျ။ အခါး ရည်သောက်ပါဦးကွဲ့"

"ရတယ်ခင်မှုန်...သူက ရေအေးပဲသောက်တာကွဲ့၊ ကားပေါ်မှာ အအေးပုလင်းတွေပါပါတယ်၊ ငါတို့အတွက် အပိုမလုပ်နဲ့၊ ကဲ...လူလေး အိမ်မှာက ဝတ်မှုန်တို့ သားအမိရှိနေတာပဲ၊ ဒီမှာ တစ်ညအိပ်ပြီး စောင့်စာပေါ့၊ တော်ကြာ ဟိုလိုက် ဒီလိုက်နဲ့ လွဲနေပါ့မယ်"

"မလွဲပါဘူး သူက ရန်ကုန်သွားတယ်သေချာရင် မလွဲတဲ့



နေရာ ရှိပါတယ်ဗျာ၊ အခု...ပြန်မယ်"

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထလိုက်သဖြင့် ဒေါ်ခင်မှုန် အံ့အားသင့်သွားသည်။

"အဒေါ်ပါ လိုက်ခဲ့ပါလား"

"အလိုလေး...ချက်ချင်းပဲလားကွယ်"

"သူသွားမယ့်နေရာကို ကျွန်တော် သိပါတယ်"

မောင်နှမနှစ်ဦး တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ မျက်နှာအရိပ်အကဲနှင့် စကားပြောနေကြ၏။

"အဘဇံ ပြန်စို့နော်၊ အဒေါ်ပါ ရန်ကုန်လိုက်ခဲ့ပါလား"

"မလိုက်သေးပါဘူးကွယ် အိမ်ကလူ ခြံထဲသွားနေလို့ စောင့်ရဦးမှာကွဲ့၊ ပြီးတော့လည်း ဒီနေ့မှာ အငယ်မပြန်လာမှာကို"

"သူ့ကို ကျွန်တော် ခေါ်လာခဲ့ပါ့မယ်"

"လူလေး...ပင်ပန်းနေပြီ၊ နားနားနေနေ နေပါဦးလား"

"ရပါတယ် ကားနဲ့လာတာပဲဗျာ၊ ကျွန်တော် ကြာငုံ့ကို ပြန်လိုက်ပို့ပေးပါမယ်၊ သူ...ကျွန်တော့်ကို စောင့်နေမှာပါ"

ယုံကြည်မှုခြေလှမ်းများဖြင့် စတင်လိုက်သောအခါ ဦးဘဇံလည်း မနေသာဘဲ ကပျာကယာ ထလိုက်ပြီး...

"ငါ ကြိုတင်ဖုန်းဆက်ပါ့မယ်၊ တကယ်လို့ နင်သမီးနဲ့ ဆက်သွယ်လို့ရရင်လည်း ဖုန်းဆက်ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့ အစ်ကို ရောက်တုန်းရောက်ခိုက် နားတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး အစ်ကိုရယ်"

ဒေါ်ခင်မှန်က စိတ်မကောင်းစွာဖြင့်ပြောရင်း နောက်မှ လိုက်လာသည်။ အစ်ကိုအား ဒုက္ခိတဘဝနှင့် ပထမဦးဆုံး အကြိမ် ရွာသို့ပြန်လာခြင်းဖြစ်၍ ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်များစီးကျလာလေသည်။ ဦးဘဇံကလည်း နှမအား ကြည့်ကာ သူ့အဖြစ်အတွက် ပြန်တွေးမိပြီး စိတ်မကောင်းစွာဖြင့် ငေးငိုင်သွား၍ သူစောင့်ထိန်းနေသော ဇော်မင်းထိုက်အလိုကျ ကားနားသို့ ရောက်လာခဲ့သည်။

မောင်နှမနှစ်ဦး၏ အရိပ်အကဲကို မမြင်သောသူက ဒေါ်ခင်မှန်အား ပြုံးလျက်...

"ပန်းကြာငုံကိုတွေ့မှ ဖိုကိုလိုက်ပို့ပေးပါမယ်"

"သမီး ဘာမှ မဖြစ်ပါဘူးနော်"

စိုးရိမ်စိတ်များဖြင့် အစ်ကိုအား မဝံ့မရဲမေးလိုက်သည်။

"ဘာမှမဖြစ်ဘူးတော့ နင့်သမီးကောင်းစားမလို့ဖြစ်လာတာ နင် ပျော်ပျော်ကြီးသာ စောင့်နေပေတော့..."

ဦးဘဇံက ညီမအား ဝှက်ဖဲတစ်ချပ်ပေးခဲ့လိုက်လေပြီး ဒေါ်ခင်မှန်သည် နားမလည်လေး ကျန်ရစ်ခဲ့လေသည်။

သူ့ရင်ထဲမှာ တုန်ခါမြည်ဟီးနေလေပြီ မနေ့က ဒေါက်တာ ဦးစောထွန်းကျော်လာသွားပြီး နှင်းဝတ်မှုန်အပြင်ထွက်သွားသည် မှာ ပြန်မလာတော့ပေ။ ညမိုးချုပ်မှ ဖုန်းဆက်ပြီး "မြို့ထဲရောက် နေပြီ အဖေ အားလုံးဖွင့်ပြောလိုက်ပါတော့ သမီး ဆက်မညာ ချင်တော့ဘူး"ဟူ၍ ရှင်းပျမှုအသံနှင့် ဖုန်းဆက်သောကြောင့် ဦးဘဇံ စိတ်အေးကာ အားလုံးကို ဖွင့်ပြောပြကာမှ နောက်တစ်နေ့ နံနက် စောစောမှာပင် ကျောက်တန်းသို့ထလာလိုက်ခြင်းဖြစ်သည်။



"ကျွန်တော့်ကို ကျွန်တော်တက်နေတဲ့သင်တန်းကို လိုက် ပို့ပေးပါ အဘဇံ"

"သင်တန်းမှာက..."

"အဘဇံသမီးက အားလုံးကို လျှောက်လိမ်နေတော့တာပဲ၊ ကျွန်တော် ဘာကိုမှ အယုံအကြည် မရှိတော့ဘူး"

အဘဇံ ဘာမျှမပြောသာတော့ပေ။ အမှန်တကယ်ပင် ဇနီးနှင့်သမီးတို့၏ လိမ်လည်လှည့်စားမှုက မျက်နှာပူစရာဖြစ်နေ သောကြောင့် ဘာကိုမှလည်း အကြံဉာဏ်မပေးချင်တော့ပေ။

"အဲဒီသင်တန်းဆရာဟာ အမှန်တကယ်ခွင့်ယူတာလား၊ ထုတ်ပစ်တာလားဆိုတာ သိချင်လို့ပါ"

ဦးဘဇံ စိတ်မကောင်းဖြစ်မှာစိုး၍ လေသံကိုလျှော့ချကာ ပြောလိုက်သည်။ သူ့စိတ်တွေ ပျာယာခတ်လှုပ်ရှားနေ၏။

ပန်းကြာငုံကို မတွေ့ရကတည်းက ပို၍လှုပ်ရှားတာ ဖိုးမိုး ပူပန်နေမိသည်။

"ပန်းကြာငုံရယ်...မင်း ဘယ်တွေများ ရောက်နေသလဲ တိုယ်ဟာ မျက်စိမမြင်ရလို့ သူတို့လိမ်ထားတာတွေ မသိဘူး

www.burmeseclassic.com

www.burmeseclassic.com



အထင်နဲ့ စိတ်ဆင်းရဲသွားပြီလားကွယ်"

"လူလေး...သင်တန်းဆရာကို မရှာပါနဲ့တော့၊ ဆရာ့ကို အဝေးလွင့်အောင် လုပ်လိုက်ပါပြီ၊ ဒီတော့ သူတို့သားအမိ ရှုပ်ထားတဲ့ကြိုးကို သူတို့ပဲဖြေခိုင်းလိုက်ပါတော့ကွယ်၊ သူတို့ကြောင့် လူလေး စိတ်ပင်ပန်းရတာကို အဘဇံ တောင်းပန်ပါတယ်ကွယ်။ ခြံထဲသွားဖို့ကလည်း လမ်းသင့်နေလို့ အဘဇံခြံကိုပဲ လိုက်လာခဲ့ပါကွယ်၊ ဒီအချိန်မှာ အဘသမီးကပဲ သူ့ညီမရှိတဲ့နေရာကို သိမှာပါပဲကွယ်"

"ကျေးဇူးတင်ပါတယ် အဘရယ်...ဒါလည်းဖြစ်နိုင်ပါတယ်"

သူက စိတ်ကိုလျှော့ချပြီး အဘဇံ အကြံပေးသလိုပဲ လိုက်နာရန် ဆုံးဖြတ်ချက်ချလိုက်သည်။

* * *



ခြံထဲကိုလည်း မရောက်ဘူးဆိုတာနဲ့ သူ့ရင်တွေ ကွဲထွက်သွားအောင်အထိ တုန်လှုပ်သွားသည်။

"မိန်းကလေးရယ် အဲဒီလောက်တောင် ကိုယ့်အချစ်ကို မယုံကြည်ဘူးလား၊ မျက်စိမမြင်လို့ ဘယ်မိန်းမသားရဲ့ အထိအတွေ့ အပြုအစု အယုအယတွေကိုမဆို လက်ခံနိုင်လိမ့်မယ်လို့ မင်းတို့ ယုံကြည်ထားတာလား"

မခံချင်စိတ် စိုးရိမ်ပူပန်စိတ်များဖြင့် ဘယ်လိုဆုံးဖြတ်ရမှန်းသိဘဲ ခေါင်းတွေပူထူကာ ဇောချွေးများ ပျံထွက်လာလေသည်။

နောက်ဆုံး မေတ္တာဦးအပ်ချုပ်ဆိုင်ကိုသွားရန်သာ ဆုံးဖြတ်ချက်ချလိုက်တော့သည်။

"ဒီဆိုင်မှာမရှိမှ သင်တန်းကို သွားတာပေါ့"

"နားပါဦးလား လူလေးရယ်၊ ညနေတောင်ရောက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ မနားတော့ပါဘူး၊ သူက မနက်ဖြန်ဆိုရင် တော့ာက်တန်းပြန်မှာဆိုတော့ အဲဒီနေရာကို တစ်ခေါက်လောက် တော့ ရောက်လာနိုင်ပါတယ်၊ အဲဒီနေရာက နန္ဒဝန်ဈေးမှာပါ၊ ဈေးနဲ့ မျက်နှာချင်းဆိုင်နားမှာပဲ ရှိပါတယ်၊ မေတ္တာဦးအပ်ချုပ် ဆိုင်"

သူ၏အလိုကိုသာ ဦးအဖနှင့် ကားမောင်းသူက လိုက် လျောလျက် တောင်ဥက္ကလာဘက်သို့ မောင်းလာလေသည်။

သူသည် သူ၏ချစ်ခြင်းနှင့် သစ္စာတရားကိုသာ ယုံကြည်သူ ဖြစ်သောကြောင့် သူ့အားလိမ်ညာလှည့်စားသူများရှိသော်လည်း အမှန်တရားသည် သိပ်မကြာသော လေးငါးရက်အတွင်းမှာ ရောက်ရှိလာပြီဖြစ်သည်။

ထို့ကြောင့် ချစ်သူပန်းကြာငုံကို တွေ့လိမ့်မည်ဟု စွဲမြဲစွာ ယုံကြည်ထားမိသည်။

"ဈေးသိမ်းချိန်က ဘယ်အချိန်လဲ အဘရဲ့"

"ဈေးရုံတွေကတော့ ခြောက်နာရီဆိုပိတ်ပြီး အပြင်တန်း ဆိုရင်တော့ ညအချိန်ထိ ရှိတာပေါ့"

"ညနေစောင်း...ဟုတ်ပြီ၊ အခု ဘယ်နှစ်နာရီလဲ"

"လေးနာရီ ထိုးပြီးပါပြီ"

ရင်ထဲမှာ ကျေနပ်သွားသည်။ သူတို့နှစ်ဦး တွေ့ရင်း



ရုံးဆင်းချိန် လေးနာရီခွဲ ငါးနာရီ...

"မေတ္တာဦးအပ်ချုပ်ဆိုင်ကို တွေ့ပြီလား အဘရဲ့"

"အေး...ခဏနေဦး၊ ကြည့်ပေးမယ်"

နန္ဒဝန်ဈေးတစ်လျှောက် ကားကိုဖြည်းညင်းစွာမောင်းပြီး ရှာဖွေရာ...

"တွေ့ပြီ ဟိုမှာပဲ..."

"အဘတူမကို တွေ့လား အနားမှာရှာကြည့်ပါ"

"ဟင့်အင်း...မတွေ့ဘူး လူလေး...ဘာလုပ်မလဲ"

"အဲဒီရှေ့နားမှာ ကွက်လပ်ရှိတာပဲ၊ ကားကိုခနစ်တကျ ရပ်ထားပေးပါ၊ ကျွန်တော် ခြောက်နာရီအထိ စောင့်ပါမယ်၊ အခု တော့ ဆင်းမေးကြတာပေါ့၊ အဘထိုင်နေဦး ကိုသောင်းအေးပဲ ကျွန်တော်နဲ့ လိုက်ခဲ့ပေးပါ"

ကားကို ခနစ်တကျရပ်ပြီးသောအခါမှ သူသည် ဒရိုင်ဘာ နှင့်အတူ မေတ္တာဦးအပ်ချုပ်ဆိုင်သို့ ရောက်လာခဲ့၏။

"ပန်းကြာငုံဆိုတဲ့ မိန်းကလေး ဒီဆိုင်ကို လာသေးသလား"

သူက အရင်းမရှိ အဖျားမရှိ ရုတ်တရက်မေးချလိုက်သဖြင့် အပ်ချုပ်ဆိုင်မှ မိန်းကလေးများက အဝတ်ညှပ်နေရာမှ စိုးသ ရွေ့စွာ ကြည့်လိုက်ပြီး...

"အခုတလော ထူးထူးဆန်းဆန်းတွေဖြစ်နေကြသလား လွန်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ နှစ်ရက်လောက်ကလည်း လူတစ်ယောက်က လာမေးတယ် နှင်းဝတ်မှုန်တဲ့၊ မနေ့ကလည်း နှင်းဝတ်မှုန်လို့ လာမေးတဲ့လူ ရှိလားလို့ မိန်းကလေးတစ်ယောက်ကမေးမြန်းပြီ၊ အခုလည်း ပန်းကြာငုံတဲ့၊ တို့ဆိုင်က လူပျောက်ကြေငြာတဲ့ဆိုင်မှ မဟုတ်တာ ဒါပေမယ့် တို့အကျီဆိုင်ကိုတော့ ပန်းကြာငုံဆိုတဲ့ မိန်းကလေးတစ်ခါနှစ်ခါ လာချုပ်ဖူးတယ်"

"ဟုတ်တယ် ဟုတ်တယ် သူပဲ နှင်းဝတ်မှုန်ကလဲ သူပါပဲ သူ သူလာသေးလားဟင်... ပန်းကြာငုံခေါ်တဲ့ နှင်း မဟုတ်ဘူး နှင်းဝတ်မှုန်ခေါ်တဲ့ ပန်းကြာငုံပါ"

"လာသွားပါတယ် မနေ့က ဒီမှာအကျီလာအပ်သွားတယ် ပြီးတော့ ဒီဆိုင်မှာ လုပ်ချင်လို့ လူလိုလားလို့တောင် မေးသေးတယ်၊ အစ်မက ဘော်ကြယ်တွေ ပုလဲတွေ ထိုးတတ်ရင် လူထားတယ်ဆိုလို့ သူက ရွာခဏပြန်ပြီးရင် တစ်ရက် နှစ်ရက်ကြာရင် ပြန်လာမယ်လို့ ပြောသွားတယ်"

"လွဲမြန်ပြီ..."

ကိုသောင်းအေးက လွှတ်ခနဲညီးလိုက်သည်ကို သူကြားလိုက်ရသည်။ သူကတော့ ဘာပြောရမှန်းမသိဖြစ်သွား၏။ ထိုအခါ ကိုသောင်းအေးက...

"ဒါဖြင့်ရင် သူပြန်လာတဲ့အခါ ဒီမှာ အလုပ်မဝင်ပါနဲ့တော့





သူ့အရင်လုပ်ခဲ့တဲ့ အလုပ်ကိုပဲ ပြန်သွားပါ၊ ဒီတစ်ခါ ရာထူးတိုးပေးပါ့မယ်လို့"

"ဟုတ်လား ဘာရာထူးလဲ"

"အိမ်ရှင်မ ရာထူး"

ကိုသောင်းအေးစကားကြောင့် စက်ချုပ်ဆိုင်မှ မိန်းကလေးများ၏ ရယ်မောသံထွက်ပေါ်လာခဲ့တော့သည်။ သူ့တလည်း ရှက်ရှက်နှင့် လှည့်ထွက်လာခဲ့၏။

အမှန်တကယ်ပင် ဒီတစ်ခါ ပန်းကြာငုံဘယ်မှထွက်သွားလို့ မရအောင် အိမ်ရှင်မရာထူးကို ချက်ချင်းပေးလိုက်တော့မယ်လို့ ဆုံးဖြတ်ထားလိုက်တော့သည်။

"စိတ်ချအစ်ကိုလေးရေ့ သူ အစ်ကိုလေးဆီကို အရောက်လာနိုင်မှာပါ"

မိမိအပေါ်မှာ အဲဒီလောက်တောင်မှ ဂရုစိုက်မှန်း သူမသိခဲ့ပေ။ ထို့အပြင် မိမိဒီကိုရောက်လာလိမ့်မည်ဟု ပန်းကြာငုံ ယုံကြည်ထားလေပြီ...

"ကိုလေး ပြန်မလား"

"မပြန်သေးဘူး"

"ဟင်... ရွာပြန်ပြီလို့ ပြောလိုက်တယ်ဆို"

"ကိုသောင်းအေး မသိလိုက်ဘူးလား၊ နှင်းဝတ်မှုန်က ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပဲ ထုံးကြီး ကျောက်တန်းကားတွေက မနက်မှာ ရန်ကုန်ကထွက်တာတဲ့၊ စောစောက သူ့ရွာကို ဖုန်းဆက်မေးကြည့်တာပဲ၊ နှစ်နာရီအထိ မရောက်သေးရင် ဒီနေ့ ရွာကိုမလာနိုင်ဘူး၊ သူ့အမေပြောခဲ့သလိုပဲ မနက်ဖြန်မှ လာလိမ့်မယ်၊ အခု သူ့ကို စောင့်ဦးမယ်"

"စောင့်ဦးမယ် ဟုတ်လား..."

ကိုသောင်းအေးက နံနက်ခြောက်နာရီကတည်းက ကားမောင်းနေရသဖြင့် လွန်စွာပင်ပန်းတန်ဖြင့် အလန့်တကြား အော်လိုက်သည်။ သူက ကားတံခါးကိုစမ်းဖွင့်ပြီး...

"အဘဇံနဲ့ ကိုသောင်းအေးက လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး လွတ်လွတ်လပ်လပ် ဂျာနယ်ဖတ် ဆေးလိပ်သောက်နေပါ၊ ကျွန်တော့်ကို အအေးတစ်ဘူးနဲ့ ပေါင်မုန့်ယူပေးပါ၊ ကျွန်တော် ဒီမှာ စောင့်နေပါ့မယ်၊ သူလာရင် ကျွန်တော့်ကို မြင်နိုင်မှာပါ၊ အခု ဘယ်နှစ်နာရီ ရှိပြီလဲ"

"လေးနာရီခွဲပြီ"

"မမှောင်ခင် ခြောက်နာရီအထိ စောင့်ပါရစေ"

"မှာထားခဲ့တာပဲ သူလာမှာပေါ့"

ကိုသောင်းအေးကို ဘာမျှပြန်မပြောတော့ဘဲ နှုတ်ခမ်းတိုတင်းတင်းစေ့ထားကာ အပ်ချုပ်ဆိုင်ဘက်သို့သာ မျက်နှာလှည့်





ထားလိုက်၏။ လူရိပ်တွေတော့ ဝိုးတဝါး မြင်နေရပြီ။ အလင်းရောင်များများရလျှင် အရောင်ကိုပါ ဝိုးတဝါးမြင်နေရပါပြီ။

မကြာမီ အလင်းလာတော့မည်၊ ရောင်နီသန်းလာတာကို မြင်ရပါပြီ၊ ပြီးတော့ သူ့ဘဝအတွက် ထာဝရအလင်းတိုင်ပေးမည့် မီးကလေးလည်း ရောက်လာပါတော့မည်။

သူ့ရင်ထဲတွင် မျှော်လင့်ခြင်းနှင့်အတူ ဝမ်းသာမှုအရှိန်အဟုန်တို့ကြောင့် ရင်ထဲမှာ တလှုပ်လှုပ်တုန်လာလေပြီ။

"တဲ...လာပါကွယ် လူလေးက ဆုံးဖြတ်ချက်ကို မြင်တာမဟုတ်ဘူး၊ ဈေးမပိတ်ခင် မင်းမိသားစုအတွက် ဝယ်စရာရှိတာဝယ်နိုင်တယ်လေ၊ အခုတော့ ငါတို့ လက်ဖက်ရည်ဆိုင်မှာ ခဏဝင်တာပေါ့ကွာ၊ ဟိုလှည့်ဒီလှည့်နဲ့ ခြောက်နာရီထိုးသွားမှာပါ၊ ဒီဈေးက လိုချင်တာရှိပါတယ်၊ သစ်သီးလည်း ပေါပါတယ်ကွာ"

ဦးဘဇံ၏အသံမှာ တဖြည်းဖြည်းပျောက်ကွယ်သွားတော့သည်။ သူက တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကားထဲမှာ ထိုင်နေလိုက်၏။ ကျနေဖျော့ဖျော့က သူ့ကိုယ်ပေါ်သို့ ထိုးကျနေသော်လည်း သူမမှုတော့ပေ။ ဘဝ၏ပူလောင်မှုဒဏ်သည် ဤနေ၏အလင်းရောင်ထက်ပင် လောင်မြိုက်ခဲ့ပြီးလေပြီ၊ မကြာမီ သူ့အတွက် အေးမြသော အရိပ်ကလေး ရရှိတော့မည်ဟု သူယုံကြည်မိ၏။

www.burmeseclassic.com



"အစ်ကိုလေး ဒီမှာ အအေးနဲ့ မုန့် နေထိုးနေတယ် နောက်ခန်းကို ရွှေ့ထိုင်မလား"

"ရပါတယ်...ရှေ့ခန်းက ပိုမြင်ရတာပေါ့"

"အော်..."

ကိုသောင်းအေးက လှောင်သလိုလိုနှင့် ဘာမျှမပြောတော့ပေ။ တကယ်တော့ နောက်ခန်းမှာဆိုလျှင် သူထိုင်နေသည်ကို သိပ်မမြင်ရနိုင်၊ ရှေ့ခန်းမှာဆိုလျှင် ပိုမြင်ရနိုင်သည်။

ပန်းကြာငုံသည် ကားဂိတ်မှဆင်းလာပြီး ဆိုင်ကိုသွား၍ စုံစမ်းလျှင် သူလာသွားသည်ကို သိသည်နှင့် သူ့အားရှာဖွေလိမ့်မည်။ သူ့ကားကိုမြင်လျှင် သူ့ကိုလည်း မြင်နိုင်မည်။

အတွေးများနှင့် သူ့ရင်မှာ ပိုခုန်လာပြီး ပျော်ရွှင်ကြည်နူး လာလိမ့်မည်ဟု ထင်ပါသည်။

သူက နံနက်ခင်းကတည်းက မချွတ်တမ်းဝတ်ထားသော ဂျင်းအပေါ်သားဂျာကင်လေးကို အိတ်ထဲမှာရှိသည့် ဆံပင်ထုံးကလေးကို အသာစမ်းကြည့်လိုက်မိ၏။ ထိုဆံပင်လေးရှိနေခြင်းသည် သူနှင့်အတူ မခွဲမခွာပဲ အတူရှိနေသလို ခံစားလိုက်ရသည်။

အခုတော့ နားထဲတွင် ကားသံများ လူသံများ ဈေးသည်များ၏ အော်ဟစ်သံ ဆိုက်ကားသံ စက်ဘီးသံများဖြင့် ဆူညံနေသည်ကို သတိထားမိလိုက်သည်။ မျက်စိအမြင်ထဲမှာလည်း



လူများ အလာနှင့် ကားများရှုပ်ထွေးလျက်...

သူ၏ခန္ဓာကိုယ်ပေါ် ကျနေတဲ့ နေရောင်လေး တိမ်းစောင်းကာ တဖြည်းဖြည်းအေးလာလေပြီ။ သူက မျက်လုံးတို့မှိတ်ထား လိုက်ပြီး အမြင်အာရုံ အကြားအာရုံတို့က ရောထွေးနေသဖြင့် သိပ်ခံစား၍ မရတော့ပေ။ ရင်ထဲမှာ ပူလောင်၍ အာခေါင်များ ခြောက်ဆွေ့လျက်...

လက်ထဲမှာ အအေးဘူးကို ကိုင်ထားသည်ကို သတိရပြီး ဖောက်ရန် လက်နှင့် စမ်းသပ်လိုက်စဉ်...

"အင်..."

ရနံ့...သနပ်ခါးနံ့လေး ရလာပြီး သူ့နားကို တစ်စုံတစ်ယောက်က နီးကပ်စွာ လာရပ်နေသည်ကို သိလိုက်ရ၍ လှည့်ကြည့်လိုက်စဉ် နူးညံ့သောလက်လေးက သူ၏အအေးဘူးကို လှမ်းယူလိုက်ပြီး ဖောက်ပေးလိုက်၏။

"မှန်...အဲ...ငုံ...ပန်းကြာငုံ"

"ဟင်...ကိုကြီးက သိတယ်နော်"

အအေးဘူးကို ပြန်ပေးလိုက်သော သူမ၏လက်ကလေးတို့ တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်မိပြီး ဘာပြောရမှန်းမသိ အောင်ပင် ဝမ်းသာအားရဖြစ်နေ၏။ သူ့စကားသံထွက်မလာသောအခါ ပန်းကြာငုံကသာ ဆက်တိုက်ပြောချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး...မေတ္တာဦးဆိုင်က ညွှန်လိုက်တာ၊ ကိုကြီးစောင့်နေတာ ကြာပြီတဲ့၊ ရွာကိုရောက်တယ်ဆို သူများက ဒီစက်ချုပ်ဆိုင်မှာပဲ အလုပ်လုပ်ရင်း ကိုကြီးကို စောင့်မလို့၊ အမေ့ဆီကို ဖုန်းဆက်တာ ကိုကြီးလာသွားတယ်ဆိုတာနဲ့ ခြံထဲကိုအရင်သွားကြည့်တာ မတွေ့မှ ဒီကိုပြေးလာတာ၊ ကိုကြီး...တစ်နေ့လုံး ကားပေါ်မှာပဲလား၊ ပင်ပန်းနေမှာပေါ့နော်၊ အဘဇရော..."

"စကားများလိုက်တာကွာ၊ ကားမှန်တွေရော ကားတံခါးတွေရော ပိတ်လိုက်တော့"

သူ့အားပစ်ပြေးသွားသော ပန်းကြာငုံကို စိတ်တိုနေသဖြင့် ဖြေရှင်းချက်စကားများကိုပင် မကြားချင်တော့ပေ။

"ကိုကြီးရယ်...သူများက ကြီးဒေါ်အေးကိုကြောက်လို့"

"ကြောက်စရာလား၊ မင်းဘက်မှာ ငါတစ်ယောက်လုံးရှိနေတာကို မေ့ထားပြီလား၊ မင်းအတွက်ဆို အဘွားကိုတောင် ဆန့်ကျင်ခဲ့သေးတာ မင်းမသိဘူးလား၊ အခု..မင်းဘယ်မှထွက်သွားဖို့ မစဉ်းစားနဲ့တော့၊ ကိုသောင်းအေးကို ကားလက်မှတ်ဝယ်ခိုင်းပြီး မန္တလေးသွားမယ်၊ ဟိုမှာ လက်ထပ်မယ်၊ ဘွားတော်ကြီးကျေနပ်အောင်လို့ မင်းကချော့ပေါ့ဟာ"

ထိုအခါ သူက ရယ်သံလွင်လွင်လေးနှင့် သူ့လက်မောင်းကိုတွဲ၍ အနားကပ်ကာ တိုးဖွဖွလေးပြောလိုက်၏။



"ဘွားတော်ကြီးက သူများကို လက်စွပ်တောင်ပေးထားပြီးပြီ သိလား၊ တစ်နေ့ကတောင် အဘွားဆီဖုန်းဆက်တော့ အလုပ်တွေပင်ပန်းလို့ ဝိုင်းကူရအောင်လာပါလို့ခေါ်နေတယ်၊ သူများက ကိုကြီးနဲ့အစ်မမှုန် အဆင်ပြေသွားရင် အဘွားဆီကိုပဲ ပြေးတော့မလို့ သိလား"

"ပြေးစရာလားကွာ...ကဲ...ကားဂိတ်ဘယ်မှာလဲ၊ ကိုသောင်းအေးနဲ့ အဘဇဆီမှာ ကားသော့ရှိတာပဲ၊ သူတို့ဘာသာ လိုက်လာပစေလေ"

"တော်ကြာ ပျောက်လို့ရှာနေမယ်"

"နေပစေ...မေတ္တာဦးကပြောပြလိမ့်မယ်၊ ကောင်မလေးတစ်ယောက်က ပြန်ပေးဆွဲသွားတာလို့၊ ကဲ...ကားဂိတ်ဆီသွားမယ်"

သူသည် ပျော်ရွှင်စွာဖြင့် ပန်းကြာငုံလက်ကိုဆွဲ၍ ဝိုးတဝါးမြင်တွေ့နေရသော လူအုပ်စုထဲသို့ဦးတည်လျှောက်လာခဲ့၏။ သူ့အနားမှ မေတ္တာရှင်အလင်းရောင်မလေးကြောင့် သူ့မျက်လုံး၏ အမြင်အာရုံများကို ပိုမိုရှင်းလင်းစွာမြင်လာရသည်ကို နောက်မှပြောပြရဦးမည်။

"ကိုကြီးရယ်...ကားတွေကျပ်နေတာပဲ၊ ကားငှားသွားရအောင်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပစေလေကွာ…မင်းနဲ့ကိုယ်နဲ့လည်း အဲဒီလို ကား ကျပ်ကျပ်ထဲမှာပဲ တွေ့ခဲ့တယ်မဟုတ်လား၊ ပြီးတော့…လူကျပ် နေတာကို အခွင့်ကောင်းယူပြီး ကိုယ့်ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ဒီကျာကင်အစိမ်းမှာပဲ ဆံပင်ထပ်ငြိမယ်လေ၊ အဲဒီအခါမှာ… အစ်ကိုကြီးက လက်နှစ်ဖက်ကို မြှောက်ထားစရာမလိုတော့ဘူး ပေါ့နော်…"

❋ ❋ ❋

ချစ်ခြင်းမေတ္တာ စေတနာများဖြင့်
ပျော်ရွှင်ချမ်းမြေ့ကြပါစေ…
မြသန္တာ



www.burmeseclassic.com